၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၄၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၁၇ ၊ ၂၀၁၃)


## ဖေဖော်ဝါရီလတွင် အအေးလှိုင်း ဖြတ်ဦးမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ဇန်နဝါရီ-၁၄**

လာမည့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ ယခုကဲ့သို့ အအေးလွန်ကဲမှု ထပ်မံကြုံတွေ့ရမည်ဖြစ်ပြီး မပြင်းထန်နိုင်၍ များစွာ စိုးရိမ်ရန် မလိုကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

ဇန်နဝါရီ လကုန်ပိုင်းနှင့် ဖေဖော်ဝါရီလတွင် အအေးလွန်ကဲမှုဖြစ်စဉ် နောက်တစ်ကြိမ်ကြုံတွေ့ရနိုင်ကြောင်းမိုး/ဇလ ဒုတိယ ညွှန်ကြားရေးမှူး ဦးချစ်ကျော်ကလည်းပြောသည်။ အိမ်နီးချင်းနိုင်ငံများတွင် စံချိန်တင် အအေးဒဏ်ခံနေရခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း ဇန်နဝါရီ ၉ ရက်မှစကာ အအေးလွန်ကဲခဲ့ပြီး ဒေသအချို့တွင် ထူးထူးကဲကဲ အေးခဲ့သည်။ ဇန်နဝါရီ ၁၁ရက်မှာ တစ်နိုင်ငံလုံးတွင် အအေးဆုံးရက်ဖြစ်ခဲ့ပြီး ဇန်နဝါရီ ၁၈၊ ၁၉ ရက်အထိ အေးနိုင်သေးကြောင်း ၎င်းတို့က ခန့်မှန်းသည်။

### အအေးလှိုင်းဖြတ်သန်းနေ၍ လူအချို့လေဖြတ်

သတင်းအပြည့်အစုံစာ(၂)သို့ ▶▶



အအေးလှိုင်းကြောင့် ကျန်ဒေသများနည်းတူ ရန်ကုန်တွင်လည်း အေး၍ အင်းလျားကန်ပေါင်တွင် အနွေးထည်များနှင့် လမ်းလျှောက်နေကြသူများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဆီးဂိမ်းပြိုင်ပွဲအတွက် စပွန်ဆာပေးလိုသူနည်း

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ဇန်နဝါရီ-၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် အဓိကနှင့် ပူးတွဲ စပွန်ဆာများ ရရှိရေးတွင် အခက်အခဲဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောသည်။

"ကျွန်တော်တို့ နိုင်ငံအနေနဲ့က တော်တော်မျက်နှာငယ်ရပါတယ်။ သူများ နိုင်ငံတွေဆိုရင်တော့ ငါတို့အိုလံပစ်ရှိတယ်။ မင်းတို့လာပေးဆိုပြီး အပေါ်စီးကနေ ပြောလို့ရတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ သံရုံးကို ဆက်သွယ်ရတယ်။

စာ(၃၀)သို့

# အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားများ တင်သွင်းခွင့် မပိတ်

**ပြည်သိမ်း၊ မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

အင်ဂျင်ပါဝါ၁၃၀၀စီစီ ကားများ တင်သွင်းခွင့်ပိတ်မည်ဆိုသော သတင်းမှာ မဟုတ်မှန်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဦးဝင်းမြင့်က ပြောသည်။

ကားတင်သွင်းခွင့်မူဝါဒ အပြောင်းအလဲများနှင့်ပတ်သက်၍ ပြုလုပ်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုကို တိုက်ရိုက်ကြိုတင်အသိပေးပြီးမှသာ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောသည်။

၂၀၁၂ ဒီဇင်ဘာလက ပြည်တွင်းသို့ မော်တော်ယာဉ်တင်သွင်းမှု များပြားလာခြင်းကြောင့်တင်သွင်းခွင့်ရပ်ဆိုင်းမည်ဆိုသော ကောလာဟလသတင်းများ ပြည်တွင်းကားဈေးကွက်တွင် ပေါ်ထွက်ခဲ့သည်။

"ကားအသေးတွေကိုပိတ်မယ်ဆိုကတည်းက လိုက်ဝယ်နေကြတာအရမ်းသွက်တယ်။ ဈေးလည်းကျလာတယ်" ဟု ဟံသာဝတီကားပွဲစားဝင်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

စာ(၁၂)သို့



ကျပ်သိန်း ၂၄,၇၉၀ တန်ဖိုးရှိ စိတ်ကြွဆေးများ ရန်ကုန်မြို့တွင်းဖမ်းမိ

အချပ်ပို(C)သို့ ▶▶

### ကချင်စစ်ပွဲများအကြောင်း သမ္မတ ပြောရေးဆိုခွင့်ရှိသူနှင့် ကေအိုင်အိုပြောရေးဆိုခွင့်ရှိသူတို့နှင့် တွေ့ဆုံခြင်း

စာ(၂၈-၂၉)သို့ ▶▶

## တပ်မတော်နှင့်ကေအိုင်အေကြား တိုက်ပွဲများ ပိုမိုပြင်းထန်၊ အရပ်သားအချို့သေဆုံး

**အေးမြကျော်**

**ရန်ကုန်၊ဇန်နဝါရီ-၁၄**

အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)တို့အကြား တိုက်ပွဲများမှာ ပိုမိုပြင်းထန်လာခဲ့ပြီး ဇန်နဝါရီ ၁၄ရက် နံနက်တွင် တပ်မတော်ဘက်မှ ပစ်လိုက်သောအမြောက်ဆန်သည် ကေအိုင်အိုဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့တွင်းသို့ ပထမဆုံးအကြိမ် ကျရောက်ပြီး အရပ်သားသုံးဦး သေဆုံးသွားကြောင်း ကေအိုင်အိုပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်နှင့် လိုင်ဇာမြို့ဆေးရုံအုပ်ကြီး ဒေါက်တာတူးအောင်တို့က ပြောကြားသည်။

အချပ်ပို(B)သို့

## အမေရိကန်စွမ်းအင်ကုမ္ပဏီသုံးခု မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်း

**အိဖြူမွန်**

**ရန်ကုန်၊ဇန်နဝါရီ-၁၀**

အမေရိကန်စွမ်းအင်ကုမ္ပဏီသုံးခုက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

အမေရိကန်နိုင်ငံမှထိပ်တန်းစွမ်းအင် ကုမ္ပဏီများဖြစ်သော Chevron, Conoco Phillips, Exxon Mobil တို့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အသင့်ဖြစ်နေပြီဟု ဇန်နဝါရီ ၉ ရက်က နိုင်ငံတော်သမ္မတနှင့် အမေရိကန် အထက်လွှတ်တော်အမတ် အင်ဟိုးတို့ တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း United Press International သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# အအေးလှိုင်းဖြတ်သန်းနေ၍ လူအချို့လေဖြတ်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

အအေးလှိုင်းများကြောင့် မြန်မာနိုင်ငံတွင်တစ်ပတ်ခန့်အအေးလွန်ကဲမှုဖြစ်စဉ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာဦးထွန်းလွင်က ပြောသည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း အအေးပိုလာပြီး နယ်ဒေသအချို့၌ သက်ကြီးရွယ်အိုများ လေဖြတ်ရောဂါခံစားရသည်အထိ အအေးလွန်ကဲမှုမျိုးဖြစ်ပေါ်ခဲ့သည်။

"ဒီရက်ပိုင်းလေးတင်ပဲ ကျွန်မတို့နားမှာ သက်ကြီးရွယ်အိုတွေ လေဖြတ်တာ နှစ်ယောက်တောင်ရှိနေပြီ။ ကျွန်မတို့အရွယ်တောင် မနက်ကိုးနာရီလောက်အထိ မီးလှုံနေရတယ်"ဟု အမရပူရမြို့နယ်မှ အသက် သုံးဆယ်အရွယ် ဒေသခံ မသိမ့်သိမ့်စိုးက ပြောသည်။

အဆိုပါ အအေးလှိုင်းဖြတ်သန်းမှုကြောင့် မြန်မာနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသော အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ယခုရက်ပိုင်းအတွင်း စံချိန်တင် အပူချိန်ကျဆင်းခဲ့သည်။



*ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံအနီးတွင် လုပ်ငန်းခွင်ဝင်ရန် သွားလာနေကြသူများကို ဇန်နဝါရီ ၁၃ရက် နံနက်ကတွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အအေးလှိုင်းများဖြတ်သန်းမှုကြောင့် အဆိုပါဒေသများတွင် စုစုပေါင်း လူလေးရာခန့် သေဆုံးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အဆိုပါအအေးလှိုင်းများ၏ သက်ရောက်မှုကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ခန္တီး၊ တောင်ကြီး၊ မင်းတပ်နှင့် တောင်ငူမြို့များတွင် ပုံမှန်ထက် အအေးလွန်ကဲမှုဖြစ်ပေါ်နိုင်ကြောင်း ဦးထွန်းလွင်ကပြောကြားသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ ရောဂါနိမ်နင်းရေး ညွှန်ကြားရေးမှူးဒေါက်တာဝင်းမောင်က "သိသိသာသာ ပိုအေး လာတာတော့ နှစ်ရက်ရှိပါပြီ။ ကျန်းမာရေးသတိပေးလက်ကမ်း စာစောင်တွေကိုတော့ ဖြန့်ဝေပေးထားပါတယ်"ဟု ဆိုသည်။

နယ်မြို့များရှိတောင်သူများမှာလည်း လက်ရှိရာသီဥတု အခြေအနေအပေါ် စိုးရိမ်မှုများရှိနေသည်။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မှ တောင်သူ ဦးစိုးနိုင်က "အခုထက် အအေးပိုလာပြီး ကျလာတဲ့နှင်းမှာ ပြဒါးပါဝင်မှု များလာရင်တော့ အသီးအပွင့်ဝင်စပဲတွေ ငရုတ်တွေအတွက် စိုးရိမ်မိပါတယ်။ ဒီလိုရာသီဥတုမျိုး ကျန်ခဲ့တဲ့လေးနှစ် ၂၀၀၉ ခုနှစ်က တစ်ခါကြုံဖူးထားတော့ ဒီထက် အအေးပိုမလာပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်"ဟု ဆိုသည်။ **စာ(၁၂)သို့**

# ပူတာအိုဒေသတွင် စားနပ်ရိက္ခာ ပိုမိုရှားပါးလာ

**အောင်ခိုင်၊ ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၃**

ပူတာအိုဒေသတွင်လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော စားနပ်ရိက္ခာရှားပါးမှု အခက်အခဲကို အချိန်မီ မဖြေရှင်းနိုင်ပါက လာမည့်မိုးရာသီတွင် ပိုမိုဆိုးဝါးနိုင်ကြောင်း ဒေသခံများက ပြောသည်။

ရာသီဥတုကြောင့် စပါးအထွက်နှုန်းလျော့သဖြင့် ဆန်ပြတ်လပ်မှု အခက်အခဲမှာ ပြေလည်သွားခြင်းမရှိဘဲ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ကုန်စည်စီးဆင်းမှုများစွာ ခက်ခဲပြီး စားနပ်ရိက္ခာပို၍ ရှားပါးနေကြောင်း ဒေသခံများက ပြောကြားသည်။

"မနှစ်က မိုးများတော့ စပါးအထွက်လျော့တာ လယ်သမားတွေက စားလောက်ရုံပဲရှိတော့ ထုတ်မရောင်းကြဘဲ ဝမ်းစာအတွက်ပဲ သိမ်းထားကြတယ်"ဟု ဒုတ္တန်ရပ်ကွက်မှ ကုန်စုံဆိုင်ရှင်တစ်ဦးက ဆိုသည်။

မိုးရာသီရောက်လျှင် ဆန်ဈေးနှုန်း ပိုတက်သွားမည်ဖြစ်ပြီး အခက်အခဲကြုံတွေ့နိုင်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပူတာအိုခရိုင်တာဝန်ခံ ဦးဖုန်ရိမင်က သုံးသပ်ပြောဆိုသည်။

လက်ရှိအချိန်တွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခြင်း မရှိသော်လည်း ဝယ်ယူရန် ရှားပါးနေသည်။ "ဒေသဆန်က တစ်ထောင်ကိုသုံးခွက်(နို့ဆီဘူး)ပဲရတယ်။ ဒါပေမဲ့ ရောင်းဖို့ ဆန်ကလုံလောက်မှု မရှိဘူး"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပူတာအိုတာဝန်ခံ ဦးယောဆီက ဆိုသည်။ စိုက်ပျိုးရန် မြေလွတ် မြေရိုင်းနည်းပါးမှုကြောင့် ပူတာအိုခရိုင်သည် ဒေသပြင်ပမှ တင်သွင်းသော ရိက္ခာနှင့်ဆန်ကိုသာ အားထားနေရပြီး ပြည်နယ်အစိုးရနှင့် အလှူရှင်များက လှူဒါန်းမှုများ ရှိသော်လည်း လုံလောက်မှု မရှိသေးဟု ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဆိုသည်။

ထို့ပြင် တစ်ခုတည်းသော ကုန်းလမ်းထွက်ပေါက်ဖြစ်သည့် ပူတာအို-မြစ်ကြီးနားလမ်းမှာ လုံခြုံရေး အခြေအနေကြောင့် ရိက္ခာပို့ရန်လာရောက်သည့် ယာဉ်တန်းများမှာ စိတ်ချလုံခြုံမှု မရှိကြောင်း ဒေသခံဝန်ထမ်းများကပြောသည်။

**စာ(၁၂)သို့**



# ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် UNFC အကြိုညှိနှိုင်းဆွေးနွေးပွဲ ဇန်နဝါရီလမကုန်မီ ပြုလုပ်မည်

**အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၁၄**

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့သည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အကြိုညှိနှိုင်း ဆွေးနွေးပွဲများကို ဇန်နဝါရီလမကုန်မီ ဆွေးနွေးရန် သဘောတူထားကြောင်း သတင်းရရှိသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ နှစ်ပတ်လည်ကောင်စီ အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီးနောက် ဇန်နဝါရီလမကုန်မီ နိုင်ငံရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ရန် သဘောတူခဲ့ခြင်းဖြစ်သည်ဟု ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးကပြောသည်။

အဆိုပါ အစည်းအဝေးပွဲအပြီးတွင် UNFC က ထုတ်ပြန်သော ကြေညာချက်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်တည်ငြိမ်အေးချမ်းပြီး ခေတ်မီတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို မြင်တွေ့လိုပါက ကေအိုင်အေ/ကေအိုင်အိုအဖွဲ့အား ထိုးစစ်ဆင်တိုက်ခိုက်နေသည်ကို ချက်ခြင်းရပ်တန့်ပြီး လွတ်လပ်တန်းတူ တရားမျှတသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို အမြန်ခေါ်ယူကျင်းပပေးရန်ပန်ကြားတောင်းဆိုလိုက်သည်ဟု ဖော်ပြထားသည်။

UNFC နှင့်မြန်မာအစိုးရတို့ ပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲများသို့ အစိုးရတပ်မတော်နှင့် တိုက်ပွဲများပြင်းထန်နေသောKIO/KIA မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဟု KIO စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်ကပြောလိုက်ကြောင်း KIO ဌာနချုပ်ရှိရာ လိုင်ဇာကို သွားရောက်ခဲ့သူ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမြအေးကပြောသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးအခြေအနေကြောင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းမတက်ရောက်နိုင်ပါက သမ္မတရုံးဝန်ကြီးတစ်ဦးဖြစ်သော ဦးစိုးသိန်း တက်ရောက်လိမ့်မည်ဟု အကျိုးဆောင်များက ပြောသည်။နောက်ဆုံးရရှိသောသတင်းများအရ ဦးအောင်မင်းမှာ ကျန်းမာရေးမကောင်းသော်လည်း ယနေ့ရုံးစတက်နေပြီဖြစ်သည်။

ထို့ကြောင့် အထက်ပါဆွေးနွေးပွဲသို့ ဦးအောင်မင်း ဦးဆောင်ကာ သွားနိုင်မည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးစင်တာမှအပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။

# တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ခန့်အပ်မှု အလှည့်ကျစနစ် ကျင့်သုံးနေခြင်းမဟုတ်ဟုဆို

**မင်းဟိန်းကျော်**


**နေပြည်တော်၊ ဇန်နဝါရီ - ၁၂**

လွှတ်တော်များအတွင်းရှိ တပ်မတော်သားကိုယ်စားလှယ်များအား မကြာခဏလဲလှယ်ခန့်အပ်နေခြင်းသည် အလှည့်ကျစနစ်ကို ကျင့်သုံးနေခြင်းမဟုတ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

"တပ်မတော်သားတွေဆိုတာ သူတို့မူလတာဝန်ရှိတယ်လေ။ ဒီမှာပဲ အမြဲလာနေလို့မရဘူး။ မူလတာဝန်ပေါ်မူတည်ပြီးမှ ဒီကို မလာနိုင်ရင်တော့ လူလဲတာပေါ့။ အလှည့်ကျစနစ်ကျင့်သုံးတာ မဟုတ်ပါဘူး" ဟု ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ပြောသည်။

တပ်မတော်သားများအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ရာတွင် ဒုတပ်မမှူးအဆင့်ထိသာ ရွေးချယ်ပြီး တပ်မမှူးအဆင့်သည် စီမံညွှန်ကြားရသည့် Commander များဖြစ်သဖြင့် လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန် မဖြစ်နိုင်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

"ဒီမှာက အမြင့်ဆုံး တပ်မမှူးတွေ အဆင့်တွေပဲရှိတယ်။ ဒုတပ်မမှူးတစ်ယောက်က တပ်မမှူးဖြစ်သွားရင် တစ်ခါလူပြန်လဲရတာပေ့ါ။ တချို့ကျတော့လည်း တပ်ပြောင်းတာ၊ သင်တန်းတက်တာစသဖြင့် လွှတ်တော်ကို မလာနိုင်တော့ဘူးဆိုရင် လူလဲရတာပါပဲ။ အလှည့်ကျစနစ်မဟုတ်ဘူး" ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။



တပ်မတော်တွင် ထူးခြားသည့် အစဉ်အလာတစ်ခုမှာ သတ်မှတ်ချိန်တစ်ခုအတွင်း ရာထူးတိုးသည့် အစဉ်လာရှိသဖြင့် အချို့တပ်မတော်သားကိုယ်စားလှယ်များ ရာထူးတိုးလျှင် လွှတ်တော်ကိုယ်စားလှယ်ပြောင်းလဲမှုများ ပြုလုပ်လေ့ရှိကြောင်း ဦးဌေးဦးကဆိုသည်။

ယနေ့အချိန်ထိပြည်သူ့လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၆၆ဦး၊ အမျိုးသားလွှတ်တော်တွင် ၂၇ဦးကို လဲလှယ်ခန့်အပ်ခဲ့သည်။ လွှတ်တော်များတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၇၈ ဦးရှိပြီး ဗိုလ်ကြီးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။




7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

## CRIME မှုခင်းသတင်း CORNER

### အမျိုးသားတစ်ဦး ဆွဲကြိုးချ သေဆုံး

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

မင်္ဂလာဒုံမြို့နယ်ထောက်ကြန့်လေးထောင့်ကန်ကျေးရွာတွင် ဇန်နဝါရီ ၆ရက်က လိပ်ခေါင်းရောဂါ ခံစားနေသူ အမျိုးသားတစ်ဦး ဆွဲကြိုးချ၍ သေဆုံးသွားကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သတင်း ရရှိသည်။

သေဆုံးသူ အသက် ၃၁နှစ် အရွယ် ကိုမောင်နိုင်သည် လွန်ခဲ့သည့်ငါးနှစ်ကတည်းက လိပ်ခေါင်းရောဂါခံစားနေသဖြင့် စိတ်ဓာတ်ကျကာ အရက်ကို အမြဲတစေ သောက်သုံးနေသူဖြစ်ပြီး ဇန်နဝါရီ၆ရက် မွန်းလွဲ ၂နာရီခန့်တွင် ၎င်းတစ်ဦးတည်းနေထိုင်သည့် တဲအိမ်ပေါ်သို့ တက်သွားပြီး ညနေ ၆ နာရီခွဲထိ ဆင်းမလာသဖြင့် ယောက်ဖဖြစ်သူက နေအိမ်ပေါ်သို့ သွားရောက်ကြည့်ရှုရာ၌ ဆွဲကြိုးချ၍ သေဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။

သေဆုံးသူကိုမောင်နိုင်သည်အမြင့်၅ပေခန့်ရှိယောက်တန်းဝါးလုံးအား ၆ ပေခန့်ရှိ ဆုတ်ဖြဲထားသော ပုဆိုးစဖြင့် လည်ပင်းတွင် ချည်နှောင်ကာ ဒူးအနည်းငယ်ကွေးသည့် အနေအထားဖြင့် သေဆုံးသွားခြင်းဖြစ်သည်။ အဆိုပါသေဆုံးမှုအား ထောက်ကြန့်ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၁/၁၃ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အင်းလေးဟိုတယ်ဇုန်အတွက် ကျေးရွာလေးရွာကို ကျပ်သိန်း ၁,၂၀၀ ကျော် လျော်ကြေးပေးဟုဆို

ဟိုတယ်ဇုန် တည်ဆောက်မည့်မြေနေရာတွင် သာသနာ့နယ်မြေများပါဝင်နေ၍ ဆရာတော်များက ကန့်ကွက်သည့်အတွက် တည်ဆောက်မှုရပ်နားထား

**နိုင်ချို၊ အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၁၀**

အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ပါဝင်သည့် ကျေးရွာ ခြောက်ရွာမှ ၄ ရွာအား စိုက်ပျိုးသီးနှံလျော်ကြေးအဖြစ် ကျပ်သိန်းပေါင်း ၁,၂၀၀ ကျော်ပေး၍ ညှိနှိုင်းမှုပြုလုပ်ခဲ့ကြောင်း ညောင်ရွှေမြို့ စည်ပင်သာယာရေး ကော်မတီမှ သတင်းရရှိသည်။

"အခု ကျေးရွာလေးရွာကို စိုက်ပျိုးသီးနှံလျော်ကြေးကိုပေါက်ဈေးထက် ပိုပေးပြီးပါပြီ။ ကျန်ကျေးရွာနှစ်ရွာကိုလည်း လျော်ကြေးအတွက် ညှိနှိုင်းနေပါတယ်။ သူတို့က မြေယာအတွက် လျော်ကြေးပါတောင်းတယ်။ စိုက်ပျိုးမြေဥပဒေအရ ပေးလို့မရဘူး။ လယ်ယာမြေတွေက အစိုးရပိုင်ပါ။ ဒါပေမဲ့ ကျွန်တော်တို့က ညှိနှိုင်းပြီး ပေးသွားမှာပါ"ဟု ညောင်ရွှေမြို့ စည်ပင်သာယာရေး ကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် ဟိုတယ်ဇုန်တည်ဆောက်ရာတွင် သာသနာ့မြေများ ပါဝင်နေ၍ သက်ဆိုင်ရာဆရာတော်များက ကန့်ကွက်ထားရာ ဒီဇင်ဘာလ ၂၅ ရက်မှစ၍ ရပ်ဆိုင်းထားကြောင်း အနောက်ရွှေကျောင်း ဆရာတော် ဦးခေမနန္ဒက ပြောသည်။

"မနေ့က လျှပ်စစ်ဝန်ကြီးက ဟိုတယ်မြေကိုယူပြီးငွေပေးတယ်။ ဘုန်းကြီးတို့က လက်မခံဘူး။ နှစ်ပေါင်းရာနဲ့ချီပြီး ဒီမြေတွေကို စော်ဘွားတွေက လှူခဲ့တာ အမတ်ကြီးတွေလည်းရှိတယ်"ဟု အဆိုပါဇုန်စီမံကိန်းတွင် မြေဧက ၄၀ ခန့် ပါဝင်နေသော ဆရာတော် ဦးခေမနန္ဒကမိန့်သည်။

"ညှိနှိုင်းတာတွေ၊ လျော်ကြေးပေးတာတွေကြောင့် ခဏရပ်ထားတာပါ။ ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက ရပ်ထားတာ။ အခု ကျေးရွာခြောက်ရွာမှာ လေးရွာကို လျော်ကြေးပေးပြီးသွားပြီ။ ကျန်တဲ့ နှစ်ရွာကို တနင်္လာနေ့မှာ ဆက်ပြီး ညှိနှိုင်းမှာပါ။ ညှိနှိုင်းမှုပြီးရင် လုပ်ငန်းပြန်စမယ်" ဟု ညောင်ရွှေခရိုင် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်းလေးဒေသ ဟိုတယ်ဇုန်အားအကောင်အထည်ဖော်ရာတွင် ညောင်ရွှေတစ်ဝိုက် ကျေးရွာများဖြစ်သည့် အင်ကြင်းကုန်း၊ ချောင်းပါး၊ ကန်ပဲ့၊ ညောင်ဝန်း၊ ဝက်သကင်၊ ဘုရားဖြူကျေးရွာတို့မှ ရွာသား ၈၃ ဦး စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေ ၁၉၄ ဒသမ ၀၇ ဧကပါရှိပြီး သာသနာမြေများ မပါရှိဟု တာဝန်ရှိသူကဆိုသည်။

"ဘုန်းကြီးကျောင်းမြေတွေ မပါပါဘူး။ ဟိုတယ်ဇုန်လုပ်ဖို့အတွက် သာသနာ့မြေတွေကို ချန်လှပ်ထားခဲ့ပါတယ်"ဟု အင်းလေးဒေသဟိုတယ်ဇုန် ဖော်ဆောင်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

သို့သော်လည်း ဟိုတယ်ဇုန်ဖော်ဆောင်ရာနေရာတွင် သာသနာ့မြေများ ပါဝင်သည်ဟု ဒေသခံအချို့နှင့် ဘုန်းတော်ကြီးကျောင်းများမှ သတင်းရရှိသည်။

၎င်းဟိုတယ်ဇုန်တွင် သာသနာပိုင်မြေဧက ၃၀၀ ကျော်ခန့် ပါဝင်ပြီး ပြည်နယ်လျှပ်စစ်ဝန်ကြီးက ကြားခံ လာရောက်ညှိနှိုင်းပေးမှုများပြုလုပ်ခဲ့သည်ဟု ရွာမကျောင်းထိုင် ဆရာတော် ဦးကုသလက မိန့်သည်။

ထိုမြေများကို ၂၀၀၂ ခုနှစ်က သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ အစဉ်အဆက် ထိန်းသိမ်းလာသော သာသနာ့မြေဖြစ်ကြောင်း၊ ဟိုတယ်ဇုန်နှင့် ပတ်သက်၍ တန်ရာတန်ကြေး ပေးမည်ဟု ပြောသော်လည်း ယခုအချိန်အထိ ညှိနှိုင်းမှုမရှိဟု ဆရာတော်က မိန့်ကြားသည်။

အင်းလေး ဟိုတယ်ဇုန်မှာ ညောင်ရွှေမြို့မှ ၁၅ မိုင်ခန့်သာ ကွာဝေးပြီး ညောင်ရွှေ နမ့်ပန်၊ တုံးဟုံး ကားလမ်းအတိုင်း ဆက်သွယ်အသုံးပြုနိုင်ခြင်းကြောင့် အင်းလေးအရှေ့ကြိုးဝိုင်းအတွင်းမှ မြေ ၆၂၂ ဧကအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နှစ် ၆၀ ငှားရမ်းခွင့်ဖြင့် ၂၀၁၂ခုနှစ်အောက်တိုဘာလအတွင်းလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

# သခင်ကိုယ်တော်မှိုင်း မွေးရပ်မြေတွင် အထိမ်းအမှတ်ပြတိုက် တည်ဆောက်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊**
**ဇန်နဝါရီ - ၁၀**

ငြိမ်းချမ်းရေးဗိသုကာဆရာကြီး သခင်ကိုယ်တော်မှိုင်းအထိမ်းအမှတ်ပြတိုက်ကို ၎င်း၏ ဇာတိမြေ ရွှေတောင်မြို့၊ ဝါးလည်ကျေးရွာတွင် ယခုနှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆရာကြီး၏ ဂူဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မှ သတင်းရရှိသည်။

ပြတိုက်တွင် ဆရာကြီးရရှိခဲ့သော ဆုတံဆိပ်များ၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့်စာပေလက်ရာများကိုအခိကထားရှိပြသမည်ဟုဆိုသည်။

"မြန်မာနိုင်ငံမှာ ထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ပေါ်ထွန်းခဲ့တယ်ဆိုတာ နှောင်းလူတွေ လေ့လာစေချင်တယ်။ ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ ရန်ပုံငွေရယ်၊ အလှူခံရရှိတာရယ်နဲ့ ပြတိုက်ကို တည်ဆောက်မှာပါ။ ဒီဇိုင်းဆွဲတာတွေ လုပ်နေပါပြီ" ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်မှု ပြန်ကြားရေးတာဝန်ခံဦးထွန်းဝင်းငြိမ်းက ပြောသည်။



ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ သခင်ကိုယ်တော်မှိုင်းဂူဗိမာန်အတွင်းပိုင်းကို ဇန်နဝါရီ ၁၀ ရက်က မှတ်တမ်းတင်ရိုက်ကူးထားစဉ်    ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

တို့ဗမာအစည်းအရုံး နာယကတစ်ဦးဖြစ်သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ အဓိကနေရာမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းစစ်မီးတောက်ချိန်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

သခင်ကိုယ်တော်မှိုင်းသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်တွင် စမ်းချောင်းမြို့နယ်၊ အမှတ် ၅၊ ချမ်းသာလမ်း နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ပြည်သူများ ဂါရဝပြုနိုင်ရန် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး၌ ဂူဗိမာန် တည်ဆောက်ထားရှိသည်။

# မူဆယ်နှင့် ကွတ်ခိုင်မြို့တွင် ခါးပြတိုက် လုယက်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့များတွင် ဇန်နဝါရီလဆန်းပိုင်းက ဓားပြတိုက်မှုများ၊ လုယက်မှုများ ဖြစ်ပွားခဲ့သည်ဆိုသည်မှာမမှန်ကန်ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက 7Day News အား ပြောကြားသည်။

ဇန်နဝါရီလ ၃ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် တရုတ်ငွေနှင့် မြန်မာငွေလဲလှယ်သည့် လုပ်ငန်းလုပ်ကိုင်သူ ရှမ်းအမျိုးသမီးတစ်ဦးအား ကျပ်သိန်း ၂၀၀ နှင့်ညီမျှသော ငွေများ လုယူ၍သတ်ဖြတ်ခံခဲ့သည်ဟူ၍လည်းကောင်း၊ ဇန်နဝါရီ ၆ ရက်ကလည်း နာရီစင်အနီး ငွေလုခံရခြင်း စသည့်အမှုများ ဖြစ်ပွားခဲ့သည်ဟူ၍လည်းကောင်းဒေသခံများကြား သတင်းထွက်ပေါ်ခဲ့သည်။

သို့သော် မူဆယ်မြို့နယ် ရဲစခန်းက အဆိုပါ သတင်းများ မကြားရဘဲ မဟုတ်မှန်ကြောင်း 7Day News ၏ ဆက်သွယ်မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

မူဆယ်မြို့သည် နယ်စပ်မြို့ဖြစ်သည့် အတွက် လက်နက်ပြခြိမ်းခြောက်မှုများ၊ လုယက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး တရုတ်နိုင်ငံနှင့် နီးသောကြောင့် တရားခံဖမ်းဆီးရမိမှုလည်း နည်းပါးသည်ဟု ထင်မြင်ကြောင်း မူဆယ်မြို့ခံကုန်သည်တစ်ဦးဖြစ်သူ ကိုနိုင်စိုးက ပြောကြားသည်။

ရှမ်းပြည်နယ်တစ်ခုလုံးတွင် ရဲတပ်ဖွဲ့က နယ်မြေတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးခြင်း အပါအဝင်၊ မူးယစ်ဆေးဝါး ဖမ်းဆီးခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်နေပြီး နယ်မြေအနေအထားကြောင့် ရန်ကုန်၊ မန္တလေးစသည့်ဒေသများကဲ့သို့ တရားဥပဒေစိုးမိုးရန် အပြည့်အဝ မဆောင်ရွက်နိုင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ပြောကြားသည်။

"ကျွန်တော်တို့ ရှမ်းပြည်နယ်က တခြား ပြည်နယ်နှင့်တိုင်းတွေလို မဟုတ်ဘဲ ပြည်နယ်ထဲမှာ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့တွေ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့တွေ၊ နယ်မြေမအေးချမ်းမှုတွေလည်း ရှိတော့ ရန်ကုန်၊ မန္တလေးလို အပြည့်အဝ တရားဥပဒေစိုးမိုးနိုင်ဖို့တော့ နည်းနည်းခက်ခဲပါတယ်" ဟု ရဲတပ်ဖွဲ့မှူးက ဖြေကြားသည်။

ထို့ပြင် ရဲတပ်ဖွဲ့တွင် ပစ်မိန့်မရှိခြင်းကြောင့် လုယက်သူများက အတင့်ရဲသည်ဆိုခြင်းနှင့် ပတ်သက်၍လည်း လုံခြုံရေးတာဝန်ယူထားသော အဖွဲ့အစည်းဖြစ်သည့် ရဲတပ်ဖွဲ့အနေဖြင့် ပစ်မိန့်လုံးဝမရှိခြင်းလည်း မဟုတ်ဘဲ နေရာဒေသအလိုက်နှင့် အခြေအနေလိုက်သာ ပစ်မိန့်ရှိခြင်း၊ မရှိခြင်းကို သတ်မှတ်ထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ရှမ်းပြည်နယ်တွင်းရှိကျောက်မဲ၊ သီပေါ အပါအဝင် မူဆယ်၊ လားရှိုးစသည့် မြို့များတွင် မကြာခဏ မြို့တွင်းသို့ လက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် ကုန်သွယ်ရေးလုပ်နိုင်သည့် စီးပွားရေး ဖွံ့ဖြိုးသော မြို့များတွင် လုယက်မှုများ ဖြစ်ပေါ်ပြီး ထိုသို့လုယက်သူအားလုံးတွင် သေနတ်များ ပါသည့်အတွက် မည်သည့် အဖွဲ့အစည်းမှ ဆိုသည်ကိုပြောရန်ခက်ခဲကြောင်း မြို့နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့ခံများကဆိုသည်။

# အစိုးရ၏ အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော်မှု ပြည်ထောင်စုလွှတ်တော် စောင့်ကြည့်မည်

**မင်းဟိန်းကျော်**

**နေပြည်တော်၊ ဇန်နဝါရီ - ၁၀**

ပြည်ထောင်စုအစိုးရအဖွဲ့မှတင်သွင်းသည့် အမျိုးသားစီမံကိန်းများကို အတည်ပြုပြဋ္ဌာန်းပြီးပါက ၎င်းစီမံကိန်းများအား အောင်မြင်ရန် တာဝန်ခံလုပ်ဆောင်ပါမည်ဆိုသော နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ယူမှု တာဝန်ခံမှုများကို ပြည်ထောင်စုလွှတ်တော်က စောင့်ကြပ်စစ်ဆေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြောသည်။

"လွှတ်တော်က အဓိကလုပ်ရမှာက အမျိုးသားစီမံကိန်းပါ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အောင်မြင်အောင် တာဝန်ယူ၊ တာဝန်ခံပြီး လုပ်ပါ့မယ်ဆိုတဲ့ နိုင်ငံတော်သမ္မတနဲ့ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကို စောင့်ကြည့်စစ်ဆေးဖို့ပါပဲ" ဟု ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့တွင် ဦးခင်အောင်မြင့်က ပြောသည်။

ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များသည် အောက်ခြေရှိပြည်သူလူထုအပေါ် ထိရောက်မှု ရှိ၊ မရှိကိုလည်း စစ်ဆေးကြရန်လိုကြောင်း ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကပြောကြားခဲ့သည်။

"ဒီမိုကရေစီနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက လူများစုအတွက် ချမ်းမြေ့မှုမြင့်မားအောင် ဖြည့်ဆည်းပေးနိုင်ရမယ်လို့ ပြောခဲ့တယ်။ ကျွန်တော်တို့ကရောပြည်သူအများစုဖြစ်တဲ့ ကျေးလက်ဒေသ ပြည်သူတွေရဲ့ ဘဝသာယာချမ်းမြေ့မှု ဘယ်လောက်မြှင့်တင်နိုင်ခဲ့ပြီလဲ။ စဉ်းစားဖို့လိုပါတယ်" ဟု ဦးခင်အောင်မြင့်ကဆိုသည်။

ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားများဖြစ်သည့် တောင်သူလယ်သမားများ အားလပ်သည့်ကာလတွင် အခြားအလုပ်အကိုင် လုပ်ကိုင်စရာမရှိခြင်းကလည်း အလုပ်လက်မဲ့ပြဿနာဖြစ်ပေါ်စေရေး အကြောင်းတစ်ရပ်ဖြစ်ပြီး ကျေးရွာများတွင် လယ်မရှိ၊ ယာမရှိ၊ လှည်းမရှိ၊ နွားမရှိသောအလုပ်လက်မဲ့များအများအပြားရှိနေသေးသည်ဟု ဆိုသည်။

ယခုအခါ နှစ်စဉ်နှစ်တိုင်း စပါးဈေးများသည် ကုန်ထုတ်လုပ်မှုစရိတ်ကိုပင် မကာမိအောင် ကျဆင်းလာနေသဖြင့် တောင်သူလယ်သမားများ လယ်ယာမြေကို စွန့်ပစ်သွားလျှင် ဆန်ကို အားပြုစားသုံးနေရသော မြန်မာနိုင်ငံအတွက် ပြဿနာပေါ်လာနိုင်သဖြင့် အဆိုပါကိစ္စအား သတိပြုရန်လိုကြောင်း ဦးခင်အောင်မြင့်ကပြောသည်။ နိုင်ငံတိုးတက်မှုရှိစေရေးအတွက် အမျိုးသားစီမံကိန်းဥပဒေနှင့်ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များ သေချာစိစစ်ကြရန်လိုကြောင်းနှင့် အဆိုပါဥပဒေအတိုင်း အစိုးရအဖွဲ့မှ ဆောင်ရွက်မှုရှိ၊မရှိစစ်ဆေးရန်လိုကြောင်း ၎င်းကဆိုသည်။

"အန်တီတို့ကတော့ ပြည်သူ့မျက်နှာပဲ ကြည့်တာပါပဲ။ အဲဒါကို အစိုးရအဖွဲ့က အချို့ပုဂ္ဂိုလ်တွေက ဘတ်ဂျက်ဖြတ်လို့ဆိုပြီး မကျေနပ်ကြဘူး။ မလိုရင်တော့ ဖြတ်ရမှာပဲလေ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေကပြောသည်။

# ပြည်ပသို့ စပါးတင်ပို့ခြင်း ချိန်ဆသင့်ကြောင်း ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌပြော



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ၊ မောင်တာ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် တစ်သန်းနီးပါး တင်ပို့ပြီးချိန်တွင် တရုတ်နိုင်ငံသို့ ညော့်မထအုပ်စုဝင် စပါးများကိုပါ တင်ပို့နေခြင်းသည် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်စရာရှိသောကြောင့် ချိန်ဆသင့်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

"စပါးဆိုတာ တာရှည်ထားလို့ ရတဲ့အတွက် ငွေထုတ်ပိုက်ပြီး ဝယ်လိုက်ရင် ဒုက္ခရောက်သွားနိုင်တယ်။ ဆန်ကလည်းတန်ချိန်တစ်သန်းလောက် ပို့ထားပြီးနေပြီ" ဟု ဦးချစ်ခိုင်က ပြောသည်။

ပြီးခဲ့သည့် တစ်လခန့်မှစ၍ တရုတ်နိုင်ငံသို့ ပဲခူးတိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှ ညော့်မထအုပ်စုဝင် စပါးများ တစ်ရက်လျှင် တန်ချိန် ၃၀ နီးပါး တင်ဆောင်လာသော ကားသုံးစီးခန့် တင်ပို့နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း(မူဆယ်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ ညော့်မထအုပ်စုဝင် ကီလို ၅၀ တစ်အိတ်လျှင် တရုတ်ယွမ်ငွေ ၆၁ ယွမ်(ရှစ်ထောင်ကျပ်ဝန်းကျင်) ရရှိကြောင်း သတင်းရရှိသည်။

"လက်ရှိအခြေအနေမှာ အစိုးရကလည်းအာမခံဈေးနဲ့ မဝယ်ပေးနိုင်တဲ့အတွက် စီးပွားရေးအရ တွက်ခြေကိုက်ရင် လုပ်သင့်တယ်။ ဒါပေမဲ့ စနစ်တကျ အစီအမံရှိဖို့ လိုတော့လိုတယ်" ဟု နိုင်ငံတော်သမ္မတ လူမှုစီးပွားအကြံပေးအဖွဲ့ ဥက္ကဋ္ဌဖြစ်ပြီး လယ်ယာကဏ္ဍနှင့် ပတ်သက်၍ ကျွမ်းကျင်သူဦးတင်ထွဋ်ဦးက သုံးသပ်သည်။

**စာ(၁၂)သို့**




" Yangon's Premier Luxury
No 1 Lifestyle"
Diamond
INYA
Palace
Facility ... Restaurant, Shops, Mini Mart, Bakery, Coffee Shop, Business Centre, Banquet, Playground, Squach, Table Tennis, Snooker, Yoga, Fitness Centre, Spa, Corridor Lift, Car Wash, Stairs, Office, Lobby, Swimming Pool, Pond, Indoor Garden
Car Parking
Diamond Inya Palace
Diamond Inya Palace
Diamond Inya Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
Mayangone Township, Yangon, Myanmar
Phone - 95 - 1 - 656851,656852 - 09 420 097 992
09 420 097 993, 09 420 097 994, 09 420 097 995, 09 5039498
Fax : 95 - 1 - 656850 e-mail diamondinya@myanmar.com.mm
Mandalay Showroom
Diamond Plaza (M.G.W Construction Ltd.)
78 Street, Between 33 x 34, Chanayetharzan Township, Mandalay, Myanmar.
Phone - 95 - 2 -69351, 69371- 09 420 097 996, 09 420 097 998 ,
09 2015287,096801904, 096801905 Fax : 95 - 2 - 69341

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# အဓိပ္ပာယ်ရှိသော ဒုံးယိမ်းည

■ ထူးသန့်

နှစ် ၆၀ ကျော် ငြိမ်းချမ်းရေးမရခဲ့သော အစိုးရနှင့်ကေအင်န်ယူ သမိုင်းဝင်အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး တစ်နှစ်အကြာ ဇန်နဝါရီ ၁၂ ရက်တွင်ကျရောက်သောယခုနှစ်ကရင်နှစ်သစ်ကူးနေ့မှာ ယခင်နှစ်များထက် ပိုမိုအဓိပ္ပာယ်ရှိခဲ့သည်။

လွှတ်တော် ကိုယ်စားလှယ်များတည်းခိုကြသည့်နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာခန်းမတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြငြိမ်း အပါအဝင် ဦးဌေးဦး၊ ဦးစိုးနိုင်၊ ဦးဇော်မြင့်ဖေနှင့် အခြားတိုင်းရင်းသား ကိုယ်စားလှယ် ၁၅၀ ခန့်က ကရင်နှစ်သစ်ကူးနေ့ကို တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

“ဒီမှာ ကျင်းပတဲ့ အနေအထားဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာကျင်းပတာထက်၊ ကျွန်တော်တို့ကရင်ပြည်နယ်မှာကျင်းပတာထက်ပိုပြီးအနှစ်သာရရှိတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားတွေစုံတယ်” ဟု (၇၅)ကြိမ်မြောက် ကရင်နှစ်သစ်ကူးနေ့ကျင်းပခြင်းနှင့်ပတ်သက်၍ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်-၁၁ (ကြာအင်းဆိပ်ကြီးမြို့နယ်)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။



*ကရင်နှစ်သစ်ကူးအခမ်းအနားတွင် ပါဝင်ဆင်နွှဲနေသော သူရဦးရွှေမန်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် လွှတ်တော်ကိုယ်စားလှယ်များကိုတွေ့ရစဉ်*

ဓာတ်ပုံ-ထူးသန့်

ရန်ကုန်တိုင်းဒေသကြီး အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကလည်း “ဟန်ဆောင်နေတဲ့ မျက်နှာတွေ တစ်ခုမှမရှိဘူး။ ဒီလိုဟန်မဆောင်ကြဘဲနဲ့ ပြောကြတဲ့အခါမှာ တိုင်းရင်းသားတွေအားလုံးက ဒီလိုကိစ္စမျိုး တစ်သက်လုံး မခံစားခဲ့ရဘဲနဲ့ အခုလို တွေ့ရတော့ ဘာနဲ့မှ မလဲနိုင်အောင် ခံစားရတယ်။ ဒီရဲ့နောက်ကွယ်မှာ တိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေ အများကြီးကို ခေါင်းဆောင်တွေ စဉ်းစားမိလာနိုင်လိမ့်မယ်လို့လည်း ခံစားမိတယ်”ဟူ၍ ၎င်းကိုယ်တိုင် ရှမ်းတိုင်းရင်းသားအကဖြင့် ဖျော်ဖြေခဲ့ပြီးနောက် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးခိုင်မောင်ရီထိုကဲ့သို့ပြောကြားနေစဉ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဟစ်ဟော့ပ်အဆိုတော် ဇေယျာသော်ကလည်း မြူးကြွသောသံစဉ်များဖြင့်“အကုန်လုံးထကြ. . . အကုန်လုံးထက”ဖြင့် အစချီသော ‘စတင်ခြင်း’သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။

“အရမ်းဝမ်းသာပါတယ်။ ညီမတို့ကရင်နှစ်သစ်ကူးနေ့မှာ လာပြီးတော့ လူကြီးတွေတက်ရောက်ချီးမြှင့်တဲ့အတွက် ကတယ်၊ သီချင်းဆိုပေးတဲ့အတွက် အရမ်းကိုကျေးဇူးတင်ပါတယ်”ဟု အသက် ၂၈ နှစ်အရွယ်ရှိလွှတ်တော်ရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ကရင်အမျိုးသမီးငယ်က ပြောကြားသည်။


“ကျွန်တော်က မွန်အမျိုးသားတစ်ယောက်ပါ။ မွန်အမျိုးသားတစ်ယောက်အနေနဲ့ ကရင်အမျိုးသားတွေရဲ့ နှစ်သစ်ကူးနေ့မှာ ပါဝင်ဆင်နွှဲရတာ အင်မတန်ဝမ်းသာတယ်။ ဒီလိုပဲ ပြောချင်ပါတယ်”ဟု မွန်တိုင်းရင်းသား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါက်တာကျော်သိန်းက ဆိုသည်။ “ကျွန်တော်တို့ပြည်နယ်မှာ လုပ်တုန်းကတော့ ဒီလိုမျိုး အခြားတိုင်းရင်းသားတွေ မစုံဘူးပေါ့နော်။ အခုတော့လေ မြင်တဲ့ အတိုင်းပဲ။ လူကြီးတွေလည်း ချီးမြှင့်တယ်လေ။ အဲဒါကြောင့် ဧည့်ခံရတာကို မောတယ်လို့တောင် မထင်ဘူး”ဟု ကျွေးမွေးဧည့်ခံလျက်ရှိသော ကရင်အမျိုးသား လူငယ်တစ်ဦးက ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ကလည်း ကျန်းမာရေးမကောင်းသည့်ကြားမှ “မြူမှောင်ဝေကင်း”သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

“တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီး ပြုံးပြတာနဲ့ကို အာနိသင်ရှိတယ်။ အကျိုးသက်ရောက်မှုရှိတယ်။ အတူတူ တစ်စားပွဲထဲမှာထိုင်ပြီး စားကြသောက်ကြတာက ကောင်းမွန်တဲ့ ပြရုပ်ပဲဖြစ်ပါတယ်။ ဒါဟာ လူသားဆန်တဲ့ သဘောကိုပြတာပဲဖြစ်တယ်” ဟု ဦးခင်အောင်မြင့်၊ သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အတူ ယှဉ်တွဲမြင်ရခြင်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က မှတ်ချက်ပြုပြောကြားသည်။

အခမ်းအနားနိဂုံးပိုင်းတွင်မူ ကရင်တိုင်းရင်းသားများ၏ ပုံရိပ်သီချင်းတစ်ပုဒ်ဖြစ်သော စိုးလွင်လွင် သီဆိုထားသည့် ‘ဒုံးယိမ်းည’ သီချင်းကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သီဆိုရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဦးစိုးနိုင်၊ ဦးဌေးဦးတို့ပါဝင်ရောက်ကပြဆင်နွှဲခဲ့ကြသည်။ အဆိုပါ သီချင်းကိုပင် နောက်တစ်ကြိမ်ပြန်လည်သီဆိုရာတွင်မူ သူရဦးရွှေမန်းနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်တို့ပါဝင်ရောက်ကပြဆင်နွှဲလိုက်ရာတွင်တော့ ခန်းမတစ်ခုလုံး လက်ခုပ်သံများ ဖုံးလွှမ်းသွားတော့သည်။





## ၂၀၁၃ ဇန်နဝါရီ ၁၆မှ ၂၂ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါတယ်။ တောင်တရုတ် ပင်လယ်ပြင်အတွင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်နိုင်ပြီး လေထုမငြိမ်သက်မှုများ တိုးလာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသတွေမှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေမှ ၂ ပေခန့်ရှိနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ ရခိုင်ကမ်းရိုးတန်းဒေသတွေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေမှ ၄ ပေခန့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း မြောက်ပိုင်းစွန်းဒေသနဲ့ တနင်္သာရီတိုင်းတောင်ပိုင်းမှာ မိုးအနည်းငယ် ရွာနိုင်သည်မှအပ ကျန်တစ်ပြည်လုံးတွင် သာယာပါမယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာများ မရှိနိုင်ပါ။

**ညအပူချိန်များ အခြေအနေ**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်တိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ်အောက် ကျဆင်းနိုင်ပြီး အအေးပိုနိုင်။ စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသတွင် ရေခဲမှတ်နီးပါးရောက်အောင် အပူချိန်များ ကျဆင်းနိုင်။ တောင်ပိုင်းဒေသများမှအပ ကျန်တစ်ပြည်လုံးတွင်လည်း ညအပူချိန်များ ကျဆင်းပြီး အအေးပိုနိုင်ပါတယ်။

**နေ့အပူချိန်များ အခြေအနေ**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေ့အပူချိန်များ ပုံမှန်ခန့်ရှိနိုင်ကာ ကျန်တစ်ပြည်လုံးတွင် နေ့အပူချိန်များ ပုံမှန်ထက် ပိုမိုမြင့်တက်နေနိုင်။

**မြူကျဆင်းနိုင်မှု အခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတို့မှာ နံနက်ပိုင်းအချိန်ခါများမှာ မြူထူများ ကျဆင်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေ အနေ**

တောင်တရုတ်ပင်လယ်ပြင်အတွင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဆက်လက်တည်ရှိနေနိုင်ပြီး လေထုမငြိမ်မသက်ဖြစ်ကာ ပိုမိုအားကောင်းလာနိုင်။

**ဒေါက်တာထွန်းလွင်**

# ကျောက်မျက်အသင်းမှ ခရိုနီအချို့ ရာထူးစွန့်လွှတ်ရန် လွှတ်တော်အမတ် တိုက်တွန်း

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ-၉**

မြန်မာ့ကျောက်စိမ်း ကျောက်မျက်တင်ဆို့မှုကို အမေရိကန်အစိုးရ၏ ပိတ်ပို့ထားမှုမှ လွတ်မြောက်ပြီး တိုင်းရင်းသားများ အကျိုးရှိစေရန်အတွက်မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ရာထူးတာဝန်များ ရယူထားသော ခရိုနီအချို့ရာထူး စွန့်လွှတ်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ (မကွေး-၁၂)က ယနေ့ တိုက်တွန်းပြောကြားသည်။

“ယခင် အစိုးရလက်ထက်က ခရိုနီအချို့ဟာ မြန်မာ့ကျောက်မျက်အသင်းမှာ တာဝန်ရှိသူတွေအဖြစ် ဆက်လက်တာဝန်ယူနေခြင်းဟာလည်း အမေရိကန်အစိုးရရဲ့ ဆန်ရှင်လုပ်ပြီး ပိတ်ပင်ထားတဲ့စာရင်းမှာပါနေလို့ ကျောက်စိမ်းကျောက်မျက်ဆန်ရှင်ကို ရုပ်သိမ်းမပေးတာလို့ ယူဆနိုင်ပါတယ်”ဟု အမျိုးသားလွှတ်တော် သဘ္ဘာနှင့် သယံဇာတရေးရာ ကော်မတီအတွင်းရေးမှူးလည်းဖြစ်သူ ဦးလှဆွေက လွှတ်တော်တွင် ရှင်းလင်းပြောကြားခဲ့သည်။

ယခင် အစိုးရလက်ထက်က လူကြီးများ၏ သားသမီး၊ တူ၊ တူမများထံမှ ခရိုနီများက မြေကွက်ဝယ်ယူလုပ်ကိုင်နေခြင်းမှာလည်း ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း မူးယစ်ဆေးဝါးမှ ရရှိသော ငွေမည်းကို ကျောက်စိမ်းဖြင့် ငွေဖြူလုပ်ပြီး ခဝါချခြင်းမှာ အလွယ်ကူဆုံး ဖြစ်သည်ကို ရေးရာကော်မတီအတွင်းရေးမှူးက လေ့လာတွေ့ရှိထားပြီး၊ ကျောက်စိမ်းလောကတွင် လက်နက်ကိုင်အဖွဲ့၊ မူးယစ်ဆေးဝါးလုပ်ငန်းများဖြင့် ရှုပ်ထွေးနေကြောင်း ၎င်းက ပြောကြားသည်။

မြန်မာ့ကျောက်စိမ်းကျောက်မျက်လုပ်ငန်းကိုပုဂ္ဂလိကလုပ်ငန်းများ၊ လက်လုပ်လက်စားများကသာ အဓိကလုပ်ကိုင်နေခြင်းဖြစ်သည့်အတွက် ပိတ်ဆို့မှုဒဏ်ကို သန်းနှင့်ချီသော တိုင်းရင်းသားပြည်သူများသာ အဓိကခံစားကြရပြီး၊ ကျောက်မျက်ဈေးကွက် မရသည့်အတွက်တိုင်းရင်းသားဒေသများတွင် ဘိန်းနှင့် အခြားမှောင်ခိုစီးပွားရေး လုပ်ငန်းများ၊ လက်နက်ကိုင် မတည်ငြိမ်မှုများကို အားပေးရာရောက်နေကြောင်းလည်း ဦးလှဆွေက ဆိုသည်။

ပြီးခဲ့သည့် သီတင်းပတ်က နိုင်ငံတော်သမ္မတ အပါအဝင်ပြည်ထောင်စု ဝန်ကြီးများနှင့် နေပြည်တော်သို့ လာရောက်တွေ့ဆုံခဲ့သည့် ကရင်အမျိုးသား အစည်းအရုံးမှ ဗဟိုကော်မတီဝင်ဦးစောမန်းမန်းကလည်း သယံဇာတတူးဖော်ရာတွင် ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့်များများ ခံစားခွင့်ရရှိရန် ပြည်သူလူထု အကျိုးရှိရန် ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

မြန်မာ့ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ပိတ်ဆို့ထားဆဲ ဖြစ်သော အမေရိကန်အစိုးရအား လုံးဝဖြေလျှော့ပေးရေး တောင်းဆိုရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့သည့်ဦးလှဆွေကမူ အဆိုပါ ပိတ်ဆို့မှုကြောင့် ထိုက်သင့်သည့် အကျိုးကျေးဇူး မရရှိကြောင့်ပွဲစားနိုင်ငံများသာ အကျိုးအမြတ်ရရှိနေကြောင်း ပြောကြားသွားခဲ့သည်။

“ကျောက်မျက် လောကမှာ ဒီကိစ္စက အသံတော်တော်လေးကျယ်လောင်လာပါတယ်။ လူတစ်စုကိုပဲ အကျိုးရှိစေတယ်ဆိုတဲ့အတွက်သူတို့ဘက်က မရုပ်သိမ်းတာပါ။ အမှန်တော့ အခုလို ပိတ်ဆို့မှုက သူတို့အပေါ်မှာ သွားပြီးသိပ်မသက်ရောက်ဘူး။ အလယ်အလတ်တန်းစား တူးဖော်သူတွေအအောက်ခြေလူတန်းစားတွေကို သွားပြီး သက်ရောက်နေတယ်။ အရင်းအနှီးနည်းတဲ့ သူတွေအတွက် ဒါဟာ အဓိကအဟန့်အတားတစ်ခုပဲ။ ဝန်ကြီးဌာနအတွက် ဒီကဏ္ဍက အဓိကဝင်ငွေ ဖြစ်နေသလို ခရိုနီအုပ်စုတွေရဲ့ အဓိကဝင်လဲ ဖြစ်နေပါတယ်။ ဒါကိုအမြန်ဆုံး ပြောင်းလဲနိုင်မယ်ဆိုရင် ပိတ်ဆို့အရေးယူမှုတွေ ချက်ချင်းရုပ်သိမ်းသွားနိုင်မယ်လို့ ထင်ပါတယ်”ဟု SP Gems & Jewellery မှ ဒါရိုက်တာ ဦးအောင်ကျော်ဇင်ကလည်း ပြောသည်။

‘ဈေးကွက်ကတော့ တရုတ်ရှိနေသရွေ့ ဆက်လည်နေတာပဲ။ ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းအပေါ် အခုချိန်ထိ ဆန်ရှင်ရှိနေတာ ဘာမှတော့ ကြီးကြီးမားမား သက်ရောက်မှု မရှိသေးဘူး။ အမေရိကန်အနေနဲ့ခရိုနီတွေကိုပဲ တိုက်ရိုက်ပိတ်ထားသင့်တယ်။ တခြားလုပ်ငန်းရှင်တွေကို ကုန်သွယ်ခွင့်ပေးမယ်ဆိုရင် အားလုံးအဆင်ပြေသွားနိုင်တယ်”ဟု မြစ်ကြီးနား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်တစ်ဦးကလည်း သူ၏အမြင်ကို ပြောသည်။

# ၁၆ လအတွင်း ကားအဟောင်း ခုနစ်သောင်းကျော် အပ်နှံ

**အေးမြတ်သူ၊ မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**



*အပ်နှံထားသော ကားဟောင်းများစုပုံထားစဉ်*

ဓာတ်ပုံ-ကျော်ဇင်သန်း

မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစီမံချက် စတင်သည့်ကာလ ၁၆ လအတွင်း ယာဉ်အစီးရေခုနစ်သောင်းကျော် အပ်နှံပြီးဖြစ်ကြောင်း နေပြည်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်စီမံချက်စတင်ခဲ့သည့်အချိန်မှစ၍ ဇန်နဝါရီလ ၁ ရက်ထိ လာရောက်အပ်နှံပြီးအစီးရေ၇၀၉၉၉ စီးရှိပြီး သွင်းကုန်ပါမစ်လိုင်စင်ထုတ်ပြီး အစီးရေ ယခုလ ၉ ရက်ထိ ၇၇၅၀၀ စီးရှိကြောင်း သတင်းရရှိသည်။ ထိုကားသွင်းခွင့် ပါမစ်များအနက် ပြည်ပမှ တိုက်ရိုက်တင်သွင်းခွင့်ပြုပြီး အစီးရေ ၆၂၁၀၀ စီး၊ အရောင်းစင်တာများမှ တင်သွင်းခွင့်ပါမစ် ထုတ်ပြီး အစီးရေ ၁၅၄၀၀ စီးရှိကြောင်း သိရသည်။

“နှစ် ၂၀ ကျော် အပ်ကားတွေနည်းလာပြီဖြစ်လို့ နှစ် ၂၀ ကျော်ဘကိုစအပ်လက်ခံတာ။ အရင်က ဗပဲရှိသေးတယ်။ ပြီးတော့ ကြားထဲမှာ တပ်မတော်လေလံကားတွေ လက်ခံတာ” ဟု နေ ပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်အို၊ ယာဉ်ဟောင်း အပ်နှံမှု၌ နှစ် ၄၀ကျော် သက်တမ်းရှိသော ယာဉ်များဖြစ်သည့် စ၊ ဆ၊ ဇ အက္ခရာယာဉ်များအား စတင်အပ်နှံခဲ့ရာမှ နှစ် ၂၀ ကျော်သက်တမ်းရှိ အက္ခရာများဖြစ်သော ဏ မှ မ ယာဉ်များ အပ်ခံမှုမှာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ယခုအခါ နှစ် ၂၀ ကျော်သက်တမ်းတွင်ရှိ ‘ဘ’ အက္ခရာအား ယခုလ ၁၁ ရက်မှစ၍ စတင်အပ်ခံနေပြီဖြစ်ကြောင်း နေပြည်တော် က. ည. နမှ သတင်းရရှိသည်။

ထို့အပြင် မာစတာအုပ်စုဝင် လေလံယာဉ်များ လက်ခံအပ်နှံမှုကို ၂၀၁၂ခုနှစ် ဇူလိုင်၁၂ရက်နေ့မှစတင်ခဲ့ပြီး ယခုလ ၁ရက်နေ့ထိ ၃၉၇၂စီး ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

‘ဘ’ အက္ခရာယာဉ်အိုယာဉ်ဟောင်းအများစုမှာ လက်ရှိတွင် ပြင်ပပေါက်ဈေး ကျပ် ၈၅ သိန်းမှ သန်း ၉၀ အထိ ပေါက်ဈေးရှိပြီး ‘ဘ’အက္ခရာလက်ခံရန်မကြေညာမီကတည်းက ဝယ်ယူစုဆောင်းသူအများအပြားရှိကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။ယခင် အပ်နှံခွင့်ပြုထားသည့် ဗ အက္ခရာနှင့် လေလံအုပ်စုဝင် မာစတာအမျိုးအစားအများစုမှာ အပ်နှံရန် မကျန်ရှိတော့ဘဲ စလစ်အချို့သာရှိတော့ကြောင်း ကားဝယ်ရောင်း ဦးမင်းဦးက ပြောသည်။ ယင်း ‘ဗ’ နှင့် လေလံ အုပ်စုအများစု၏ စလစ်မှာကျပ်၉၅သိန်းဝန်းကျင်ရှိကြောင်း ၎င်းက ပြောသည်။

လက်ရှိကားဈေးကွက်၌ CIF တန်ဖိုးပြင်ဆင်သတ်မှတ်လိုက်ပြီးနောက် ပါမစ်မလိုဘဲ တင်သွင်းခွင့်ရရှိထားသည့် ၁၃၀၀ အင်ဂျင်ပါဝါကား အသေးများသာ အဓိကအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေး ဈေးကွက်မှ စုံစမ်းသိရှိရသည်။

## ကြော်ငြာအေဂျင်စီအချို့ ကားအစီး ၃၇၀ ကျော်အတွက် အကြွေးပေးရန်ရှိဟုဆို

**အိမွန်ကျော်**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၁၀**

ခရီးသည်တင်ယာဉ်များတွင်စတစ်ကာ ကပ်ကြော်ငြာဝန်ဆောင်မှုပေးသောအေဂျင်စီအချို့ကမထသနှင့် မြို့တော်စည်ပင်သို့ စတေကာကပ်ကြော်ငြာခမပေးသောကားအစီးပေါင်း ၃၇၀ ကျော်ရှိကြောင်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“စတစ်ကာကပ်ရင် မ. ထ. သကို ငါးသောင်းကျော်၊ မြို့တော်စည်ပင်ကို ငါးသောင်းကျော် စတစ်ကာကပ်ခပေးရပါတယ်”ဟု ၎င်းက ပြောသည်။ ထိုပေးဆောင်ရသော ငွေမှာ ကားတစ်စီးကို တစ်နှစ်စာအတွက်ဖြစ်သည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် စတစ်ကာကပ်ကြော်ငြာပေးသည့်အတွက် ကြော်ငြာခအဖြစ် တစ်နှစ်လျှင်တစ်စီး ကျပ်ကိုးသိန်းမှ၁၁သိန်း ဝန်းကျင်အထိရရှိပြီး မထသနှင့် စည်ပင်သို့ ပေးဆောင်ရသော စတစ်ကာ ကပ်ခမှာ ၎င်းတို့မဆောင်ရဘဲ လုပ်ငန်းရှင်များကသာ ပေးဆောင်ရသည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးထံမှ သတင်းရရှိသည်။

“ကြော်ငြာတစ်ခုကို အခွန်အများကြီးဆောင်ရတော့ လုပ်ငန်းရှင်တွေအနေနဲ့ ဖိစီးနေတာပေါ့။ ဒီအပေါ်မှာမ. ထ. သအနေနဲ့မူတစ်ခုပြောင်းစေချင်ပါတယ်” ဟု စတစ်ကာကပ် ကြော်ငြာမီဒီယာ လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူက ပြောသည်။

ခရီးသည်တင်ယာဉ်များတွင် စတစ်ကာကပ်ကြော်ငြာခြင်းမှာ လွန်ခဲ့သော လေးနှစ်ခန့်က စတင်၍တွင်ကျယ်လာခဲ့သည်။ မထသတွင် ယာဉ်လိုင်းပေါင်း ၁၃၀ကျော် ရှိနေပြီး စတစ်ကာကပ်ပြီးသည့် ယာဉ်အစီးရေမှာ တစ်ထောင်ဝန်းကျင်ခန့်ရှိသည်။

# Life

7 Day News Journal



အငှားယာဉ်မောင်းတွေကြောင့်
နိုင်ငံဂုဏ်တက်စေဖို့
ဆောင်းပါး-သတင်းအဖွဲ့
စာ-၁၀

Vol.11, No.45 • JANUARY 17 , 2013



# စိတ်ကူးထဲကဖူးစာရှင်

သတင်းအဖွဲ့

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## "ချစ်သူနဲ့သာအတူနေရရင် ထမင်းရည်ပဲသောက်ရသောက်ရဆိုတဲ့ခေတ်မဟုတ်တော့ဘူး"

ယင်းစကားသံမှာ အသက် ၂၄နှစ်အရွယ် အလှပြင်ဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦး၏ ဖူးစာရှင်ခံယူချက်ပင်ဖြစ်သည်။

တိုင်းပြည်၏ စီးပွားရေးနှင့် ကိုယ်တိုင်ရုန်းကန်လှုပ်ရှားနေရသော ဘဝတို့က မိန်းမပျိုတို့အတွက် ဘဝကြင်ဖော်ကို ဆုံးဖြတ်ရွေးချယ်ရာတွင် အတော်အသင့်ရိုက်ခတ်ပြောင်းလဲအရေးပါလာစေခဲ့သည်။

ယခင်က အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ဖက်ကိုရွေးချယ်ရာတွင် ဆရာဝန်၊ စစ်ဗိုလ်၊ အင်ဂျင်နီယာ၊ သင်္ဘောသားတို့ကို အများဆုံးရည်မှန်းခဲ့ရာမှ ယခုခေတ်တွင် အမျိုးသမီးတို့စိတ်ကူးထဲမှ ဘဝကြင်ဖော်သည် ဘဝအာမခံချက်ပေးနိုင်မည့် စီးပွားရေးသမားများဖြစ်လာသည်။

ယနေ့အမျိုးသား၊ အမျိုးသမီးများဘဝကြင်ဖော်ရွေးချယ်မှုပုံစံကို 7 Day Newsက လူတွေ့နှင့် အွန်လိုင်းမှတစ်ဆင့် ကျပန်းကောက်ယူသော အသေးစား စစ်တမ်းများအရ စီးပွားရေးသမားကို မျှော်မှန်းကြသော အမျိုးသမီးတို့မှာစစ်တမ်း၏၆၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။

မည်သို့အသက်မွေးဝမ်းကျောင်းပြုသူကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိုပါသနည်းဟု မေးမြန်းခဲ့သော မေးခွန်းကို ဖြေကြားသူ အမျိုးသမီးများ၏ ထက်ဝက်ကျော်က စီးပွားရေးသမားဟု ပြန်လည်ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။

အင်ဂျင်နီယာနှင့် သင်္ဘောသားများမှာ ဒုတိယအများဆုံး ရည်မှန်းခံရပြီး ဆရာဝန်ကို ရည်မှန်းကြသူမှာစစ်တမ်းကိုပြန်လည်ဖြေဆိုခဲ့ကြသော အမျိုးသမီး ၁၇၆ ဦးတွင် ရှစ်ဦးသာ ရှိခဲ့သည်။ စစ်ဗိုလ်ကို ရည်မှန်းသူကတော့ ထိုအရေအတွက်တွင် သုံးဦးသာပါဝင်လာသည်။ တချို့က ကုမ္ပဏီဝန်ထမ်း၊ လေယာဉ်မှူးတို့ကိုလည်း ရွေးချယ်ကြပြီး စီးပွားရေးသမားမှာတော့ ရွေးချယ်မှုအများဆုံးဖြစ်နေခဲ့ခြင်းဖြစ်သည်။

မိန်းကလေးများအတွက် စိတ်ကူးထားသည့်အိမ်ထောင်ဖက်နှင့် တကယ်ရွေးချယ်ရသည့် အိမ်ထောင်ဖက်တို့ထပ်တူကျနိုင်ခြေမှာ နည်းပါးသည်ဟုဆိုနိုင်ပြီး နှလုံးသားထက် ဦးနှောက်ကို ဦးစားပေးရွေးချယ်လာကြခြင်းက ပိုများလာသည်။

"ပြည့်စုံတဲ့မိသားစုကနေ ပေါက်ဖွားလာသူအဖို့ကတော့ အိမ်ထောင်ဖက်ကို ပန်းချီဆရာ၊ ဂီတသမား၊ ဒီဇိုင်နာ စသဖြင့် ရွေးယူနိုင်ပေမယ့် သာမန်မိသားစုက ပေါက်ဖွားလာသူတွေကတော့ စီးပွားရေးသမားကို ရွေးချယ်ခြင်းသာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်" ဟု အသက် ၂၉ နှစ်အရွယ် ကျောင်းဆရာမတစ်ဦးက ပြောသည်။

စစ်တမ်းအရ အများစုကတော့ ကိုယ့်အပေါ် နားလည်မှုပေးနိုင်ပြီး စိတ်သဘောထား မွန်မြတ်သည့် အိမ်ထောင်ဖက်မျိုးကိုသာမျှော်လင့်ကြကာ အရည်အချင်းရှိသည့် အိမ်ထောင်ဖက်ကို ဒုတိယဦးစားပေးရွေးချယ်လိုကြသည်။ တတိယလိုက်နေသည့်ရွေးချယ်မှုမှာ ရုပ်ရည်ချောမောသူပင် ဖြစ်သည်။

"စိတ်ကူးထားတဲ့အိမ်ထောင်ဖက်ကတော့ လီမင်ဟိုလို အရုပ်ရှည်ပြီး စမတ်ကျတဲ့ချစ်သူပုံစံပဲ" ဟု ၂၄ နှစ်အရွယ် အမျိုးသမီး အရောင်းဝန်ထမ်းတစ်ဦးက သူမ၏ မျှော်လင့်ချက်ကို ပြောသည်။

ထိုရွေးချယ်မှုများမှာ မိမိအနာဂတ်အတွက် မျှော်လင့်ထားခြင်းမျိုးသာဖြစ်ပြီး တကယ်တမ်းတွင်တော့ အိမ်ထောင်ဖက်၏ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ခင်မှု၊ သစ္စာရှိမှုတို့ကသာ အမျိုးသမီးများ၏ အဓိကလိုလားချက်ဖြစ်ကြောင်း တွေ့ရသည်။ ချစ်ခင်နားလည်မှုနှင့်အတူ အလုပ်အကိုင်ရှိမှုကိုလည်း တွဲဖက်စဉ်းစားလာကြကာ တချို့ကတော့ကြိုက်နှစ်သက်မှုကြောင့်မဟုတ်ဘဲ စီးပွားရေးအခြေအနေအရ လက်ထပ်လိုက်ခြင်းများလည်း ရှိသည်။

မိဘစီစဉ်မှုဖြင့် စေ့စပ်ပေးစားသည့် ဓလေ့မှာလည်း ယနေ့ခေတ်တွင် ရှားပါးလာပြီဖြစ်ပြီး အများစုကတော့ ကိုယ်တိုင်ပင်ကြိုက်နှစ်သက်သည့် ဖူးစာရှင်ကို ရှာတွေ့သွားကြကာ မိဘနှင့်အဆင်ပြေ၊ မပြေကို နောက်ဆုံးမှ စဉ်းစားလာကြသည်။ စစ်တမ်းကိုဖြေဆိုသူများ၏ အဖြေကို ခြုံငုံသုံးသပ်ကြည့်လျှင် ချစ်ခြင်းနှင့် ကိုယ်ကျင့်တရားတို့ကို အဓိကလိုအပ်ကြသော်လည်း စီးပွားရေးအခြေအနေကလည်း အဓိကအရေးပါနေသည်ကို တွေ့ရသည်။

ထိုအချက်ကို "အိမ်ထောင်ဖက်ကို ရွေးချယ်ရန်စဉ်းစားသည့်အခါ ဝင်ငွေနှင့်အလုပ်အကိုင်က အရေးပါသလား" ဟူသည့် မေးခွန်းကို အမျိုးသမီး ၁၇၆ ဦးတွင် ၁၄၆ ဦးက အရေးပါသည်ဟု ပြန်လည်ဖြေဆိုခြင်းက သက်သေပြလျက်ရှိသည်။

အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကတော့ "ပိုက်ဆံရှိတဲ့လူကိုပဲ အိမ်ထောင်ပြုဖို့ စဉ်းစားကြတာ များပါတယ်။ ဒါပေမဲ့ လူတစ်ယောက်မှာ အဓိကကျတဲ့စိတ်ဓာတ်ကိုတော့ မေ့ထားကြတာများတယ်" ဟု သူမ၏ အမြင်ကို ပြောသည်။

အမျိုးသမီးအများစုတွင် မိမိစိတ်ကူးထားသည့် ဘဝကြင်ဖော်ပုံစံကိုယ်စီရှိတတ်ကြပြီး ထိုစိတ်ကူးထဲမှ အိမ်ထောင်ဖက်နှင့် ထပ်တူကျသူကို ရှာဖွေရန် တကူးတကကြိုးပမ်းမှုမရှိကြောင်း ၎င်းတို့ကဆိုသည်။ အများစုပြန်ဖြေသည်ကတော့ 'ဖူးစာ' နှင့် 'ကံတရား' ပင်ဖြစ်သည်။ ထို့နောက် စိတ်ကူးထဲမှ ဖူးစာရှင်နှင့် ဆုံတွေ့ခြင်းမရှိသေးကြောင်းလည်း ဖြေဆိုထားကြသည်။

"ကိုယ့်ပတ်ဝန်းကျင်က အများစုကတော့ ပိုက်ဆံရှိတဲ့၊ တင်တောင်းနိုင်တဲ့လူကိုယူကြတာများတယ်" ဟု ၃၆ နှစ်အရွယ် အင်တာနက်ဆိုင်ပိုင်ရှင် မအေးအေးခိုင်က ပြောသည်။

စစ်တမ်းတွင် ထည့်သွင်းမေးမြန်းထားသည့် မေးခွန်းတစ်ခုဖြစ်သော "သင့်ပတ်ဝန်းကျင်မှ မိတ်ဆွေများထဲတွင် မည်သည့်အသက်မွေးဝမ်းကျောင်းပြုသူကို အိမ်ထောင်ပြုရန် စဉ်းစားကြသနည်း" ဟူသည့်အချက်ကို အများစုက အလုပ်အကိုင်အတည်တကျရှိသူ၊ ဝင်ငွေကောင်းသူ၊ စီးပွားရေးလုပ်ငန်းရှိသူကို စဉ်းစားကြသည်ဟု ပြန်လည်ဖြေဆိုကြပြီး အချို့ကတော့ မိမိနှင့်အလုပ်အကိုင်တူသူ၊ အလွှာတူသူ၊ ပတ်ဝန်းကျင်တူသူတို့ကို ရွေးချယ်ကြသည်ဟု ဖြေကြသည်။

စာ(၁၂)သို့





## ပိန္နဲစေ့အစပ်ချက်

ပိန္နဲစေ့ကို ဝိုက်ဖီက ရခိုင်ဟင်းဆန်ဆန်ချက်ထားပါတယ်။ ဆီမပါဘဲ ငါးပိ၊ ငရုတ်သီးတွေနဲ့ ချက်ထားတာပါ။ လိုအပ်တာတွေက ပိန္နဲသီးအစေ့ ၁၅ စေ့ခန့်၊ ငါးပိနည်းနည်း၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီး(ကိုင်းသီး)တစ်လုံးပဲလိုပါတယ်။

ပထမဆုံး ပိန္နဲစေ့ကိုပြုတ်ပါမယ်။ ပြုတ်ပြီးသားပိန္နဲစေ့ကို လေးစိပ်ကွဲလေးထောင်းလိုက်ပါ။ ပြီးတဲ့အခါ ဒယ်အိုးထဲမှာ ထောင်းပြီးသားပိန္နဲစေ့ရယ်၊ ငရုတ်သီးစိမ်းထောင်းရယ်၊ ငါးပိရယ်၊ ဟင်းခတ်မှုန့်ရယ်၊ ရေနည်းနည်းထည့်ပြီး တည်ပါမယ်။

ကိုင်းခရမ်းချဉ်သီးလေးကိုလေးစိတ်ပြီး ထည့်လိုက်ပါ။ ရေပွက်ပွက်ဆူပြီး အနေတော်ရေလောက်ရရင် ချလိုက်လို့ရပါပြီ။ နံနံပင်အုပ်ချင်ရင်လည်း အုပ်လို့ရပါတယ်။ ဒါဆိုရင်တော့ ဆိမ့်ဆိမ့်လေးနဲ့စပ်တဲ့ ပိန္နဲသီးအစပ်ချက်သုံးဆောင်လို့ရပြီပေါ့။




7DAY NEWS JOURNAL
Vol.11, No.45 ▪ JANUARY 17 , 2013

# အငှားယာဉ်မောင်းတွေကြောင့် နိုင်ငံဂုဏ်တက်စေဖို့

သတင်းအဖွဲ့

၂၀၁၃ နှင့် ၂၀၁၄ တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ၏ အကြီးကျယ်ဆုံး အားကစားပွဲဖြစ်သော ဆီးဂိမ်းပြိုင်ပွဲနှင့် အာဆီယံနိုင်ငံများအတွက် အရေးပါသည့်အလှည့်ကျဥက္ကဋ္ဌရာထူးများတို့ကို အမှီပြုပြီး ကမ္ဘာလှည့်ခရီးသွားသုံးသန်းခန့်ပြည်တွင်းသို့ ဝင်ရောက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းနေကြသည်။ ထို့အပြင် အပြောင်းအလဲများကြောင့် မြန်မာနိုင်ငံကို စိတ်ဝင်စားနေသော ကမ္ဘာလှည့်ခရီးသွားများလည်း ပိုမိုလာရောက်နေကြသည်။ နိုင်ငံစုံမှလာရောက်မည့် ခရီးသွားများအသုံးပြုရန် အငှားယာဉ်တက္ကစီများကို စနစ်တကျရှိအောင်မည်ကဲ့သို့ပြင်ဆင်ဆောင်ရွက်ထားသနည်းဟု အငှားယာဉ်မောင်းများ၊ အငှားယာဉ်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ 7Day Newsက မေးမြန်းရာ "ဘာအစီအစဉ်မှမရှိသေး"ဟု ၎င်းတို့က တညီတညွတ်တည်းဖြေကြသည်။


ဓာတ်ပုံ-ဧရာမောင်မောင်(အေအက်ဖ်ပီ)

ဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်နေခဲ့သည့် မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ခံခဲ့ရပြီး ယင်း၏ရလဒ်အဖြစ် ပြီးခဲ့သည့် ၂၀၁၂ တစ်နှစ်အတွင်း စံချိန်တင်ခရီးသွားဧည့်သည် တစ်သန်းကျော်လာရောက်လည်ပတ်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အခွင့်အလမ်းများရှိသလို စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ကြောင်းပြည်တွင်းအခြေစိုက်ခရီးသွားလုပ်ငန်းများကဆိုသည်။ ယင်းစိန်ခေါ်မှုများအနက်တစ်ခုမှာ စနစ်တကျမရှိသော တက္ကစီခေါ် အငှားယာဉ်စနစ်ပင် ဖြစ်သည်။

"ခရီးသွားလုပ်ငန်းမှာ တက္ကစီကလည်း အရေးကြီးတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးပဲ"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

သို့သော်ပြည်တွင်းရှိတက္ကစီယာဉ်မောင်းအချို့ကတော့ အဆိုပါလုပ်ငန်းကို ဝန်ဆောင်မှုတစ်ခုဟု ယခုအချိန်အထိ ရှုမြင်မှုမရှိသေးသည့်သူများလည်းရှိသည်။ ကားမောင်းနေစဉ်အတွင်း အမျိုးသမီးခရီးသည်များကို ထိကပါးရိကပါး ပြောဆိုခြင်း၊ ထိုသို့မဟုတ်ပါက ညစ်ညမ်းဇာတ်လမ်းတွဲများကို ကားအတွင်းရှိ တီဗီများ၌ ဖွင့်ထားခြင်း၊ ကျော်တက်သွားသည့်ကားကို မကြားဝံ့မနာသာ စကားလုံးများ ပြောဆိုပြီး ဆဲရေးတိုင်းထွာခြင်း၊ ကားအတွင်း ခရီးသည်ကို စာနာမှုမရှိဘဲ ဆေးလိပ်သောက်ခြင်း၊ တွေ့ကရာနေရာ ကွမ်းထွေးခြင်း၊ ခရီးသည်ကိုခွင့်မတောင်းဘဲ လူကြုံတင်ခြင်း၊ ခရီးဆုံးအောင် မပို့လိုခြင်း၊ ရိုင်းစိုင်းစွာပြောဆိုတတ်ခြင်း စသည်ဖြင့် ဝန်ဆောင်မှုမဆန်သည့် အပြုအမူများ ပြုလုပ်သူများ ရှိနေသေးသည်။

မြို့တွင်းစီး ခရီးသည်တင်ယာဉ်များမှာပင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ အပြုအမူရိုင်းစိုင်းလျှင် တိုင်ကြားရန် ဌာနသတ်သတ်မှတ်မှတ်ရှိသော်လည်း အငှားယာဉ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် သီးသန့်ဌာနမရှိပါ။ အငှားယာဉ်မောင်းအချို့ကြောင့် ခရီးသည်များမှာ ဝန်ဆောင်မှုရယူ၊ စားသုံးသောသူ၏ အခွင့်အရေးပျောက်ဆုံးနေကြောင်း အငှားယာဉ် မကြာခဏစီးသူများက ပြောသည်။

"တက္ကစီမှ မဟုတ်ဘူး။ ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ ဟိုတယ်တွေ၊ စားသောက်ဆိုင်ဝန်ဆောင်မှုတွေလည်း သေချာဂရုစိုက်သင့်တယ်။ ပိုက်ဆံပိုတောင်းတာတို့၊ တစ်ခါစားပုံစံလုပ်တာတို့၊ ခရီးနီးနီးလေးကို ပတ်မောင်းတာတို့ ပိုက်ဆံပိုတောင်းတာတို့က တိုင်းပြည်ရဲ့ပုံရိပ်ကို ထိခိုက်စေတယ်"ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း အတွင်းရေးမှူးတစ်ဦးဖြစ်သူ ဦးထွန်းမြတ်ကပြောသည်။

စနစ်တကျ လေ့ကျင့်သင်ကြားခြင်း မခံခဲ့ရသော တက္ကစီယာဉ်မောင်းများသည် လာမည့် လအနည်းငယ်အတွင်း ၎င်းတို့ယာဉ်မောင်းဘဝ၏ ပထမဦးဆုံးသော အတွေ့အကြုံသစ်နှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် အရှေ့တောင်အာရှ၏ အကြီးမားဆုံးသော အားကစားပြိုင်ပွဲဖြစ်သည့် ဆီးဂိမ်းကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ပြီး လအနည်းငယ်အကြာ ၂၀၁၄ ခုနှစ်တွင်အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရမည်ဖြစ်သည်။ ယင်းတို့ကို အမှီပြုပြီး နိုင်ငံခြားသားခရီးသွားအရေအတွက်မှာ သုံးသန်းခန့်အထိ ဝင်ရောက်လာနိုင်သည်ဟုမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားသည်။ နိုင်ငံတကာတွင် ယင်းကဲ့သို့သော အားကစားပြိုင်ပွဲများ၊ ပွဲတော်များ ကျင်းပမည်ဆိုပါက ကြိုတင်ပြင်ဆင်မှုများထဲတွင် အငှားယာဉ်မောင်းများအတွက်လည်း ထည့်သွင်းစဉ်းစားလေ့ရှိပြီး ကြိုတင်သင်တန်းပေးခြင်းမျိုး ပြုလုပ်လေ့ရှိသော်လည်း မြန်မာနိုင်ငံတွင်မူ ယင်းသို့သော ပြင်ဆင်မှုမျိုး မရှိသေးပေ။

၄၄ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပမည့် ဆီးဂိမ်းပွဲတော်ကို မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်၊ ယဉ်ကျေးမှု မြို့တော်ဖြစ်သည့် မန္တလေး၊ စီးပွားရေးမြို့တော် ရန်ကုန်နှင့် ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများတွင် ပရိသတ်များနှင့် အားကစားသမားများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်စီးရေ ၁၀၀၀ ခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ သို့သော်လည်း သီးသန့်သွားလာလိုသူများအတွက် အငှားယာဉ်များနှင့် ပတ်သက်၍ လိုလောက်သော ပြင်ဆင်မှုမျိုး မရှိသေးပေ။

**တစ်ဖက်သို့**






စာ(၁၀)မှ

## အငှားယာဉ်မောင်းတွေကြောင့် နိုင်ငံဂုဏ်တက်စေဖို့

နိုင်ငံတကာပြိုင်ပွဲတစ်ခုအောင်မြင်စွာကျင်းပနိုင်ရေးတွင် လာရောက်သည့် ဧည့်သည်များ အဆင်ပြေစွာ သွားလာနိုင်ရေးမှာ အရေးကြီးကြောင်း ဆီးဂိမ်းပြိုင်ပွဲများကို သွားရောက်သတင်းရယူခဲ့သည် ဝါရင့်အားကစားကလောင်ရှင်ဦးခင်မောင်ထွေး(ပျဉ်းမနား)က ပြောသည်။ ပြိုင်ပွဲကာလအတွင်း ခရီးသွားများကိုဝန်ဆောင်မှုပေးနိုင်ရန်အတွက် ယာဉ်မောင်းများကို လေ့ကျင့်သင်ကြားပေးရုံသာမက ပွဲတော်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် အားကစားအသုံးအနှုန်းများ၊ သမိုင်းကြောင်းများကို သင်ကြားပေးရန်လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ လက်ရှိတွင်ပြိုင်ပွဲနှင့်ပတ်သက်၍ များစွာပြင်ဆင်ရဦးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"စမ်းတဝါးဝါးနဲ့ ပြိုင်ပွဲပြီးမှရောက်သွားတာမျိုးမဖြစ်ဖို့ လိုတယ်။ ကားပေါ်မှာ ဆေးလိပ်သောက်ပြတာတို့ ကွမ်းထွေးတာတို့ကအစ ပျောက်အောင် လေ့ကျင့်ပေးရမယ်"ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိတက္ကစီစနစ်သည်စုဖွဲ့မှုနှင့်တာဝန်ခံမှုအားနည်းနေသေးပြီး တစ်ဦးချင်းစီ အလိုက်စိတ်ကြိုက်ပုံစံဖြင့် ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်သောကြောင့် ယာဉ်မောင်းများကိုစုစည်းပြီး သင်တန်းပေးရန်မှာ လက်တွေ့အားဖြင့် ခက်ခဲသည့်ကိစ္စတစ်ခု ဖြစ်ကြောင်း ယာဉ်မောင်းများနှင့် ယာဉ်မောင်းများ စုစည်းထားသည့် အဖွဲ့များက ဆိုသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှရရှိသော စာရင်းများအရ လက်ရှိအချိန်အထိ မှတ်ပုံတင်ထားသော City Taxiမှာ စီးရေ၄၇,၀၀၀ ကျော်ရှိပြီးယင်းတို့မှာ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ကုမ္ပဏီ(သို့မဟုတ်)အစုအဖွဲ့ဖြင့် လုပ်ကိုင်ခြင်း မဟုတ်ဘဲ သီးခြားစီ ကိုယ့်အစီအစဉ်ဖြင့် လည်ပတ်နေခြင်းဖြစ်သည်။

"ကျွန်တော်တို့ ကားပေါ်ကို စထိုင်လိုက်ပြီးဆိုကတည်းက ညနေကျရင် ပေးရမယ့် အုံနာခရယ်၊ မိသားစုအတွက်အိမ်စရိတ်ရယ် ဒါပဲတွေးနေရတယ်"ဟု အောင်မင်္ဂလာအဝေးပြေးမှာ အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။ အငှားယာဉ်မောင်းများလာပြီး စီးပွားရေးကြောင့် ကားငှားစီးသူ နည်းချိန်၊ ယာဉ်ကြောကျပ်တည်း၍ နေ့စဉ်တွက်ခြေကိုက်ရန် ၎င်းတို့အတွက်လည်း ဖိစီးမှုများစွာ ရှိနေပါသည် ။ ထို့အပြင် ဒုစရိုက်မှု ကျူးလွန်သူများက အငှားယာဉ်မောင်းများကို ပစ်မှတ်ထား၍ ပြစ်မှုကျူးလွန်သည်မျိုးရှိတတ်၍ ၎င်းတို့အတွက်လည်း အခက်အခဲများစွာရှိသည်။

ယင်းယာဉ်မောင်းများကို စုစည်းပြီး သင်တန်းပေးရန်ဆိုသည်မှာ အစိုးရကဲ့သို့သော အဖွဲ့အစည်းမျိုးက ဦးမဆောင်ပါက အောင်မြင်ရန်မှာ ခဲယဉ်းကြောင်း ယာဉ်မောင်းများစုစည်းကာ ဖွဲ့စည်းထားသည့် မော်တော်ယာဉ်မောင်းသူများအသင်းမှ ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။ တစ်ရက်လျှင် အုံနာကြေး၊ လောင်စာဆီကြေး၊ မိသားစုစားစရိတ်တို့ကို အလျင်မီအောင်ရှာဖွေရသဖြင့် ယာဉ်မောင်းများ နေ့စဉ်သင်တန်းတက်ရန်မှာ ခက်ခဲသော အလုပ်ဖြစ်ကြောင်း ၎င်းကပြောသည်။

တက္ကစီယာဉ်များနှင့် ပတ်သက်ပြီး ဝန်ဆောင်မှုလိုအပ်ချက်အပြင် လက်ရှိအချိန်တွင် ဈေးနှုန်းသတ်မှတ်ချက်ပြဿနာသည်လည်း ဖြေရှင်းရမည့်ကိစ္စတစ်ခုဖြစ်သည်။ မီတာတပ်ဆင်ထားခြင်းမရှိသော သို့တည်းမဟုတ် မီတာတပ်ဆင်ထားသော်လည်း အသုံးမပြုသည့် အငှားယာဉ်များသည် ရေရှည်တွင် ဖြစ်လာနိုင်သည့်ပြဿနာတစ်ခုဖြစ်ကြောင်း ယာဉ်မောင်းများနှင့် ခရီးသွားလုပ်ငန်းများက ဆိုသည်။

"မီတာဆိုတာ ရှိသင့်တဲ့စနစ်ပဲ။ ဒါပေမဲ့ သုံးမယ်ဆိုရင် တကယ် အဆင်ပြေဖို့ လိုတယ်"ဟု မော်တော်ယာဉ်မောင်းသူများအသင်းမှဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

လက်ရှိပြေးဆွဲနေသောယာဉ်များမှာ စီအင်န်ဂျီ၊ ဒီဇယ်၊ ဓာတ်ဆီ စသည်ဖြင့် အသုံးပြုသည့် လောင်စာဆီနှင့် ဈေးနှုန်းမတူညီမှုများကြောင့် မီတာစနစ်ဟုတစ်ပြေးညီလုပ်လိုက်ပါက လက်ရှိအချိန်တွင်အဆင်ပြေမည်မဟုတ်ကြောင်း ၎င်းကဆိုသည်။ နိုင်ငံတကာကဲ့သို့ အငှားယာဉ်များ မီတာစနစ်အသုံးပြုမည်ဆိုပါက လောင်စာဆီဈေးနှုန်း သက်သာသည့် စီအင်န်ဂျီသုံးယာဉ်များကို အခြားယာဉ်များ ယှဉ်နိုင်မည်မဟုတ်ကြောင်း ၎င်းကဆိုသည်။

စီအင်န်ဂျီသုံး မော်တော်ယာဉ်များတွင် မီတာတပ်ဆင်ကာ ပြေးဆွဲမှုများ ပြုလုပ်ခဲ့သော်လည်း ခရီးသည်အများစုက လက်မခံသေးဘဲပြဿနာအချို့ရှိနေဆဲဖြစ်ကြောင်း ပါရမီ၊ မီတာတက္ကစီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ပြောသည်။ မီတာစနစ် မအောင်မြင်ရခြင်းမှာ ယာဉ်စီးသူက ယင်းစနစ်အပေါ် ယုံကြည်မှုမရှိခြင်း၊ ခရီးသည်ကတတ်နိုင်သည့်ဈေးနှုန်းထက်ပိုကျမည်ကို စိုးရိမ်ခြင်းနှင့် ဈေးဆစ်ရန်အမြဲလိုလားနေခြင်းတို့ကြောင့် ဖြစ်ကြောင်း ၎င်းကဆိုသည်။ နိုင်ငံတကာ ခရီးသွားများသည် မီတာနှင့် စီးသောစနစ်ကို ကျင့်သားရနေပြီဖြစ်သော်လည်း ပြည်တွင်းခရီးသွားများအတွက်မူ အလေ့အကျင့် လိုအပ်နေသေးကြောင်း ၎င်းကဆိုသည်။

"ဘယ်နိုင်ငံမှာမဆို ကုမ္ပဏီစနစ်နဲ့သွားတယ်။ ယာဉ်လိုင်းတွေစည်းကမ်းထိန်းတာကော၊ ဝန်ဆောင်မှု ပေးတာရော ကုမ္ပဏီအနေနဲ့ဘဲ လုပ်ကြတယ်"ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် နိုင်ငံတကာ အဆင့်ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် ကျင်းပခြင်း အပါအဝင် လာရောက်လည်ပတ်မည့် ခရီးသွားများအတွက် လက်ရှိကြုံတွေ့နေရသော တက္ကစီပြဿနာများအတွက် ပြေလည်ရန် ဖြေရှင်းရန် လိုအပ်နေပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းများ လုပ်ငန်းများက ဆိုသည်။

"ခရီးသွားလုပ်ငန်း အတွက်ပြင်ဆင်ရမဲ့အထဲမှာ တက္ကစီတွေလဲ အရေးပါမှု တစ်ရပ်ဘဲ"ဟု မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်မှ ပြောရေး ဆိုခွင့်ရှိသူက ပြောသည်။ တက္ကစီအပါအဝင် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပါက ခရီးသွားအရေအတွက်သည် ခန့်မှန်းထားသည်ထက် နှစ်ဆခန့်ဖြစ်သည့် ခြောက်သန်းအထိ တိုးတက်လာနိုင်သည့်ဟု ၎င်းကဆိုသည်။ ပြောင်းလဲလာသော အခြေအနေများနှင့် အတူ အဆင်ပြေပြေ လိုက်ပါနိုင်ရန်အတွက် လက်ရှိကျင့်သုံးနေသည့် တက္ကစီစနစ်သည်လည်း ကြီးမားသည့် အပြောင်းအလဲတစ်ခု မဖြစ်မနေ လိုအပ်နေပြီ ဖြစ်သည်။

"အပြောင်းအလဲ တစ်ခုလုပ်ကို လုပ်ရတော့မယ်။ လက်ရှိအတိုင်းသွား နေရင်တော့ နောင် ၁၀ နှစ်လည်းအဆင်မပြေဘူး"ဟု မော်တော်ယာဉ်မောင်းသူများ အသင်း ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

"ကားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးက အရေးကြီးတယ်။ သူတို့တော်ရင်တော်သလောက် သူတို့ရိုင်းရင်းရိုင်းသလောက် နိုင်ငံရဲ့ပုံရိပ်ကို ထင်ဟပ်နေမှာ"ဟု စိတ်ပညာဆရာဝန် ဦးမျိုးသူကပြောသည်။

**ဗိုလ်ဗိုလ်ဝင်း၊ ယုဇနကိုကို၊ ထွန်းခိုင်၊ ခိုင်ချို၊ အောင်သစ်လွင်၊ ဆွေမွန်**



### ပင့်ကူဥပမာ ဗျိုင်းဥပမာ

ပင့်ကူအိမ်မှာ ပင့်ကူက အလယ် ဗဟိုကစောင့်ကြည့်နေတယ်။ ပင့်ကူကြိုးမျှင်ကို သားကောင်တိုးမိလို့ ကြိုးလှုပ်ရင် အဲဒီလှုပ်ကြိုးအတိုင်း သားကောင်ရှိရာ အသာသွားပြီး ဖမ်းယူစားသောက်သည့် ပင့်ကူဥပမာ

ရေစီးရာ လိုက်မရှာဘဲ ဆည်ဝမှာ စောင့်နေတဲ့ ဗျိုင်းလိုပဲ ငါးတည်းဟူသော အရှုခံ အာရုံလာမှ ဗျိုင်းကစောင့်ပြီး ကောက်ယူလိုက်သလိုမျိုး ဝိပဿနာရှုမှတ်ရမှာပါ။

ကိုယ့်စရိုက်နဲ့ လိုက်တဲ့ ကမ္မဋ္ဌာန်းရွေးရှုပါ။ ရုပ်ကြိုက်ရင် ရုပ်ရှု။ ဝေဒနာကြိုက်ရင် ဝေဒနာရှု။ စိတ်ကြိုက်ရင် စိတ်။ ရှုဖန်များလာရင် ခန္ဓာထဲမှာ။ ဖျပ်ဖျပ်ဖျပ်နဲ့ လာမယ်။ ဟိုက ရွရွ၊ ဒီက ရွရွနဲ့ လာမယ်။

ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး

# အအေးလှိုင်းကြားက ဒေါ်မာမာအေး၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ အောင်မြင်စွာ ပြီးဆုံး

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၃**

တေးသံရှင်မာမာအေး၏ အနုပညာသက်တမ်းတွင် ပထမဆုံးတစ်ကိုယ်တော်ဖျော်ဖြေပွဲ၌ သီချင်းပုဒ်ရေ ၂၀ ခန့်အား ကဏ္ဍများခွဲ၍ ခြောက်နာရီကြာ ဖျော်ဖြေခဲ့ရာ ရာသီဥတုအေးသော်လည်း ပရိသတ်များက ပွဲပြီးသည်အထိ အားပေးခဲ့သည်။

ဒေါ်မာမာအေးသည် ရသသီချင်းများကဏ္ဍတွင် သူမ၏ မျိုးဆက်များ ဂီတလောကထဲ၌ မထားနိုင်ခဲ့၍ ပရိသတ်အပေါ် တာဝန်မကျေသကဲ့သို့ ခံစားရသောကြောင့် ယခုပွဲတွင် မိသားစုနှင့်တွဲဖက်၍ သူမ၏ နာမည်ကြီးတေးသီချင်းဖြစ်သော "သက်တံ့ပေါ်မှာ ကစားမယ်"သီချင်းဖြင့် ဖျော်ဖြေခဲ့ရာ ပရိသတ်အားပေးမှု ရရှိခဲ့သည်။

ဒေါ်မာမာအေးက သူမသည် ဘယ်ဘက်တစ်ခြမ်း လေဖြတ်ဖူးသလို နှစ်လုံးလည်း ခွဲစိတ်ထားသောကြောင့် ဆရာဝန်၏ ညွှန်ကြားချက်အရ အသံအမြင့်များကို ယခင်ကကဲ့သို့ မဆိုနိုင်သော်လည်း ပရိသတ်များအတွက် ကြိုးစား၍ ပေးဆပ်သွားမည်ဖြစ်ပြီး ရာသီဥတု၏ အအေးဒဏ်ကို အန်တု၍ အားပေးသောပရိသတ်များကိုကျေးဇူးအထူးတင်ကြောင်း ပရိသတ်များကို မကြာခဏ ပြောသည်။

မြန်မာသံအဆိုရှင်များ ဖြစ်ကြသော ဦးမောင်မောင်ကြီး၊ ဦးခင်မောင်လွင်၊ ဦးမင်းနောင်၊ ဟသ်ာတထွန်းရင်၊ ရန်အောင်၊ တင်တင်မြ၊ ချိုပြုံး၊ ထား၊ စိုးစန္ဒာထွန်း စသည့် တေးသံရှင်များကလည်း ဝင်ရောက်အားဖြည့်ကူညီခဲ့သည်။ ဂီတဖူးသစ်ကဏ္ဍတွင် ကလေးအဆိုရှင်များဖြစ်သော ဝိုင်းလမင်းအောင်နှင့် မေသက်ထားဆွေတို့က ဒေါ်မာမာအေး၏ နာမည်ကြီး တေးသီချင်းများနှင့် ဖျော်ဖြေပေးခဲ့ရာ ပရိသတ်၏ ဆုချီးမြှင့်မှု အများအပြားရရှိခဲ့သည်။




ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

အငြိမ့်သီချင်းများ သီဆိုသော ကဏ္ဍတွင် အငြိမ့်၏ သဏ္ဍာန်ပါစေရန်ဒေါ်မာမာအေးက အငြိမ့်မင်းသမီး ဝတ်စုံဝတ်ဆင်၍ ဖျော်ဖြေခဲ့ပြီးကဏ္ဍများအလိုက် သီချင်းများအပေါ်တွင် ခံစားချက်အပြည့်နှင့် သီဆိုဖျော်ဖြေသွားခဲ့သည်ကို တွေ့ရသည်။

သူမ၏ နာမည်အကြီးဆုံး သီချင်းများဖြစ်သော"မေ့ကွက်ကိုရှာ"၊ "မောင့်အချစ်မြားဆူး" စသည့်သီချင်းများကို ပရိသတ်တောင်းသော သီချင်းကဏ္ဍတွင် ဖျော်ဖြေခဲ့သည်။ ဇန်နဝါရီ ၁၂ ရက် ညနေ ၇ နာရီခွဲခန့်မှ ဇန်နဝါရီ ၁၃ ရက် နံနက် ၁ နာရီခွဲအချိန်ထိ ၆ နာရီကြာ ဖျော်ဖြေပွဲကို မျိုးဆက်သစ်အဆိုရှင်များနှင့် စုပေါင်းသီဆို၍ နှုတ်ဆက်ခဲ့သည်။

အဆိုပါပွဲတွင် ပရိသတ်များမှ ဆုငွေကျပ်သိန်း တစ်ရာကျော် ချီးမြှင့်ခဲ့ပြီး ထိုဆုငွေများကို "လိုအပ်တဲ့နေရာတွေမှာ လှူခဲ့မယ်"ဟု ဒေါ်မာမာအေးက ပြောသည်။

ထိုပွဲအပေါ်၌ ပရိသတ်တစ်ဦးက "ခုံနေရာရှာရတာက လွဲရင် အားလုံးအဆင်ပြေပါတယ်။ ပွဲအပြင်အဆင်ကလည်းကောင်းပြီး မြန်မာသံစစ်စစ်တွေကို နားထောင်ချင်လို့ လာခဲ့တာပါ" ဟု ပြောသည်။ လက်မှတ်ဈေးကြီးသော်လည်း အအေးလှိုင်းဖြတ်သန်း၍ ပြည်သူ့ရင်ပြင်တွင် ထူးထူးကဲကဲ အေးနေသော်လည်း ဒေါ်မာမာအေး၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ သူမကိုချစ်သောပရိသတ်ကြီးကြောင့်အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

မျက်နှာဖုံးမှ

## အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားများ တင်သွင်းခွင့်မပိတ်

အထူးသဖြင့် အင်ဂျင်ပါဝါ ၁၃၀၀စီစီ ကားများဖြစ်သည့် ပရိုဘောက်စ်၊ ဟွန်ဒါ Fit၊ အေဒီဗန်၊ တိုယိုတာ၊ နစ်ဆန်း အစရှိသော ပါမစ်မလိုဘဲ တင်သွင်းခွင့် ရရှိထားသည့်ကားများမှာ ယခုဈေးကွက်၌ အထူးအဝယ်လိုက်ပြီး လူကြိုက်များလျက်ရှိသည်။

မြန်မာနိုင်ငံ ကားတင်သွင်းခွင့်မူဝါဒကို အစိုးရသစ်လက်ထက်၌ ပထမဆုံးပြန်လည်ခွင့်ပြုခဲ့ပြီး ဒုတိယအကြိမ်မြောက် မူဝါဒ ပြောင်းလဲမှုအဖြစ် ၂၀၁၂မေလ လယ်မှစ၍ နိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားသူများကို ပါမစ်မလိုဘဲ လွတ်လပ်စွာ ကားတင်သွင်းခွင့်ပြုခဲ့သည်။

စာ(၅)မှ

## ပြည်ပသို့ စပါးတင်ပို့ခြင်း ချိန်ဆသင့်ကြောင်း ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော

ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ဆန်ဝယ်ယူမှု လျော့နည်းခဲ့သဖြင့် စပါးဈေးကျဆင်းခဲ့ပြီး တင်းတစ်ရာလျှင် ကျပ်သုံးသိန်းအောက် ရောက်ရှိခဲ့ရာ နိုင်ငံတော် အရန်ဆန်ကြီးကြပ်ရေးကော်မတီက ဝယ်သူမရှိဖြစ်နေသောမြို့များတွင် အာမခံဈေးဖြင့်ဝယ်ပေးရန် စီစဉ်ခဲ့သည်။

ထို့ကြောင့် ယခုရက်ပိုင်းတွင် စပါးဈေးရော ဆန်ဈေးပါပြန်တက်လာပြီး ဧည့်မထအုပ်စုဝင် စပါးတင်းတစ်ရာလျှင် ကျပ်နှစ်သောင်းခန့် ဈေးတက်လာကာ ဆန်ဈေးမှာလည်း တစ်အိတ်လျှင် ကျပ်တစ်ထောင်ခန့် ဈေးတက်လာသည်။

၂၀၁၂ ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ကိုးလအတွင်း ဆန်တန်ချိန် ၁ ဒသမ ၁ သန်း ပြည်ပသို့တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၄၆ နှစ်အတွင်း ဆန်အများဆုံး တင်ပို့နိုင်ခဲ့သောနှစ်အဖြစ် စံချိန်တင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

ပြီးခဲ့သည့် မိုးစပါးရာသီက စပါးအဓိကစိုက်ပျိုးရာ ဒေသများတွင် ရေကြီးခဲ့သဖြင့် လယ်ကေ၊ သိန်းခန့် ရေနစ်မြုပ်ခဲ့သည်။

စာ(၂)မှ

## အအေးလှိုင်းဖြတ်သန်းနေ၍ လူအချို့လေဖြတ်

စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက "အအေးပိုတယ် ဆိုပေမယ့် နှင်းကရေခဲတဲ့အထိ မကျရင် သီးနှံတွေအတွက် သိပ်မစိုးရိမ်ရပါဘူး။ ဒီလိုရာသီဥတုနဲ့ဆိုရင် ကုလားပဲတို့၊ ဂျုံတို့လို သီးနှံတွေတောင် အထွက်နှုန်းကောင်းနိုင်ပါတယ်" ဟု ပြောကြားသည်။

"ကျွန်တော်တို့မြို့မှာ ဘယ်လောက်တောင်အေးသလဲဆိုရင် တစ်နေ့လုံးအနွေးထည် ဝတ်ထားရပါတယ်။ စစ်တွေဟိုတယ်ဆိုတာ ကျွန်တော်တို့ဒေသခံတွေ သွားနေကျနေရာတစ်ခုပါ။ လေအေးတွေအရမ်းတိုက်နေတဲ့အတွက် အဲဒီကိုသွားလို့မရတာ သုံးရက်ရှိနေပါပြီ" ဟု စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးမှ ကိုအောင်ဇော်လွင်က ပြောသည်။

တောင်ကြီးမြို့မှ ဒေသခံတစ်ဦးက "ဒီနေ့မိုးလေဝသဌာနကတော့ အအေးလှိုင်းဖြတ်မယ်လို့ ကြေညာထားပါတယ်။ အအေးဒဏ်ကတော့ တော်တော်ပြင်းထန်ပါတယ်"ဟုဆိုသည်။ ရန်ကုန်မြို့ အပါအဝင် ဒေသအချို့တွင်လည်း အအေးပြင်းထန်၍ သက်ကြီးရွယ်အိုများ လေဖြတ်၊သေဆုံးမှုများဖြစ်ခဲ့သည်။

စာ(၂)မှ

## ပူတာအိုဒေသ စားနပ်ရိက္ခာ ပိုမိုရှားပါးလာ

ပူတာအိုခရိုင်ကို မြို့နယ်ပေါင်း ငါးမြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေကိုးသောင်းနှင့် တစ်သိန်းကြားရှိကြောင်း သတင်းရရှိသည်။

ပူတာအိုခရိုင်ရှိဒေသခံများ၊ ဝန်ထမ်းများအတွက် စားနပ်ရိက္ခာနှင့် တည်ဆောက်ရေး ပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၃ ဇန်နဝါရီ ၄ ရက်အတွင်း မော်တော်ယာဉ် ၅၄ စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းတို့အနက် မော်တော်ယာဉ် ၂၀ စီးအား ကေအိုင်အေအဖွဲ့က တားဆီး၍ ကုန်ပစ္စည်းများကိုမီးရှို့ဖျက်ဆီးခဲ့ကြောင်း ဇန်နဝါလ ၁၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

မျက်နှာဖုံးမှ

## အမေရိကန်စွမ်းအင်ကုမ္ပဏီသုံးခု မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်း

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဒီဇင်ဘာလဆန်းပိုင်း၌ အမေရိကန်နိုင်ငံသို့သွားသော ခရီးစဉ်အတွင်း ယင်းကုမ္ပဏီများ၏ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်းလည်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

အမေရိကန်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံရန် အသင့်ဖြစ်နေပြီဟု ဆိုသော်လည်း မြန်မာနိုင်ငံတွင် အခွန်ဆောင်ရသည့် ကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များ၊ ငွေကြေးခိုင်မာမှု၊ ပွင့်လင်းမြင်သာမှုရှိမှုတို့မှာ ဆောင်ရွက်ရန် လိုအပ်ချက်များစွာ ရှိနေသေးသောကြောင့် လက်တွေ့တွင် နိုင်ငံခြားကုမ္ပဏီများ ဝင်မလာနိုင်သေးကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"လိုအပ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ချက်ချင်းမလာသေးဘူး။ လိုအပ်မှုတွေကို ဝန်ကြီးဌာနတွေက စုပေါင်းပြီး မူဝါဒတွေ ရေးဆွဲနေတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အမေရိကန်မှအပါအဝင် အနောက်နိုင်ငံများ ရင်းနှီးမြှုပ်နှံနိုင်ရန် မြန်မာနိုင်ငံဘက်က သယံဇာတထုတ်ယူသုံးစွဲသော ရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု Extractive Industry Transparency Initative အဖွဲ့ဝင်နိုင်ငံဖြစ်ရန် အရေးကြီးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြော သည်။

တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့တွင် ပါဝင်ရေးအတွက် မြန်မာအစိုးရက ပထမခြေလှမ်းအဖြစ် မူဝါဒဆိုင်ရာရေးဆွဲရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို စွမ်းရည်မြှင့်တင်သည့် သင်တန်းများ ပေးနေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ဒီဇင်ဘာ ၁၄ ရက်တွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း ဦးဆောင်၍ အဖွဲ့ဝင် လေးဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

စာ-၉မှ

## စိတ်ကူးထဲကဖူးစာရှင်

"ကိုယ့်ကိုဂရုစိုက်ပြီး ယုံကြည်အားကိုးလောက်တဲ့ယောကျ်ားကို ယူချင်တယ်။ ဒါက မိန်းကလေးတော်တော်များများတွေးတဲ့ အတွေးပါ" ဟု ၂၂ နှစ်အရွယ် ဂျီတီစီကျောင်းသူတစ်ဦးက ဆိုသည်။

စစ်တမ်းဖြေဆိုသူများထဲတွင် နိုင်ငံရေးသမားကို ရွေးချယ်လိုသူ တစ်ဦးမှမပါဝင်ဘဲ ရှေ့နေ၊ ဂျာနယ်လစ်၊ စာရေးဆရာ၊ ဓာတ်ပုံဆရာတို့ကို ရွေးချယ်မှုမှာလည်း တစ်ဦးစီသာပါဝင်ခဲ့သည်။ တချို့ကတော့ သမ္မာအာဇီဝအလုပ်လုပ်ကိုင်သူကို ရွေးချယ်လိုကြောင်း မှတ်ချက်ပြုထားကြသည်။

ဘဝကြင်ဖော်ရွေးချယ်ရာတွင် အမျိုးသမီးအများစုက စီးပွားရေးသမားကို ရွေးချယ်လိုကြသကဲ့သို့ အမျိုးသားများကလည်း စီးပွားရေးသမားများကိုသာ ရွေးချယ်လိုမှုများကြောင်း စစ်တမ်းကိုဖြေဆိုသည့် အမျိုးသားများ၏ အဖြေအရသိရသည်။ စစ်တမ်းဖြေဆိုသူ အမျိုးသားများ၏ ၅၇ ဦးတွင် ၁၆ ဦးက စီးပွားရေး လုပ်ကိုင်သည့် အမျိုးသမီးကို လိုလားကြပြီး အင်ဂျင်နီယာနှင့် ကျောင်းဆရာမကို ရွေးချယ်မှုက ဒုတိယ လိုက်နေခဲ့သည်။ ဟင်းချက်ကောင်းသူ အမျိုးသမီးကို ရွေးချယ်လိုသူမှာ တစ်ဦးသာရှိသည်။

အိမ်ထောင်ဖက်၏ အလုပ်အကိုင်နှင့်ဝင်ငွေ အရေးပါသည်ဟု စစ်တမ်းဖြေဆိုသူ အမျိုးသားထက်ဝက်က ထင်မှတ်ကြပြီး အတော်များများက ရုပ်ရည်ချောမောသည့် အမျိုးသမီးများကို ကြိုက်နှစ်သက်ကြောင်း ဆိုကြသည်။

"ယောကျ်ားဆန်တဲ့အများစုကတော့ ဟော့တဲ့မိန်းကလေးမြင်ရင် စိတ်ဝင်စားပေမယ့် အိမ်ထောင်ဖက်ကိုတော့ ကြွန့်ရှိတဲ့၊ မိန်းမဆန်တဲ့မိန်းမမျိုးကိုပဲ နှစ်သက်ကြတယ်" ဟု အသက် ၂၁ နှစ်အရွယ် ကျောင်းသားတစ်ဦးက ပြောသည်။

၂၈ နှစ်အရွယ် ဆရာဝန် အမျိုးသားတစ်ဦးကလည်း "ရင်ခုန်ခြင်းမပါဘဲ ဘယ်တော့မှမချစ်ဘူး။ ချောတာလှတာမြင်ရင်တော့ ရင်ခုန်တယ်။ ဒီတော့ ချောရလှရမယ်။ နောက်တစ်ခုက မိဘမျိုးရိုးနဲ့ အလုပ်အကိုင်။ ဒါတွေကို စဉ်းစားတယ်" ဟု ဆိုသည်။

အနေးယာဉ်သမားတစ်ဦးကမူ "အခုခေတ် ကောင်လေးတွေက ပိုက်ဆံရှာနိုင်တဲ့ မိန်းမကို ရှာကြတယ်လို့ ပြောရမယ်။ ဒါပေမဲ့ တချို့ကောင်လေးတွေကတော့ ရုပ်ချောရင်ပြီးရောဆိုပြီး ယူတာများတယ်။ နောက် ယူလည်းပြီးရော ကွဲကြတာပဲ။ ဒါကတော်တော်များများ တွေ့နေရတယ်" ဟု သုံးသပ်သည်။

နယ်မြို့အချို့တွင် ကောက်ယူထားသော စစ်တမ်းများအရလည်း အမျိုးသားရော အမျိုးသမီးပါ ရွေးချယ်လိုမှုများသည့် အိမ်ထောင်ဖက်မှာ "စီးပွားရေးလုပ်ကိုင်သူ" သာလျှင် ဖြစ်နေခဲ့သည်ကို တွေ့ရပြီး စိတ်ကူးထဲမှ အိမ်ထောင်ဖက်ကတော့ 'ရိုးသားကြိုးစား၍ စိတ်သဘောထားဖြူစင်သူ' ပင်ဖြစ်သည်။

"စဉ်းစားတာကတော့ ရိုးသားမှု၊ မိသားစုကို ချစ်တဲ့သူ၊ အနာဂတ်အတွက် ကြိုးစားနေတဲ့သူ၊ ကိုယ့်အပေါ် မေတ္တာစစ်နဲ့ချစ်တဲ့လူပေါ့" ဟု မန္တလေးမြို့တွင် နေထိုင်သော အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

မုံရွာမြို့မှ အသက် ၃၅ နှစ်အရွယ် တက္ကသိုလ်ဆရာမတစ်ဦးကလည်း "ရိုးသား ကြိုးစားပြီး အသောက်အစားမရှိ၊ လောင်းကစားမလုပ်တဲ့လူမျိုးကို စဉ်းစားပါတယ်" ဟု ဆိုသည်။

လူအောင်သွယ်များဖြင့် ဘဝကြင်ဖော်ရှာဖွေမှုနှင့် အင်တာနက်မှတစ်ဆင့် ဘဝကြင်ဖော်ရှာဖွေမှုများကို အနောက်နိုင်ငံများတွင် အသုံးပြုလာကြပြီး တရုတ်နိုင်ငံတွင် ပိုမိုထွန်းကားနေကာ မြန်မာနိုင်ငံတွင်လည်း အင်တာနက် အသုံးပြုရင်း လက်တွဲဖော်ကို ရှာတွေ့သွားကြသူများရှိလာသည်။

သို့ရာတွင် အမျိုးသမီးများအတွက် ဆိုးကျိုးများအဖြစ် အလိုမတူဘဲ ကာမလိမ်လည်ရယူခြင်း၊ ငွေကြေးလိမ်လည်ခြင်းများကိုကြုံတွေ့ရနိုင်သည့်အတွက် အွန်လိုင်းမှတွေ့ဆုံခြင်းမှာ အထူးသတိပြုစရာတစ်ရပ်လည်းဖြစ်နေသည်။

မြန်မာ အမျိုးသမီးအများစုကမူ စီးပွားရေး အခြေအနေအရ ကိုယ်တိုင်ရုန်းကန်လှုပ်ရှားနေကြရသော်လည်း တကယ်တမ်းတွင်မူ သက်သောင့်သက်သာ နေထိုင်နိုင်သည့်ဘဝကို လိုလားကြဆဲဖြစ်ကြောင်း အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူတစ်ဦးက သုံးသပ်သည်။

"အဓိက အိမ်ထောင်ဖက်ရွေးချယ်တဲ့နေရာမှာပေါ့။ စီးပွားရေး အကျပ်အတည်းကြောင့် မရွေးချယ်စေချင်ဘဲ လွတ်လပ်တဲ့ ရွေးချယ်မှုမျိုးပဲ ဖြစ်စေချင်တယ်။ ဘာလို့လဲဆိုတော့ သူတို့နှစ်ဦးရဲ့ သဘောထားက ဆန့်ကျင်ဘက်ဖြစ်နေမယ်လေ" ဟု အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ မဇင်မာအောင်က အကြံပြုသည်။

အမျိုးသားနှင့် အမျိုးသမီးရင်ပေါင်တန်း လှုပ်ရှားနေကြသည့် ခေတ်တွင် နိုင်ငံ၏ စီးပွားရေးအခြေအနေက ဘဝကြင်ဖော်ရွေးချယ်မှုကို သိသိသာသာ ပြောင်းလဲလာစေခဲ့ပြီဖြစ်ပါသည်။ ခြုံငုံသုံးသပ်ရလျှင် စီးပွားရေးပိုင်းကို ဦးစားပေးလိုကြခြင်း၏ အဓိက အကြောင်းရင်းမှာ မပူမပင်မကြောင့်မကြနှင့် လူတန်းစေ့ နေထိုင်နိုင်သော ဘဝကို လိုလားကြခြင်းပင်ဖြစ်သည်။

ရန်ကုန်မြို့မှ အသက် ၂၂ နှစ်အရွယ် အရောင်းဝန်ထမ်း အမျိုးသမီးတစ်ဦးက သူမ၏ ခံစားချက်ကို အောက်ပါအတိုင်း ပြောပါသည်။

"မိန်းမတိုင်းကတော့ အမြင့်ကိုပဲ မှန်းချင်ကြတာပါပဲ"။ ။

(ဥက္ကာကိုကို၊ ခန့်ထက်၊ အိမွန်ကျော်၊ သွယ်သွယ်လင်း၊ ခိုင်ခိုင်စိုး၊ အေးမြတ်သူ)

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
မနက်စောစော (နံနက်ခင်းစာ) Breakfast ရပါပြီ။
(ရန်ကုန်တက္ကသိုလ်တွဲနှင်းဆီသင်တန်းမအနီး)
မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် တွဲဖက်၍ မြန်မာ့ဝက်သားဟင်း (ဝက်အာဘွား) နှင့် ဆိတ်သားဟင်း (ဆိတ်အာဘွား)
ရန်ကုန်မြို့၌ ပထမဆုံးရောင်းချသော မြန်မာ့ရိုးရာမုန့်ဟင်းခါး (ဘူဖေး)၊ "လပွတ္တာ၊ မြောင်းမြနှင့် အချိုမှုန့်လုံးဝမပါရှိသော ဝါးခယ်မ မုန့်ဟင်းခါး"
ဝက်အာဘွားနှင့် ဆိတ်အာဘွားဟင်းများကို နံနက်ခင်းပဲပြုတ်ထမင်းကြော်နှင့်သာ တွဲဖက်ရောင်းချမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် (လုံးဝ)မရရှိနိုင်ပါ။
စတင်ရောင်းချမည်ဆိုင်ခွဲလိပ်စာသတိပြုပါရန် (ပြည်လမ်းဆိုင်ခွဲ)မဟာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာအေးဘုရားလမ်း၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၀၈၊ ၀၉-၄၂၀၀၆၀၅၅



# Health

7DAY NEWS JOURNAL

Vol.11, No.45 • JANUARY 17 , 2013




*ဆောင်းရာသီတွင် အနွေးထည်ဝတ်ရလေ့မရှိသော ရန်ကုန်မြို့တွင်လည်း အအေးလှိုင်းကြောင့် ပြည်သူများ အနွေးထည်ဝတ်နေကြရသည်*

## ထိုင်း-မြန်မာ နယ်စပ်တွင် ဆေးယဉ်ပါးငှက်ဖျားပိုး ဒုတိယအများဆုံးဖြစ်ပွား

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

အိမ်နီးချင်းနိုင်ငံများတွင် ထိုင်း-မြန်မာ နယ်စပ်သည် ဆေးယဉ်ပါးငှက်ဖျားရောဂါပိုး ကူးစက်မှု ဒုတိယအများဆုံးနေရာဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာချစ်စိုးကပြောသည်။

နိုင်ငံတကာ ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာများတွင်လည်း အရှေ့တောင်အာရှနိုင်ငံများရှိကမ္ဘောဒီးယားနှင့်မြန်မာ-ထိုင်းနယ်စပ်တွင် ဆေးယဉ်ပါးငှက်ဖျားရောဂါပိုးပျံ့နှံ့မှု စိုးရိမ်ဖွယ်ရာ များပြားနေကြောင်း ဖော်ပြထားသည့် အစီရင်ခံစာအား ကိုးကား၍ နိုင်ငံတကာမီဒီယာများတွင် မကြာခဏ ရေးသားဖော်ပြသည်။

"ရောဂါပိုး စတွေ့ပြီး အခုထိအများဆုံးဖြစ်နေတာကတော့ ကမ္ဘောဒီးယားပါ။ မြန်မာ-ထိုင်း နယ်စပ်ကတော့ အဲဒီလောက်မဆိုးပါဘူး"ဟု ဒေါက်တာချစ်စိုးကပြောသည်။

ဆေးယဉ်ငှက်ဖျားရောဂါပိုးမှာ ၂၀၀၁ခုနှစ်တွင် ငှက်ဖျားရောဂါကုသမှုခံယူသူ လူနာများထဲမှ ဝဒသမ၆ရာခိုင်နှုန်း တွေ့ရှိခဲ့ရာမှ ၂၀၁၀ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ တွေ့ရှိမှုများပြားလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ ၆၉ရာခိုင်နှုန်းသော လူဦးရေသည် ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့်နေရာများတွင်နေထိုင်နေကြပြီး လူဦးရေ ၂၄ သန်းခန့်သည် ငှက်ဖျားရောဂါကူးစက်ရန် အခွင့်အရေးအများဆုံးသော နေရာများတွင် နေထိုင်ကြကြောင်း သိရသည်။

**စာ(၁၄)သို့**

## ပိုလီယိုရောဂါပိုး အနည်းငယ်ပြန်တွေ့

**ဝတ်ရည်အောင်**

**ရန်ကုန်၊**
**ဇန်နဝါရီ-၁၀**

မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသော်လည်း ယခုနောက်ပိုင်း ပိုလီယိုရောဂါပိုးကူးစက်မှုအနည်းငယ်ပြန်လည်တွေ့ရှိလာရကြောင်း ဇန်နဝါရီ ၉ ရက် ကျင်းပခဲ့သည့် ကာကွယ်ဆေးများနှင့် ပတ်သက်သော ဆွေးနွေးပွဲမှ သတင်းရရှိသည်။

"ပြဿနာက အိမ်နီးချင်း နိုင်ငံအားလုံးက ကင်းစင်မှု မရှိသေးတဲ့အခါ နယ်စပ်တွေကနေ ကူးစက်တာတွေလည်း ရှိတယ်။ ဒါပေမဲ့ အရင်လိုအခြေအနေဖြစ်အောင်တော့ ပြန်ကြိုးစားရမယ်" ဟု ကလေးအထူးကုဆရာဝန် ပါမောက္ခဒေါက်တာရဲမြင့်ကျော်က ပြောသည်။

၂၀၀၀-၂၀၀၅ ခုနှစ်များတွင် မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ၂၀၀၅ ခုနှစ်တွင် လောက်ကိုင်မြို့၌ ပိုးပြန်လည်တွေ့ရှိခဲ့ပြီး နောက်နှစ်တွင် ပြင်ဦးလွင်၊ ၂၀၀၇ တွင် မောင်တော၊ ဘူးသီးတောင် မြို့နယ်များနှင့် ၂၀၁၀ပြည့်နှစ်တွင် ရမည်းသင်းမြို့နယ်များတွင်ပိုလီယိုရောဂါပိုး ကူးစက်ဖြစ်ပွားမှု အနည်းငယ်ပြန်လည် တွေ့ရှိလာခြင်းဖြစ်သည်။

ပိုလီယိုရောဂါဖြစ်ပွားစေသော ပိုင်းရပ်စ်ပိုးသည် ပတ်ဝန်းကျင် မသန့်ရှင်းသည့် နေရာများတွင် လွယ်ကူစွာ ကူးစက်ပြန့်ပွားပြီး ပိုလီယိုအကြောသေရောဂါ တစ်ဦးဖြစ်လျှင် ထိုပတ်ဝန်းကျင်ရှိ ကလေးငယ်တစ်ရာမှ တစ်ထောင်အထိ ပိုလီယိုရောဂါပိုးကူးစက်ခံနေရနိုင်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ထုတ်ဝေသော လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

ပိုလီယိုရောဂါဖြစ်ပွားပါက အကြောသေသွားသော ခြေလက်များအား ပြန်လည်ကောင်းမွန်ရန် ကုသ၍မရနိုင်သည့်အတွက်မသန်စွမ်းဘဝသို့ ရောက်နိုင်သည်။

ရောဂါပိုးသည် ရောဂါဖြစ်နေသော လူနာ၏ မစင်၊ အစာ၊ ရေနှင့် မသန့်ရှင်းသော လက်များမှတစ်ဆင့် တစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်းဖြစ်ပြီး ကူးစက်ခံရပါက မအီမသာဖြစ်ခြင်း၊ ဖျားခြင်းတို့အပြင် ခြေတစ်ဖက်(သို့မဟုတ်)လက်တစ်ဖက်မျှသာ တဖြည်းဖြည်း အကြောသေရာမှ ၁၀ ရက်အတွင်း ခြေလက်နှင့်အသက်ရှူကြွက်သားတို့ ထိခိုက်သေဆုံးပြီး အမြဲတမ်းအကြောသေရောဂါခံစားရသဖြင့် စီမံချက်များ ချမှတ်၍ ကာကွယ်ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ပြီး ရောဂါပပျောက်စေရန် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်နိုင်ငံတို့တွင် ပိုလီယိုရောဂါမှာကူးစက်နေကြောင်းထုတ်ပြန်ထားသည်။

## အအေးလှိုင်းဖြတ်နေစဉ် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ သွေးတိုးနှင့်နှလုံးရောဂါရှိသူများ သတိပြုရန်လို

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

အအေးလှိုင်းကြောင့်ပုံမှန်ထက်ပိုအေးနေသဖြင့်နောက်ဆက်တွဲ အန္တရာယ်များဖြစ်ပွားမှုမရှိစေရန် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါရှိနေသူများ ပိုမိုသတိပြုနေထိုင်သင့်ကြောင်း ဆရာဝန်များက ပြောသည်။

အအေးဒဏ်ပိုမိုခံစားရသည့် နိုင်ငံအချို့တွင် လူသေဆုံးမှုများ ဖြစ်ပွားနေသည့်အပြင် မြန်မာနိုင်ငံ၏ အချို့နေရာများတွင်လည်း အအေးလှိုင်းဖြတ်နေသည့်အတွက်နေ့ညအပူချိန်များကျဆင်းနေပြီး လေဖြတ်ခြင်း၊ အအေးမိဖျားနာခြင်းများလည်း ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

"များသောအားဖြင့် ရောဂါအခံရှိသူတွေကတော့ လေဖြတ်နိုင်ဖို့ အခွင့်အရေးများတယ်။ အရမ်းအေးလွန်းတဲ့နေရာကသူတွေလည်း ခြေလက်တွေမှာ သွေးကြောပိတ်တဲ့ ရောဂါမျိုးတွေ ဖြစ်နိုင်တယ်" ဟု ဒေါက်တာထွန်းအောင်ကပြောသည်။

အေးလွန်းသည့်အခါ သွေးတိုးနှင့်နှလုံးရောဂါရှိသူများ ဦးနှောက်အတွင်းသွေးခဲခြင်း၊ဦးနှောက်သွေးကြောပေါက်ခြင်းနှင့် နှလုံးမှသွေးခဲသည့်အရာများက ဦးနှောက်အတွင်း ပိတ်ဆို့ခြင်းတို့ကြောင့် အသက်သေဆုံးနိုင်သည့်အတွက် သတိပြုနေထိုင်သင့်ခြင်းဖြစ်ပြီး ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများမှာ ပုံမှန်ထက် ကိုယ်ခံအားပိုမိုနည်းပါးသည့်အတွက်သတိပြုနေထိုင်သင့်ခြင်းဖြစ်ကြောင်း အထက်ပါဆရာဝန်က ဆက်လက်ပြောသည်။

ရာသီဥတုအေးနေသည့်အချိန်တွင် နွေးနွေးထွေးထွေးနေထိုင်ခြင်း၊ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်းသွေးလည်ပတ်မှုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းစသည့် ယေဘုယျလိုက်နာမှုများ၍ အအေးဒဏ်မှ သက်သာစေရန် ဆောင်ရွက်နိုင်ကြောင်း ဒေါက်တာတင်ထွန်းမော်က ပြောကြားသည်။

အချို့ အထွေထွေရောဂါကုဆေးခန်းများတွင် အအေးမိဖျားနာသည့် လူနာများ များပြားကြောင်း သတင်းရရှိသည်။







# Health

7 DAY NEWS JOURNAL
Vol.11, No.45 · JANUARY 17 , 2013

## အမေရိကန်တွင် အရက်အလွန်အကျွံ သောက်မှုကြောင့် နှစ်စဉ် အမျိုးသမီး ၂၃,၀၀၀ ခန့် သေဆုံးနေ

**အတ္တလန္တာ၊ဇန်နဝါရီ-၉**

အမေရိကန်နိုင်ငံမှ အမျိုးသမီး ၁၄ သန်းသည် တစ်လလျှင် အနည်းဆုံးသုံးကြိမ် အရက်အသောက်လွန်သွားကြကြောင်းနှင့် တစ်ကြိမ်အသောက်လွန်လျှင်လည်း အရက်ခြောက်ခွက်ထက် ပိုသောက်ကြကြောင်း အမေရိကန် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

တစ်ကြိမ်လျှင် ဘီယာလေးခွက် (သို့မဟုတ်) အရက်လေးပက်သောက်သုံးခြင်းကို မိန်းကလေးများအတွက် အရက်အသောက်လွန်ခြင်းဟု သတ်မှတ်ထားရာ ယင်းသို့ အလွန်အကျွံ သောက်သုံးမှုများကြောင့် တစ်နှစ်လျှင် မိန်းကလေးနှင့် အမျိုးသမီး ၂၃,၀၀၀ သေဆုံးနေသည်ဟု အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန (CDC)က အစီရင်ခံစာ ထုတ်ပြန်သည်။



အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် အမျိုးသမီးများတွင် ကျန်းမာရေးအန္တရာယ်ပိုများလာကြောင်း၊ ရင်သားကင်ဆာ၊ နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေများလာပြီး မရည်ရွယ်ဘဲ ကိုယ်ဝန်ရှိခြင်း၊ လိင်ဆက်ဆံခြင်းမှ ကူးစက်သောရောဂါများ အန္တရာယ်လည်းများလာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်အမျိုးသမီး ရှစ်ဦးလျှင် တစ်ဦးနှုန်း၊ ကျောင်းသူငါးဦးလျှင် တစ်ဦးနှုန်း အရက်အလွန်အကျွံသောက်လေ့ရှိသည်ကို CDC က တွေ့ရှိခဲ့သည်။ အများအားဖြင့် အသက် ၁၈ နှစ်နှင့် ၃၄ နှစ်ကြား အမျိုးသမီးနှင့် စပိန်မျိုးနွယ်များတွင် အရက်အလွန်အကျွံ သောက်သုံးမှုများပြားသည်ဟု ယင်းအစီရင်ခံစာတွင်ရေးသားဖော်ပြထားသည်။

*-Ref: UPI*

စာ-၁၃ မှ

## ထိုင်း-မြန်မာ နယ်စပ်တွင် ဆေးယဉ်ပါး ငှက်ဖျားပိုး ဒုတိယအများဆုံးဖြစ်ပွား

ဆေးယဉ်ငှက်ဖျားရောဂါပိုးအား မြန်မာနိုင်ငံ၏ အချို့နေရာများတွင် စတင်တွေ့ရှိနေကြောင်း ရောဂါသုံးမျိုး တိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့(3DF)၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုရန်ပုံငွေအဖွဲ့မှ မြန်မာနိုင်ငံ၏ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက်အဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း (အရှေ့)နှင့်တနင်္သာရီတိုင်းဒေသကြီးများရှိ ငှက်ဖျားရောဂါဖြစ်ပွားမှု အများဆုံးနေရာများတွင် ဆေးဝါးရရှိမှုနှင့် ကုသမှုများ ဆောင်ရွက်နေကြောင်းလည်း သတင်းရရှိသည်။

ငှက်ဖျားရောဂါကုသမှုတွင် အသုံးပြုသည့် ဆေးဝါးများ စံချိန်မမီခြင်း၊ ပျောက်ကင်းသည်အထိ သတ်မှတ်ထားသော ဆေးပမာဏ အပြည့်မသောက်သုံးခြင်းတို့ကြောင့် ဆေးယဉ်ပါးမှုများဖြစ်ပွားနေပြီး မြန်မာနိုင်ငံတွင် အာသီမီစီနင်းဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက်ကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်ခဲ့သည်။

ပြင်းထန်ငှက်ဖျားရောဂါသည် အသက် ၄၅နှစ်အထက် လူများတွင် သေဆုံးနှုန်း ပိုမိုမြင့်မားကြောင်း ပြင်ဦးလွင်ဆေးရုံ၌ ပြုလုပ်ထားသည့် သုတေသနအား ၂၀၁၃ ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိကျင်းပသော ဆေးသုတေသနညီလာခံတွင် ထည့်သွင်းဖတ်ကြားခဲ့သည်။

## ဗီတာမင်ဒီသည် အဆစ်အမြစ် နာကျင်မှုကို မလျှော့ပါးနိုင်

**ဘော်စတွန်၊ဇန်နဝါရီ-၉**

အမေရိကန်နိုင်ငံတွင် လုပ်ဆောင်ခဲ့သော သုတေသနအသစ်တစ်ရပ်အရ ဗီတာမင်ဒီ နေ့စဉ်သောက်သုံးခြင်းမှာ အဆစ်အမြစ်နာကျင်သူများအတွက် နာကျင်မှုကို မလျှော့ပါးစေနိုင်သလို အရိုးနုဆုံးရှုံးခြင်းကိုလည်း နှေးကွေးသွားစေခြင်း မရှိကြောင်း တွေ့ရှိခဲ့သည်။

ယခင်ကပြုလုပ်ခဲ့သည့်သုတေသနများတွင်ဗီတာမင်ဒီဓာတ်မှာ နာကျင်မှုရောဂါလက္ခဏာများကိုနှေးကွေးစေနိုင်သည်ဟုတွေ့ရှိထားသည်။ သို့သော် နေ့စဉ် ဗီတာမင်ဒီ အားဖြည့်သောက်သုံးခြင်းဖြင့် ရောဂါအခြေအနေ ပိုဆိုးမလာစေရန် ကာကွယ်ပေးနိုင်မည်လားဆိုသည်မှာ မသေချာပေ။

ထို့အတွက် ဘော်စတွန်မြို့ တပ်ဖ်ဆေးပညာစင်တာမှ သုတေသီများသည် ၎င်းတို့၏ လူနာ ၂၄၆ဦးအား အုပ်စုနှစ်စုခွဲကာ တစ်ခုအား ဗီတာမင်ဒီ ထိုးဆေးများ နေ့စဉ်ပေး၍ အခြားအုပ်စုအား အစားထိုးဆေးတစ်မျိုးပေးခဲ့သည်။

ဒူးနာနေသော လူနာများအား ၂နှစ်ကြာ ယင်းသို့ကုသမှုပေး၍ စောင့်ကြည့်ခဲ့ရာတွင် သုတေသနပြီးစီးချိန်၌ အုပ်စုနှစ်ခုကြားတွင် သိသိသာသာ ကွဲပြားခြားနားမှု မရှိသည်ကို သုတေသီများက တွေ့ရှိခဲ့သည်။ ဒူးခေါင်းအရိုးနု ပမာဏမှာလည်း ယင်းအုပ်စုနှစ်ခုကြား ကွဲပြားမှုမရှိကြောင်း သုတေသီများက အမေရိကန်ဆေးပညာအစည်းအရုံးဂျာနယ်တွင် တင်ပြထားသည်။

ဆရာဝန်များကအဆစ်အမြစ် နာကျင်ခြင်းနှင့် ပတ်သက်၍ အများအားဖြင့် ဆေးဆိုင်များတွင် အလွတ်ဝယ်နိုင်သော အကိုက်အခဲပျောက်ဆေးများ၊ စတီးရွိုက်ထိုးဆေးများဖြင့် ကုသပြီး အပေါ့စားလေ့ကျင့်ခန်းများနှင့်တွဲဖက်ကုသလေ့ရှိသည်။ အဝလွန်နေသူများမှာ အဆစ်အမြစ်များအပေါ် ဝန်ပိခြင်းလျှော့ပါးစေရန် ဝိတ်ချသင့်သည်ဟု ဆရာဝန်များက အကြံပေးလေ့ရှိသည်။

*-Ref: Reuters*









Regional
7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ကြာနီကန်နှင့် မြောက်အင်းသုသာန်များကို ပန်းဥယျာဉ်ပုံစံပြောင်းကာ အရိုးပြာများသာ မြှုပ်နှံခွင့်ပြုမည်

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ - ၁၁**

မန္တလေးမြို့ရှိ ကြာနီကန်သုသာန်နှင့် တောင်အင်း မြောက်အင်း သုသာန်များကို ထောက်ကြံ့ စစ်သင်္ချိုင်းကဲ့သို့ပန်းဥယျာဉ်ပုံသဏ္ဌာန်ရှိသည့် သုသာန်မျိုးအဖြစ် ပြောင်းလဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအစီအစဉ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်စတင်ရာဧပြီလမှ စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန ဌာနစုမှူးက ပြောသည်။

ပန်းဥယျာဉ် ပုံသဏ္ဌာန်ပြောင်းပြီးချိန်မှစ၍ အရိုးပြာများကိုသာ နှစ်ပေပတ်လည်ဂူပြုလုပ်ကာ မြှုပ်နှံခွင့်ပြုတော့မည်ဟု ဌာနစုမှူးက ပြောသည်။

"ကြာနီကန်သုသာန်က ဧက ၁၀၀ ကျော်ရှိတာ ခု ၅၀ ကျော်လောက်က ပြည့်နေပြီ။ ဒီလိုပုံစံနဲ့ဆို နောက်ကျရင် မြေအတွက် အအခက်အခဲဖြစ်လာနိုင်တာကြောင့် ခုလိုစီစဉ်ရတာပါ" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ဂျပန်မြက်ခင်းများနှင့် အရိပ်ရအပင်များ၊ အလှပန်းပင်များလည်း စိုက်ပျိုးသွားမည်ဟုဆိုသည်။

လက်ရှိတွင် ကြာနီကန်သုသာန်၌ မီးသင်္ဂြိုဟ်ခြင်းနှင့် ဂူသွင်း မြှုပ်နှံခြင်းကို ဆောင်ရွက်ခွင့်ပြုထားပြီး တောင်အင်းမြောက်အင်း သုသာန်တွင် မီးသင်္ဂြိုဟ်ခြင်းကိုသာ ခွင့်ပြုထားသည်။

မီးသင်္ဂြိုဟ်စရိတ်မှာ လူကြီးတစ်ဦးလျှင် ၁၆,၀၀၀ ကျပ်၊ ကလေးတစ်ဦးလျှင် ၈,၀၀၀ ကျပ်ဖြစ်သည်။ မြေမြှုပ်ရာတွင် မြေငှားခကျပ်နှစ်သိန်းယူပြီး အုတ်ဂူအတွက် ကုန်ကျစရိတ်ကို နာရေးရှင်က ကျခံရသည်။ မီးသင်္ဂြိုဟ် စရိတ်များရခြင်းမှာ မီးသင်္ဂြိုဟ်စက်အသစ်များဖြင့် တည်ဆောက်ထားခြင်းနှင့် ကလေးတစ်ဦးလျှင် ဒီဇယ်ဆီသုံးဂါလန်၊ လူကြီးတစ်ဦးလျှင် ငါးဂါလန်၊ ခန္ဓာကိုယ် အရွယ်အစား၊ ရောဂါအခြေအနေနှင့်လောင်ကျွမ်းချိန်ပေါ် မူတည်ကာ ကုန်ကျစရိတ်တို့ကြောင့်ဖြစ်ကြောင်း မန်းစည်ပင်သန့်ရှင်းရေးဌာနမှတာဝန်ရှိသူကဆိုသည်။ ထိုသို့အရိုးပြာအိုးအတွက် နှစ်ပေပတ်လည်စီသာ ပေးသောကြောင့် ယခင်ရုပ်အလောင်းမြေမြှုပ်စဉ်က ငွေကြေးချမ်းသာသူများက အုတ်ဂူများ ခမ်းနားစွာလုပ်ခြင်းကြောင့် မြေအကျယ်များစွာကုန်ခြင်းမျိုး လျော့နည်းသွားနိုင်ကြောင်း မြို့ခံအချို့ကပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံထုတ် မီးသင်္ဂြိုဟ် စက်သစ်များကို ကြာနီကန်သုသာန်တွင်နှစ်လုံး၊ တောင်အင်းမြောက်အင်းသုသာန်တွင် လေးလုံးအသုံးပြုနေကြောင်း သတင်းရရှိသည်။

# အစိုးရသစ်လက်ထက်တွင် မန္တလေးမြို့ပေါ်၌ ဖြစ်ပွားသော မော်တော်ယာဉ်အမှုများမှ ဒဏ်ငွေကျပ်သိန်းသုံးရာကျော်ရ

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သစ် ပြောင်းလဲတာဝန်ယူပြီးနောက် မန္တလေးမြို့ပေါ် စည်ပင်သာယာနယ်နိမိတ်အတွင်း ဖြစ်ပွားခဲ့သည့် မော်တော်ယာဉ်နှင့်သက်ဆိုင်သော အမှုများမှ ဒဏ်ကြေးငွေ ကျပ်သိန်းသုံးရာကျော် ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မန္တလေးတိုင်းလွှတ်တော်သို့တင်ပြသည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ်အတွင်း ၂၀၁၁ ခုနှစ် မတ်လကုန်မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်အထိ မော်တော်ယာဉ်ဥပဒေအရ အမှုပေါင်း ၂၃,၉၃၂ မှုကို မော်တော်ယာဉ် တရားရုံးသို့ တရားစွဲဆို တင်ပြခဲ့ပြီး အမှုအားလုံး ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၎င်းအမှုများမှ ဒဏ်ငွေအဖြစ် ကျပ် ၃၇,၆၃၃,၀၀၀ ရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒဏ်ငွေများကိုမန္တလေးစည်ပင်သာယာသို့ အရပ်ရပ်ဆိုင်ရာဝင်ငွေအဖြစ် စာရင်းပေးသွင်းပြီး ထိုမှ ဘတ်ဂျက်ပြန်လည်ခွဲဝေကာ မြို့အတွက်လိုအပ်သော လမ်းညွှန်အမှတ်အသားတပ်ဆင်ခြင်း၊ မီးပွိုင့်များတပ်ဆင်ခြင်းများကဲ့သို့ ယာဉ်ကြော၊ လမ်းကြောနှင့်သက်ဆိုင်သည့်နေရာများတွင် ပြန်လည်သုံးစွဲကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

"ဆိုင်ကယ်စီးဦးထုပ်မဆောင်းလို့ အဖမ်းခံရရင် တစ်သောင်းဒဏ်ငွေဆောင်ရတယ်။ အဲဒီငွေတွေ ဘယ်မှာသုံးမှန်းမသိဘူး" ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် စည်းကမ်းမဲ့ မော်တော်ယာဉ်စီးနင်းမောင်းနှင်မှု နေ့စဉ်အမှု ၁၀၀ ခန့်၊ တစ်ပတ်လျှင် အမှု ၆၀၀ မှ ၁၀၀၀ ကြား ဖမ်းဆီးအရေးယူနေရသည်။ အမှုအများစုမှာ ယာဉ်တိုက်မှု၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း မလိုက်နာမှုတို့ဖြစ်ပြီး မော်တော်ဆိုင်ကယ်နှင့် သက်ဆိုင်သော အမှုမှာ အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး စာရင်းဇယားများတွင် ဖော်ပြထားသည်။

မော်တော်ယာဉ်များအား မန္တလေးစည်ပင်၊ ယာဉ်ထိန်းရဲ၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးစသည့် ဌာန ခုနစ်ခု ပူးပေါင်းဖွဲ့စည်းထားသည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။ မော်တော်ယာဉ်ဥပဒေ၊ မန္တလေးစည်ပင် ဥပဒေ ပုဒ်မ ၂၆ တို့ဖြင့် အရေးယူခြင်းဖြစ်သည်။

ယာဉ်နှင့်သက်ဆိုင်သော အမှုများတွင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ငွေဒဏ် ၁,၅၀၀ ကျပ်သာ ချမှတ်နိုင်ရာ စည်းကမ်းမဲ့မော်တော်ယာဉ် စီးနင်းမောင်းနှင်သူများ လေးစားလိုက်နာမှုရှိရေးဒဏ်ငွေ ၁၀,၀၀၀ ချမှတ်နိုင်သည့်စည်ပင်ဥပဒေပုဒ်မ ၂၆ဖြင့်ပါ စစ်ဆေးအရေးယူခဲ့သည်။

မန်းစည်ပင် နယ်နိမိတ်အတွင်း ဖြစ်ပွားသော မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် မှုခင်းများအား စီရင်နိုင်ရန် မန္တလေးမြို့တွင်မော်တော်ယာဉ်တရားရုံးတစ်ခုဖွင့်လှစ်၍ ဒုတိယမြို့နယ် တရားသူကြီး တစ်ဦးအား သီးခြားတာဝန်ပေးထားကာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ် အာဏာအပ်နှင်းထားကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။



*ဈေးကွက်သို့တင်ပို့ရန် ဖရဲစိုက်တောင်သူများပြင်ဆင်နေစဉ်*

ဓာတ်ပုံ-မျိုးမင်းဦး

# ဝယ်လက်မရှိ၍ ဖရဲစိုက်ကုမ္ပဏီများ အထိနာ

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ - ၁၀**

ဖရဲသီးစိုက်ပျိုးထုတ်လုပ်သည့် ကာလတွင် ဝယ်လက်မရှိ၍ ပြည်တွင်းဖရဲစိုက်ပျိုးရေးကုမ္ပဏီများ အထိနာခဲ့ကြောင်း ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်အတွင်း ဒေသခံဖရဲစိုက်တောင်သူများက ပြောကြားသည်။

"တောင်သူတွေက တရုတ်ဝယ်လက်မရှိလို့ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာကြာပါပြီ။ ဒီနှစ်တော့ ထူးထူးခြားခြား ပြည်တွင်းဖရဲစိုက်ပျိုးရေးကုမ္ပဏီတွေ စိုက်ခင်းကို စွန့်သွားတဲ့အထိ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်။ တောင်သူတွေရှုံးတော့ ကျပ်သိန်းဆယ်ဂဏန်းပေါ့။ ကုမ္ပဏီတွေရှုံးတော့ ကျပ်သိန်းရာဂဏန်းဆိုတော့ အထိပိုနာတာပေါ့" ဟု ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ ဒေသခံဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မြင်းမူမြို့နယ်ဖရဲစိုက်တောင်သူတစ်ဦးကလည်း "ကုမ္ပဏီတွေက ဖရဲသီးကားတွေ နေ့တိုင်းဈေးကွက်တော့ပို့နေတယ်။ မြင်းမူမြို့နယ်အတွင်း ပြီးခဲ့တဲ့နှစ်တုန်းက မြေငှားစိုက်တဲ့ ကုမ္ပဏီတွေ ပိုများလာတယ်။ ဖရဲသီးဈေးကွက်အကုန်မပို့နိုင်ဘူး။ စိုက်ပျိုးရေးကုမ္ပဏီတွေ အရှုံးနဲ့ပြန်သွားတယ်" ဟု ဆိုသည်။

တရုတ်-မြန်မာနယ်စပ်ဈေးကွက်တွင် ဖရဲသီးဈေးကွက်အပြောင်းအလဲများကြောင့် ယခင်က ဒေသခံတောင်သူများသာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရာမှ ပြီးခဲ့သည့် နှစ်ကုန်ရက်ပိုင်းအတွင်း ဈေးကွက်အနေအထားအရပြည်တွင်း စိုက်ပျိုးရေးအမည်ခံကုမ္ပဏီအချို့မှာ ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်အတွင်း ဖရဲစိုက်ပျိုးရန် မြေတစ်ဧကလျှင် ကျပ်ရှစ်သောင်းမှ ကျပ်တစ်သိန်းအထိ ဒေသခံတောင်သူများ ငှားရမ်းစိုက်ပျိုးခဲ့ပြီး ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများမှ ဖရဲစိုက်ခင်းအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းမှ နှစ်သိန်းအထိ ငှားရမ်းစိုက်ပျိုးခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လူကုန်ကူးနေသည့်အဖွဲ့ မောင်တောတွင် ဖမ်းမိ

မောင်ကံ

**မောင်တော၊ ဇန်နဝါရီ-၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့တရားမဝင် လူကုန်ကူးနေသည့် အဖွဲ့အား မောင်တောမြို့နယ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မောင်တောလူကုန်ကူးမှု(အထူးအဖွဲ့)မှ သတင်းရရှိသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၉ရက် နံနက် ၁ နာရီကျော်ခန့်အချိန်တွင် မောင်တောမြို့နယ် အလယ်သံကျော်ကမ်းခြေမှ ငါးဖမ်းစက်လှေ ခုနစ်စီးဖြင့် ဘင်္ဂါလီလူမျိုး ၂၅၀ ကို တင်ဆောင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ဘင်္ဂလားပင်လယ်ပြင်ရှိ စက်လှေကြီးတစ်စီးပေါ်သို့ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းဖြင့် ပို့ဆောင်ပေးခဲ့သည့်သတင်းအရ မောင်တော လူကုန်ကူးမှု(အထူးအဖွဲ့)၊ မောင်တောရဲတပ်ဖွဲ့၊အမှတ်(၂)ရဲတပ်ရင်း(ရှေ့တန်း)မှတပ်ဖွဲ့ဝင်များကဇန်နဝါရီ ၂ရက်တွင် သွားရောက် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ယင်းသို့ စစ်ဆေးစဉ် အလယ်သံကျော်ကျေးရွာအုပ်စု လေယာဉ်ကွင်းကျေးရွာနေလာလူး အပါအဝင် ဘင်္ဂါလီလေးဦးအဖွဲ့က အဆိုပါ ဘင်္ဂါလီလူမျိုး ၂၅၀ အား စက်လှေငယ်ဖြင့် ပို့ဆောင်ပေးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အလယ်သံကျော်ကျေးရွာနေ စက်လှေပိုင်ရှင် အန်နာမူလာ အပါအဝင်ငါးဦးမှာလည်း စက်လှေတစ်စီးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် ပို့ဆောင်ခဲ့ကြောင်း သိရပြီးစက်လှေပိုင်ရှင် ငါးဦးအနက် အန်နာမူလာကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် လူကုန်ကူးသူများအား မောင်တော ရဲစခန်းမှ (ပ) ၃/၂၀၁၃ ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။






ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မုံရွာမြို့အဝင်တွင် စခန်းဖွင့်၍ ခရီးသည်နှင့် ကုန်စည်စာရင်းကောက်ယူ

ရန်နိုင်ကျော်

**မုံရွာ၊ ဇန်နဝါရီ - ၁၀**

မုံရွာမြို့ အဝင်လမ်းမကြီးများတွင် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ (မ. စ. က) စစ်ဆေးရေးဂိတ်များ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ဖွင့်လှစ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်စာရင်းဇယားများ ကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဒေသခံ ခရီးသည်နှင့် ကုန်တင်ယာဉ်မောင်းများက ပြောကြားသည်။

မုံရွာမြို့အဝင်လမ်းမကြီးများဖြစ်သော မုံရွာ-မန္တလေး ကားလမ်း၊ မုံရွာ-အရာတော်-ရွှေဘိုကားလမ်း၊ မုံရွာ-ရေဦးကားလမ်းနှင့် မုံရွာ-ယာကြီး-ကလေးကားလမ်းတို့တွင် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ကော်မတီမှ စစ်ဆေးရေးဂိတ်များ စနစ်တကျ စာရင်းပြုစုထားကြောင်း သတင်းရရှိသည်။

ခရီးသည်နှင့် ကုန်စည်များ တင်ဆောင်ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်လိုင်းများ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့် သုံးဘီးယာဉ်များစသည့် ပုဂ္ဂလိကမော်တော်ယာဉ်ကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့်ယာဉ်များအား စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း မုံရွာဒေသခံခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်မောင်းများက ဆိုသည်။

# စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်ယူမှု ယခုနှစ်အတွင်း စတင်မည်

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ-၁၀**

မန္တလေးမြို့ စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းလုပ်ငန်းကို ယခုနှစ်အတွင်း စတင်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

Myanmar Emperor International Co.Ltd နှင့် ကိုရီးယား ကုမ္ပဏီတစ်ခု ပူးပေါင်းကာ MUKA Energy အမည်ဖြင့် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သို့ ၂၀၁၂ ဇူလိုင်လဆန်းက တင်ပြထားပြီး လေ့လာဆန်းစစ်မှုများအတွက် ဒီဇင်ဘာလဆန်းပိုင်း လက်မှတ်ရေးထိုးကာ ၄၅ ရက်လေ့လာမည်ဟုဆိုသည်။

ယခုနှစ်အတွင်း စတင်ဆောင်ရွက်နိုင်ဖွယ်ရှိပြီး လုပ်ကိုင်လိုသည့် ကုမ္ပဏီများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် ပထမငါးနှစ်ခန့်တွင် ၂ မဂ္ဂါဝပ်ခန့် ရရှိနိုင်ပြီးနောက်ပိုင်းတွင် ၂၀ မဂ္ဂါဝပ်အထိ ရရှိရန် မျှော်မှန်းထားသည်ဟု Myanmar Emperor International Co. Ltd ၏ အဆိုပြုလွှာတွင် ဖော်ပြထားသည်။

မန္တလေးမြို့မှ အမှိုက်များကို ကျွဲရေကုန်းအနီးရှိ အမှိုက်ကျင်း ၁၂ ဒသမ ၅ ဧကနှင့် တောင်အင်းမြောက်အင်းအနီးရှိ အမှိုက်ကျင်း ၂၇ ဧကတို့တွင် စွန့်ပစ်လျက်ရှိပြီး တစ်နေ့လျှင် အမှိုက်တန် ၄၅၀ ခန့် စွန့်ပစ်သည်ဟု သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်ဓာတ်အား သုံးစွဲသူ ၃၂၀,၀၀၀ ကျော် ရှိခဲ့ရာမှ ဓာတ်အားသုံးစွဲသူ ၅၅,၀၀၀ ကျော် တိုးတက်သုံးစွဲလာသည့်အတွက် ဓာတ်အားသုံးစွဲသူပေါင်း ၃၇၅,၀၀၀ ကျော်ရှိကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# စစ်ကိုင်းတက္ကသိုလ်အနီး အိမ်ခြံမြေဈေး မြင့်တက်

မျိုးမင်းဦး

မုံရွာ၊
ဇန်နဝါရီ - ၁၀



*စစ်ကိုင်းတက္ကသိုလ်ဆောက်လုပ်ရေးလုပ်ငန်းခွင်*

ဓာတ်ပုံ-မျိုးမင်းဦး

ပဲကတိုးကျေးရွာအနီး စစ်ကိုင်းတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် တည်ဆောက်နေစဉ် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများကြောင့် အနီးပတ်ဝန်းကျင် အိမ်ခြံမြေဈေးကွက်သည် နှစ်လအတွင်း သိသိသာသာ မြင့်တက်သွားကြောင်း ပဲကတိုးကျေးရွာဒေသခံများက ပြောသည်။

“စစ်ကိုင်းတက္ကသိုလ် မျက်နှာချင်းဆိုင်လမ်းမတန်းက အရင်တုန်းက အများဆုံး သိန်းတစ်ရာပေါ့။ အခုကျပ်သိန်း နှစ်ထောင်အထိ ဈေးခေါ်နေပေမယ့် အရောင်းအဝယ်ဖြစ်တာ မရှိသေးဘူး။ ရွာဟောင်းအတွင်းလမ်းမှာ ကျပ်သိန်း ၃၅၀ ခြံဝန်းတွေ အရောင်းအဝယ်ပိုသွက်တယ်” ဟု အိမ်ခြံမြေအကျိုးဆောင် ဦးမျိုးကြီးက ပြောသည်။

ပဲကတိုးကျေးရွာဟောင်းအတွင်းပိုင်းတွင် ပြီးခဲ့သည့်နှစ်စက်တင်ဘာလအထိ ပေ ၄၀ × ၈၀ မြေတစ်ကွက်လျှင်လျှင်ကျပ်ခြောက်သိန်းမှ ၁၅သိန်းအထိရှိခဲ့ရာမှ ယခုနှစ်ဆန်းပိုင်းတွင် ကျပ်သိန်း ၃၅၀ထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပေ ၈၀ ပတ်လည် အိမ်ခြံမြေဈေးများမှာ ယခင်နှစ်များက ကျပ် ၁၆သိန်းမှ ကျပ်သိန်း ၂၀ အထိ အမြင့်ဆုံး ရရှိထားရာမှ ၂၀၁၂ တွင် သိန်း၆၀၀မှ၇၀၀၀န်းကျင်အထိအရောင်းအဝယ် ဖြစ်ခဲ့သည်။

ပဲကတိုးကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမြင့်နိုင်က “ပဲကတိုးကျေးရွာအလယ်က မီးရထားလမ်းဖြစ်သွားတယ်။ ရထားလမ်းတောင်ဘက်က အိမ်ခြံမြေတွေ တစ်ဝိုင်းကို လေးသိန်း၊ ငါးသိန်းကနေ ဆယ်သိန်းအထိရှိတာ ဝယ်သူမရှိခဲ့ဘူး။ အခု ကျပ်သိန်း ၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေတာ စစ်ကိုင်း တက္ကသိုလ်ကြောင့်ပေါ့” ဟု ဆိုသည်။

စစ်ကိုင်း တက္ကသိုလ်ကို ၂၀၁၂ ဒီဇင်ဘာလ ၈ ရက်မှစတင် ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ၅၀၀ ခန့်ရှိသော ပထမနှစ် သင်တန်းများ ဖွင့်လှစ်နေပြီဖြစ်သည်။

# မကွေးတွင် နိုင်ငံတကာ မီးပုံးပျံစုပေါင်း ပျံသန်းပွဲ ပြုလုပ်

စောရန်နိုင်

မကွေး၊ ဇန်နဝါရီ - ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင်(၅၅)ကြိမ်မြောက်နိုင်ငံတကာ မီးပုံးပျံစုပေါင်းပျံသန်းပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကြီးကြပ်မှုဖြင့် (Golden Express Travles and Tours Co., Ltd) ၏ စီစဉ်မှုအရဇန်နဝါရီ၄ ရက်နှင့် ၅ ရက်တို့တွင် ပြုလုပ်ခဲ့သည်။ နိုင်ငံခြားသား အယောက် ၃၀ က မကွေးတိုင်းအားကစားကွင်းမှ စတင်၍ မီးပုံးပျံရောင်စုံ ခြောက်လုံးဖြင့် တစ်လုံးလျှင် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ စသည်ဖြင့် မကွေးမြို့ကောင်းကင်၌ လှည့်လည်စီးနင်းမှုများ ပြုလုပ်ခဲ့သည်။

## ပဲစင်းငုံရိတ်သိမ်းချိန် အပင်ခိုးခံရမှု များနေဟုဆို

မိုးဇော်

ချောက်၊ဇန်နဝါရီ-၉

ပဲစင်းငုံရိတ်သိမ်းပြီး အပင်များ အခြောက်လှန်းနေစဉ်အတွင်း ခိုးယူခံရမှု ချောက်မြို့နယ်အတွင်း ဖြစ်ပွားနေကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

“ပြီးခဲ့တဲ့နှစ်က တင်း ၃၀ ရတဲ့တောင်သူက ဒီနှစ်တစ်ဝက်ပဲရတယ်။ ပဲစင်းငုံအပင်တွေ ခုတ်လှဲပြီး အစေ့ထုတ်ဖို့ အခြောက်လှန်းနေတုန်းမှာ ညဘက်မှာ ခိုးယူခံနေရတယ်။ ၁၅ တင်းဝန်းကျင်ရမယ်ထင်တာ။ ၁၀ တင်းလောက်ပဲရတယ်” ဟု ချောက်မြို့နယ် ထန်းခြောက်ပင် စွယ်ပေါက္ကံကွင်းတွင် ပဲစင်းငုံစိုက်သူတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ်အတွင်း မိုးဦး၊ မိုးနှောင်းကာလာက မိုးခေါင်ခဲ့သဖြင့်ချောက်၊ရေနံချောင်း၊ကျောက်ပန်းတောင်းဒေသတွင်နှမ်းအပြင် ပဲစင်းငုံပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း တောင်သူအချို့က ပြောသည်။ “ညဘက်မှာ ပဲစင်းငုံတွေ အစေ့မထုတ်ခင်ယာခင်းထဲမှာ အပင်လိုက်ခိုးယူပြီး လူမရှိတဲ့နေရာမှာ အစေ့ကို ထုတ်ယူတာမျိုးပါ။ တောင်သူတွေ ကင်းစောင့်နေရတယ်”ဟု ပဲစင်းငုံအခိုးခံရသော တောင်သူတစ်ဦးက ပြောသည်။

# ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားများ ဆက်လက်ထုတ်ပေးပြီး အရေးယူမည့်ရက် ရွှေ့ဆိုင်း

မောင်တာ

မန္တလေး၊
ဇန်နဝါရီ - ၈

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက မော်တော်ယာဉ်ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားများကို ဆက်လက်ထုတ်ပေးနေပြီး ဖောင်းကြွနံပါတ်ပြား တပ်ဆင်စီးနင်းခြင်းမရှိသည့် ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူမည့် သတ်မှတ်ရက်ကိုရွှေ့ဆိုင်းထားကြောင်းမန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

မန္တလေးမြို့တွင် စီးနင်းနေသော မော်တော်ဆိုင်ကယ်များသည်က. ည. နမှထုတ်ပေးသော ဖောင်းကြွနံပါတ်ပြားများ တပ်ဆင်စီးနင်းရန်နှင့် ဖောင်းကြွနံပါတ်ပြား တပ်ဆင်စီးနင်းခြင်းမရှိပါက ဒီဇင်ဘာ တတိယပတ်မှစ၍ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း အထက်ပါကော်မတီမှ ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ ကြေညာချက်ထုတ်ထားသည်။

“ဖောင်းကြွနံပါတ်ပြားထုတ်ပေးရမယ့် ဆိုင်ကယ်အရေအတွက်နဲ့ သတ်မှတ်ထားတဲ့ အချိန်က မလုံလောက်ဘူးဖြစ်နေလို့ ညှိနှိုင်းပြီး အချိန်ထပ်တိုးထားပါတယ်” ဟု က. ည. န မန္တလေးတိုင်းဦးစီးမှူး ဦးသိန်းဦးက ပြောသည်။

ဖောင်းကြွနံပါတ်ပြား မတပ်ဘဲ ပြင်ပမှ နံပါတ်ပြားများကို တပ်ဆင်အသုံးပြုလျက်ရှိရာ စည်းကမ်းကြပ်မတ်အရေးယူရာတွင် အခက်ခဲရှိသဖြင့် ဖောင်းကြွနံပါတ်ပြား တပ်ဆင်စေခြင်းဖြစ်ကြောင်း အထက်ပါ ကော်မတီဝင်တစ်ဦးက ပြောသည်။

ဆိုင်ကယ်ဖောင်းကြွနံပါတ်များကို က. ည. န ဝင်းအတွင်း နှစ်နေရာခွဲ၍ ထုတ်ပေးနေသကဲ့သို့ စနေ၊ ရုံးပိတ်ရက်များပါ ထုတ်ပေးနေကြောင်း၊ ယခင်က နံပါတ်ပြားထုတ်ယူရန် ငွေသွင်းချလန်၊ ဝိုးတက်၊ (က. မ-၃)စာအုပ်၊ မှတ်ပုံတင်မိတ္တူ စသည်များပါမှ ထုတ်ပေးသော်လည်း ယခုဖြေလျှော့ပြီး ငွေသွင်းချလန်နှင့် (က. မ-၃) စာအုပ်ပါလျှင်ပင် ထုတ်ပေးပြီး ကိုယ်တိုင် လာရောက်ထုတ်ယူသူများ အနေဖြင့် ငွေကြေး ထပ်မံပေးဆောင်စရာမလိုဟု ဆိုသည်။

နေ့စဉ်ဆိုင်ကယ်စီးရေ သုံးထောင်ခန့်အား နံပါတ်ပြားထုတ်ပေးနေပြီး မန္တလေးတိုင်းအတွင်း လိုင်စင်ပြုလုပ်ပေးထားသည့် ဆိုင်ကယ်အားလုံးအတွက် ဖောင်းကြွနံပါတ်ပြား အဆင်သင့်ရှိနေပြီဟု မန္တလေးတိုင်း က. ည. န မှ သိရသည်။

“ဖောင်းကြွနံပါတ်မတပ်ရင် ဖမ်းမယ်ဆိုလို့ နံပါတ်ပြားလာထုတ်တာ လူတွေအရမ်းများပြီး ထုတ်ရတာ အဆင်မပြေဘူး။ ရက်ထပ်တိုးပေးတဲ့အတွက် အဆင်ပြေသွားနိုင်ပါတယ်”ဟုက. ည. နတွင် ဖောင်းကြွနံပါတ်ပြား ထုတ်ယူနေသူ မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် နိုဝင်ဘာလကုန်အထိ က. ည. န မှ တရားဝင်လိုင်စင်ထုတ်ပေးထားသော ဆိုင်ကယ် ၄၇၃,၉၁၁ စီးရှိပြီး ဒီဇင်ဘာလကုန်အထိဖောင်းကြွနံပါတ်ပြား ထုတ်ယူရန် ကျန်ရှိနေသော ဆိုင်ကယ်မှာ ၁၁၇,၄၁၇ စီးဖြစ်ကြောင်းက. ည. နစာရင်းများအရ သိရသည်။

# စစ်ဘေးဒုက္ခသည် ကလေးငယ် ၂၂၀ ကျော်အား ရွှေစင်မင်း ပရဟိတဂေဟာတွင် စောင့်ရှောက်မှုပေး

အောင်သစ်လွင်

ရန်ကုန်၊
ဇန်နဝါရီ-၁၂

ကေအိုင်အေ ထိန်းချုပ်နယ်မြေများမှ ကချင်စစ်ဘေးဒုက္ခသည် ကလေးငယ်၂၂၂ဦးအားလာရောက်ခိုလှုံခွင့်ပြုထားကြောင်း ပြင်ဦးလွင် ရွှေစင်မင်းပရဟိတဂေဟာမှ ဆရာလေးဒေါ်နန္ဒသိင်္ဂီက ပြောသည်။

စစ်ဘေးဒုက္ခသည် အားလုံးသည် မိန်းကလေးများဖြစ်ကြပြီး အသက်သုံးနှစ်မှ နှစ်ဆယ်ကျော် အရွယ်များဖြစ်ကြကာ ပြီးခဲ့သည့် မေလနှင့် ဇွန်လများတွင် ရောက်ရှိလာကြခြင်းဖြစ်သည်။

“တချို့ မိဘတွေက မူးယစ်ဆေးဝါးသုံးစွဲလို့ သေဆုံးကြတာ၊ အချို့က စစ်ဘေးကြောင့် သေဆုံးရပြီး ကလေးတွေက မိဘမဲ့တွေ အဖြစ်နဲ့ ဒီဂေဟာကို ရောက်လာကြတာပါ” ဟု ဆရာလေးက ဆိုသည်။

ရွှေစင်မင်း ပရဟိတဂေဟာကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်အထိ ပြုစုစောင့်ရှောက်ထားသူ သုံးရာခန့်သာရှိခဲ့ကာ ၂၀၁၂ ခုနှစ်အတွင်း ကချင်ပြည်နယ်တွင်ဖြစ်ပွားသော စစ်ပွဲများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၏ မတည်ငြိမ်မှုများကြောင့်ဂေဟာသို့ရောက်ရှိလာသူ ပိုမိုများပြားလာပြီး လက်ရှိအချိန်တွင် ပြုစုစောင့်ရှောက်ထားသူ ပေါင်း ရှစ်ရာကျော်ရှိလာသည်။

မဖျိုမလှိုင်း တေးဂီတအဖွဲ့၏ ပွဲစီစဉ်သူဖြစ်ပြီး ရွှေစင်မင်းပရဟိတ ဂေဟာ၏ တာဝန်ရှိသူတစ်ဦးလည်းဖြစ်သော ကိုသီရန်စုက “ဒုက္ခသည်ကလေးငယ်လေးတွေကိုလည်း ဖျော်ဖြေရင်း ဂေဟာအတွက် ရန်ပုံငွေလည်း ရှာရင်းနဲ့ မဖျိုမလှိုင်းရဲ့ အခမဲ့ရှိုးပွဲကို အခုလအတွင်း ပြင်ဦးလွင်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။ ဒီအချိန်မှာ ဒုက္ခရောက်နေသူတွေအတွက် ကျွန်တော်တို့အားလုံး ညီညွတ်ကြရမှာပါ” ဆိုသည်။

“အပြစ်မရှိတဲ့ ကလေးတွေ ဒုက္ခ မရောက်စေချင်သလို အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ဖြစ်သွားသူတွေကိုလည်း လမ်းမှားကို မရောက်စေချင်ပါဘူး” ဟု ဆရာလေးဒေါ်နန္ဒသိင်္ဂီက ပြောကြားသည်။

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်က ပြန်လည်ဖြစ်ပွားခဲ့သော မြန်မာ အစိုးရနှင့် ကေအိုင်အိုတို့ကြား တိုက်ပွဲများမှာ ၂၀၁၃ နှစ်ဆန်းပိုင်း၌ ပိုမိုပြင်းထန်လာပြီး စစ်ဘေးကြောင့် နေရပ်အားစွန့်ခွာထွက်ပြေးသူများမှာ ကေအိုင်အို ထိန်းချုပ်နယ်မြေအတွင်း၆၆,၀၀၀ကျော်၊ အစိုးရထိန်းချုပ်နယ်မြေအတွင်း၃၃,၀၀၀ ကျော်ရှိသည်။

# လူမှုဖူလုံရေးကတ်များ အီလက်ထရွန်နစ်စနစ် ပြောင်းလဲမည်

**ထူးသန့်၊ အေးမြတ်သူ**
**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

လူမှုဖူလုံရေး အာမခံ စိစစ်ရေးကတ်ပြားများကိုအီလက်ထရွန်နစ်ကတ်ပြားအဖြစ် ပြောင်းလဲထုတ်လုပ်တော့မည်ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယ တိုင်းမန်နေဂျာဦးအေးသိန်းက ပြောသည်။

ယခင်ထက် လုံခြုံရေးစနစ်တိုးမြှင့်သည့်အနေဖြင့် စက္ကူကတ်ပြားမှ အီလက်ထရွန်နစ် ကတ်ပြားအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြစ်ပြီး လူမှုဖူလုံရေး ဆေးရုံဆေးခန်းများအပြင် အခြားအစိုးရဆေးရုံဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင်ပါ အခမဲ့ကုသခွင့် ရရှိမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ယခုလ ၇ ရက် ပြောကြားထားသည်။

"ယခုလို ကွန်ပျူတာနဲ့ ဖတ်ရှုနိုင်တဲ့ ကတ်ပြားတွေ ကိုင်တွယ်လာနိုင်တဲ့အခါ မည်သည့် ဆေးရုံဆေးခန်းမဆို သွားရောက် ပြသပြီး မိမိရဲ့ အကျိုးခံစားခွင့်ကို အလွယ်တကူ ခံစားနိုင်တော့မှာ ဖြစ်ပါတယ်"ဟူ၍ အဆိုပါ ကတ်ပြားသစ်များ ထုတ်လုပ်ခြင်း သရုပ်ပြပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကုသခွင့်ရရှိရန်အတွက်ပြင်ပဆေးရုံဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌဦးယုလွင်အောင်က ပြောကြားသည်။

ယခုအသစ် ထုတ်ပေးမည့် ကတ်ပြားများသည် အထက်ပါ ခံစားခွင့်များကို ချက်ချင်းရရှိမည် မဟုတ်သေးဘဲ အသစ်ထွက်မည့် အလုပ်သမား ဥပဒေ၊ နည်းဥပဒေများအရ ပြုပြင်ရဦးမည်ဖြစ်သည်ဟုဆိုသည်။

"အရင်တုန်းက စာရွက်နဲ့ဆိုတော့ မိုးရေစိုလို့ တစ်နှစ်လောက်ကြာရင် စာရွက်ကမရှိတော့ဘူး။ ဥပဒေသစ်မှာ သက်ကြီးပင်စင်ပါတော့ ၁၅ နှစ်၊ ၄၅ နှစ်ထိ အကျိုးခံစားခွင့်တွေပါတော့ စာရွက်နဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ နောက်ပြီး အလွဲသုံးစားမှုတွေလည်း မကြုံရတော့ဘူး" ဟု ဦးအေးသိန်းက ပြောသည်။

အာမခံထည့်သွင်းသည့်လုပ်သားများအနေဖြင့် မိမိထည့်ဝင်ထားသည့် အာမခံကြေးပမာဏအား အတိအကျသိရှိရပြီး ပြန်လည် ထုတ်ယူမည်ဆိုပါက မည်မျှကျန်ရှိကြောင်း သိရှိနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ချင်းပြည်နယ်မှအပ တစ်ပြည်လုံးတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်ရှိသူ လုပ်သားခြောက်သိန်းကျော်သာရှိသည်။

လူမှုဖူလုံရေး ဥပဒေအသစ်တွင် အာမခံစနစ် ခြောက်မျိုး ပါရှိကာ ၎င်းတို့တွင် ကျန်းမာရေး၊ လူမှုရေး အာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အပါအဝင် သက်ကြီးပင်စင် အာမခံစနစ်၊ အလုပ်လက်မဲ့အာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှု၊ သေဆုံးမှုအာမခံနှင့် အခြားအာမခံစနစ်ဖြစ်သော အိမ်ရာစီမံကိန်းတို့ ပါဝင်ကြောင်းသိရသည်။

## အလုပ်ချက်ချင်းရမည့် အလုပ်အကိုင်ပွဲတော် မန်းတွင်ကျင်းပမည်

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ-၁၀**

အလုပ်အကိုင်များကို ချက်ချင်းရနိုင်မည့် အလုပ်အကိုင်ရှာဖွေပွဲ Job Fair Upper Myanmar 2013 ကို မန္တလေးမြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းပွဲကို လာမည့် ဖေဖော်ဝါရီ ၃ ရက်တွင် ရတနာပုံစူပါစင်တာ ငါးလွှာရှိ MCCI (Yadanarpon Campus) ၌ နံနက် ၉ နာရီမှ ည ၇ နာရီထိ ပြုလုပ်မည်ဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အလုပ်အကိုင်ရှာဖွေလိုသော လူငယ်များနှင့် ဝန်ထမ်းကောင်းများ လိုချင်နေသည့် အလုပ်ရှင် ကုမ္ပဏီများတွေ့ဆုံကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်သည်ဟု ဦးဆောင်ပြုလုပ်သည့် MCG (Mandalay Consultant Group) မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဝန်ထမ်းများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပြီး ပုံမှန်အလုပ်လျှောက်ထားရာ တွင် လိုအပ်သည့် ဓာတ်ပုံ၊ ထောက်ခံစာများ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ မန္တလေးမြို့တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်က 78 ရှော့ပင်းစင်တာ၌ အလုပ်အကိုင်ပွဲတော်တစ်ခု ပြုလုပ်ခဲ့ပြီး ပခုက္ကူ၊ မြင်းခြံ၊ မုံရွာ၊ စစ်ကိုင်း အစရှိသည့်နယ်များမှ ဘွဲ့ရလူငယ်များ လာရောက်လျှောက်ထားခဲ့ကြသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**အမျိုးသားဆံပင်ညှပ်ကျွမ်းကျင်**
**တစ်ဦးအလိုရှိသည်**
သင်တန်းဆင်းလက်မှတ်မိတ္တူ
**သာကေတ (၃)၊ မာန်ပြေ ၁၉ လမ်း၊**
**အမှတ် (၂၁)။ ဖုန်း - ၀၉-၄၀၁၆၅၃၅၄၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ တရုတ်-မြန်မာ စကားပြန်(ကျား/မ) ၂၀ ဦး၊ ၂။ Graphic Designer
Computer ကျွမ်းကျင်(ကျား/မ) ၅ ဦး
**Tel : 09-43115466**

--------------------------------

**ဝန်ထမ်း(၁)ဦးအလိုရှိသည်**
Amazing Myanmar Scenery Travels & Tours Co., Ltd.
Office Staff မ (၁) ဦး
**Email : zwt.ams@gmail.com, amazingmyanmascenery@gmail.com**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing - ကျား (၂)ဦး
၂။ ပါကင်ပစ္စည်းထိန်း- မ (၁) ဦး
Apple Production Co., Ltd.
အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ။(နှစ်ပတ်အတွင်း)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
English (UMN) အင်္ဂလိပ်စကားပြောသင်တန်းကျောင်းမှ ဆရာ(သို့) ဆရာမ တစ်ဦး အလိုရှိသည်။
**တစ်ပတ်အတွင်းလျှောက်ထားရန်**
**ဖုန်း - ၃၈၉၁၇၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Toyota Corolla Fielder, 1800 cc AA Taxi (ဓာတ်ဆီ)
တစ်လက်ကိုင် နေ့မောင်းအလိုရှိသည်။
**ဖုန်း - ၀၁-၅၅၈၈၉၄**

--------------------------------

**အလိုရှိသည်**
1. Management employment (M) 10 posts
2. Maintenance (M) 5 posts
3. Driver (M) 2 posts
4. Chinese-Myanmar-English (M) 5 posts
5. Admin office (F) 5 posts
6. Accountant (M/F) 5 posts
7. Security (M) 5 posts

**rita235163@gmail.com,**
**catherine.girl@gmail.com**
**Ph : 09-43161005**

--------------------------------

**အလိုရှိသည်**
ယာဉ်မောင်း - ကျား(၁)ဦး
အတွေ့အကြုံ ၃ နှစ်အထက်ရှိသူ
အော်တိုဂီယာမောင်းနိုင်သူဖြစ်ရမည်။
**ဖုန်း - ၀၁-၃၉၃၂၀၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းကိုင်ကျွမ်းကျင် (မ)
(အတွေ့အကြုံ-၂နှစ်)
၂။ အရောင်းစာရေး - (မ) ၂ဦး
(ပိုးထည်ဆိုင်၊ ပိတ်စဆိုင်တွင် လုပ်ကိုင်ဖူးသူဖြစ်ရမည်) **ဖုန်း - ၀၉-၄၉၂၃၇၇၁၅**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ Sales Man - ကျား (၅) ဦး
၂။ Office Staff - မ (၅) ဦး
MS Office တတ်ကျွမ်းရမည်။
၃။ Driver - ကျား (၃) ဦး
**အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊**
**ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ကွန်ဒိုမန်နေဂျာ- (ကျား)၊ အသက် ၄၀ နှစ်အထက်။ အနိမ့်ဆုံး ၁၀ တန်းအောင်မြင်ရမည်။ စာရင်းအင်းနှင့် ဝန်ထမ်းအုပ်ချုပ်ရေးကျွမ်းကျင်သူဖြစ်ရမည်။
ရန်ကင်းစင်တာ (YCDC) စံပြရန်ကင်းဈေး။ **ဖုန်း-၀၉ ၅၀၇၂၀၃၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။Sales Supervisor ကျား/မ (၁)ဦး
၂။ Sales Representative ကျား/မ (၂)ဦး
၃။ Medical Representative ကျား/မ (၂) ဦး၊ **ဖုန်း - ၀၉၇၃၀၈၃၃၁၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. English Teacher F/5 posts
2. Math Teacher F/5 posts
3. Chemistry Teacher F/5 posts
4. Physics Teacher F/5 posts
5. Bio Teacher F/5 posts
6. Accounting Teacher F/5 posts
7. Office Staff F/5 posts
8. Computer Operator F/5 posts

**Ph : 01-544728**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Thar Ki Nwe Co., Ltd.
၁။ Account Staff မ (၁) ဦး
၂။ Marketing Staff ကျား/မ (၃) ဦး
**ဖုန်း - ၀၁-၈၅၅၀၁၆၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Assistant English Language Teacher cum co-ordinator
1 post (F)
**English Language Center**
**Ph : 01-221677**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ဆိုင်ဝန်ထမ်း ကျား (၂) ဦး
တောင်ဥက္ကလာအနီးနေထိုင်သူ ဦးစားပေးမည်။
Zarni Internet-55B၊ သံသုလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာ(မြင်သာဈေးမှတ်တိုင်အနီး)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing (အတွေ့အကြုံရှိသူ) မ (၂၀)ဦး
၂။ Marketing (အတွေ့အကြုံရှိရန်မလို) ၁ (၂၀) ဦး
၃။ Reporter ကျား (၂၀) ဦး
၄။ Photoshop Design ကျား/မ (၁၀) ဦး
**အမှတ် ၂၉၊ မြေညီထပ်၊ ပုညဝမနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကျွမ်းကျင်စွာ ပြုပြင်နိုင်သူများ အလို ရှိသည်။
**ဖုန်း - ၀၉-၅၀၉၅၉၁၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Diamond Construction Co., Ltd.
1. Sale Staff F (3) posts
2. Marketing STaff F (3) posts
3. English Translator F (1) post
4. 3D Max & Auto CAD Designer M/F (1) post
5. Driver M (1) post

**Ph : 01-586049 )**
**(၂၅. ၁. ၂၀၁၃ နောက်ဆုံး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ D.T.P မ (၂)ဦး
၂။ Sales Staff မ (၂) ဦး
၃။ Marketing Staff ကျား (၃) ဦး
၄။ Driver ကျား (၂) ဦး
**ဖုန်း - ၀၁-၂၀၆၃၄၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Pretty Fairy Beauty and Spa
၁။ Digital ကောက်/ဖြောင့်/ညှပ် ကျွမ်းကျင်(မ) ၃ ဦး
၂။ ခေါင်းလျှော်/လက်သည်းပုံဖော် ကျွမ်းကျင် (မ) ၃ ဦး
**အမှတ် ၄၅၊ မြေညီထပ်၊ အနောက်ဈေးဟောင်းလမ်း၊ ဝွတ္တလစ်၊ ဗဟန်းမြို့နယ်။**

--------------------------------

**အမြန်အလိုရှိသည်**
၁။ အိမ်ဖော် (မ) ၁ ဦး
၂။ ကလေးထိန်း (မ) ၁ ဦး
လူကိုယ်တိုင်လာလျှောက်ရမည်။
**အမှတ် -၁၂၉၊ ၂ လွှာ၊ ဗိုလ်ချုပ်လမ်း၊**
**ဗိုလ်တစ်ထောင်မြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Site Engineer ကျား/မ (၃) ဦး
၂။ Accountant မ (၃) ဦး
၃။ Computer D.T.P ကျား/မ (၃) ဦး
၄။ Driver/Sale Drive ကျား (၃) ဦး
၅။ Marketing/အရောင်း ကျား/မ (၅)ဦး
၆။ Office Staff မ (၃) ဦး
၇။ အရောင်း (နေ/စားငြိမ်း) ကျား/မ (၅)ဦး
၈။ Waiter/Waitress ကျား/မ (၅) ဦး
**ဖုန်း - ၀၁-၂၄၃၈၁၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Language School တွင် ခန့်ထားရန်
အချိန်ပိုင်း English Teacher for Young Learners
**Ph : 09-400494397**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**
ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် (DTP) ကျား/မ (၂)ဦး
Internet & Email သုံးတတ်ရမည်။
Scan ဖတ်တတ်ရမည်။ Photoshop အခြေခံတတ်ရမည်။ နယ်သွားနိုင်သူကို ဦးစားပေးမည်
**အမှတ် (၁၃၀)၊ အခန်း ၁၇၊ တတိယထပ်၊**
**ဆူးလေဘုရားလမ်း၊ ကျောက်တံတား။**
**ဖုန်း - ၀၁-၇၁၀၀၃၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Boutique တွင် တာဝန်ထမ်းဆောင်ရန်
၁။ Boutique Manager-Merchandiser မ (၁) ဦး
Zawgyi House Cafe တွင် တာဝန်ထမ်းဆောင်ရန်
၁။ Waiter ကျား (၃)ဦး
၂။ Cook ကျား (၂)ဦး
အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (FMI Center ဘေး)
**ဖုန်း - ၃၈၀၃၉၈**

--------------------------------

**အလိုရှိသည်**
Entertainment လုပ်ငန်းကို စိတ်ဝင်စားသူ
၁။ အချိန်ပြည့်/အချိန်ပိုင်း Marketing ၁၀ ဦး
၂။ အချိန်ပြည့်/အချိန်ပိုင်း ဝန်ထမ်း (၁၀) ဦး
၃၆၂၊ ပထမထပ်၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ (သီတာလမ်းမှတ်တိုင်အနီး)
**ဖုန်း - ၀၉-၅၁၁၄၂၈၁**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


TIGER BALM
နာချင်ရာ နာစမ်း . . . TIGER BALM®
Tiger Balm (White)
Reg No. 1308AA599
Tiger Balm (Red)
Reg No. 1402AA1320
Tiger Balm (Liniment)
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
RD Warm
Reg No. 1407AA1734
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများ
အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# စင်ကာပူ ရီပက်ဘလစ်ပိုလီ ပထမနှစ်သင်တန်း ပြည်တွင်း၌ ဖွင့်မည်

**နေလင်းထွန်း**
**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

မြန်မာကျောင်းသား၊ ကျောင်းသူများ သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားကြသည့် စင်ကာပူနိုင်ငံရှိ ရီပက်ဘလစ်ပိုလီ၏ ပထမနှစ်သင်တန်းကို ပြည်တွင်း၌ ဧပြီလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း RV Instituteမှ သတင်းရရှိသည်။

စင်ကာပူနိုင်ငံရှိ အစိုးရပိုင် ရီပက်ဘလစ်ပိုလီနှင့် ပူးပေါင်း၍ အီလက်ထရစ်ကယ်နှင့် အီလက်ထရွန်နစ်အင်ဂျင်နီယာဒီပလိုမာသင်တန်း ပထမနှစ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားရန် စီစဉ်နေခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများအနေဖြင့် အင်္ဂလိပ်စာ ၆၀၊ သင်္ချာနှင့် ရူပဗေဒဘာသာရပ်တွင် ၇၅ မှတ်နှင့် ဘာသာစုံပျမ်းမျှရမှတ် ၇၀ ရာခိုင်နှုန်းရရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

ပြည်တွင်း၌ တက်ရောက်ရမည့် ဒီပလိုမာသင်တန်း ပထမနှစ်အတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လိုအပ်မည်မဟုတ်ဘဲ ပထမနှစ်ပြီးဆုံးအောင်မြင်ပါက စင်ကာပူနိုင်ငံတွင် ဒုတိယနှစ်သင်တန်း ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း RV Institute မှ တာဝန်ရှိသူက ပြောသည်။

ပထမဆုံးအကြိမ် ဖွင့်လှစ်သော ရီပက်ပလစ်ပိုလီ၏ ပထမနှစ်ဒီပလိုမာသင်တန်းအတွက်သင်တန်းကြေးကို အမေရိကန်ဒေါ်လာ ၇,၅၀၀ ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းကာလ ဆယ်လကြာမြင့်မည်ဖြစ်သည်။

ပြည်တွင်း၌ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သည့် RV Institute သည် စင်ကာပူနိုင်ငံရှိ တီမားဆက်ပိုလီမှ Information Technology နှင့် Mobile and Network Services ဒီပလိုမာ ပထမနှစ်သင်တန်းများကိုလည်း ၂၀၀၉ ခုနှစ်မှစ၍ ဖွင့်လှစ်သင်ကြားနေသည်။



# အလယ်တန်းနှင့် အထက်တန်းပညာသင်ဆုကြေး နှစ်ဆတိုးမြှင့်မည်

**နေလင်းထွန်း**
**ရန်ကုန်၊**
**ဇန်နဝါရီ-၁၂**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အလယ်တန်းပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုရရှိသူများအတွက်ပေးအပ်နေသောဆုကြေးများကို နှစ်ဆတိုး၍ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယခုပညာသင်နှစ်မှစတင်၍ အလယ်တန်းပညာသင်ဆု ရရှိသူများအတွက် တစ်လလျှင် ကျပ်တစ်သောင်းနှင့် အထက်တန်းပညာသင်ဆု ရရှိသူများအတွက် တစ်လလျှင် ကျပ်တစ်သောင်းခွဲဖြင့်နိုင်ငံတော်ကပေးအပ်နေသည်။

လာမည့်ပညာသင်နှစ်မှစ၍ အလယ်တန်း ပညာသင်ဆုအတွက် ကျပ်နှစ်သောင်းနှင့် အထက်တန်းပညာသင်ဆုအတွက် ကျပ်သုံးသောင်းနှုန်းဖြင့် ဆုငွေများကို နှစ်ဆစီတိုး၍ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဒေါက်တာမြအေးက နေပြည်တော်၌ ဒီဇင်ဘာ ၃၀ရက်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနား၌ပြောသည်။

ထို့အပြင်အထက်တန်းပညာသင်ဆုဦးရေ ၄၁၄ ဦးနှင့် အလယ်တန်းပညာသင်ဆုဦးရေ ၁၀၀၂ ဦးထိ တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲမှ ပထမရရှိသူတစ်ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ပထမရရှိသူတစ်ဦးစီကို တက္ကသိုလ်အလိုက် တက္ကသိုလ်ပညာသင်ဆုနှင့် ကြိုတင် ပြင်ဆင်စရိတ်များ နှစ်စဉ်ချီး မြှင့်သွားမည်ဖြစ်ကြောင်း ဆိုသည်။

မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ယခုပညာသင်မှစ၍ ကျောင်းသုံးစာအုပ် အပြည့်အစုံအပြင် လေ့ကျင့်ခန်းစာအုပ်ခြောက်အုပ်စီကို အခမဲ့ဖြန့်ဝေပေးနေရာမှ လာမည့်ပညာသင်နှစ်တွင် ကျောင်းသုံးစာအုပ်နှင့်လေ့ကျင့်ခန်းစာအုပ်တစ်ဒါဇင်စီကို အခမဲ့ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

စာ(၂၁)မှ


## အီလက်ထရွန်နစ်တက္ကသိုလ် (e-tekkatho)ဇွန်လတွင် စတင်မည်

မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသနပြုသူများ တစ်ပြေးညီ လက်ခံရရှိနိုင်ရန် နည်းလမ်းသစ် လိုအပ်နေကြောင်း Mimas အဖွဲ့က ထုတ်ပြန်ဖော်ပြထားသည်။

စာတမ်း ၂၀၀ ကျော်အခြေခံသော စစ်တမ်းများနှင့် ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာကြည့်တိုက်ဝန်ထမ်းများနှင့် အဓိကပညာရှင်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပြီးနောက် မြန်မာနိုင်ငံတွင် စာကြည့်တိုက်အရင်းမြစ် လိုအပ်နေကြောင်း အဖြေထွက်ပေါ်လာပြီးနောက် အီလက်ထရွန်နစ် တက္ကသိုလ်တည်ထောင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့ကဆိုသည်။

နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်

လည်ဆစ်နှိုး၊ ခါးဆစ်နှိုး လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး





ဝေတ်မှီ ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀
အမှတ် (၈)၊ စဥ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

နီလာ

မွန်မြတ်ဆေးခန်း ဗိသာစုဘာ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။

Technology
7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# မိုဘိုင်းအန်တန်နာများ တိုးချဲ့တပ်ဆင်မည်

ယုဇနကိုကို၊ အောင်သစ်လွင်

ရန်ကုန်၊ ဇန်နဝါရီ - ၁၂

အထပ်မြင့် နေအိမ်ခေါင်မိုးများပေါ်၌ တပ်ဆင်နိုင်မည့် မိုဘိုင်းအန်တန်နာ (Roof-top Mobile Antenna) တပ်ဆင်ရေးစီမံကိန်းကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

Roof-top Mobile Antenna စီမံကိန်းသည် ရန်ကုန်တစ်မြို့လုံးတွင် လက်ရှိအချိန်အထိ အရေအတွက် ၇၀ ကျော်နှင့် တစ်နိုင်ငံလုံးအတွက်အရေအတွက်၁၀၀ကျော်ကို တပ်ဆင်ပြီးဖြစ်သည်။

အကြီးစား တာဝါတိုင်များအစား အထပ်မြင့်ခေါင်မိုးများပေါ်၌တပ်ဆင်ရသည့်မိုဘိုင်းအန်တန်နာစနစ်ကို အစိုးရက ပထမအရစ်အနေဖြင့် ချထားပေးမည့် မိုဘိုင်းဖုန်းလေးသန်းအရေအတွက်ကို လွှမ်းခြုံပေးနိုင်မည့် အနေအထားအထိ တပ်ဆင်သွားရန်စီစဉ်ထားကြောင်း အထက်ပါတာဝန်ရှိသူက ဆိုသည်။

"မိုဘိုင်းအန်တန်နာတွေကို ဘယ်လောက်အရေအတွက်အထိ တပ်ဆင်မယ်လို့တော့ ကန့်သတ်ပြီး သတ်မှတ်ထားတာ မရှိပါဘူး။ ပထမအဆင့် မိုဘိုင်းဖုန်းလေးသန်းလုံး ချပေးပြီးသွားတဲ့အချိန်အထိ ဒီကွန်ရက်ပမာဏကို ထောက်ပံ့ပေးနိုင်မယ့် အနေအထားအထိ တိုးချဲ့တပ်ဆင်သွားမှာပါ" ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် မိုဘိုင်းအန်တန်နာများကို ဖုန်းလိုင်းကျပ်ခြင်းအမြဲဖြစ်ပွားတတ်သော မိုဘိုင်းဆက်သွယ်မှုများကို အထောက်အကူဖြစ်စေရန်အတွက် ထို Roof-top Mobile Antenna များကို တပ်ဆင်ရန် အထပ်မြင့်တိုက်များ၏ မြေပိုင်ရှင်များကို တစ်လလျှင် ကျပ်နှစ်သိန်းဖြင့် တပ်ဆင်ပေးခွင့်အတွက် နေရာငှားရမ်းဆောင်ရွက်ရသည်ဟု သိရသည်။

"အထက်ကတော့ မြေပိုင်ရှင်တွေကို တစ်လနှစ်သိန်းနှုန်းနဲ့ နေရာငှားရမ်းခွင့်ကို ပေးဖို့ ညွှန်ကြားထားပါတယ်။ ဒါပေမဲ့ တချို့မြေပိုင်ရှင်၊ အဆောက်အအုံပိုင်ရှင်ကတော့ သူတို့ပိုင်ဆိုင်တဲ့ မြေနေရာပေါ် မူတည်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ နှစ်သိန်းထက်ပိုပြီး တောင်းကြပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ဒီမိုဘိုင်းအန်တန်နာကလည်း မဖြစ်မနေ



လူနေအထပ်မြင့်တိုက်ပေါ်တွင် မိုဘိုင်းအန်တင်နာတစ်ခု တပ်ဆင်ထားစဉ်   ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

တပ်ဆင်ရမှာဖြစ်တဲ့အတွက် မြေရှင်သဘောလိုက်ပေးရတာတွေလည်း ရှိပါတယ်" ဟု ဦးဌေးဝင်းက ပြောသည်။

ယခုကဲ့သို့ မိုဘိုင်းအန်တန်နာများ တပ်ဆင်မှုသည် ယင်းမှ ထုတ်လွှတ်သော ရေဒီယိုဓာတ်သတ္တိကြွမှုကို ဖြစ်စေသည့် ဓာတ်ရောင်ခြည်လှိုင်းများသည် အနီးပတ်ဝန်းကျင်တွင်နေထိုင်သည့် လူအများ၏ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်မှုများဖြစ်လာစေမည်ဟု နိုင်ငံတကာသတင်းများတွင် ဝေဖန်သုံးသပ်မှုများ ရှိနေသော်လည်း ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးအချို့နှင့် နယ်မြို့များတွင် နေထိုင်သူများကမူ ယင်းနှင့်ပတ်သက်သော အခြေခံဗဟုသုတများကို မသိရှိကြဘဲ လစဉ်ကျပ်နှစ်သိန်းခန့် ငှားရမ်းခ ရရှိမည်ကိုသာ စိတ်ဝင်စားကြကြောင်းလည်း စုံစမ်းသိရှိရသည်။

"အိမ်ခေါင်မိုးပေါ်မှာ စိုက်ထားလို့ လူနဲ့တော့ သိပ်မနီးဘူးပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီတိုင်းဘာမှမရှိဘဲ အလွတ်ထားရတဲ့ အိမ်ခေါင်မိုးနေရာကနေ တစ်လကို နှစ်သိန်းလောက်ဝင်နေတာတော့ အသားတင် အမြတ်ပဲပေါ့" ဟု အဆိုပါ မိုဘိုင်းအန်တန်နာ တပ်ဆင်ထားသော ပါရမီလမ်းမပေါ်ရှိ အထပ်မြင့်တိုက်ခန်းတစ်ခုမှ မြေပိုင်ရှင်တစ်ဦးက ဆိုသည်။

ထို့အပြင် ပြည်တွင်း၏ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူအချို့ကလည်း ယင်းမိုဘိုင်းအန်တန်နာတပ်ဆင်မှုကြောင့် မည်သည့်အန္တရာယ်တစ်စုံတစ်ရာဖြစ်ပေါ်စေမည်မဟုတ်ဟု ပြောဆိုကြသည်။

ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများတွင် အရေအတွက် ၇၀ ခန့် တပ်ဆင်ပြီးဖြစ်သည့် ထိုမိုဘိုင်းအန်တန်နာများမှ ထုတ်လွှတ်သောရေဒီယိုလှိုင်းများ၏ လူကို သက်ရောက်စေမည့် အန္တရာယ်နှင့် ပတ်သက်ပြီး ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက "အဓိကအချက်က တရုတ်ကလာတဲ့ စက်တွေမသုံးဘဲ ဒီလိုနောက်ဆက်တွဲပြဿနာတွေမရှိနိုင်တဲ့ နည်းပညာမြင့်တဲ့နိုင်ငံတွေက စက်တွေကို သုံးသင့်တယ်လို့မြင်တယ်။ တရုတ်ပစ္စည်းဆို သိကြတဲ့အတိုင်း ဘေးထွက်ဆိုးကျိုး မဖြစ်ဘူးလို့ မပြောနိုင်ဘူး။ နိုင်ငံတကာမှာလည်း ဒီလိုမိုဘိုင်းအန်တန်နာတွေ တပ်ကြပါတယ်။ ဒါပေမဲ့ သူတို့က လူတွေအတွက် အဓိကစဉ်းစားပြီး အရည်အသွေးကောင်းကောင်းလုပ်ကြတယ်" ဟု သူ၏အမြင်ကို သုံးသပ်ပြောကြားသည်။

သို့သော် လူအများ၏ ကျန်းမာရေးကို ထိခိုက်မှုလုံးဝမရှိဟု ပြောဆိုထားသော မြန်မာ့ဆက်သွယ်ရေးအနေဖြင့် လက်ရှိ ရန်ကုန်၊ မန္တလေးနှင့် နယ်မြို့များတွင် တပ်ဆင်ပြီးဖြစ်သည့် ထို Roof-top Mobile Antenna များသည် တရုတ်နိုင်ငံမှလာသော စက်ပစ္စည်းများဖြစ်ကြောင်း ယင်းလုပ်ငန်းမှ သိရသည်။

# ဖုန်းအရောင်းဆိုင်များ ဟန်းဆက်ကြိုတင်စုဆောင်းနေ

ဆွေမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၁၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချမည့် ကျပ်တစ်သိန်းဝန်းကျင် မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ရန် ဖုန်းဆိုင်အချို့က ဖုန်းအိမ် (Handset)များ ကြိုတင်ဝယ်ယူစုဆောင်းနေကြကြောင်း ဖုန်းဆိုင်များမှ သတင်းရရှိသည်။

"လက်ရှိတော်တော်များများကတော့ ပစ္စည်းဝယ်စုနေကြတယ်" ဟု My.Mobile ဖုန်းဆိုင်ပိုင်ရှင် ကိုမောင်မောင်က ပြောသည်။

ယင်းသို့ဆိုင်ရာများက ကြိုတင်စုဆောင်းရာလူတန်းစားမရွေးဝယ်ယူမှုမြင့်မားပြီး ဈေးနှုန်းသင့်တင့်သည့် Hauwei တံဆိပ်ဟန်းဆက်များနှင့်အချို့သောတန်ဖိုးနည်းတံဆိပ်များကို ဝယ်ယူစုဆောင်းနေကြသည်ဟု Do Co Mo ဖုန်းဆိုင်မှ ကိုလင်းလင်းကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချမည့် မိုဘိုင်းဖုန်းဈေးနှုန်းပေါ်မူတည်၍ ဝယ်လိုအားအလိုက် ဟန်းဆက်ဈေးနှုန်းပြောင်းလဲလာဖွယ်ရှိကြောင်း Mr. Fone ဖုန်းဆိုင်မှ အထွေထွေ မန်နေဂျာ ကိုထင်လင်းကျော်က ပြောသည်။

"ရောင်းမယ့် ဈေးနှုန်းက တစ်သိန်းဖြစ်မလား၊ ငါးသောင်းဖြစ်မလားဆိုတာပေါ်လည်း မူတည်တယ်။ ဝယ်လိုအား များလာရင်တော့ ဈေးနှုန်းက နည်းနည်းတော့တက်သွားနိုင်တယ်"ဟုၚင်းက ပြောသည်။

ထိုတန်ဖိုးနည်းဖုန်း ထွက်ရှိမည့်အချိန်မှာ တရုတ်နှစ်သစ်ကူးကာလနှင့် တိုက်ဆိုင်နေပါက ထုတ်လုပ်သည့် ကုမ္ပဏီများ လုပ်ငန်းရပ်ဆိုင်းထားမှုကြောင့် ပြည်တွင်းတင်သွင်းမှု လျော့နည်းလာနိုင်ကာ ပစ္စည်းပြတ်လပ်သွားနိုင်ပြီး ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း Do Co Mo ဖုန်းဆိုင်မှ ကိုလင်းလင်းက ပြောသည်။

"ဈေးနှုန်းတက်တယ်ဆိုရင်တော့ အများကြီးတော့ မဖြစ်နိုင်ပါဘူး။ အများဆုံး ငါးထောင်ဝန်းကျင်လောက်ပဲဖြစ်မယ်ထင်တယ်" ဟု ကိုလင်းလင်းက ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံဘက်မှ ရောင်းချနေသည့်ဈေးကွက်အနေအထားပေါ်မူတည်ပြီး ဈေးနှုန်းဆွဲတင်မှုများ၊ တင်သွင်းသူများက ပစ္စည်းပြတ်လပ်သည့် အချိန်ကို စောင့်ဆိုင်း၍ ဈေးတင်ရောင်းချပါကလည်း ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း ကမာရွတ် လှည်းတန်း ဖုန်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သို့သော် ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းများ ထွက်ရှိစဉ်က ဈေးနှုန်းမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းမှုများရှိသော်လည်း အမှန်တကယ်မြင့်တက်မှုမရှိခဲ့ခြင်းကြောင့် ယခုအခါတွင်လည်း ပြောင်းလဲမှုကြီးကြီးမားမားမရှိနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူအချို့က ပြောသည်။



လတ်တလောတွင် ဖုန်းဟန်းဆက်များ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချရသော်လည်းအချို့ဆိုင်များ၌ ပစ္စည်းပြတ်လပ်ခြင်း၊ တင်သွင်းမှု ကြန့်ကြာနေခြင်းများကြောင့် သုံးစွဲမှု များပြားသည့် နာမည်ကြီးတံဆိပ် ဟန်းဆက်များ ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်းသည်။







# Technology

## ဆက်သွယ်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီများအား တင်ဒါခေါ်ယူမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန်အတွက် နိုင်ငံတကာမှ ဆက်သွယ်ရေး ကုမ္ပဏီကြီးများကို မကြာမီ ရက်ပိုင်းအတွင်း တင်ဒါခေါ်ယူတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတကာ နည်းပညာနှင့် သတင်းအချက်အလက် ကုမ္ပဏီများကို ခေါ်ယူခြင်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏သမိုင်းတစ်လျှောက် ပထမဆုံး ဖြစ်သည်။

ယခုလက်ရှိ အချိန်တွင် ဂျပန်၊ စင်ကာပူအစရှိသည့် နိုင်ငံများမှ နာမည်ကျော် ဆက်သွယ်ရေးကုမ္ပဏီအချို့မှာ ပြည်တွင်း၏ ဆက်သွယ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန်အတွက် အစိုးရထံ တိုက်ရိုက်ခွင့်ပြုချက် ရယူကာ စတင်ပြင်ဆင်နေကြသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်အတွက် နိုင်ငံတကာမှ အဓိက စိတ်ဝင်စားနေကြသည့် လုပ်ငန်းများမှာ မိုဘိုင်းဖုန်း အော်ပရေတာနှင့် တယ်လီကွန်းလုပ်ငန်းများ၊ အင်တာနက် ဆက်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ နက်ဝ့ါခ်ချိတ်ဆက်မှုနှင့် ဆော့ဖ်ဝဲရေးဆွဲသည့်လုပ်ငန်းများ ဖြစ်သည်။

"ဒီမှာလာပြီး အလုပ်လုပ်တဲ့သူတွေက ယုံကြည်စိတ်ချရတဲ့ဝန်ဆောင်မှုမျိုးကို ပေးမှ ဖြစ်တော့မယ်။ ဘယ်လို ကောင်းမွန်တဲ့ ဝန်ဆောင်မှုမျိုးကို ပေးပါမယ်ဆိုတဲ့ သဘောတူညီချက်တွေကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအတိုင်း ပေးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ဖို့ အချိန်နီးနေပြီ" ဟု Myanmar Information Technology Pte Ltd မှ အမှုဆောင် အရာရှိချုပ် ဦးထွန်းသူရသက်က သုံးသပ်ပြောကြားသည်။



ဓာတ်ပုံ - 7DayNews

## မိုဘိုင်းအင်တာနက် သုံးစွဲခ စနစ်နှစ်မျိုးဖြင့် ကောက်ခံမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ဖုန်းအင်တာနက် သုံးစွဲသူများ၏ ကန့်ကွက်မှုများကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဖုန်းအင်တာနက် အသုံးပြုခများကို အသုံးပြုသည့် အချက်အလက်ပမာဏအလိုက် ကောက်ခံမည့်စနစ်နှင့် လက်ရှိအသုံးပြုနေသော မိနစ်အလိုက် ကောက်ခံသည့် စနစ်နှစ်မျိုးစလုံးဖြင့် ကောက်ခံသွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

မိုဘိုင်းအင်တာနက် အသုံးပြုခများကို သုံးစွဲသည့် အချက်အလက် ပမာဏအလိုက်နှင့် ဒေါင်းလုဒ် ပမာဏအလိုက် ကောက်ခံမည့် Data Volume စနစ်သို့ ပြောင်းလဲရန် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက စီစဉ်ခဲ့သော်လည်း ကန့်ကွက်သူများစွာ ထွက်ပေါ်လာခဲ့သည်။ သို့ဖြစ်၍ ထိုစနစ်အပြင် လက်ရှိအသုံးပြုနေသည့် မိနစ်အလိုက်သာ ကောက်ခံနေသည့် Time Base System ကိုပါ ဆက်လက် ကျင့်သုံးသွားရန် စီစဉ်နေကြောင်း မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။


ထို့ကြောင့် မိုဘိုင်းအင်တာနက် အသုံးပြုသူများအနေဖြင့် ထိုစနစ် နှစ်မျိုးမှ မိမိနှစ်သက်ရာ စနစ်ကို ရွေးချယ်အသုံးပြုနိုင်မည်ဟု ဆိုသည်။







7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013




# ဂန္ဓလရာဇ် ခရီးသည် (ဂ)

ကျော်ဝင်း

နဂါးမြို့တော် (၄ နိုဝင်ဘာ ၂၀၁၂)

**စစ်နယ်မြေမှ ကော်စမိုပိုလီတန်သို့**

ထိုနေ့မနက် အစီအစဉ်မှာ Changhou City Plan Exhibition Hall သို့ သွားကြဖို့ဖြစ်သည်။ "ချန်ကျိုးမြို့တော်စီမံကိန်း၊ ပြပွဲခန်းမ" ဆိုပါစို့။ 'ခန်းမ' ဟု ဆိုသည့်တိုင် 'ပြတိုက်' နှင့်လည်း တွဲထားသည်ဖြစ်ရာ နည်းနည်းနောနောအဆောက်အအုံကြီး မဟုတ်။ ၉,၀၀၀ စတုရန်းမီတာကျယ်သော မြေကွက်ကြီးပေါ် ဆောက်ထားသည့်ရောမအဆောက်အအုံကြီးဖြစ်သည်။ ပြခန်းဧရိယာသက်သက်သည်ပင် စတုရန်းမီတာ ၆,၀၀၀ နီးနီးရှိသည်ဟု ဆိုပါသည်။

အဆောက်အအုံထဲဝင်လိုက်သည်နှင့် လေထဲတွင် လွင့်မျောနေသော ကမ္ဘာလုံးကြီးတစ်ခုက ဆီးကြိုနှင့်သည်။ အသေအချာကြည့်လိုက်တော့မှ ကမ္ဘာလုံးမဟုတ်။ ချန်ကျိုမြို့၏ ပုံရိပ်တွေထင်နေသော ဖန်လုံးကြီးဖြစ်သည်၊ အခန်းပတ်လည် နံရံလေးဖက်တွင်ကား တရုတ်ပြည်ဒေသအသီးသီး၏ မြေပုံတွေ။ အဆင့်မြင့်နည်းပညာသုံးပြီး ချန်ကျိုး၏ တည်နေရာကို ဖော်ပြထားသည့် အဖွင့်ပြကွက်ဟု ပြတိုက်တာဝန်ခံ တရုတ်မလေးက ရှင်းပြသည်။

ချန်ကျိုးမြို့မှာ တရုတ်ပြည်အရှေ့အလယ်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။ ကျန်ရှုပြည်နယ်တောင်ဘက်ခြမ်းတွင် ရှိသည်။ ယန်စီမြစ်၏ တောင်ဘက်တွင်ရှိ၍ ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၏ အချက်အချာဟုဆိုကြသည်။ ထို့ထက်နှစ်ပေါင်း ၂၅၀၀ ကျော် သက်တမ်းရှည်ကြာလှပြီဖြစ်သော Grand Canal ခေါ် မဟာတူးမြောင်းကြီးပေါ် တည်ရှိသည့် ထူးထူးဆန်းဆန်းမြို့ကြီးလည်းဖြစ်ပါသည်။ အဆိုပါ မဟာတူးမြောင်းကြီးမှာ BC ၅၈၁ မှ ၆၁၈ ခုနှစ်အတွင်းက စတင်တည်ဆောက်ခဲ့သည်ဖြစ်ရာ ကမ္ဘာ့သက်တမ်းအရှည်ဆုံးတူးမြောင်းကြီးဟု ဆိုနိုင်သည်။ တရုတ်ပြည်မြောက်ပိုင်းပေကျင်းနှင့်တောင်ပိုင်းချန်ကျိုးကို ဆက်သွယ်ထားသည်။ ကီလိုမီတာ ၁,၉၀၀ ရှည်သော တူးမြောင်းကြီးလည်းဖြစ်ရာ ကမ္ဘာ့အရှည်ဆုံး "လူလုပ်မြစ်" ဟုလည်း ဆိုနိုင်ပါလိမ့်မည်။ တရုတ်တို့ကမူ ဤတူးမြောင်းကြီးကို 'သယွင်ဟယ်' (Da Yunhe) ဟု ခေါ်ကြရာ 'ပို့ဆောင်ရေးမြစ်ကြီး' ဟု အဓိပ္ပာယ်ရပါသည်။

ဒုတိယပြခန်းမှာ အတော်ကြီး အတော်ကျယ်သည်။ အကြာကြီးကြည့်ရသည်။ သက်တမ်းရှည်ကြာလှပြီဖြစ်သော ချန်ကျိုး၏ သမိုင်းအဆက်ဆက်ကို ခင်းပြထားသည်ဖြစ်ရာ ရာဇဝင်ကို အလျားလိုက်ဖြတ်သန်းရသလိုပင် ရှိတော့သည်။ တရုတ်တွေက 'နဂါးမြို့တော်' ဟု ခေါ်ကြသော ချန်ကျိုးမှာ ဘီစီ ၃ ရာစု၊ ချင်မင်းဆက် အစပိုင်းက စစ်နယ်မြေလေးတစ်ခုမျှသာဖြစ်သည်။ ဤရာစုအတွင်းမှာပင် ချင်မင်းဆက်ခေတ်၏ အုပ်ချုပ်ရေးဗဟိုဌာနဖြစ်လာသည်။ ယန်းလင်၊ လန်းလင်၊ ကျင်လင်၊ ဝူကျင်းစသဖြင့် အမည်သညာအမျိုးမျိုး ပြောင်းလဲခဲ့ပြီး AD ၅၈၉ ခုနှစ်ရောက်မှ လက်ရှိအမည် 'ချန်ကျိုး' တွင်လာခဲ့ခြင်းဖြစ်သည်။

စကားပြန်ကလေးမက ယန်းလင်ခေတ်၊ လန်းလင်ခေတ် စသဖြင့် ရာဇဝင်ခေတ်တို့ကို သက်ဆိုင်ရာ ပြခန်းများအလိုက် ရှင်းပြနေသည်။ အဆိုပါ ကနဦးကာလများ၏ ထူးခြားချက်မှာကား ကျောက်သားအဆောက်အအုံများဖြစ်လိမ့်မည်ထင်သည်။ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်ရှိဖိုဝင်တောင်အနီး ရွှေဘတောင်မှ ကျောက်သားလိုဏ်ဂူတွေနှင့် ခပ်ဆင်ဆင်တူသည်။

AD ၆၀၉ ခုနှစ် မဟာတူးမြောင်းကြီး ဖောက်လုပ်ပြီးစီးသည့်အခါတွင်ကား ချန်ကျိုးမှာ ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၏ ကူးသန်းရောင်းဝယ်ရေးဗဟိုဖြစ်လာတော့သည်။ ဤကာလပြခန်းများသို့ ရောက်သောအခါ စစ်ဆန်သော ကျောက်သား အဆောက်အအုံများနေရာတွင် အနုပညာအသွင်ဆောင်သော ကျောက်သားတံတားလေးတွေက နေရာယူထားသည်။ မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေတိုင်းတွင် တရုတ်ရိုးရာဗိသုကာဟန်ပေါင်းကူးတံတားလေးတွေကို တွေ့ရသည်။ တူးမြောင်းအတွင်း ပေါင်းမိုးလှေကြီးများနှင့် ရောင်းဝယ်ဖောက်ကားနေကြသည်များကိုလည်း ပန်းချီနောက်ခံ ပန်းပုရုပ်လုံးများနှင့် သရုပ်ဖော်ထားသည်။

ကျွန်တော်တို့တစ်တွေမှာ ခေတ်ဟောင်းကိုကျော်ပြီး ခေတ်သစ်ထဲသို့တဖြည်းဖြည်းဝင်ရောက်လာသည်။ ၁၉၂၀ ပြည့်လွန်နှစ်များ၊ ကျောက်သားတံတားလှလှလေးတွေနေရာတွင် ပြိုင်းရိုင်းမားမတ် မီးခိုးခေါင်းတိုင်တွေ ရောက်လာသည်။ တရုတ်ပြည် ကနဦးစက်မှုလုပ်ငန်းများ၊ ၁၉၃၀ ပြည့်လွန်နှစ်များတွင်ကား ချန်ကျိုးမှာ ချည်ထည်လုပ်ငန်းတစ်ခုလုံး၏ ဗဟိုဖြစ်လာပါတော့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးသည့်နောက်တွင်မူ ရှန်ဟိုင်းမှာ တရုတ်ပြည်သစ်၏ စက်မှုဗဟိုဖြစ်လာပြီး ချန်ကျိုးမှာ အဓိက စက်မှုကုန်ကြမ်းထောက်ပံ့ရာဌာနဖြစ်လာသည်။

တိန့်ရှောင်ဖိန်ခေတ်၊ တစ်နည်းစီးပွားရေးပြုပြင်ပြောင်းလဲမှုခေတ်သို့ရောက်သောအခါတွင်မူ ပြကွင်းပြကွက်များထက် ကိန်းဂဏန်းစာရင်းဇယားတွေကနေရာယူလာသည်။ ဝန်ခံရလျှင် စောစောကလောက် စိတ်ကို မဖမ်းစားနိုင်တော့။ ပြခန်းတာဝန်ခံကလေးမလေး၏ စကားတွေမှာလည်း သမိုင်းအငွေ့အသက်ပျောက်ကွယ်ကာ ဝါဒဖြန့်ချိရေးမာန်တွေ ဟန်တွေပါလာသည်။ ယနေ့ချန်ကျိုး၏ တစ်ဦးချင်းပျမ်းမျှ GDP မှာ အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ရှိနေပါပြီ စသော အသံကို ကျယ်ကျယ်လောင်လောင်ကြားလိုက်ရသည်။

နောက်ဆုံးပြခန်းကား အကြီးကျယ်ဆုံးပင်။ ချန်ကျိုးကို ကော်စမိုပိုလီတန်မြို့ကြီးတစ်မြို့ အသွင်ပြောင်းတော့မည့် အနာဂတ်စီမံကိန်းဖြစ်ပါသည်။ စကားပြန်မလေးက ကျွန်တော်တို့ကိုကြည့်စင်လေးတစ်ခုပေါ် ခေါ်သွားသည်။ ရောက်သည်နှင့်မီးတွေပိတ် . . ။ နောက် မီးတွေပြန်ပွင့်လာ၊ ရောင်စုံပြိုးပြက်၊ မြင်ကွင်းတွေပတ်ချာလည်၊ အသံမျိုးစုံကြား။ ကျွန်တော်တို့မှာ ရောမမြို့ကြီးတစ်မြို့ထဲ ရောက်သွားသလိုရှိတော့သည်။ ကျွန်တော့်မှာ ဘာကိုကြည့်လို့ကြည့်ရမှန်းမသိ။ မူးဝေဝေ၊ ရီတီတီ၊ ကျွန်တော်ဘယ်လိုမှလိုက်မမီသော 3D တက်ကနိုလိုဂျီဆိုသကိုး။

မီးတွေပြန်လင်းသည်နှင့် တရုတ်မလေးက အသံစာစာနှင့် အော်ပြောလိုက်သည်။ "ကျွန်မတို့ရဲ့ နဂါးမြို့တော်ကြီးကို ထုတ်လုပ်ရေးဗဟိုဌာနကနေ နည်းပညာဗဟိုဌာနဖြစ်အောင် ကြိုးပမ်းနေပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ ဒီကနေ့အိပ်မက်ပါပဲရှင်။

**အိမ်လွမ်းစိတ်**

ချန်ကျိုးအပါအဝင် တရုတ်ပြည်ကြီးမှာ အိပ်မက်ကြီးကြီး မက်နေကြသည့်တိုင် အတိတ်နှင့် အပြီးအပြတ် အဆက်ဖြတ်ထားကြသည်တော့ ဟုတ်ဟန်မတူပါ။ တရုတ်တို့၏ 'အတိတ်လွမ်းစိတ်' (သို့မဟုတ်) 'အိမ်လွမ်းစိတ်' ကို ယခုခရီးစဉ်အတွင်း သတိပြုမိလိုက်သည့် နေရာတော်တော်များများ ရှိသည်။ ယခု ကျွန်တော်တို့ ဦးတည်သွားနေသည်မှာ အဆိုပါနေရာများထဲမှ တစ်ခုဖြစ်သည်။

"ယန်ချန်း" ရှေးဟောင်းမြို့တော်။

ယန်ချန်းမှာ ချန်ကျိုးမြို့ကြီးထက်ပင် သက်တမ်းရင့်ပါသေးသည်။ အမှန်စင်စစ် ချန်ကျိုးမှာ ယန်ချန်းမြို့တော်ဟောင်းပေါ်တွင် တည်ထားသော မြို့ဖြစ်သည်။ ယန်ချန်း၏ သမိုင်းကို နောက်ကြောင်းပြန်ရလျှင် လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်၊ အနောက်ကျိုးမင်းဆက်ခေတ်။ 'နွေဦးနှင့်ဆောင်းဦး' ကာလများအထိ ပြန်သွားဖို့လိုပါလိမ့်မည်။ ဆိုရလျှင် တရုတ်ပဒေသရာဇ်ခေတ်၏ ကနဦးနေ့ရက်များ. . . ။

တရုတ်ယဉ်ကျေးမှုဆိုသည်ကို ထုဆစ်ပုံသွင်းခဲ့သည်မှာ သမိုင်းဦးကတည်းက ရှိနေခဲ့သော 'ခက်မ' သုံးဖြာဟု ဆိုပါသည်။ ဤသည်တို့မှာ မြောက်ပိုင်း 'မင်' နှင့် 'ချင်' ယဉ်ကျေးမှု၊ အရှေ့ပိုင်း 'စွေ' နှင့် 'တန်' ယဉ်ကျေးမှုနှင့် တောင်ပိုင်း 'နွေဦး ဆောင်းဦးကာလ ယဉ်ကျေးမှု' တို့ဖြစ်သည်။ 'မင်' နှင့် 'ချင်' ယဉ်ကျေးမှုကို သိလိုလျှင် မြင်လိုလျှင် ရှီအန်းသွား၊ 'နွေဦး ဆောင်းဦးကာလ' ယဉ်ကျေးမှုကို လေ့လာလိုလျှင် 'ယန်ချန်း' သွား ဆိုသော စကားရပ်ပင်ရှိသည်။ ဤမျှအကျော်ဒေးယျရှိလှသော 'ယန်ချန်း' သို့ သွားမည်ဆိုတော့ ကျွန်တော်တို့ပင် အိမ်လွမ်းစိတ်ဖြင့် စိတ်စောနေကြသည်။

ယန်ချန်းမှာ ယနေ့ ချန်ကျိုးမြို့တော်ဝူကျင်းခရိုင်တွင်ရှိသည်။ စတုရန်း ကီလိုမီတာ ၆၀၀,၀၀၀ ကျော် ကျယ်ဝန်းသော ရှေးဟောင်းမြို့တော်ကြီးဖြစ်သည်။ ယခုအခါ တိမ်ကောပျောက်ကွယ်သွားပြီဖြစ်သည့်တိုင် မှန်းဆရသမျှ ယန်ချန်းမြို့တော်၏ မြို့တည်ပုံမှာ ၂၁ ရာစုဗိသုကာပညာရှင်များပင် အံ့ဩမဆုံးရှိကြရသည်ဟု ဆိုသည်။ ယန်ချန်းတွင် မြို့ရိုး သုံးထပ်ရှိသည်။ မြို့ရိုးတစ်ခုနှင့်တစ်ခုကြားတွင် မြို့တစ်မြို့စီရှိသည်။ အပြင်မြို့၊ အတွင်းမြို့၊ အတွင်းဘက်ဆုံးမြို့ စသဖြင့် ခေါ်ကြသည်။ အဆိုပါ မြို့ရိုးတစ်ခုဆီကို မြစ်သုံးစင်းက ရစ်ခွေစီးဆင်းလျက်ရှိပြန်ရာ သဘာဝပေးကျုံးကြီးလို ဖြစ်နေသည်။ ဆိုခဲ့ပါမြစ်များ၏ အလွန်တွင်လည်း တောအုပ်ကြီးများက ဝိုင်းပတ်လျက်ရှိနေပြန်ရာ မည်သို့သော ရန်သူမျိုးမှ ချဉ်းကပ်လို့မရနိုင်အောင် ခိုင်မာလှသည်။ ဘုရင် 'ဝူ' ၏ ထိုးစစ်ကို ဘုရင် 'ယန်' က ရိုက်ချိုးပစ်နိုင်ခဲ့သည်မှာ ဆိုခဲ့ပြီးသော ယန်ချန်း၏ တည်ဆောက်ပုံကြောင့်ဟူ၍ပင် ဆိုရိုးရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးသည့်နောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သော ယန်ချန်းမြို့တော်ဟောင်းကြီးကို တရုတ်ရှေးဟောင်းသုတေသနက စတင်တူးဖော်ခဲ့သည်ဟု ဆိုပါသည်။ သို့နှင့်တိုင် ယဉ်ကျေးမှုတော်လှန်ရေး ကာလတွင်မူ တူးဖော်ရေး လုပ်ငန်းတွေ ရပ်ဆိုင်းသွားခဲ့ရာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အခြေကျတော့မှ ပြန်ဆက်နိုင်ခဲ့သည်။ မကြာသေးခင်ကာလကမှ ယခင်မြို့တော်ဟောင်းနေရာတွင် တူးဖော်ရှာဖွေရသမျှ ရှေးဟောင်းလက်ရာများဖြင့် ထုံမွှမ်းပြီး ကမ္ဘာလှည့် ခရီးသွားစခန်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ကို လိုက်ပို့သည်က ဤစခန်းပင်ဖြစ်သည်။

ကားပေါ်မှဆင်းလိုက်သည်နှင့် ကြီးကျယ်ခမ်းနားသော မုခ်ဦးကြီးက ဆီးကြိုနှင့်သည်။ မုခ်ဦးကိုကျော်သည်နှင့် ၂၁ ရာစု အငွေ့အသက်များ တဖြည်းဖြည်းပျောက်သွားကာ ရာဇဝင်ထဲသို့ ဆွဲခေါ်သွားတော့သည်။ ဟင်းလင်းပွင့်ရှုခင်းကြည့် ကားလေးနှစ်စင်းက ကျွန်တော်တို့အဖွဲ့ကို တင်ကာ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင် ခရီးကို စတင်သည်။ လမ်းဘေးဝဲယာတွင်ကား ကျောက်ကမ်းပါးယံများကို ထွင်းထုထားသည့် ပန်းပုရုပ်ကြွများ၊ တရုတ်ဟန်ပန်တံခွန်တိုင်များ၊ အမိုးကော့ အဆောက်အအုံများ၊ တစ်ခါတစ်ခါတွင်တော့ ချောင်းငယ်လေးများကို တံတားခုံးခုံးလေးများဖြင့် ဖြတ်ရသည်။ ပုံစံမျိုးစုံ ရှေးဟောင်းအဆောက်အအုံများကြား သဘာဝပေးကျောက်သား၊ ကျောက်ပွင့်၊ ကျောက်သားဆိုင်များကြား ကွေ့ဝိုက်သွားရသည်များလည်းရှိသည်။

ကျွန်တော်တို့ မြန်မာအလှူပွဲများမှ 'ဝင်းခင်း' သလိုမျိုး၊ ရှေးခေတ် အဝတ်အစား အမျိုးမျိုးဖြင့် ဥဒဟို သွားလာနေသူများကိုလည်း တွေ့ရသည်။ ဘုရင်၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ ဗိုလ်မှူး၊ စစ်သား . . . . စသဖြင့်။ တစ်နေရာတွင်တော့ မင်္ဂလာပွဲလေး ကျင်းပနေသည်ကိုလည်း တွေ့ရသည်။ သတို့သားက အနောက်တိုင်းဝတ်စုံအပြည့်၊ သတို့သမီးက ဂါဝန်ဖြူဖြူ ဝဲဝဲလေးနှင့် မြက်ခင်းစိမ်းစိမ်းလေးပေါ်တွင် အလှဓာတ်ပုံရိုက်နေကြသည်။ နောက်ခံ ဝန်းကျင်က ရှေးဟောင်းမြို့တော်၊ ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသော တရုတ်များကြားတွင် အနောက်နိုင်ငံများမှ ခရီးသွားများကိုလည်းမနည်းမနောတွေ့ရသည်။

ကားကလေးနှင့် တစ်နာရီသာသာ တစ်ပတ်ပတ်ပြီးမှ ခေတ်မီအဆောက်အအုံတစ်ခုရှေ့ ထိုးရပ်သည်။ ကျွန်တော့်မှာ ဘာမှန်းညာမှန်းမသိ။ သူများတွေ သွားရာနောက်သို့သာလိုက်ခဲ့ရသည်။ အထဲရောက်တော့ တရုတ်မလေးတစ်ယောက်ညွှန်ပြရာ ခုံတန်းရှည်တစ်ခုပေါ် ထိုင်လိုက်သည်။ အခြားသူတွေလည်းရှိသည်။ ကျွန်တော်တို့ မြန်မာအဖွဲ့ကတော့ သုံးလေးယောက်လားပဲပါသည်။ တရုတ်မလေးကပင် ခါးပတ်လာပတ်ပေးသည်။ ထိုင်ခုံနှင့်တွဲထားသော ခါးပတ်။ ပြီး သံပိုက်လုံးရှည်ရှည်ကြီးတစ်ခု ရင်ဘတ်ရှေ့လိမ့်ကျလာသည်။ နောက် မီးတွေပိတ် အေးခနဲမြောက်တက်သွား၊ ဟူးဟူးရဲရဲ လေတိုးသံ. . . ။

တောင်ကမ်းပါးယံကြီးဆီ ဦးတည်ပြေးနေသည်။ ဟိမဝန္တာလားမသိ။ ဘာမှန်းမသိလိုက်ခင်မှာပင် ဝုန်းခနဲပြေးဆောင့်မလိုရှိတော့ မျက်စိကို ကမန်းကတန်း ပိတ်လိုက်ရသည်။ မျက်စိပြန်ဖွင့်လိုက်တော့ ရေအောက်ကမ္ဘာထဲရောက်နေပြန်သည်။ လှပသော ကျောက်သားကျောက်ပွင့်များ၊ ရွှေငါးလေးများ၊ ငေးလို့မှ မဝသေးခင် ဝေလငါးကြီးတစ်ကောင်က ပါးစပ်ကြီးဖြဲပြီးတိုးဝင်လာသည်။ စူးစူးဝါးဝါး အော်သံကြီးကိုကြားလိုက်ရတော့ ကိုယ်ပါလိုက်အော်ချင်သလိုလို။ ကြောက်အားလန့်အားနှင့် မျက်စိကို ဖွတ်ပိတ်လိုက်ရပြန်သည်။ ဒီတစ်ခါ မျက်စိပြန်ဖွင့်တော့ စကြဝဠာထဲရောက်သွားသည်။ နေလုံးရဲရဲကြီးနှင့် တိုးမိမလိုရှိတော့ ချက်ချင်းပြန်မှိတ်ရသည်။ ပြန်မဖွင့်ရဲတော့။

အဆောက်အအုံထဲက ပြန်ထွက်တော့မှ ဆိုင်းဘုတ်ကို ဖတ်ရသည်။ တရုတ်လိုဆိုတော့ နားမလည်။ အနားရောက်လာသော ကျန်းယီကို မေးရသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
No.45 • JANUARY 17 , 2013




# ကာမရာဂနှစ်နှင့် စင်ကာပူ

မြင့်မိုရ်ဆွေ

စာရေးသူဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှာ စင်ကာပူနိုင်ငံကို အလည်အပတ် ခရီးသွားရောက်ခဲ့ပါတယ်။ ၂၆ ရက်မှာ စင်ကာပူက တစ်ဆင့် မလေးရှားနိုင်ငံကိုသုံးရက် ခရီးသွားရောက်ခဲ့ပြီး ၂၉ ရက်မှာ စင်ကာပူကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။ နှစ်သစ်ပထမနေ့ဖြစ်တဲ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာတော့ ရန်ကုန်မြို့ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ စင်ကာပူခရီးစဉ် အတွေ့အကြုံများအနက်မှ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှတဲ့အချက်တွေကိုမီးမောင်းထိုးပြပြီး စာဖတ်ပရိသတ်ကြီးထံ နှစ်သစ်လက်ဆောင်မွန်အဖြစ် ရေးဖွဲ့ပေးအပ်လိုက်ပါတယ်။

စင်ကာပူဟာ Sky Scraper လို့ခေါ်တဲ့မိုးမျှော်အဆောက်အအုံများနဲ့ အခြေခံအဆောက်အအုံတွေ လွန်စွာခမ်းနားထယ်ဝါလှပပြီး စီးပွားရေးဖွံ့ဖြိုးမှုနဲ့နည်းပညာတိုးတက်မှုမှာလည်း အာဆီယံနိုင်ငံများအတွင်း ရှေ့တန်းကနေရာယူထားတဲ့ နိုင်ငံဖြစ်တယ်ဆိုတာ အားလုံးသိပြီးဖြစ်တဲ့အတွက် အထူးစာဖွဲ့ ပြောဖို့ မလိုပါဘူး။ ဒါပေမဲ့လူတွေအကြောင်းကိုပြောစရာရှိပါတယ်။ ပြောလည်းပြောချင်ပါတယ်။ စာရေးသူ ဘဝင်မကျဆုံးအချက်တစ်ရပ်က စင်ကာပူမိဘတွေဟာ မိမိတို့ရဲ့ ရင်သွေးကို တွန်းလှည်းထဲထည့်ပြီး ရေခဲချောင်းလှည်းတွန်းသလို တွန်းပြီးသွားတတ်တဲ့ဓလေ့စရိုက်ကိုပါပဲ။ စာရေးသူဟာ ယခုအကြိမ်ပါဆိုလျှင် စင်ကာပူကိုရောက်တာ သုံးကြိမ်တိတိရှိပါပြီ။ လူတွေအလွန်စည်ကားတဲ့ ဆန်တိုဆာကျွန်း၊ တိရစ္ဆာန်ရုံ၊ စင်ကာပူရဟတ်စတဲ့နေရာတွေကို မိသားစုအလည်အပတ် သွားကြရာ ကုန်တိုက်ကြီးတွေကိုဈေးဝယ်ထွက်ကြရာ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ ရင်သွေးငယ်အပါအဝင် မိသားစုယှဉ်တွဲပြီး လမ်းလျှောက်ကြရာ၊ ဘယ်နေရာမှမဆို မိဘတွေကသားသမီးကို ထွေးပိုက် ချီပိုးပြီးသွားလာလေ့မရှိသလောက် တွေ့ရပါတယ်။

စာရေးသူတို့ နိုင်ငံမှာ ဆိုရင် လမ်းမလျှောက်နိုင်သေးတဲ့ တွန်းလှည်း ဝယ်ပေးတောင်မှ ကိုယ့်သားသမီးကို ရင်အုပ်မကွာ ချီပိုးထွေးပွေ့ထားတတ်တဲ့ ဘဝကို စွန့်လွှတ်ကြမှာ မဟုတ်ပါဘူး။ ဂုတ်ပိုး ခွစီးတဲ့သားကို ဖခင်က လမ်းလျှောက်ရင်း ပြုံးပျော်မဆုံးရှိတဲ့မြင်ကွင်းမျိုးစင်ကာပူမှာလုံးဝမတွေ့ခဲ့ရပါဘူး။ လမ်းလျှောက်နိုင်ပြီဖြစ်တဲ့ သားသမီးတွေကိုပါ လက်တွဲပြီး လျှောက်လေ့မရှိကြဘဲ လှည်းထဲထည့်တွန်းနေကြတာ နေရာတကာမှာ အများဆုံး တွေ့မြင်နိုင်ပါတယ်။

နောက်တစ်ချက်က "သားတို့ ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း" ဆိုတဲ့ စကားကို စင်ကာပူမှာ အင်္ဂလိပ်ဘာသာနဲ့ဖြစ်စေ၊ မန်ဒရင်းတရုတ်ဘာသာနဲ့ဖြစ်စေ ပြန်ဆိုပြီး သဘောပေါက်အောင် ဟောပြောကြမယ်ဆိုရင် ဦးပုညရဲ့ စကားအတိုင်း "ဟောရင်းသာ ပျံလွန်ရမယ်" လို့ ဆိုရမှာပါပဲ။ စင်ကာပူမှာ "ရေကြည်ချမ်းမြ"ဆိုတာ မိုးရေ၊ မလေးရှားက ငွေပေးဝယ်ရတဲ့ ရေနဲ့ မိလ္လာကန်နဲ့ ရေမြောင်းထဲက ရတဲ့ရေကို ပြန်လည်သန့်စင်ပြီးနောက် အားလုံး ရောသမမွှေတဲ့ ရေလို့ အဓိပ္ပာယ် ရရှိမှာဖြစ်ပါတယ်။ အဲဒီရေကို သောက်သုံးနေတဲ့ စင်ကာပူသားတွေကို သီတာရေစင်နဲ့ ယှဉ်ပြီး မိဘမေတ္တာအကြောင်းသဘောပေါက်အောင် ပြောဖို့ဆိုတာ အလွန်ပင်မလွယ်လှပါဘူး။

ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ပစ္စည်းတင်တဲ့ လှည်းတွေကို လိုက်လံသိမ်းဆည်းပြီး အသက်မွေးနေကြရှာတဲ့ သက်ကြီးရွယ်အို တရုတ်အဘိုးကြီးတွေကို မြင်ရတဲ့အခါမှာ စာရေးသူအဖို့ ထပ်မြင့်မိုးမျှော်တိုက်ကြီးတွေရဲ့ ထယ်ဝါမှုနဲ့ နိမ့်ကျလှတဲ့ ဇရာအိုလူသားရဲ့ နွမ်းပါးမှု ဘဝပုံရိပ်နှစ်ခုကို နှိုင်းယှဉ်ရှုမြင်ရင်း သက်ပြင်းအခါခါချမိပါတယ်။ အဘိုးအိုတွေကိုနိုင်ငံတကာမြင်ကွင်းမှာ "ကိုယ်လုပ်မှ ကိုယ်စားရတယ်" ဟု ပြကွက်တစ်ရပ် တည်ဆောက်ပြသထားသလိုလည်း ခံစားမိပါတယ်။

အထူးသဖြင့် စင်ကာပူနိုင်ငံသား (Singaporean Life) ကို အများမြင်ပြင်းကပ်လောကအောင် အလွန်ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ရှိကြတဲ့ ပုဂ္ဂိုလ်အားလုံးကို ၂-၁၂-၂၀၁၂ ရက်က မလေးရှားနိုင်ငံထုတ် The Star သတင်းစာပါဆောင်းပါးရှင် စီချိုင်ယင်နီး(Seach Chaiang Nee) ရဲ့ "မြို့တော်အတွင်း လိင်ကိစ္စအရှုပ်အထွေးက သင့်ဘဝကို ကျဆုံးအောင်ဆွဲချလေပြီ"(Sex in the City Drags you down) ဆိုတဲ့ ဆောင်းပါးကို မပျက်မကွက် ဖတ်ရှု မှတ်သားကြစေချင်ပါတယ်။ အဲဒီ ဆောင်းပါးမှာ Play Boy မဂ္ဂဇင်းကိုပိတ်ပင်ထားတဲ့စင်ကာပူနိုင်ငံဟာလိင်ကိစ္စအရှုပ်အထွေးအများဆုံးဖြစ်ပွားခဲ့တဲ့ ၂၀၁၂ ခုနှစ်ကို ဖြတ်သန်းပြီး ၂၀၁၃ ခုနှစ် နှစ်သစ်ကို ဝင်ရောက်နေပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံအတွင်းမှာ လိင်ကိစ္စမသမာမှုနဲ့ တွေ့ကြုံရင် တွန်းလှန်နိုင်မယ့် လူသားရဲ့ ခုခံအားကို ကျဆင်းစေတဲ့ ဗိုင်းရပ်စ်ပိုးများ ပျံ့နှံ့နေကြောင်း၊ ပါလီမန် အမတ်များ၊ အစိုးရအရာရှိကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးများအဆင့်မှ ကုန်တင်ယာဉ်မောင်းနဲ့ သန့်ရှင်းရေးအလုပ်သမားအဆင့်အထိ ရောဂါပိုးပျံ့နှံ့ကူးစက်မှုဒဏ်ကို ခံစားနေကြရကြောင်း ဒါဇင်ပေါင်းများစွာသော လူကုံထံ အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များဟာ အရွယ်မရောက်သေးတဲ့ ပြည့်တန်ဆာများနဲ့ ပျော်ပါးမှုကြောင့် တရားရုံးများမှာ အမှုရင်ဆိုင်နေကြရကြောင်း၊ ကာမရာဂထကြွသောင်းကျန်းမှုဟာ တက္ကသိုလ်ပါမောက္ခများ၊ တရားရုံးရှေ့နေများ၊ ရဲဝန်ထမ်းများ၊ ကျောင်းဆရာများနဲ့ ဆယ်ကျော်သက်အရွယ် လူငယ် လုံမငယ်များရဲ့ ဘဝကိုပါ ကျဆုံးအောင် ဆွဲချလျက်ရှိကြောင်း နိဒါန်းပျိုးထားတာ တွေ့ရပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကာမဘီလူးခြောက်ဦးက ဘတ်စ်ကားပေါ်မှာ ရိုက်နှက်မုဒိမ်းကျင့်ပြီး လမ်းပေါ်ပစ်ချခံရလို့ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့တာကြောင့် အိန္ဒိယနိုင်ငံအစိုးရက စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံမှာတင်ပြီး ကုသစေတဲ့ ၂၃ နှစ်အရွယ် ဆေးကျောင်းသူလေးဟာ အထက်ပါဆောင်းပါးသတင်းစာမှာပါရှိတဲ့ ၂၉-၁၂-၂၀၁၂ နေ့မှာပဲ စင်ကာပူနိုင်ငံမှာ ကွယ်လွန်သွားရှာပါတယ်။ စင်ကာပူက ကာမဘီလူးတွေအကြောင်း အဲဒီဆောင်းပါးမှာ အတိအကျ ရေးထားတာကိုလည်း ဆက်လက်ပြီး တင်ပြပါမယ်။

ဆောင်းပါးရှင်က စင်ကာပူက ကျောင်းဆရာ၊ ဆရာမတွေဟာ အရွယ်မရောက်သေးတဲ့ ကျောင်းသား၊ ကျောင်းသူတွေနဲ့အတူ အိပ်တဲ့အတွက် တရားရင်ဆိုင်နေကြရကြောင်း ဆရာနှစ်ဦးဟာ မိန်းကလေး အိမ်သာမှာ ကင်မရာလျှို့ဝှက်တပ်ဆင် ကြည့်ရှုတဲ့အတွက် တရားစွဲခံထားရကြောင်း၊ ခရစ္စမတ်နေ့အလွန် နှစ်ရက်က ကားရပ်နားတဲ့ အဆောက်အအုံ တစ်ခုရဲ့ ခေါင်မိုးပေါ်မှာ ဖိုမစုံတွဲ တစ်တွဲ ကာမနှီးနှောနေကြပုံကို ဘေးပတ်လည်မှ တိုက်ခန်းများက ရှုမြင်ကြရပြီး အဲဒီဖြစ်ရပ်ကို ဗီဒီယိုရိုက်မှတ်တမ်းတင်ထားခဲ့ကြောင်း၊ အဲဒီဖြစ်ရပ်ကြောင့် စင်ကာပူနိုင်ငံရဲ့ ကုန်လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်ကို တရုတ်သတင်းစာတစ်စောင်က "ကာမရာဂနှစ်" (The Year of Lust) လို့ ရေးသားခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်ကို စင်ကာပူနိုင်ငံရဲ့ လက်ရှိ အာဏာရ PAP ပါတီ (People Action Party) က ထင်ရှားကျော်ကြားတဲ့ ပါလီမန်အမတ်ဖြစ်ပြီး လွှတ်တော်ရဲ့ သဘာပတိ အဖွဲ့ဝင်လည်းဖြစ်တဲ့ မိုက်ကယ်ပမ်းလ်မား(Michael Palmer) ဟာ ပါတီထဲက လုပ်ဖော်ကိုင်ဖက် လော်ရာအွန်း(Laura Ong) ဆိုတဲ့ အမျိုးသမီးတစ်ဦးကို တိတ်တဆိတ်မယားငယ် အဖြောင်ထားတဲ့အတွက် သူရဲ့နိုင်ငံရေး ရာထူး၊ ပါတီရာထူး အားလုံးကနေ ဒီဇင်ဘာလ အစပိုင်းမှာ နှုတ်ထွက်ခဲ့ရကြောင်း၊ အတိုက်အခံပါတီဖြစ်တဲ့ အလုပ်သမားပါတီရဲ့ ဘဏ္ဍာရေးမှူးဖြစ်တဲ့အပြင် ပါလီမန်အမတ်လည်းဖြစ်တဲ့ ရောရှင်လီယွန် (Yaw Shin Leong)ဟာ ပါတီဝင် အမျိုးသမီးတစ်ဦးနဲ့ လိင်ကိစ္စ ရှုပ်ထွေးမှု ပေါ်ပေါက်ခဲ့ခြင်းကြောင့် အလုပ်တာဝန်မှ နုတ်ထွက်သွားခဲ့ကြောင်း ဖော်ပြထားတာကို ဖတ်ရှုနိုင်ပါတယ်။

ဆောင်းပါးရှင်က စင်ကာပူနိုင်ငံသားတွေကို အဆိုးရွားဆုံး တုန်လှုပ်ချောက်ချားစေခဲ့တဲ့ ဖြစ်စဉ်နှစ်ခုကိုလည်း ရေးသားဖော်ပြထားပြန်ပါတယ်။ အဲဒီဖြစ်ရပ်ကများက တိုင်းပြည်ရဲ့ လုံခြုံရေးဆိုင်ရာ ထိပ်တန်းအကြီးအကဲနှစ်ဦးကို "ကာမရာဂ အဂတိလိုက်စားမှု" အတွက် ဖမ်းဆီးအရေးယူခဲ့ခြင်းပဲဖြစ်ပါတယ်။ ကာမရာဂ အဂတိလိုက်စားမှုဆိုတာက ငွေနဲ့လာဘ်မထိုးဘဲ ကာမနဲ့လာဘ်ထိုးတာကို လက်ခံသုံးစွဲခြင်း ဖြစ်ပါတယ်။ ဆောင်းပါးရှင်က အဲဒီပုဂ္ဂိုလ်နှစ်ဦးဟာ ဗဟိုမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့ရဲ့ အကြီးအကဲဟောင်း အင်(င်)ဘွန်ဂေး (Ng Boon Gay) နဲ့ မြို့ပြလုံခြုံရေးတပ်ဖွဲ့ အကြီးအကဲဟောင်း ပီတာလင်း (Peter Lim) တို့ဖြစ်ကြောင်း၊ အဲဒီအရာရှိကြီးနှစ်ဦးဟာ သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာလုပ်ငန်းရှင်နှစ်ဦးက လုပ်ငန်းကန်ထရိုက်ရရှိဖို့အတွက် သူတို့ရဲ့ ဝန်ထမ်း အမျိုးသမီးနဲ့ ကာမလာဘ်ထိုးခိုင်းလိုက်တာကို လက်ခံသုံးစွဲခဲ့ကြကြောင်း စင်ကာပူအဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဗျူရိုက စစ်ဆေးတွေ့ရှိခဲ့ပြီး တရားစွဲဆို အရေးယူခြင်းခံနေကြရကြောင်း၊ ဒါ့အပြင် ၂၀၁၂ ခုနှစ်မှာ အဲဒီအမှုထက် ပိုပြီး တုန်လှုပ်စေခဲ့တဲ့ အမှုကတော့ အရွယ်မရောက်သေးတဲ့ပြည့်တန်ဆာများနဲ့ ပျော်ပါးဖို့ စင်ဒီကိတ်တစ်ခုက စနစ်တကျ စီစဉ်တဲ့အတိုင်း လွန်ကျူးခဲ့ကြသူပေါင်း ၈၀ ကျော်ကို ဖမ်းဆီးရမိတဲ့ အမှုဖြစ်ကြောင်း အဲဒီအထဲမှာ ၅၁ ဦးဟာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ဦးစားပေးမှု အဖြစ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရှောဘရားသား သူဌေးရဲ့ မြေး၊ ဆွစ်ဇာလန်ဘဏ်သူဌေး၊ အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်၊ စင်ကာပူက ရှေ့နေ၊ ရဲအရာရှိများနဲ့ ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များပါဝင်နေကြောင်း ဖော်ပြထားပါတယ်။

အလွန် စိတ်ဝင်စားဖို့ကောင်းတဲ့ အမှုတစ်ခုက တက္ကသိုလ်ပါမောက္ခတစ်ဦးရဲ့လိင်ကိစ္စ အရှုပ်တော်ပုံပဲ ဖြစ်ပါတယ်။ သူကျူးလွန်တဲ့အမှုက တက္ကသိုလ်က အတန်းတင်ဖို့အတွက် ကာမတောင်းခံတဲ့အမှု (The Sex- for Grades)ပဲ ဖြစ်ပါတယ်။ ဆောင်းပါးရှင်က ဥပဒေပညာပါမောက္ခ တေးဆွန်းဟန် (Tey Sung Hang) ဟာ ၂၃ နှစ်အရွယ် ဘွဲ့မရသေးတဲ့ ဒါရင်းကိုဝင်ဟေး (Darinne Ko Wen Hui)ဆိုတဲ့ ကျောင်းသူကို အတန်းတင်ပေးဖို့အတွက် သူမထံက ကာမကို တောင်းခံသုံးစွဲခဲ့မှုနဲ့ အရေးယူခံနေရကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှာ ခရိုင်တရားရုံးတစ်ရုံးက ဒီအမှုကို စတင်ကြားနာစစ်ဆေးတော့မှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဆောင်းပါးရှင်က သူရဲ့ဆောင်းပါးနိဂုံးပိုင်းမှာ စင်ကာပူ နိုင်ငံသားတွေဟာ အကျင့်စာရိတ္တ ဖြောင့်မတ်ရေးအတွက် လီကွမ်ယုရဲ့ နှစ်ပေါင်းများစွာ အစဉ်တစိုက် ထိန်းသိမ်းကြပ်မတ်မှုကို ခံရပြီးတဲ့နောက် ယခုလို အမှုတွေ ဘာကြောင့်ကျူးလွန်ကြသလဲဆိုတာကို လူမှုရေးပညာရှင်များ၊ စိတ်ပညာရှင်များ ပူးပေါင်းပြီး ဆန်းစစ်အဖြေရှာကြဖို့ တိုက်တွန်းထားပါတယ်။ စင်ကာပူနိုင်ငံသားတွေဟာ အာရှမှာ ဂျပန်နိုင်ငံပြီးရင် ကာမဂုဏ်ခံစားမှု အနည်းဆုံးလို့ ယခင်သုတေသန ပြုချက်များကဆိုထားပြီး နောက်ဆုံး သုတေသနပြုချက်မှာတော့ စင်ကာပူ နိုင်ငံသားတွေဟာ တစ်ပတ်လျှင် အနည်းဆုံးကာမဂုဏ်ခံစားမှု ငါးကြိမ်ရှိကြောင်း အမျိုးသမီးတွေက ဒီထက်ပိုပြီး ခံစားလိုကြကြောင်းနဲ့ စင်ကာပူ လူချမ်းသာတွေဟာ ငွေကြေး ကြွယ်ဝကြပေမယ့် ကာမဆင်းရဲကြတယ်လို့သိရှိရကြောင်း၊ ပါလီမန်သဘာပတိရဲ့လိင်ကိစ္စအရှုပ်တော်ပုံကလည်း စင်ကာပူနိုင်ငံမှာ အာဏာရပါတီထဲက လူကြီးတွေကိုအမျိုးသမီးတွေ လုံးဝမချဉ်းကပ်ကြပါနဲ့လို့ သတိပေးနှိုးဆော်ရာရောက်ကြောင်း လေ့လာသူတစ်ဦးရဲ့အမြင်ကိုဖော်ပြပြီး နိဂုံးချုပ်ထားပါတယ်။

စီချိုင်ယင်နီးရဲ့ဆောင်းပါးပါ အချက်များအရ စင်ကာပူနိုင်ငံမှာ စားဝတ်နေရေးစတဲ့ အရေးသုံးပါးကို အဆင့်မြင့်မြင့် ဖြည့်ဆည်းပေးနိုင်တဲ့အတွက် ခိုးမှု၊ လုယက်မှု၊ သတ်ဖြတ်မှုစတဲ့ ဒုစရိုက်မှုများ မရှိသလောက် ကျဆင်းစေနိုင်ခဲ့သော်လည်း ကိလေသာလွန်ကျူးမှုကြောင့် ကာမဒုစရိုက်တွေကတော့ ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီး ခေါင်းထောင်နေတာ သိရှိနိုင်ပါတယ်။ ကာမရာဂလာဘ်စားမှုနဲ့ပညာရေးအတွက် ကာမတောင်းခံသုံးစွဲမှုတွေဟာ တိုင်းပြည်ဖွံ့ဖြိုးတည်ငြိမ်ရေးကို ထိခိုက်နစ်မွန်းစေတဲ့ အဆိုးရွားဆုံး ကာမဒုစရိုက်တွေပါပဲ။

စာရေးသူတို့နိုင်ငံမှာလည်း ဒါတွေကင်းရဲ့လား၊ ဘယ်လိုအခြေအနေရှိလဲဆိုတာ ဆန်းစစ်ကြစေချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီဒုစရိုက်တွေရဲ့ အကြောင်းအရင်းခံဖြစ်တဲ့ ကိလေသာ သောင်းကျန်းမှုကို နှိမ်နင်းဖို့အတွက် တရားဥပဒေကိုပဲ အားပြုလို့မရဘဲ ဗုဒ္ဓဓမ္မရဲ့ အကူအညီကိုလည်း ရယူသင့်ကြောင်း စင်ကာပူရီးယန်းတွေကို နှစ်သစ်ကူး လက်ဆောင်အဖြစ် အကြံကောင်းပေးလိုပါတယ်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.45 • JANUARY 17 , 2013

## တိုင်းရင်းသားမျိုးနွယ်စုအချို့ ပျောက်ကွယ်လုဖြစ်နေ

### တိုင်းရင်းသား မျိုးနွယ်စုများနှင့်ပတ်သက်၍ မှတ်တမ်းတင်မှုအားနည်း

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုများအား ပြည့်စုံစွာ မှတ်တမ်းတင်မှုနှင့်ပြည်သူများ အကြားသိရှိမှုမှာ အားနည်းနေပြီး အချို့မှာ ပျောက်ကွက်လုနီးပါး အခြေအနေသို့ရောက်ရှိနေကြောင်း လူမှုရေးနှင့် သမိုင်းပညာရှင်များက ပြောသည်။

ကချင်ပြည်နယ်ပူတာအိုခရိုင်အတွင်းရှိခရောင်းရွာတွင် နေထိုင်သောထရုံလူမျိုးများဆိုလျှင် မောင်နှမသုံးဦးသာ ကျန်ရှိတော့ပြီး ထရုံမျိုးနွယ်စုမှာ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း မကြာမီက ခါကာဘိုရာဇီတောင်ခြေသို့ သွားရောက်ခဲ့သော သဘာဝခေါ်သံဖောင်ဒေးရှင်းအဖွဲ့မှ သိရသည်။



*သားငှက်ထိန်းသိမ်းရေးပညာရှင် မစ္စတာအလန် (WCS) နှင့် ထရုံလူမျိုး ဒါဝီတို့ကို တွေ့ရစဉ်*

photo_www.flickr.com

"အရင်တုန်းက လုပ်ထားတာတွေတော့ ရှိပါတယ်။ သိပ်ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါဘူး။ အခုနောက်ပိုင်း လုပ်ထားတာတော့ မရှိဘူး" ဟု တိုင်းရင်းသားမျိုးနွယ်စုများအား မှတ်တမ်းတင်ထားခြင်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နိုင်ငံတော် အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်မှု အားနည်းနေသေးခြင်း၊ ပုဂ္ဂလိက မှတ်တမ်းတင်ဓာတ်ပုံရိုက်သူများနှင့် စာရင်းပြုစုသူအချို့ရှိနေသော်လည်း အရေအတွက်နည်းနေခြင်းတို့ကြောင့် တိုင်းရင်းသား မျိုးနွယ်စုများအား မှတ်တမ်းတင်ရန်နှင့် ပြည်သူများသိရှိရန် အားနည်းနေခြင်းဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

အချို့ မျိုးနွယ်စုတိုင်းရင်းသားများမှာ လူဦးရေအလွန်နည်းခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ စီးပွားရေးအရ အဆင်ပြေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းကြောင့် လူမျိုးစုများ ပျောက်ကွယ်သွားနိုင်သည့် အခြေအနေထိ ရောက်ရှိနိုင်သည်ဟု ပညာရှင်များနှင့် ၎င်းတို့နေထိုင်ရာ ဒေသများသို့ ဓာတ်ပုံမှတ်တမ်း ရိုက်ကူးခဲ့သူများက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ယင်းငှက်၊ ယင်းကျားမျိုးနွယ်စုများအကြောင်းဓာတ်ပုံရိုက်ကူးခဲ့သူကိုကျော်ကျော်ဝင်းက "ဓာတ်ပုံသွားရိုက်ရင် တစ်ခေါက်နဲ့တစ်ခေါက် လူတွေမတူတော့ဘူး။ ပထမတစ်ခေါက်ရိုက်ခဲ့တဲ့သူတွေဘယ်ရောက်သွားလဲမေးရင် ယိုးဒယား ထွက်သွားကြတယ်လို့ပြောတယ်"ဟုဆိုသည်။

ကချင်ပြည်နယ် ပူတာအိုဒေသရှိ ထရုံလူမျိုးများ၊ ရှမ်းပြည်နယ်ပင်းတယနှင့် ကျိုင်းတုံဒေသရှိ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုအချို့မှာ ပျောက်ကွယ်လုနီးပါးအခြေအနေသို့ရောက်ရှိနေသည်ဟု သိရသည်။

"မြန်မာနိုင်ငံမှာဆို 'သက်' လူမျိုးတွေ မရှိတော့ဘူး။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်ထဲမှာတော့ ရှိသေးတယ်" ဟု သမိုင်းပညာရှင် ဒေါက်တာကျော်ဝင်းက ပြောသည်။

မျိုးနွယ်စုများ ဆက်လက်တည်ရှိနိုင်ရေးအတွက် ၎င်းတို့နေထိုင်ရာဒေသများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီး လုံခြုံရေးနှင့် အာမခံချက်ရှိသော အခြေအနေမျိုးကို အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတော်က ပါပူးပေါင်းဆောင်ရွက်သင့်သည်ဟု လူမှုရေးနှင့်သမိုင်းပညာရှင်များက ပြောသည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော မျိုးနွယ်စုကြီး ရှစ်ခုရှိပြီး တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၅ မျိုးရှိသည်။

## ဥပဒေကြမ်းနှစ်ခုနှင့်ပတ်သက်၍ သမ္မတ၏ အဆိုတင်သွင်းမှု ရှုံးနိမ့်

**မင်းဟိန်းကျော်**

**နေပြည်တော်၊ဇန်နဝါရီ-၁၄**

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့် ဥပဒေနှစ်ခုအား သမ္မတ၏ သဘောထားမှတ်ချက်ပေးပို့မှုများကို ပြည်ထောင်စုလွှတ်တော်က ဇန်နဝါရီ ၁၄ ရက်တွင် ပယ်ချခဲ့သဖြင့် သမ္မတ၏ အဆိုတင်သွင်းမှုများ ရှုံးနိမ့်သွားခဲ့သည်။

ပြီးစီးခဲ့သည့် ပဉ္စမပုံမှန် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသည့် အချက်များ ပါဝင်နေသည့်အတွက် ပြင်ဆင်မှုများအား ပယ်ဖျက်ပေးပါရန် နိုင်ငံတော်သမ္မတက မှတ်ချက်ပြုပေးပို့ခဲ့မှုများကို ဇန်နဝါရီ ၁၄ ရက်တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရာ သမ္မတ၏အဆို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

သမ္မတ၏ မှတ်ချက်ပေးပို့မှုအား ဆွေးနွေးရာတွင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အရပ်သားနှစ်ဦး၊ တပ်မတော်ကိုယ်စားလှယ်နှစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တို့က ၎င်းဥပဒေနှစ်ခုကို ပြင်ဆင်ချက်များသည် အခြေခံဥပဒေနှင့် ဆန့်ကျင်နေသဖြင့် အဆိုပါဥပဒေကို ပြင်ဆင်မည့်အစား အခြေခံဥပဒေကိုသာပြင်ဆင်ရန် ဆောင်ရွက်သင့်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်ရာတွင် အဆိုပါဥပဒေကြမ်းနှစ်ခုအား လွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်းသာ ထားရှိရန်အဆိုက အနိုင်ရရှိသွားသည်။ မကြာမီတွင်ဥပဒေတစ်ခုအဖြစ် အသက်ဝင်လာမည်ဖြစ်ပြီး စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရနိုင်ငံတော်၏အရအသုံးစာရင်းများကိုတစ်နှစ်လျှင်တစ်ကြိမ်ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊ စာရင်းစစ်ချုပ်၏ တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတသို့ တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

"ကျွန်တော်တို့က အများသဘောအတိုင်း ဆုံးဖြတ်ကြတာပါ။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာမဟုတ်ဘူး။ ဒီလိုအများဆန္ဒကို အကောင်အထည်ဖော်ခြင်းအားဖြင့် အာဏာရှင်စနစ်ကို ခေါင်းထောင်မလာနိုင်အောင် ပြုလုပ်ခြင်းလည်း မည်ပါတယ်"ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုသဖြင့် ခုံရုံးကိုရွေးချယ်ခန့်အပ်ရာတွင်ယခင်ကဲ့သို့သမ္မတတစ်ဦးတည်းက ရွေးချယ်ခန့်အပ်ခြင်းမပြုလုပ်နိုင်တော့ဘဲ သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့က တစ်ဦးလျှင်ခုံရုံးအတွက် သုံးဦးစီရွေးချယ်ခန့်အပ်နိုင်မည်ဖြစ်သည်။

## Western Union ဝင်လာသော်လည်း တရားမဝင် ငွေလွှဲလုပ်ငန်းများ မပျောက်နိုင်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၄**

နိုင်ငံပေါင်းနှစ်ရာကျော်နှင့် ချိတ်ဆက်၍ ငွေလွှဲလုပ်ငန်းလုပ်ကိုင်နေသည့် Western Union မှ တစ်ဆင့် မြန်မာနိုင်ငံရှိ ဘဏ်ခြောက်ခုသို့ ငွေလွှဲပို့နိုင်ပြီဖြစ်သော်လည်း တရားမဝင်လုပ်ကိုင်နေသော ငွေလွှဲလုပ်ငန်းများ ပပျောက်မသွားနိုင်ဟု ကျွမ်းကျင်သူများကသုံးသပ်သည်။

" Trading (ကုန်သွယ်ရေး) လုပ်ငန်းတွေတော့ သိပ်အသုံးမဝင်ဘူး။ ဒေါ်လာ ၁၀၀၊ ၂၀၀ လွှဲတဲ့လူတွေအတွက်လောက်ပဲ အသုံးတည့်တယ်။ ဒါပေမဲ့ သူ့ရဲ့ဝန်ဆောင်ခက ဈေးကြီးတယ်"ဟု ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နိုင်ငံမှမြန်မာနိုင်ငံသို့ Western Union ဖြင့် ငွေလွှဲပါက မြန်မာကျပ်ငွေ တစ်သိန်းလျှင် ဝန်ဆောင်ခ ခြောက်ထောင်ကျပ်ခန့် ကျသင့်ပြီး ပွဲစားနှင့် လွှဲပါက ၄၅၀ ကျပ်သာ ကျသင့်သဖြင့် ပွဲစားဖြင့်သာ ငွေလွှဲရန် စဉ်းစားထားကြောင်း ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်နေသူ ကိုအောင်မျိုးကပြောသည်။

"ဟိုဘက်က ဒေါ်လာနဲ့လွှဲလည်းဒီဘက်မှာကျတော့ကျပ်ငွေပဲထုတ်ယူလို့ရတဲ့အတွက် ခရီးသွားလုပ်ငန်းအတွက်လည်း သိပ်အဆင်မပြေဘူး။ ဟိုတယ်ခတွေက ဒေါ်လာပဲပေးရတာ။ ဒေါ်လာထုတ်လို့ရရင်တော့ နည်းနည်းအဆင်ပြေနိုင်တယ်" ဟု Nature Dream ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်စပယ်အောင်က ပြောသည်။

Western Union နှင့် မြန်မာနိုင်ငံရှိနေရာပေါင်း ၁၅၀ ကျော်တွင် ဘဏ်ခွဲများ ဖွင့်လှစ်ထားသော သမဝါယမဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နှင့် ယူနိုက်တက်အမရာဘဏ်တို့ ဇန်နဝါရီ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

" Western Union ရဲ့ ကောင်းတာတစ်ခုက ဟိုဘက်က ငွေလွှဲလိုက်ပြီးရင် ထုတ်မယ့်သူက ဂဏန်း ၁၀ လုံးပါတဲ့ MTCN နံပါတ်သိပြီဆိုရင် မြန်မာပြည်မှာ Western Union နဲ့ ချိတ်ဆက်ထားတဲ့ ဘယ်ဘဏ်မဆို သွားထုတ်လို့ရတယ်။ မြန်မာပြည်မှာ ငွေလွှဲသလိုကျောက်တံတားဘဏ်ခွဲဆို ကျောက်တံတားဘဏ်ခွဲမှာပဲ ထုတ်လို့ရတာမဟုတ်ဘူး။ မော်လမြိုင်ရောက်နေရင် ရောက်တဲ့မြို့မှာ Western Union နဲ့ချိတ်ဆက်ထားတဲ့ ဘဏ်ရှိရင် အဲဒီမှာ ထုတ်လို့ရတယ်"ဟု မြန်မာရှေ့ဆောင်ဘဏ်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးမင်းကပြောသည်။

ထို့ကြောင့် Western Union ရှိသော နိုင်ငံများမှ မြန်မာရှိ ယင်း ဘဏ်ခြောက်ခု၏ ဘဏ်ခွဲများ ဖွင့်လှစ်ထားရာဒေသသို့ ငွေလွှဲနိုင်ပြီ ဖြစ်သည်။

## မီးလောင်ဒဏ်ရာရသော သံဃာခုနစ်ပါးအား အရေပြားလဲပေး

**သွယ်သွယ်လင်း၊အိမွန်ကျော်**

**ရန်ကုန်၊ဇန်နဝါရီ-၁၃**

လက်ပံတောင်းတောင်အခင်းဖြစ်ပွားရာမှ အရေပြားမီးလောင်ခံရသော သံဃာတော်ခုနစ်ပါးအား သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးကိုယ်တိုင်ခွဲစိတ်ကုသ၍ အရေပြားလဲပေးခဲ့ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းတောင်ရိုး၊ သီတဂူအာယုဒါနဆေးရုံတော်တွင် မီးလောင်ဒဏ်ရာရသံတော်အပါး ၁၀၀ ကျော် ဆေးကုသမှုခံယူခဲ့ရာ အနာများကို စစ်ဆေး၍ စားဆေး၊ သောက်ဆေးပေးကာ ၉၀ ကျော်မှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သီတဂူအာယုဒါနဆေးရုံတော် စီမံအုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

သီတဂူအာယုဒါနဆေးရုံတော်ပေါ်သို့ ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ မီးလောင်ဒဏ်ရာ သံဃာတော်၊ သာမဏေနှင့် အမျိုးသား၊ အမျိုးသမီး လူနာပေါင်း ၁၁၆ ဦး လာရောက်ကုသကြပြီး ၉၃ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။ ဇန်နဝါရီ ၁၀ ရက်အထိ တက်ရောက်ကုသနေသော လက်ပံတောင်းတောင်လူနာ ၂၃ ဦးရှိသည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ပံတောင်းတောင် ဖြိုခွင်းစဉ်က မီးလောင်ဒဏ်ရာရ လူနာများအတွက် သီတဂူဆရာတော်သည် ဆေးဖိုးဝါးခ ကျပ် ၂၅ သိန်းလှူဒါန်းခဲ့သည်။ ထို့အပြင် ပြည်ပမှ ဆေးဝါးများမှာယူကာ ကျွမ်းကျင်နိုင်နင်းသော ဆရာဝန်များနှင့် သီတဂူအာယုဒါနဆေးရုံတော်တွင် ဒဏ်ရာရသံဃာတော်များနှင့် လူနာများအား ဆေးကုသမှုပေးနေကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# တပ်တွေကိုသာပြန်ဆုတ်လိုက်ပြီး စမ်းကြည့်ပါ၊ တိုက်ပွဲအရှိန်လျော့သွားမှာပါ

## ကေအိုင်အိုပြောရေးဆိုခွင့်ရှိသူဦးလနန်နှင့်တွေ့ဆုံခြင်း

■ အေးမြကျော်

အစိုးရတပ်မတော်နှင့် ကေအိုင်အေကြား တိုက်ပွဲများနှင့်ပတ်သက်၍ ကေအိုင်အို၊ ကေအိုင်အေ ပြောရေးဆိုခွင့်ရှိသူ ဦးလနန်နှင့် ဇန်နဝါရီ ၁၄ရက်တွင် ဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းထားသည်များကို စာဖတ်ပရိသတ်များအတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒီနေ့မနက် ဇန်နဝါရီ ၁၄ ရက်မှာ တပ်မတော်က ပစ်လိုက်တဲ့ အမြောက်ဆန်ထိမှန်ပြီး အရပ်သားတွေ သေဆုံး၊ ဒဏ်ရာရခဲ့တာတွေ ရှိတယ်လို့သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘာများ မှတ်ချက်ပေးလိုပါသလဲ။**

အစိုးရကတော့ ကေအိုင်အိုက လူထုကို အမြဲတမ်း ထိခိုက်အောင်လုပ်တယ်။ အသက်အိုးအိမ်စည်းစိမ်ကို နှောင့်ယှက်တယ်လို့ ပြောနေကြပါ။ အမှန်တကယ်တော့ ဒီအဖွဲ့အစည်းဟာ လူထုကနေပေါက်ဖွားလာတဲ့တော်လှန်ရေးအဖွဲ့အစည်းပါ။ လူထုအရပ်သားတွေကိုဘယ်တော့မှရည်ရွယ်ချက်ရှိရှိနဲ့ထိခိုက်စေတာမျိုး ဘယ်တော့မှမလုပ်ဘူး။ စစ်တပ်အနေနဲ့တိုက်ပွဲစဖြစ်လာကတည်းက အရပ်သားတွေ နှိပ်စက်တာမျိုး၊ ရွာတွေမီးရှို့တာမျိုး၊ ဖမ်းဆီးသတ်ဖြတ်တာမျိုးတွေ အများကြီးရှိပါတယ်။ အထောက်အထားတွေလည်းအများကြီးရှိတယ်။ သိရက်သားနဲ့ လိုင်ဇာမှာ အရပ်သားတွေ လူနေစိပ်တဲ့နေရာကို တမင်ရည်ရွယ်ပြီး ပစ်ခတ်တာပါ။ ဒါကြောင့် လက်နက်ကြီးနှစ်လုံးက ရှေ့ဆင့်နောက်ဆင့်ကျရောက်ပြီး ပေါက်ကွဲတယ်။

**ဒီဇင်ဘာလကုန်နဲ့ ဒီလဆန်းပိုင်းမှာ အခြေအနေက အတော့်ကို တင်းမာလာတော့ ဖြေရှင်းလို့ရမယ့်နည်းရော ရှိပါသေးလား။ ဘယ်လိုဖြေရှင်းလို့ ရနိုင်မလဲ။**

ဒီကိစ္စ ပြောမယ်ဆိုတော့ ခက်မယ်ထင်တယ်ခင်ဗျ။ ထိခိုက်နစ်နာတာတွေ များလာလေ ရှုပ်ထွေးမှုတွေ များလာမယ်။ ဒီရှုပ်ထွေးမှုကို ဖြေရှင်းဖို့တော့ အချိန်ကြာကြာ ယူရလိမ့်မယ်လို့ ထင်တယ်။ ဒီလိုမျိုးလုပ်ခြင်းအားဖြင့် ပြည်နယ်သူပြည်နယ်သားတွေနဲ့ အစိုးရကြားမှာလည်း ဖြေရှင်းရခက်တဲ့ ပြဿနာတွေ အများကြီး ပေါ်လာနိုင်တယ်။

**အစိုးရဘက်က ရဟတ်ယာဉ်တစ်စီး ဇန်နဝါရီ ၁၁ ရက်က ပျက်ကျသွားပါတယ်။ စက်ချွတ်ယွင်းခဲ့လို့ အရေးပေါ်ဆင်းသက်ရတယ်လို့ သတင်းထုတ်ပြန်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဒီဘက်က ဘာများ ပြောလိုပါသလဲ။**

အစိုးရထုတ်ပြန်ချက်က အမြဲတမ်းအဲဒီလိုပါပဲ။ ကေအိုင်အိုဌာနချုပ်၊ လဂျားယန်ဘက်ကိုလေယာဉ်နဲ့ လာပစ်တုန်းကလည်း မပစ်ပါဘူးလို့ငြင်းချက်ထုတ်တယ်။ နောက်ပြောတာများလာတဲ့အခါ လေ့ကျင့်ရေးလေယာဉ်တွေ လာတာပါလို့ ပြောတယ်။ အဲဒီလိုနဲ့ပဲ နောက်ဆုံးကျတော့ လေတပ်ကူ တိုက်ခိုက်ရတယ်လို့ နောက်ဆုံးကျ သတင်းထုတ်တယ်။ ဒါတော့ အမြဲလုပ်နေကျ ဖြစ်ရိုးဖြစ်စဉ်ပါ။ ကေအိုင်အေအနေနဲ့ လေယာဉ်လာတဲ့နောက်ပိုင်းမှာ လေယာဉ်ပစ်တဲ့အဖွဲ့ကို ဖွဲ့စည်းထားတာရှိတယ်။ လေယာဉ်ပစ်လက်နက်တွေနဲ့ နေရာတော်တော်များများမှာ နေရာယူထားတာရှိတယ်။ အခြားနေရာမှာလည်း ပစ်ခဲ့တာရှိတယ်။ ထိခဲ့တာလည်း ရှိတယ်။ ပျက်ကျသွားတဲ့ အဆင့်တော့ မရောက်ဘူး။ ၁၁ ရက်နေ့ဖြစ်စဉ်မှာတော့ အချက်ပေါင်း ၂၀ ကျော် ပစ်ခတ်တဲ့အထဲမှာ ကျည်တချို့က အင်ဂျင်ပိုင်းကို ထိချက်မှန်သွားတယ်။ ထိချက်မှန်တာနဲ့ လေယာဉ်က နောက်ကြောင်းပြန်သွားတယ်။ ပြန်သွားရင်းနဲ့ပဲ လမ်းခရီးမှာ ပျက်ကျသွားတာပါ။

**ကေအိုင်အေက ရထားလမ်းတွေ၊ တံတားတွေ မိုင်းခွဲတာ အကြိမ် ၅၀ ကျော် လုပ်ခဲ့တယ်လို့ အစိုးရက သတင်းထုတ်ပြန်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးရော ဘာများမှတ်ချက်ပေးချင်ပါလဲ။**

အစိုးရစစ်တပ်ကနေ တက်လာတဲ့ ရထားကို ဟန့်တားနှောင့်ယှက်တာမျိုးလုပ်တယ်။ ဒါပေမဲ့ ရထားကို တိုက်ခိုက်တာမျိုးတော့ မရှိသလောက်ပါဘဲ။ ဟိုတလောတုန်းက ကုန်တွဲနဲ့ စစ်ပစ္စည်းတွေ သယ်လာတယ်။ အဲဒီမှာ ရထားကို ဖျက်ဆီးတာ၊ ဟန့်တားတာမျိုး လုပ်တယ်။ လွန်ခဲ့တဲ့ နှစ်တွေမှာ တုန်းက စစ်သားတွေ တင်လာတဲ့ ရထားဆိုရင် ဟန့်တားတာမျိုးလုပ်တယ်။ ဒါပေမဲ့ အရပ်သားတွေစီးတဲ့ လူစီးတွဲကို ဖောက်ခွဲဖျက်ဆီးတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ နောက်ပြီး လုပ်တဲ့နေရာမှာလည်း အဆန်ရထားကို ဟန့်တားတာမျိုး လုပ်တယ်။ မန္တလေးကနေတက်လာပြီဆိုတာနဲ့ သတင်းရပြီးသားပါ။ ဘယ်ရထား၊ ဘယ်အတွဲမှာ ဘယ်ပစ္စည်းတင်လာတယ်ဆိုတာ သတင်းအတိအကျ ရတာပါ။ သတင်းအရ လုပ်တာမျိုးလုပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ မနေ့တစ်နေ့က ဖြစ်တဲ့ဖြစ်စဉ်တွေမှာတော့ ကျွန်တော်တို့ရဲ့ လက်ချက်လုံးဝမဟုတ်ဘူး။ အဲဒါကတော့ ကေအိုင်အိုအဖွဲ့အစည်းကို အဖျက်သမားဖြစ်ပါတယ်၊ အဖျက်အမှောင့်လုပ်တဲ့အဖွဲ့အစည်းဖြစ်ပါတယ်ဆိုပြီး ပုံဖော်ချင်တဲ့အတွက် လုပ်တာလို့သာ ပြောရမယ်။ ဒါကေအိုင်အိုနဲ့ လုံးဝသက်ဆိုင်မှုမရှိတဲ့လုပ်ရပ်တွေပါ။

**အခုဆိုရင် အရပ်သားတွေ ထိခိုက်သေဆုံးခဲ့ကြတော့ သူတို့ရဲ့ ဘေးကင်းလုံခြုံရေးကိုရော ဘယ်လိုစီစဉ်ထားလဲ။**

အရပ်သားတွေက နဂိုကတည်းက တိုက်ပွဲဖြစ်လာတဲ့ကြားမှာဆိုတော့ အားလုံးသတိအနေအထားနဲ့ နေပြီးသားပါ။

အချပ်ပို(B)သို့








# လိုင်ဇာကို ထိုးစစ်ဆင်ခြင်း၊ ကေအိုင်အေကို အပြီးတိုင်ချေမှုန်းခြင်း မဟုတ်ပါဘူး

## နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်နှင့်အင်တာဗျူး

■ အားမာန်

နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဇန်နဝါရီ၈ရက်တွင် စတင်ခန့်အပ်တာဝန်ပေးခြင်း ခံရသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ကို ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများ၊ စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ 7Day News က မေးမြန်းထားသည်များကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။



**အစိုးရနဲ့ကေအိုင်အိုကြားထဲမှာ တွေ့ဆုံဆွေးနွေးမှုကနေ ငြိမ်းချမ်းရေးတည်ဆောက်ဖို့က အခုအခြေအနေမှာ ယုံကြည်မှု ပျောက်ဆုံးနေတာ တွေ့ရပါတယ်။ တွေ့ဆုံဆွေးနွေးမှုက အဖြေ ပြန်ရှာနိုင်ဖို့ ယုံကြည်မှု တည်ဆောက်နိုင်မယ့် နည်းလမ်းရှိရင် သိလိုပါတယ်။**

နိုင်ငံတော်အစိုးရနဲ့ကေအိုင်အိုကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကနေ ယုံကြည်မှု ပြန်လည်တည်ဆောက်ဖို့အတွက်ပထမဆုံး လုပ်ဆောင်သင့်တာကတော့ အပစ်အခတ်ရပ်စဲရေး စတင်တည်ဆောက်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတကာဖြစ်စဉ်များကို လေ့လာကြည့်မယ်ဆိုရင်လည်း လက်နက်ကိုင်တိုက်ခိုက်နေမှုများကို အရင်ရပ်ဆိုင်းပြီးမှ နောက်အဆင့် ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရဘက်က အပစ်အခတ်ရပ်စဲရေးကို အရင်သဘောတူပြီးမှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် အကြိမ်ကြိမ်ပြောဆိုကမ်းလှမ်းခဲ့တာလည်း အပစ်အခတ်ရပ်စဲရေး အောင်မြင်ပြီးရင် လက်နက်ကိုင်ပဋိပက္ခများကို အဖြေရှာဖို့အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ မဖြစ်မနေပြုလုပ်ဖို့ လိုအပ်ကြောင်းနဲ့ ကေအိုင်အို/ကေအိုင်အေအဖွဲ့ကိုလည်း ချန်လှပ်မထားဘဲ အပစ်အခတ်ရပ်စဲရုံသာမက နိုင်ငံရေးဆွေးနွေးပွဲများမှာပါ ပါဝင်လာနိုင်ဖို့အတွက် တံခါးဖွင့်ထားကြောင်း ထပ်မံပြောကြားထားပြီး ဖြစ်ပါတယ်။

**တွေ့ဆုံဆွေးနွေးမှု အဆင်ပြေအောင် တတိယအဖွဲ့အစည်း ဒါမှမဟုတ် တတိယနိုင်ငံ တစ်ခုခုကို အကူအညီတောင်းဖို့ အစီအစဉ်များ ဖြစ်လာနိုင်ပါသလား။**

မြန်မာနိုင်ငံအတွင်း ပဋိပက္ခများနဲ့ ပတ်သက်ပြီး မြန်မာတိုင်းရင်းသားများက အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အချင်းချင်းတွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့ လိုအပ်တဲ့ကော်မတီများ၊ အဖွဲ့အစည်းများလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ တတိယအဖွဲ့အစည်း၊ တတိယနိုင်ငံမျိုးက တွေ့ဆုံနိုင်မယ့်နေရာစီစဉ်ပေးတာမျိုးတော့ ရှိနိုင်ပါတယ်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တပ်မတော်ကို ကေအိုင်အို/ကေအိုင်အေ ဌာနချုပ်တည်ရှိရာ လိုင်ဇာမြို့ကို မသိမ်းဖို့ မှာလိုက်တယ်လို့သိရပါတယ်။ ဒါပေမဲ့လိုင်ဇာမြို့ ပတ်ပတ်လည်က ကေအိုင်အေ အမာခံတပ်စွဲထားတဲ့ တောင်ကုန်းတွေကို အကြီးအကျယ် ထိုးစစ်ဆင်နေတာသိရပါတယ်။ အစိုးရတပ်မတော်ရဲ့ ရည်မှန်းချက်ကို သိချင်ပါတယ်။ ကေအိုင်အေကို အပြီးတိုင် ချေမှုန်းရေးလား။ ဒါမှမဟုတ် ဘာပါလဲ။ ကေအိုင်အို/ကေအိုင်အေနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတရဲ့ နောက်ဆုံးညွှန်ကြားချက်ကို သိလိုပါတယ်။**

အခု လဂျားယန်ဒေသမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲများဟာ ပြီးခဲ့တဲ့ လပေါင်းများစွာအတွင်းမှာ ကေအိုင်အေအဖွဲ့က ခြေကုတ်ယူပြီး လဂျားကန်စခန်းမှာရှိတဲ့ တပ်မတော်အဖွဲ့ဝင်များ၊ လဂျားယာန်စခန်းကို ရိက္ခာလာရောက်ပို့ဆောင်တဲ့ တပ်မတော်စစ်ကြောင်းများကို တိုက်ခိုက်နေခဲ့တဲ့ နေရာများကို မိမိတပ်ဖွဲ့ဝင်များက လုံခြုံရေးနဲ့ မြစ်ကြီးနား၊ ဗန်းမော်ကားလမ်း ပြန်လည်အသုံးပြုနိုင်ဖို့အတွက် ရှင်းလင်းတဲ့ စစ်ဆင်ရေးဖြစ်ပါတယ်။ လဂျားယန်စခန်းပတ်ဝန်းကျင်က တောင်ကုန်းများကို ရှင်းလင်းသိမ်းပိုက်ခြင်းသာ ဖြစ်ပါတယ်။ လိုင်ဇာကို ထိုးစစ်ဆင်ခြင်း၊ ကေအိုင်အေကို အပြီးတိုင်ချေမှုန်းခြင်း မဟုတ်ပါဘူး။ တပ်မတော်အနေနဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နယ်မြေဒေသအေးချမ်းတည်ငြိမ်ရေးနဲ့ မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရေးအတွက် လိုအပ်သလောက် အင်အားသာ အသုံးပြုပြီး စစ်ရေးအရပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ အမိန့်ဖြစ်တဲ့ မိမိကိုယ်မိမိ ခုခံကာကွယ်မှုကလွဲပြီး ထိုးစစ်ဆင်မှုမပြုလုပ်ဖို့ဆိုတဲ့ အမိန့်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

**ကေအိုင်အို/ကေအိုင်အေထိန်းချုပ်နယ်မြေထဲမှာရှိတဲ့ စစ်ဘေးဒုက္ခသည် ၆၆,၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အစိုးရအနေနဲ့ အဲဒီစစ်ဘေးဒုက္ခသည်တွေနဲ့ပတ်သက်ပြီး အရင်ကကူညီထောက်ပံ့မှုလုံးဝမရှိဘူးလို့ ကေအိုင်အိုဘက်က ပြောပါတယ်။ တိုက်ပွဲတွေကြောင့် အကူအညီတွေ ပိုနည်းသွားသလို ရာသီဥတုဒဏ်ကြောင့် အခက်ခဲဆုံးအခြေအနေ ရင်ဆိုင်နေရတဲ့ အဲဒီစစ်ပြေး ဒုက္ခသည်တွေအတွက် ဘယ်လို ကူညီပံ့ပိုးမှုတွေပေးဖို့ ရှိပါသလဲ။**

ကေအိုင်အေ ထိန်းချုပ်နယ်မြေထဲမှာရှိတဲ့ စစ်ဘေးရှောင် ဒုက္ခသည်တွေ ကူညီထောက်ပံ့ရေးနဲ့ပတ်သက်ပြီး မပြောခင် သူတို့ပြောနေတဲ့ ဒုက္ခသည်အရေအတွက်ထဲမှာ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့ဝင်တွေ၊ အဖွဲ့ဝင်တွေရဲ့ မိသားစုတွေ ဘယ်လောက်ပါနေသလဲဆိုတာ သေသေချာချာ စိစစ်သင့်တယ်လို့ ထင်ပါတယ်။

စာ(၃၀)သို့



စာ(၂၉)မှ

## နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်နှင့်အင်တာဗျူး

အဲဒီဒေသဘက်ကိုလေယာဉ်၊ ရဟတ်ယာဉ် ပျံသန်းမှုလည်း မရှိဘူးလို့ သိရပါတယ်။ ဒါကြောင့် ဒီပေါက်ကွဲမှုဟာ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ လွတ်လပ်တဲ့အတည်ပြုချက်များရရှိဖို့လိုပါတယ်။

**ပြည်သူတွေအားလုံးက မလိုလားပေမယ့် အစိုးရနဲ့ ကေအိုင်အေ တိုက်ပွဲတွေက ဒီရက်ပိုင်းမှာပဲ ပိုပြီးတင်းမာပြင်းထန်လာတာ တွေ့ရပါတယ်။ တွေ့ဆုံဆွေးနွေးမှုပြန်လုပ်လို့ရအောင် အရေးကြီးဆုံးအဆင့်ဖြစ်တဲ့နှစ်ဖက်စလုံးစစ်ရေးအရှိန်ကိုဘယ်လိုလျှော့နိုင်မယ်လို့ ထင်ပါသလဲ။**

တိုက်ခိုက်မှုတွေအရှိန်လျှော့ဖို့အတွက်ဆိုရင် နှစ်ဖက်တွေ့ဆုံဆွေးနွေးဖို့ လိုအပ်ပါတယ်။ တပ်ပိုင်းဆိုင်ရာကိစ္စတွေမှာ အဆုံးအဖြတ်ပေးနိုင်မယ့်သူတွေပါဖို့လိုပါတယ်။ ရွှေလီမှာ နောက်ဆုံးတွေ့ဆုံဆွေးနွေးတုန်းက တပ်မတော်ဘက်က အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးဖို့ သွားရောက်ခဲ့ပေမယ့် ကေအိုင်အေဘက်က ဦးဂွန်မော်တို့ လာရောက်ခြင်း မရှိတဲ့အတွက် ဆွေးနွေးနိုင်ခြင်း မရှိခဲ့ပါဘူး။ International Crisis Group အဖွဲ့ကလည်း ကေအိုင်အေဘက်က ဒီလိုဆွေးနွေးဖို့ပျက်ကွက်ခြင်းဟာ တိုက်ပွဲတွေ အရှိန်မြင့်လာရခြင်းရဲ့ အကြောင်းရင်းတစ်ခုအဖြစ်ထောက်ပြထားပါတယ်။

**ရှေ့တန်း တိုက်ပွဲတွေမှာ တပ်မတော်အနေနဲ့ တိုက်လေယာဉ်တွေကို အသုံးပြုခဲ့တဲ့အပြင် ဒီနောက်ပိုင်း ဓာတုလက်နက်တွေ သုံးတော့မယ်၊ သုံးနေပြီလို့ လူမှုကွန်ရက် စာမျက်နှာတွေမှာ ရေးသားဖော်ပြလာတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘာများ မှတ်ချက်ပေးချင်ပါလဲ။**

တပ်မတော်အနေနဲ့ ဘယ်တုန်းကမှ ဓာတုလက်နက် မသုံးခဲ့ပါဘူး။ အခုလည်း သုံးဖို့ ရည်ရွယ်ချက်မရှိပါဘူး။ အခု အင်တာနက်ပေါ်မှာ ပေါ်ပေါက်နေတဲ့ စွပ်စွဲချက်များဟာ လုံးဝမှားယွင်းပါတယ်။ ကေအိုင်အေ ဒါမှမဟုတ် ကေအိုင်အေကို ထောက်ခံတဲ့သူများက ကေအိုင်အေတပ်ဖွဲ့ဝင်တွေ တိုက်လိုခိုက်လိုစိတ်မရှိတော့လို့ စခန်းများ စွန့်ခွာခဲ့ရတဲ့ အခြေအနေကို ဖုံးကွယ်ချင်လို့ ဒီလိုမမှန်သတင်းတွေ ထုတ်လွှင့်နေတာလို့ ထင်ပါတယ်။

**အစိုးရနဲ့ ကေအိုင်အေ တိုက်ပွဲတွေ ပြန်ဖြစ်ခဲ့တဲ့ ၂၀၁၁ ဇွန် ၉ ရက်က စပြီး မိုင်းခွဲခံရတဲ့ ရထားနဲ့ တံတား အကြိမ်ရေ ဘယ်လောက်ရှိပါပြီလဲ။ အချို့မိုင်းခွဲတာတွေမှာစစ်သားတွေနဲ့စစ်ပစ္စည်းတွေ သယ်ဆောင်လာတဲ့ ရထားတွေမို့သာ စစ်ပွဲတွေ ထုံးစံအတိုင်း ကေအိုင်အေက မိုင်းခွဲတယ်လို့ပြောတာရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘာများမှတ်ချက် ပေးလိုပါသလဲ။**

၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားတဲ့အချိန်ကစပြီး ယခု ဇန်နဝါရီ ၁၃ ရက်အထိ မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ကေအိုင်အေက မိုင်းခွဲတိုက်ခိုက်မှု ၅၄ ကြိမ်နဲ့ မန္တလေး-မြစ်ကြီးနားရထားလမ်းမှာ မိုင်းခွဲတိုက်ခိုက်မှုနှစ်ကြိမ် စုစုပေါင်း ၅၆ ကြိမ် လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီရထားတွေအားလုံးဟာ လူစီးရထားနဲ့ အရပ်ဘက်ကုန်တင်ရထားများသာဖြစ်ပါတယ်။ ကုန်တင်ရထားတိုက်ခိုက်ခံရတုန်းက မြန်မာ့မီးရထားက ကုန်ပစ္စည်းစာရင်းတောင် အသေးစိတ်ထုတ်ပြန်ခဲ့ပါသေးတယ်။ မိုင်းခွဲတိုက်ခိုက်ခံရတဲ့ ရထားများပေါ်မှာ ခရီးသည်တွေပါသလို ပတ်ဝန်းကျင်မှာလည်း ဒေသခံပြည်သူတွေရှိပါတယ်။ တကယ်လို့ အဲဒီရထားများဟာ စစ်ရထားဆိုရင် သူတို့ကိုယ်တိုင်ကပြောမှာဖြစ်ပါတယ်။ ကေအိုင်အေက မိုင်းခွဲတိုက်ခိုက်ခဲ့တဲ့ ရထားများက အရပ်ဘက်လူစီးနဲ့ ကုန်ရထားများသာ ဖြစ်ပါတယ်။

**နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရသစ် လက်ထက် သက်တမ်းတစ်နှစ်နဲ့ ကိုးလကျော် ကာလအတွင်းမှာ နိုင်ငံရေးနဲ့ ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှုများစွာ လုပ်နိုင်ခဲ့ပါတယ်။ စီးပွားရေးနဲ့ ပတ်သက်လို့လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပေမယ့် ထိရောက်မှု နည်းနေပါသေးတယ်။ အောက်ခြေပြည်သူလူထုဆီကိုပါ သက်ရောက်မှုရှိမယ့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို အစီအစဉ်တွေရှိပြီး ဘယ်လိုဆောင်ရွက်ဖို့ စီစဉ်ထားပါသလဲ။**

စီးပွားရေးပြုပြင်ပြောင်းလဲမှုများဟာ မက်ခရိုအဆင့်မှ စတင်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အကျိုးသက်ရောက်မှုအောက်ခြေအထိရောက်အောင် အချိန်အတိုင်းအတာတစ်ခု ယူရပါတယ်။ သမ္မတကြီးလည်း ဒီအချက်ကို သတိပြုမိတဲ့အတွက် စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်နဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စီးပွားရေးတိုးတက်မှုမူဘောင်များအရ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာမှာလည်းကောင်း၊ နိုင်ငံတကာ အကူအညီများ ရယူဆောင်ရွက်ရာမှာ လည်းကောင်း ပြည်သူများ တိုက်ရိုက်လက်တွေ့ အကျိုးခံစားခွင့် ရရှိစေမယ့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဖို့ မူဝါဒအဖြစ် လမ်းညွှန်ထားပြီး ဖြစ်ပါတယ်။ အလားတူပဲ ထောင်စုနှစ်ရည်မှန်းချက်များအတိုင်း ဆင်းရဲနွမ်းပါးမှုနှုန်းကို ထက်ဝက်လျှော့ချနိုင်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

မျက်နှာဖုံးမှ

### ဆီဂိမ်းပြိုင်ပွဲအတွက် စပွန်ဆာပေးလိုသူနည်း

"သူတို့နဲ့ပတ်သက်တာတွေ လိုက်ဆက်သွယ်ရတယ်။ ငါတို့ကို ပေးပါဆိုတဲ့သဘောမျိုးဖြစ်အောင် ဆောင်ရွက်နေရပါတယ်။ ဒီနေ့အထိတော့ အဓိကနဲ့ပူးတွဲစပွန်ဆာတွေ ရရှိဖို့အတွက်ကို တိတိကျကျနဲ့ ပေါ်ပေါ်များများ ကျွန်တော်တို့မှာ မရှိသေးပါဘူး" ဟု ဇန်နဝါရီလ ၉ ရက်က နေပြည်တော်တွင်ပြုလုပ်ခဲ့သည့်ဆီးဂိမ်းအကြိုပြင်ဆင်ဆောင်ရွက်မှုသတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ တိုက်ရိုက်စပွန်ဆာနှင့် အေးဂျင့်မှတစ်ဆင့်ပေးသည့်စပွန်ဆာဟူ၍ နှစ်မျိုးရှိကြောင်း သိရပြီး အေးဂျင့်များမှတစ်ဆင့် စပွန်ဆာများ မရရှိသေးသော်လည်း တိုက်ရိုက်စပွန်ဆာများအနေဖြင့် ကန်ဒေါ်လာငါးသန်းခန့်ရရှိရန် အကြိုသဘောတူညီချက်များ ရရှိထားကြောင်း အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကပြောသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ပြိုင်ပွဲနှင့်ပတ်သက်၍ အမျိုးအစားအလိုက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူခဲ့ရာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်အထိ ငွေသားပိုင်းအနေဖြင့် ကန်ဒေါ်လာတစ်သန်းရှစ်သောင်းခွဲနှင့် မြန်မာငွေကျပ်သိန်းတစ်ရာ၊ ပစ္စည်းတန်ဖိုးအနေဖြင့် ကန်ဒေါ်လာသုံးသန်းနှင့်မြန်မာငွေကျပ်သိန်း ၇၇၅၀၊ အကြိုသဘောတူညီချက် ရရှိထားကြောင်း ဦးမျိုးလှိုင်က ပြောသည်။

"စုစုပေါင်း ငွေသားပိုင်းနဲ့ ပစ္စည်းတန်ဖိုးဆိုရင် ကန်ဒေါ်လာငါးသန်းနီးပါးခန့် စာရင်းရရှိပြီးဖြစ်ပါတယ်။ ဒါတွေကိုလည်း အထက်ဌာနခွင့်ပြုချက်အရ မကြာခင်မှာစာချုပ်ချုပ်ဆိုသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောကြားသည်။ အဓိကနှင့် ပူးတွဲစပွန်ဆာများ ရရှိရေးအတွက်မူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့်ပူးတွဲတာဝန်ယူဆောင်ရွက်လျက်ရှိပြီး၊ ဇန်နဝါရီ ၉ ရက်အထိ အဆိုပါစပွန်ဆာများအတွက် လျှောက်ထားသည့် ကုမ္ပဏီများနှင့် ညှိနှိုင်းဆဲအနေအထားပင် ရှိသေးကြောင်း အားကစား ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

DANAR
Management & Services Overseas Employment Agency

No .168 , Ground Floor , 37th Street , Kyauktada Township , Yangon .
Tel :01- 253808 , 01- 391468

1.U . A . E နိုင်ငံ Dubai မြို့တော်ရှိ Shopping Mall များတွင် ရှိသော Fun City Entertainment Center များအတွက် ဝန်ထမ်းများ အလိုရှိသည် ။

အကျိုးဆောင်ကုမ္ပဏီများလည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ပါသည် ။

Interview Date : 16th . January . 2013 ( At Asia Plaza Hotel )

Males / Females 50 1500 Dhs + 300 Dhs + OT ( လစာ USD 500 နှင့်အထက်)

(နေ / အလုပ် သွားပြန် စရိတ်ငြိမ်း )

2.Al Shaya Group မှ Dubai နှင့် Qatar အတွက် (ဝန်ဆောင်စရိတ် ၆ သိန်းတိတိ)

Interview Date : 22nd . January . 2013 ( At Asia Plaza Hotel )

- သီးသန့်ထိန်းစေလေး 300 3000 Dhs + 1300 Dhs (Tips) + Bonus
(အသားတင်လစာ USD 1200 - USD 1500 )
- ယောကျ်ားလေး 50 3000 Dhs + 1300 Dhs (Tips) + Bonus
(အသားတင်လစာ USD 1200 - USD 1500 )
- Restaurant Manager 20 14,000 Dhs – 18,000 Dhs
- Assistant Restaurant Manager 20 10,000 Dhs – 13,000 Dhs
- Restaurant Manager 40 5,000 Dhs – 65,00 Dhs

(နေ / စား / သွား စရိတ်ငြိမ်း )

3. Singapore နိုင်ငံအတွက် အမြန်လိုအပ်သည် ။

Interview Date – End of January , 2013 (CV အမြန်တင်ပေးပါရန် )

Truck Drivers 20 nos 2000 s.$ + OT (လစာမြန်မာငွေသိန်း ၂၀အထက်ရမည်။)

(ဝန်ဆောင်စရိတ် ၁၇ သိန်းကျပ်တိတိသာ)

4. Bahrain နိုင်ငံ Garment Factory ( အထည်ချုပ်စက်ရုံ)

အတွက်အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။


ဝန်ဆောင်ခပေးရန်မလိုပါ ။ Bahrain တွင်လည်းလစာမဖြတ်ပါ ။

အင်တာဗျူးရက် ။ ။ ၁၉ - ၂၀ / ဇန်နဝါရီလ / ၂၀၁၃

| | | |
|---|---|---|
| -စက်ချုပ်ကျွမ်းကျင်(အမျိုးသမီး ) | 200 | USD 300 |
| -Production Managers | 10 | USD 1500 |
| -Production Officers | 10 | USD 700 |
| -Supervisors | 10 | USD 550 |
| -Senior QC ' s | 10 | USD 550 |
| -Welfare Officers | 10 | USD 500 |
| -Cook | 10 | USD 200 |

အမြန်ဆက်သွယ်ရန်

♣ နေ / စား / အလုပ်သွားပြန် / ယူနီဖောင်း (စရိတ်ငြိမ်း )



အဝေးပြေးလမ်းပေါ်၌

# မြင်းကို ရေတိုက်ခြင်း

မောင်သာချို

(တစ်)

ကွယ်လွန်သူ စာရေးဆရာကြီး မြသန်းတင့်၏ ကျေးဇူးဖြင့် ဆရာ့လက်ရာ ဘာသာပြန် စာအုပ်ပေါင်းများစွာကို ဖတ်ရှုရင်း မကြာခဏဆိုသလို စကားပုံထူးထူးဆန်းဆန်း၊ အဆိုအမိန့်ထူးထူးဆန်းဆန်း ကလေးများနှင့် ထိရ၊ တွေ့ရ၊ ရင်းနှီးရတတ်ပါသည်။ ထိုထိရ၊ တွေ့ရ၊ ရင်းနှီးရသော အဆိုအမိန့်များစွာအနက် တစ်ခုမှာ မြင်းတွေကို မြစ်ထဲသို့ ဆွဲခေါ်လာလို့ ရလျှင်ရမည် ရေသောက်ဖို့ ဆိုသည်က သူ့သဘောဟူသည့် အဆိုအမိန့်ပဲ ဖြစ်ပါသည်။

လူကို အရာခပ်သိမ်း ဇွတ်လုပ်လို့ မရဆိုသည့်အနက် အဓိပ္ပာယ်ပဲဖြစ်ပါသည်။ မှန်ပါသည်။ ရေကို သောက်စေလိုသော ဇောဖြင့် မြင်းကိုရေရှိရာ ချောင်းထဲ၊ မြောင်းထဲ၊ ကန်ထဲ၊ မြစ်ထဲသို့ အတင်းဆွဲခေါ်လာ၍ ရနိုင်ပါသည်။

မြင်းက ကတ်တတ်တတ်ကန်တန်တန် လုပ်နေခဲ့လျှင်သော်မှ နှင်တံကလေး ဘာလေး၏ အကူအညီဖြင့် ရိုက်တန်ရိုက်နှက်တန်နှက်ကာ ရေရှိရာဆီသို့ အရောက် မြင်းကို ဆွဲခေါ်လာ၍ ရနိုင်ပါသည်။ ဒါက ဇွတ်လုပ်၍ရသည့် အပိုင်း။

သို့သော် ထိုမြင်းရေသောက်ဖို့ဆိုသည့်ကိစ္စကျတော့ဇွတ်လုပ်၍ မရသည့် အပိုင်း ဖြစ်သွားပါပြီ။ သောက်-သောက်ဟုဆိုကာ မြင်းပါးစပ်နှင့် ရေကို တေ့ထားလည်း သူသောက်မှဖြစ်ပါသည်။ မြင်းပါးစပ်ကို ရေထဲသို့ ဆွဲနှစ်ပေးထားလည်း သူသောက်မှသာ ကိစ္စပြီးမြောက်ပါသည်။ ရေသောက်ခြင်း မသောက်ခြင်းသည် မြင်း၏ကိစ္စ။ မြင်း၏ဆန္ဒ မပါဘဲဘာမှ လုပ်မရ။ ထို့ကြောင့် ယင်းသည် ဇွတ်လုပ်၍ မရသောအပိုင်း။

ထို့အတူ လူကိုလည်း အရာခပ်သိမ်းဇွတ်လုပ်၍ မရနိုင်ကြောင်း ထိုအဆိုအမိန့်က ညွှန်းဆိုနေခဲ့ခြင်း ဖြစ်ပါသည်။

(နှစ်)

မြင်းကို ရေသောက်ဖို့ ဇွတ်ကြိုးစားသော လုပ်ရပ်ကို အများဆုံးတွေ့ရတတ်သည့် နေရာမှာ အဝေးလမ်းမကြီးတွေပေါ်မှာပဲ ဖြစ်ပါသည်။

ရန်ကုန်နှင့် ပုဂံကြားမှာပဲ ဖြစ်ဖြစ်၊ ရန်ကုန်နှင့် မန္တလေးကြားမှာပဲ ဖြစ်ဖြစ်၊ ရန်ကုန်နှင့် မော်လမြိုင်ကြားမှာပဲဖြစ်ဖြစ်၊ ရန်ကုန်နှင့် မြိတ်၊ ထားဝယ်ကြားမှာပဲဖြစ်ဖြစ်၊ ရန်ကုန်နှင့် ပုသိမ်ကြားမှာပဲ ဖြစ်ဖြစ်၊ မည်သည့်နေရာမဆို မြင်းကို ရေသောက်ဖို့ ကြိုးစားသည်များကို တွေ့ရတတ်မြဲ ဖြစ်ပါသည်။

ကားဆရာတို့က သူတို့နှင့်အလွန်းသင့်ရာဆိုင်များ ရှိရာ၌ ကားကို ရပ်နားပေးလေ့ ရှိပါသည်။ ထမင်းစားချင်သည် ဆိုင်မှာစား။ လက်ဖက်ရည် ကော်ဖီသောက်ချင်သည် ဆိုင်မှာသောက်။ တခြားဆိုင်ရွေးခွင့် မရှိ။ ရွေးချယ်စရာဆိုင်ဟူ၍လည်း အနားမှာမရှိ။

ဤနေရာ၌ အလွန်းသင့်သည်ဆိုရာတွင် ကားဆရာနှင့် စားသောက်ဆိုင်တို့ လူမှုရေးအရ အလွန်းသင့်တာမျိုး ရှိနိုင်ပါသည်။ ငွေရေး၊ ကြေးရေးအရ အလွန်းသင့်တာမျိုးလည်း ရှိနိုင်ပါသည်။ မည်သို့ပဲ အလွန်းသင့်သည်ဖြစ်စေ စိတ်မအီမသာ ခံစားကြရသူတွေက ခရီးသည်များပဲ ဖြစ်ပါသည်။ စားချင်စား၊ မစားချင်နေ၊ သောက်ချင် သောက်၊ မသောက်ချင်နေ၊ သည်ဆိုင်မှ သည်ဆိုင်ဆိုသည့်သဘော။

ထဘီမှန်းသိပေမယ့် ချမ်းတော့လည်း ခြုံမိပါတယ်ဆိုသည့် စကားလို ဆာလောင်သူတွေခမျာ ညံ့ဖျင်းချင် ညံ့ဖျင်း၊ ညစ်ပတ်ချင် ညစ်ပတ်၊ စားရ သောက်ရတော့သည်သာ။

(သုံး)

အဝေးပြေး လမ်းမများပေါ်၌ ကိုယ်နှင့် အလွန်းသင့်ရာကို မရွေးဘဲ ကိုယ့်ခရီးသည် စားမှု၊ သောက်မှု အဆင်ပြေရေး၊ စိတ်တိုင်းကျစေရေးတို့အတွက် ဦးတည်စဉ်းစားကာ ကောင်းသော၊ မွန်သော ဆိုင်များရှိရာဆီသို့ ကားကို ဦးထိုးဝင်ရပ်လိုက်သော ကားဆရာတို့ရှိကောင်း ရှိနိုင်ပါသည်။ သို့သော် ဘယ်နှရာခိုင်နှုန်းလဲ မသိ။ တော်တော့်ကို နည်းပါလိမ့်မည်။

> လူကို အရာခပ်သိမ်း ဇွတ်လုပ်လို့ မရဆိုသည့်အနက် အဓိပ္ပာယ်ပဲ ဖြစ်ပါသည်။ မှန်ပါသည်။ ရေကို သောက်စေလိုသောဇောဖြင့် မြင်းကိုရေရှိရာချောင်းထဲ၊ မြောင်းထဲ၊ ကန်ထဲ၊ မြစ်ထဲသို့ အတင်းဆွဲခေါ်လာ၍ ရနိုင်ပါ သည်။ မြင်းက ကတ်တတ်တတ်ကန်တန်တန် လုပ်နေခဲ့လျှင်သော်မှ နှင်တံကလေး ဘာလေး၏ အကူအညီဖြင့် ရိုက်တန်ရိုက်၊ နှက်တန်နှက်ကာ ရေရှိရာဆီသို့အရောက် မြင်းကို ဆွဲခေါ်လာ၍ ရနိုင်ပါသည်။ ဒါက ဇွတ်လုပ်၍ရသည့် အပိုင်း။ သို့သော် ထိုမြင်းရေသောက်ဖို့ ဆိုသည့်ကိစ္စကျတော့ဇွတ်လုပ်၍ မရသည့်အပိုင်းဖြစ်သွားပါပြီ။

အခု ရန်ကုန်၊ မန္တလေး အဝေးပြေးလမ်းမကြီးပေါ်လာတော့ လမ်း၌ယာဉ်ရပ်နားစခန်းကလေးတွေပေါ်လာပါသည်။ အထင်ရှားဆုံးက ၁၁၅ မိုင်စခန်း။ ရန်ကုန်ကနေ ၁၁၅ မိုင်အကွာ၌ တည်ဆောက်ထားသည့် စခန်း။

ကားရပ်နားစရာ နေရာကို ကားကြီး၊ ကားသေးကအစ ခွဲခြားပေးထားကာ စားသောက်ဆိုင်ကြီးတွေက ကျယ်လည်း ကျယ်ဝန်း၊ သန့်လည်း သန့်ရှင်း၊ သပ်လည်း သပ်ရပ်မို့ စီတန်းနေသော ဆိုင်ကြီးများရှိရာဆီသို့ မိမိအလိုကျ သွားရောက်ကာ စားသောက်အနားယူကြနိုင်ပေရာ စားသုံးသူကို ရွေးခွင့်ပေးသော အနေအထားဟု နားလည်ရပါသည်။ မြင်းကို ရေရှိရာဆီသို့ ဇွတ်ဆွဲ၍ ခေါ်လာကာ ဇွတ်သောက်ခိုင်းသော အနေအထားမျိုး မဟုတ်တော့။

သို့သော် နောက်ပိုင်းတွင် ကားဆရာတို့က ကားရပ်နားရန်နေရာ၌ ကားကိုမရပ်တော့ဘဲ သူတို့အလွန်းသင့်သော ဆိုင်၌ စားသောက်ကြစေရန် အလို့ငှာ ကားကို ထိုဆိုင်၏ နောက်ဘက်သို့ မဟုတ် ဘေးဘက်သို့ အတင်းထိုးဝင်ကာ ခရီးသည်တို့ ဆိုင်အပြင်ထွက်ဖို့ ခက်သွားပြီး သည်ဆိုင်၌သာ မဖြစ်မနေ စားသောက်ကြစေရန်အတွက် ကြိုးပမ်းအားထုတ်လာကြပုံများကို တွေ့လာရပါသည်။ ခရီးသည်တချို့တလေကသာ မင်းတို့ရပ်ချင်တဲ့ ဆိုင်မှာရပ်တို့ကတော့ စားချင်တဲ့ ဆိုင်သွားစားမယ်ဆိုသည့် သဘောဖြင့် ထွက်လာကြပြီး အများစုကတော့ အားတုံ့အားနာစွာဖြင့် ထိုဆိုင်ထဲ၌သာ။

တစ်ခေါက် မြင်းခြံကနေ ရန်ကုန်သို့ အပြန်တွင်ကား၊ ကားက ၁၁၅ မိုင်လို စခန်းမျိုး၌ပင် မရပ်တော့ဘဲ တောက်လျှောက်ကြီး မောင်းချလာခဲ့ရာ မနက်စာစားဖို့ ကားရပ်ပေးတော့ ညနေ ၃ နာရီထိုးပါပြီ။ ရပ်ပေးသည့်နေရာက အဝေးလမ်းမကြီးဘေး တစ်နေရာက တစ်ဆိုင်တည်း ထီးထီးကြီးရှိနေသည့် ဆိုင်မည်ကာ မတ္တကလေး။ အစားအသောက်က မစုံ လည်း မစုံ၊ ကောင်းလည်း မကောင်း၊ သန့်စင်ခန်းက မလုံမလောက် ညံ့ညံ့ဖျင်းဖျင်း။ ခရီးသည်တွေ ရွေးစရာမရှိတော့။ စိတ်တိုသူခရီးသည် တချို့ကတော့ ပါလာသည့် မုန့်ပဲသရေစာကလေးများနှင့် အဆာပြေကာ ဆိုင်ထဲသို့ ပင်မဝင်ဘဲဟိုနားမိုးတိုးမတ်တတ် သည်နား မိုးတိုးမတ်တတ်။

(လေး)

လူ၌ ရွေးချယ်ခွင့် ရှိရပါသည်။ ရွေးချယ်ခွင့်သည် ဒီမိုကရေစီ၏ အသက် ဖြစ်ပါသည်။

အစိုးရကိုလည်း ကိုယ်ကြိုက်တာ ကိုယ်ရွေး။ အသင်းအပင်းကိုလည်း ကိုယ်ကြိုက်တဲ့အထဲ ကိုယ်ဝင်။ ကိုယ်ဖတ်ချင်တဲ့ စာအုပ်ကိုယ်ဖတ်။ ကိုယ်နားထောင်ချင်တဲ့ သီချင်း ကိုယ်နားထောင်။ ကိုယ်ကြည့်ချင်တဲ့ ရုပ်မြင်သံကြားအစီအစဉ် ကိုယ်ကြည့်။ အစားအသောက် အနေအထိုင် ကိုယ့်ဆန္ဒသဘောထားအတိုင်း ကိုယ်ရွေး။

သည့်အတွက် လမ်းကြောင်းတွေ (Channel) အများကြီး ဖွင့်ပေးထားရခြင်း ဖြစ်ပါသည်။

အခု အဝေးပြေးလမ်းတွေပေါ်မှာ သည်ဆိုင်မှာ သည်ဆိုင်ဟု လုပ်လာပြန်ခြင်းမျိုးမှာ ခေတ်နှင့် မဆီလျော်ပါ။ ခရီးသည်တို့က နှာခေါင်းရှုံ့ကြပါသည်။

မြင်းတွေကို ရေရှိရာဆီသို့ ဇွတ်ဆွဲ၍ ခေါ်လာသော်လည်း သောက်ခြင်း၊ မသောက်ခြင်းက သူ့သဘော။ ။

---

# ထမံသီငလျင် ပျက်စီးဆုံးရှုံးမှုနည်း

**အိဖြူမွန်၊ ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

မြန်မာနှင့် အိန္ဒိယတို့ ပူးပေါင်းပြီး ရေအားလျှပ်စစ်ထုတ်ရန် စီစဉ်ခဲ့သည့် ထမံသီဆည် အနီးတစ်ဝိုက်တွင် ယမန်နေ့က ပြင်းအားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခဲ့သော်လည်း ပျက်စီးမှုမရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

"ထမံသီ တည်ဆောက်တဲ့ စီမံကိန်းကို မထိခိုက်ပါဘူး။ တမံမရှိသေးလို့ ဘာမှမဖြစ်သေးဘူး။ အခုမှ စုံစမ်းလေ့လာတုန်းပဲ ရှိသေးတာ။ လုပ်ငန်းမစရသေးဘူး" ဟု ထမံသီဆည်ဆောက်လုပ်ရေး စီမံကိန်းမှ တာဝန်ရှိသူက ပြောသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ရှိသူကလည်း အဆိုပါငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှု သတင်းမရရှိကြောင်း ပြောကြားသည်။

"အခုအထိတော့ အပျက်အစီးရှိတယ်လို့ စာရင်းတက်မလာသေးဘူး" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ထမံသီမြို့အနီးတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခု ယနေ့နံနက်ပိုင်းက လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ယင်းငလျင်သည် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၄၀ ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်း ထမံသီမြို့၏ အနောက်ဘက် ၁၉ မိုင်ခန့် အကွာနေရာကို ဗဟိုပြု၍ ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီ ၁၁ မိနစ်ခန့်တွင် လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း အဆိုပါဌာနက ထုတ်ပြန်သည်။

အဆိုပါငလျင်သည်ကဘော် ပြတ်ရွေ့ကြောင့်ဖြစ်နိုင်သလို မြေထုချပ်စိုက်ဝင်မှုကြောင့်လည်းဖြစ်နိုင်ကြောင်း၊ အသေးစိတ် အခြေအနေကို ဆက်လက်လေ့လာနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ အတွင်းရေးမှူးဦးစိုးသူရထွန်းက ပြောသည်။

"အဲဒီနေရာတွေက ပုံမှန်တစ်နှစ်တစ်ခါ၊ နှစ်ခါ လှုပ်လေ့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ငလျင်သည် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလက လှုပ်ခတ်ခဲ့သောလူ ၁၀ ဦးကျော် သေဆုံးခဲ့ပြီး ရာပေါင်းများစွာသော အဆောက်အအုံများ ပျက်စီးခဲ့သည့် ရွှေဘိုငလျင်နှင့် ဆက်စပ်မှုမရှိဘဲ သီးခြားစီဖြစ်ကြောင်း၎င်းကဆိုသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ငြိမ်းအေးပြေလည်ကြပါစေ

ဒေါက်တာထွန်းရွှေ(ဒဿန)



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

(တစ်)

ပြီးခဲ့တဲ့ ခရစ္စမတ်ကာလ ရက်တွေအတွင်း ကချင်ပြည်နယ်မှာ တပ်မတော်စစ်ကြောင်းတွေနဲ့ KIA, KIO တပ်တွေ တစ်ဖက်နဲ့တစ်ဖက် ပစ်ကြ၊ ခတ်ကြတဲ့သတင်းတွေကို ဂျာနယ်တွေ၊ နေ့စဉ်ထုတ်သတင်းစာတွေမှာ ခပ်စိပ်စိပ်ဖတ်ရတယ်။ နှစ်ဖက်အပစ်အခတ်တွေကြားမှာ စစ်သည်တွေသာမက အရပ်သားတွေထိခိုက်သေကျေဒဏ်ရာရတဲ့သတင်းတွေလည်း ပါလာတယ်။

သတင်းတွေကိုဖတ်ရင်း စိတ်မကောင်းဖြစ်မိတယ်။ နိုင်ငံတကာမှာတော့ ဒီလိုခရစ္စမတ်ကာလ ရက်တွေဟာ ပျော်စရာပေါ့။ မိသားစုတွေ လည်လိုက်ကြ၊ ပတ်လိုက်ကြ၊ စားလိုက်ကြ၊ သောက်လိုက်ကြ၊ လက်ဆောင်တွေ အပြန်အလှန်ပေးလိုက်ကြနဲ့ နေမှာပေါ့။ တကယ့်နှစ်နိုင်ငံဖြစ်ကြတဲ့ စစ်ပွဲကြီးတွေတောင် ဒီလိုကာလမျိုးမှာ နှစ်ဖက်တပ်တွေ အပစ်အခတ် ရပ်စဲထားကြတာမျိုးတွေရှိပါတယ်။

စိတ်မကောင်းလိုက်တာ၊ ဒီမှာတော့. . .။ ကချင်ပြည်နယ်မှာတော့ တစ်ဖက်နဲ့တစ်ဖက် ပစ်လိုက်ကြ၊ ခတ်လိုက်ကြ. . ဆိုတော့ နှစ်ဖက်စစ်သည်တွေရော အရပ်သားတွေပါ သေကြ၊ ကျေကြ၊ ဒဏ်ရာရကြ၊ ကျောင်းသားတွေ ကျောင်းမတက်ကြရ၊ လယ်သမားတွေ လယ်ထဲမဆင်းရဲကြ၊ ဒုက္ခသည်စခန်းတွေမှာ အစာရေစာမလုံလောက်၊ ဆေးဝါးတွေက မပြည့်စုံတဲ့အပြင် သူတို့အသက်အန္တရာယ်အတွက် ဖုံးခိုကျင်းတွေပါ တူးပြီး နေကြရသတဲ့။

တကယ်တော့ အခြားနိုင်ငံတစ်ခုက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာကိုမောက်ကျော်စော်ကားလို့ အသက်ပေးပြီး တိုက်ကြရတဲ့ စစ်ပွဲလည်းမဟုတ်။ ကိုယ့်နိုင်ငံသားအချင်းချင်း ခင်းကြတဲ့စစ်၊ သေကြ၊ ကျေကြ၊ ဒဏ်ရာရကြ၊ ခြေပြတ်လက်ပြတ်ဖြစ်ကြနဲ့ နှစ်ဖက်စစ်သားတွေဆိုတာကလည်း ကိုယ့်နိုင်ငံသားတွေဆိုတော့ စိတ်မကောင်းလိုက်တာ။ အသက်တွေပေးရတာ မတန်လိုက်တာလို့လည်း ထင်မိတယ်။

ဒီပဋိပက္ခတွေ အမြန်ပြီးဆုံးဖို့ ထာဝရငြိမ်းချမ်းရေးရဖို့ နိုင်ငံခေါင်းဆောင်တွေနဲ့ နှစ်ဖက်တပ်မှူးတွေမှာ တာဝန်အပြည့်ရှိတယ်။ အမြန်ဆုံး တွေ့ဆုံဆွေးနွေးပြီး အဖြေရှာဖို့လိုတယ်။ သူတို့လည်း ကြိုးစားကြမှာပါ၊ နှစ်ဖက်စစ်သားတွေလည်း အချင်းချင်းပြန်တိုက်ရတဲ့ ဒီလိုစစ်ပွဲမျိုး ဖြစ်ချင်ကြမှာမဟုတ်။ ဘာကြောင့် ဒီလိုတွေဖြစ်နေရတာလဲ. .။ အရေးအကြီးဆုံးကတော့ လောလောဆယ် နှစ်ဖက်အပစ်အခတ်ရပ်ဖို့ပါ။

(နှစ်)

ဒီနေရာမှာ တစ်ခါက ဆရာနန္ဒာသိန်းဇံပြောဖူးတဲ့ အကြောင်းအရာတစ်ခုကို သတိရမိတယ်။ အောက်မှာပါတာတွေက ဆရာပြောပြတာတွေထဲက မှတ်မိသမျှပါ။

တစ်ခါမှာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂူရီယန်ဟာ သူ့ရဲ့ ပြည်တွင်းခရီးစဉ်တစ်ခုအတွင်း မြို့ငယ်လေးတစ်မြို့ကို ဆိုက်ရောက်လို့လာပါတယ်။ အဲဒီအချိန်မှာ အဲဒီမြို့နယ်လေးမှာရှိတဲ့ သမ္မာကျမ်းစာသင်ကျောင်းတစ်ကျောင်းက ကျောင်းအုပ်ဆရာမကြီးတစ်ဦး ရောက်လာပြီး ဝန်ကြီးချုပ်ကို သူတို့ ကျောင်းကလေးဆီ လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ခဲ့တယ်။ ဝန်ကြီးချုပ်ကလည်း လက်ခံခဲ့တယ်။

ဒါနဲ့ပဲ ကျောင်းကလေးကို ရောက်ရှိ လည်ပတ်ခဲ့တယ်။ ကျောင်းရဲ့ စုဝေးခန်းမထဲမှာ ကျောင်းသား၊ ကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းရဲ့ ဝန်ထမ်းတွေအားလုံး ဝန်ကြီးချုပ်ကို ကြိုဆိုဂါရဝပြုကြတယ်။ အဲဒီအချိန်မှာ ဝန်ကြီးချုပ်ကို ကျောင်းအုပ်ဆရာမကြီးက သူတို့ကျောင်းကလေးကိုရောက်အခိုက်ကျောင်းကလေးကို ချီးမြှင့်တဲ့အနေနဲ့ သမ္မာကျမ်းစာတစ်ပုဒ်လောက် ဖတ်ကြားပေးဖို့ ပန်ကြားတောင်းဆိုပါတယ်။ ဝန်ကြီးချုပ်ရဲ့ ရှေ့စားပွဲပေါ်မှာ သမ္မာကျမ်းစာနှစ်အုပ်က အဆင်သင့်။ တစ်အုပ်က ဓမ္မဟောင်းကျမ်း၊ နောက်တစ်အုပ်က ဓမ္မသစ်ကျမ်း။

ဝန်ကြီးချုပ်ဟာ ဆရာမကြီးရဲ့ ပန်ကြားချက်ကို လက်ခံပြီး ရှေ့စားပွဲပေါ်မှာရှိတဲ့ သမ္မာကျမ်းစာနှစ်အုပ်ထဲက ဓမ္မဟောင်းကျမ်းကို ရွေးချယ်ကောက်ကိုင်လိုက်ပြီး အခန်း (၁)မှာပါတဲ့ စာတစ်ကြောင်းကို ရွတ်ဖတ်ပြတယ်။ ပြီးတော့ စာအုပ်ကိုပြန်ချပြီး ထွက်ခွာသွားတော့တယ်။ သတင်းထောက်တွေလည်း တရုန်းရုန်းနဲ့ပေါ့။ ဝန်ကြီးချုပ်ဖတ်သွားတဲ့ စာကြောင်းက And then, He created male and female then တဲ့။ အဓိပ္ပာယ်က ထို့နောက် ထာဝရဘုရားသခင်သည် လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းတော်မူခဲ့၏လို့ ဖြစ်မယ်ထင်တယ်။

ဝန်ကြီးချုပ်က အဲဒီစာကြောင်းဖတ်လိုက်တော့ ရုတ်တရက် လူတွေကြောင်သွားတယ်။ ဝန်ကြီးချုပ်ရဲ့ အပြုအမူကို ချက်ချင်း နားမလည်နိုင်ကြဘူး။ တကယ်တော့ ဓမ္မသစ်တစ်အုပ်လုံးနဲ့ ဓမ္မဟောင်းကျမ်းထဲက အခြားကောင်းနိုးရာရာ အခန်းတွေထဲက သင့်နိုးရာရာ စာပိုဒ်တွေ အများအပြားတစ်ပုံတစ်ပင်ရှိတယ်။ ဒါတွေကို ဖတ်မပြဘဲ ဘာကြောင့်များ ဒီလောက်ရှေးကျတဲ့ ဘာမှမဟုတ်တဲ့ စာကြောင်းကို ဖတ်ပြရတာပါလိမ့်ပေါ့။

နောက်နေ့ထုတ်သတင်းတွေမှာ အယ်ဒီတာ့အာဘော်တွေမှာ အယ်ဒီတာတွေတွေးပြလိုက်တော့မှ ဝန်ကြီးချုပ်ရဲ့ ဆိုလိုရင်းကို နားလည်ကြတော့တယ်။

အဲဒီအချိန်တုန်းက အစ္စရေးနဲ့ ပါလက်စတိုင်း ပဋိပက္ခ သိပ်ကိုပြင်းထန်နေတယ်။ ပါလက်စတိုင်းတွေရဲ့ နောက်မှာ အာရပ်တွေနဲ့ မွတ်ဆလင်ကမ္ဘာကြီးရှိတယ်။ အစ္စရေးတွေရဲ့ နောက်မှာတော့ အမေရိကန်နဲ့ ခရစ်ယာန် ကမ္ဘာရှိတယ်။

သတင်းစာမှာ အယ်ဒီတာတွေ သုံးသပ်ထားတာက ဝန်ကြီးချုပ်က သိပ်ဉာဏ်အမြော်အမြင်ကြီးမားတဲ့သူပါ။ ဓမ္မဟောင်းကျမ်း အခန်း (၁)ကို ရွေးချယ်လိုက်တာကိုက သူ့ရဲ့အမြော်အမြင်ကြီးမှုပဲ။ ဘာကြောင့်လဲဆိုတော့ ဒီကမ္ဘာဦးကျမ်း အခန်း (၁)ကို ခရစ်ယာန်ရော၊ အစ္စလာမ်ရော၊ ရဟူဒီတွေကရော အငြင်းမပွားကြလို့ပဲ. .။

ပြီးတော့ ဝန်ကြီးချုပ် ဖတ်သွားတဲ့စာကြောင်းကို သေချာစဉ်းစားကြည့်။ အစတုန်းက ထာဝရ ဘုရားက လူယောကျ်ားနဲ့ လူမိန်းမကိုပဲ ဖန်ဆင်းခဲ့တာလို့ပဲ ဆိုထားတာ။ အစ္စရေးအဖြစ်၊ ပါလက်စတိုင်းအဖြစ်၊ အမေရိကန်အဖြစ်၊ တရုတ်အဖြစ်၊ ခရစ်ယာန်အဖြစ်၊ အစ္စလာမ်အဖြစ်၊ ဟိန္ဒူအဖြစ် ဖန်ဆင်းခဲ့တယ်လို့ ဆိုမထားဘူး။ ရေးလည်းမထားဘူး. . .။

တကယ်တော့ ဘုရားသခင်ဖန်ဆင်းတဲ့လူယောကျ်ားနဲ့လူမိန်းမကနေ ဆင်းသက်လာတဲ့ လူသားတွေဟာ ဆွေမျိုးတွေချည်းပဲ၊ အတူတူပဲ၊ နေရာဒေသ၊ ရာသီဥတုနဲ့ ယဉ်ကျေးမှုတွေ ကွာခြားသွားလို့သာ တရုတ်၊ ဂျူး၊ အာဖရိကန်ဆိုပြီး ဖြစ်သွားတာ။ တကယ့်တကယ်က ဘုရားသခင် ဖန်ဆင်းထားတဲ့ လူဟာ ညီအစ်ကိုတွေပဲ၊ ဆွေမျိုးတွေပဲ။ လူသား အချင်းချင်း အတူတူတွေပဲ။

ဒါကြောင့် သူကတော့ ဂျူးပဲ၊ သူကတော့ အာရပ်ပဲ၊ သူကတော့ ခရစ်ယာန်ပဲ၊ သူကတော့ အစ္စလာမ်ပဲဆိုပြီး အငြိုးအတေးတွေထားပြီး တစ်ဖက်နဲ့တစ်ဖက်၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ ဘာသာတစ်ခုနဲ့ တစ်ခုကြား အမုန်းတွေ မပွားသင့်ဘူး။ ရန်မီးတွေ မထားသင့်ဘူး။ ဘုရားသခင်ဖန်ဆင်းထားတဲ့ လူသားအချင်းချင်းပဲ သင့်မြတ်အောင် နေကြရမယ်တဲ့။ လူကို လူလို့မြင်အောင် ကြည့်တတ်ကြရမယ်တဲ့။

(သုံး)

အမှန်တကယ်တော့ ကချင်လည်းလူ၊ ကရင်လည်းလူ၊ ရှမ်းလည်းလူ၊ ရခိုင်လည်းလူ၊ ဗမာလည်းလူပါပဲ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့ ဘာသာအယူဝါဒ ကွဲပြားကောင်းကွဲပြားကြပေမယ့် တကယ့်အမှန်တရားကတော့ လူဟာလူပါပဲ။ သူ့မှာ ကိုယ့်လိုပဲ ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ရှိတယ်။ လူချင်းအတူတူပါပဲ။ ပြီးတော့ သူ့မှာကိုယ့်လိုမိသားစုရှိမယ်။ မိသားစုနဲ့အတူတူ အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံ၊ ပြေပြေလည်လည် နေချင်ကြမယ်။ ဟုတ်တယ်လေ လူချင်းတူမှတော့ လူရဲ့အခြေခံလိုအပ်ချက်တွေလည်း တူရမှာပေါ့။

နိုင်ငံခေါင်းဆောင်တွေနဲ့ နှစ်ဖက် တာဝန်ရှိသူတွေလည်း မတူတာတွေခဏဖယ်လို့ တူတာတွေကို အခြေခံလို့ဖြစ်တဲ့ ပြဿနာတွေကို ဖြေရှင်းနေတာတွေ တွေ့ရတယ်။ ဟုတ်ကဲ့ လူကို လူလို့မြင်ပြီး နားလည်မှုရှိရှိ မျှမျှတတနဲ့ ငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်နိုင်ကြပြီး ဘဝတွေ ငြိမ်းအေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတော့တယ်။ ။

# Business

7DAY NEWS JOURNAL

Vol.11, No.45 • JANUARY 17 , 2013




ဒဂုံဆိပ်ကမ်းမြို့နယ်တွင် စတင်တည်ဆောက်လျက်ရှိသည့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းခွင်

ဓာတ်ပုံ-ကျော်ဇင်သန်း

## အိမ်ရာစီမံကိန်းအသစ်များကြောင့် အိမ်ခြံမြေဈေးနှုန်း ကျဆင်းမည်ဟုဆို

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်မည့် အိမ်ရာစီမံကိန်းများ စတင်ရောင်းချပါက ရန်ကုန်မြို့မှ အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းသွားမည်ဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမြို့ပြဒေသနှင့် စီမံကိန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပြောသည်။

"အိမ်များများ ထုတ်နိုင်ရင် အိမ်ရာဈေးနှုန်း ကျသွားမှာ" ဟု ဦးဝင်းဇော်က ပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အိမ်ခြံမြေဈေးကွက်များ တည်ငြိမ်မှုမရှိသေးသည့်အချိန်တွင် စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်ဈေးကစားမှုကြောင့် ဈေးနှုန်းများ မတန်တဆ မြင့်တက်ခဲ့ရကြောင်း ၎င်းက ဆိုသည်။

ယခင်အစိုးရ လက်ထက်က ဖော်ထုတ်ခဲ့သော အိမ်ရာအများစုမှာ အစိုးရမှ တိုက်ရိုက် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သော အိမ်ရာစီမံကိန်းများဖြစ်ပြီး ၎င်းစနစ်ကို ပယ်ဖျက်၍ လက်ရှိတွင် အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အိမ်ရာစီမံကိန်းများကို ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က ပြောသည်။

## ပြည်ပတင်ပို့သော ငါးထဲသို့ ရေခဲချောင်းနှင့် ရေထိုးရောင်းချမှုကြောင့် ဈေးကွက်ပျောက်နိုင်

**သန်းငွေး**

**ရန်ကုန်၊ ဇန်နဝါရီ- ၈**

ပြည်ပသို့တင်ပို့နေသော ငါးထဲသို့ ရေခဲချောင်းနှင့် ရေထိုးရောင်းချနေမှုများက မြန်မာ့ငါးဈေးကွက်ကို ထိခိုက်လာနိုင်ကြောင်း သတင်းရရှိသည်။

ပြည်ပသို့ တင်ပို့နေသော မြန်မာ့ငါးများ အရည်အသွေးမကျဆင်းစေရန် ငါး၏ပြင်ပမှ ရေခဲရိုက်(ရေခဲသားတင်)ကာ တင်ပို့ရသော်လည်း ယခုကဲ့သို့ ငါး၏ ကျောဘက်ကိုခွဲကာ ရေခဲချောင်း ထည့်ခြင်းနှင့် ဝမ်းဗိုက်အတွင်းသို့ ရေထိုးထည့်ခြင်းကိုမူ မပြုလုပ်သင့်ကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

"ဒီကွန်တိန်နာကြီးက လမ်းမှာသွားနေတဲ့အချိန်မှာ မီးပလပ်မထိုးနိုင်(လေအေးစက်မဖွင့်)ရင် အပူချိန်က တက်သွားတဲ့အခါ ရေခဲသားမတင်ထားရင် ဒီငါးက အရည်အသွေး ကျနိုင်တဲ့အတွက်ကြောင့် ရေခဲသားတင်တာကို နိုင်ငံတကာက လက်ခံတယ်။ ဒါပေမဲ့ ရေခဲသားတင်တာကို အခွင့်ကောင်းယူပြီးတော့ ရေခဲချောင်း ထည့်တာတို့၊ ရေထိုးတာတို့ကိုတော့ မလုပ်သင့်ပါဘူး" ဟု ၎င်းက ပြောသည်။

**စာမျက်နှာ(၃၄)သို့ »**

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၅ | ၇၀၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၂၉ | ၁၁၄၇ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၃၅ | ၂၈. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၈ | ၁၃၈ | ကျပ် |

၂၀၁၃ ဇန်နဝါရီ ၁၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၉၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၉၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၉. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၁၅၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၈၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၆. ၀၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၈၈၉. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၅၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၈၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၅၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၄၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၃၂၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၆၀. ၆၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၆၄ |
| ငွေ | ၁ အောင်စ | ၃၀. ၄၁ |
| ကြေးနီ | ပေါင် | ၃၆၅. ၄၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇန်နဝါရီ ၁၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ သုံးခုကျင်းပရန် စင်ကာပူကုမ္ပဏီနှင့် UMFCCI စာချုပ်ချုပ်

**အိဖြူမွန်၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

စင်ကာပူနိုင်ငံ အခြေစိုက် Sphere ကုမ္ပဏီက စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ(ကွန်ဖရင့်) သုံးခုကို မြန်မာနိုင်ငံတွင် ကျင်းပရန် UMFCCI (ကုန်သည်စက်မှုအသင်းချုပ်) နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

ကျင်းပမည့်ကွန်ဖရင့်များမှာ မြန်မာမြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကွန်ဖရင့်၊ မြန်မာဘဏ်နှင့် ငွေကြေးကဏ္ဍဆိုင်ရာ ကွန်ဖရင့်၊ မြန်မာ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှု ကွန်ဖရင့်များကို ကျင်းပ ယခုနှစ်အတွင်း ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အစိုးရပုဂ္ဂလိက ကဏ္ဍများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဆက်သွယ်လက်တွဲလုပ်ကိုင်နိုင်စေရန်နှင့် ဆက်သွယ်နိုင်သည့် အခွင့်အလမ်းများ ရရှိစေရန် ယခုကဲ့သို့ ကွန်ဖရင့်များကို UMFCCIနှင့် ပူးတွဲ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်များပြုလုပ်နိုင်ရန် မှန်ကန်ကောင်းမွန်သော ရွေးချယ်မှုများ မရှိမဖြစ်လိုအပ်သည်များကို သိရှိနိုင်စေရန် ရည်ရွယ်ကြောင်း Sphere ကုမ္ပဏီဥက္ကဌ Mr. Chua Wee Phongကပြောသည်။

"အရင်သတ္တုတွင်းကွန်ဖရင့်တက်တုန်းက ဝင်ကြေးပေးရတယ်။ ဒါပေမဲ့ သူတို့ လျှော့ယူတယ်။ ချုပ်လိုက်တာကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားလုပ်ငန်းတွေကိုနိုင်ငံခြားရင်းနှီးမယ့်သူတွေ သိတော့ ပိုကောင်းတာပေါ့" ဟု ပြည်တွင်းတွင် သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသည့်ကုမ္ပဏီမှလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်သည် စက်မှုအသင်းချုပ်က ယခုကဲ့သို့ စင်ကာပူကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းမှာ ပြည်တွင်းသို့ လာရောက် လေ့လာသည့် ရင်းနှီးမြှုပ်နှံသူများ အချက်အလက် မှန်မှန်ကန်ကန်နှင့် လိုအပ်သည့် သတင်းများ ရရှိရန် တစ်နပ်စားညဏ်နှင့် ပွဲသွင်းလာသူများကို ကာကွယ်ရန်နှင့် နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူများကြား စစ်မှန်သည့် အကျိုးကျေးဇူးများ အတိအကျ သိရှိရန် ရည်ရွယ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဌ ဒေါက်တာမောင်မောင်လေးက ရှင်းပြသည်။

Sphere Conferences ကုမ္ပဏီသည် စထရိတ်တိုင်း(စ်) သတင်းစာကို ပုံနှိပ်ထုတ်ဝေနေသော စင်ကာပူ Press Holdings ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်သည်။



## ပုစွန် ပိုမိုထုတ်လုပ်ရန် စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၉**

အိမ်နီးချင်း နိုင်ငံများတွင် ရေငန်ပုစွန်ဖြူများ ရောဂါဖြစ်၍ ထုတ်လုပ်နိုင်သော ပမာဏကျဆင်းနေချိန်၌ မြန်မာ့ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များက အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချကာ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် စီစဉ်နေသည်။

ပုစွန်ဖြူ မွေးမြူရေးလုပ်ငန်းများတွင်စောစီးစွာ သေဆုံးသောရောဂါ(Early Mortality Syndrone)ကျရောက်နေသောကြောင့် ပုစွန်ထုတ်လုပ်မှု ပမာဏသည် ဗီယက်နမ်နိုင်ငံတွင် နှစ်ဆယ်ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် တစ်ဆယ်ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံတို့တွင် ပမာဏများစွာ ကျဆင်းနေကြောင်းမြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးစိုးထွန်းကပြောသည်။

"သူတို့ရပ်တဲ့အချိန်မှာ ကျွန်တော်တို့က တိုးလုပ်ရင် အများကြီး အံ့ဝင်သွားမယ် ထင်ပါတယ်" ဟု ၎င်းက ပြောသည်။ ရေငန်ပုစွန်မွေးမြူရေး ကုမ္ပဏီ သုံးခုခန့်သာ ဆက်လက်မွေးမြူနေပြီး ပြည်တွင်းစားသုံးမှုအတွက်သာ ရည်ရွယ်ထုတ်လုပ်နိုင်သေးသည်။

"ပြည်ပက ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းကို အမေရိကန်ဒေါ်လာ သန်းငါးရာအောက်တန်း အနည်းဆုံးနဲ့ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ဆီမှာ လာရောက်ဆွေးနွေးနေပါတယ်" ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းကလည်း မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူရေးလုပ်ကိုင်ရန် ပြည်ပကုမ္ပဏီများ စိတ်ဝင်စားနေကြောင်း ပြောသည်။

စာမျက်နှာ(၃၃)

### ပြည်ပတင်ပို့နေသော ငါးထဲသို့ ရေခဲချောင်းနှင့် ရေထိုးရောင်းချမှုကြောင့် ဈေးကွက်ပျောက်နိုင် မှ

"မြန်မာ့ငါးကိုနိုင်ငံတကာက ကြိုက်နေတဲ့ အချိန်မှာ နိုင်ငံခြားသားတစ်ယောက်က ငါးကိုကျောက ခွဲပြီး ရေထည့်တဲ့ပညာသင်ပေးလိုက်တယ်။ အားလုံးက ကန့်ကွက်နေတဲ့ကြားက အဲဒါကို မြန်မာပြည်ကလုပ်ငန်းရှင်တွေက အရသာတော်တော်တွေ့သွားတယ်၊ အဲဒီလိုနဲ့ ပို့လာရင်း နိုင်ငံခြားက အခုဘာပြောသလဲဆိုတော့ မင်းတို့ငါးတွေ စားမကောင်းတော့ဘူးလို့ ပြောတယ်"ဟုရောဝတီတိုင်းဒေသကြီး မအူပင်နှင့် ညောင်တုန်းမြို့နယ်တို့တွင် ငါးကန်ဧက ၂၃၅၀ ၌ ငါးမျိုးစုံမွေးမြူနေသော Orchard ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါက်တာ မြင့်စိန်က ပြောသည်။

ငါးတစ်ပိဿာတွင် ရေ နှစ်ဆယ့်နှစ်ကျပ်သား ထည့်သောကြောင့် ငါး၏အရသာ ပျက်စီးသွားသည့်အပြင်မသန့်ရှင်းသော ရေနှင့်ရေခဲများကြောင့် စားသုံးသူများ ရောဂါရရှိနိုင်၍ မြန်မာ့ဈေးကွက် ပျောက်ဆုံးသွားနိုင်ကြောင်း ဒေါက်တာမြင့်စိန်က ပြောသည်။

"လက်ရှိငါးတွေက ဒီလိုလုပ်ပြီး ပို့နေတာရှိလို့ ပြောတာ။ သူ့ရဲ့သဘာဝက ဒီလိုလုပ်ခဲ့လို့ရှိရင် အရည်အသွေး ကျသွားမယ် အဲဒီလိုမဖြစ်အောင်ထိန်းဖို့ လိုပါတယ်၊ ပညာပေးဖို့လိုပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်နာယက ဦးစိုးဝင်းက ပြောသည်။

ငါးနှင့်ပုစွန်များ အတွင်းရေအပြင် ခဲချောင်းနှင့် သံချောင်းများလည်း ထည့်သောကြောင့် ဖမ်းဆီးအရေးယူရခြင်းများ ရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ စုံစမ်းသိရှိရသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးစုံ ၂၆၆၆၈၂ မက်ထရစ်တန် တင်ပို့ခဲ့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၄၉ သန်း ရရှိခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.45 ▪ JANUARY 17 , 2013

# Commodity Watch

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန် ဘဏ်ချေးငွေနှင့် လျှပ်စစ်မီးအဓိကလိုအပ်



*အသေးစားလုပ်ငန်းတစ်ခု* ဓာတ်ပုံ - ကျော်ဇင်သန်း

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန် ဘဏ်ချေးငွေနှင့်လျှပ်စစ်မီးလိုအပ်မှုကို ဖြေရှင်းပေးသင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် ချေးငွေကို SME ဖွံ့ဖြိုးမှုဘဏ်မှ လုပ်ငန်းရှင်တစ်ဦးအတွက် ကျပ်သိန်း ၅,၀၀၀ အထိ ချေးငွေထုတ်ပေးရန် စီစဉ်ခဲ့သည်။ သို့သော် အပေါင်ပစ္စည်းတင်ရမှုအခက်အခဲ၊ ချေးငွေရရှိရန်၊ လုပ်ကိုင်ရသည့် လုပ်ငန်းစဉ်ရှုပ်ထွေးမှုတို့ကြောင့် ချေးငွေရယူနိုင်ခြင်း မရှိကြောင်း လှိုင်သာယာစက်မှုဇုန်(၇)မှ ပလတ်စတစ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“မြေတို့ ၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတို့ကို ဘဏ်က လက်မခံဘူး။ မြေက စက်မှုဇုန်မြေဖြစ်လို့၊ စက်တွေက ရွှေ့ပြောင်းရောင်းချနိုင်လို့၊ မရွှေ့ပြောင်းနိုင်တဲ့ အဆောက်အအုံတန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းလောက်ပဲ ချေးလို့ရတာ” ဟု စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတစ်ဦးက ဆို သည်။

ထို့အပြင် လျှပ်စစ်မီးရရှိမှုမှာလည်း နွေရာသီတွင် တစ်ရက်ခုနစ်နာရီ ဝန်းကျင်သာရရှိသဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲကြောင်း လှိုင်သာယာစက်မှုဇုန်မှ ကြာဆံစက်ရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီ ၉ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးများ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်အသင်းချုပ် ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်၊ စာရင်းစစ်ချုပ်တို့ အပါအဝင် အဖွဲ့ဝင် (၂၇)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီကို ဒုတိယသမ္မတ နှစ်ဦး ဦးဆောင်၍ အဖွဲ့ဝင် (၁၅)ဦးနှင့် ဖွဲ့စည်းကြောင်း နိုင်ငံတော် သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

## ဂွ–သံတွဲ ကားလမ်းတစ်လျှောက်ရှိ အုန်းခြံများ ဈေးကောင်း

**မောင်ကံ**

**ဂွ၊ ဇန်နဝါရီ-၁၂**

ရခိုင်ပြည်နယ် ဂွနှင့် သံတွဲကားလမ်းတစ်လျှောက်ရှိ ကမ်းခြေမြေနေရာများကို တရုတ်လူမျိုးများလာရောက်၍ ဈေးကြီးပေးဝယ်ယူနေသည့်အတွက် အဆိုပါ ကမ်းခြေတစ်လျှောက်ရှိအုန်းခြံများမှာ ဈေးကောင်းရနေကြောင်း ဂွမြို့နယ်ဒေသခံ ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမြင့်အောင်က ပြောသည်။

ယခင်ကကမ်းခြေတစ်လျှောက်ရှိ အုန်းခြံဈေးများမှာ ခြံကောင်းမကောင်း အခြေအနေကိုကြည့်၍ တစ်ဧကလျှင်အများဆုံးကျပ်သိန်း ၄၀၊ ၅၀ ဈေးသာ ရရှိနေရာမှ ယခုအခါ တရုတ်လူမျိုးများက တစ်ဧကလျှင် ကျပ်သိန်း ၃၅၀၊ ၄၀၀ ထိ ဈေးပေးဝယ်ယူနေကြောင်း သိရသည်။

“ဂွနဲ့ သံတွဲကားလမ်း တစ်လျှောက်မှာရှိတဲ့ အုန်းခြံတွေ အားလုံးနီးပါးက တရုတ်တွေ ဝယ်ပြီးသားဖြစ်သွားပါပြီ။ အရင်က အုန်းခြံမြေတစ်ဧက သိန်းလေးဆယ်ငါးဆယ်သာ ဈေးအများဆုံး ရနေရာကနေ အခုတော့တရုတ်တွေက ရောင်းစေချင်တဲ့မက်လုံးဈေးတွေ ပေးပြီး ဝယ်နေတော့ အုန်းခြံပိုင်ရှင်တွေကလည်း ရောင်းကြတာပေါ့။ ဘာအတွက် ဒီလိုမျိုးဈေးကြီးပေးပြီး ဝယ်တယ်ဆိုတာတော့ ကျွန်တော်တို့လည်း မသိသလို ဒေသခံတွေကလည်း မသိကြပါဘူး။ အတည်မပြုနိုင်သေးတဲ့ သတင်းတွေအရတော့ ဟိုတယ်ဇုန် လုပ်မယ်လို့ကြားပါတယ်။ အဲဒီနေရာတွေမှာ ဟိုတယ်ဇုန်လုပ်ပြီး တရုတ်တွေသာ စိုးမိုးသွားမယ်ဆိုရင်တော့ ဒေသခံတွေလည်း ကမ်းခြေဆင်းရတော့မှာ မဟုတ်တော့ပါဘူး” ဟု ဦးမြင့်အောင်က ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 342,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 295,000 |

**YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| Explorer | 114,000 |
| Desire One V | 260,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 745,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| U 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

**ဇန်နဝါရီ(၁၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Samsung | RT2ASHMG | 225,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 145,000 |
| Samsung | WT8J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 225,000 |
| Samsung | 1.0HP | 180,000 |

**အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၃ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၄၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၂) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၆,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၅၀-၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၁၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၉၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**ဇန်နဝါရီ(၁၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan(6) | 815 | 860 | 880 | 880 |
| Jan(7) | 815 | 860 | 880 | 880 |
| Jan(8) | 815 | 860 | 880 | 880 |
| Jan(9) | 815 | 860 | 880 | 880 |
| Jan(10) | 815 | 860 | 880 | 880 |
| Jan(11) | 815 | 860 | 880 | 880 |
| Jan(12) | 815 | 860 | 880 | 880 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **MSI** | |
| Intel 1.86 GHz, 2GB DDR3, 320GB HDD, 10.1" | 239,000 |
| Intel 2.1GHz, 2GB DDR3, 1333MHz, 320GB HDD, 1GB, 14" | 402,000 |
| Intel 2.5GHz, 2GB DDR3, 1333MHz, 500GB HDD, 1GB, 14" | 561,000 |
| Intel 2.2 GHz, 2GB DDR3, 500GB SATA, HD, 14" | 433,000 |
| **Acer** | |
| Intel 1.7 GHz, 6GB DDR3, 128GB SSD, 14" | 927,000 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, 15.6" | 591,000 |
| Intel 1.7 GHz, 4GB RAM DDR3, 750GB HDD, 15.6" | 686,000 |
| Intel 1.5 GHz, 2GB DDR3, 500GB HDD, HD, 14" | 371,900 |
| **Lenovo** | |
| Intel 2.4 GHz, 4GB DDR3, 500GB HDD,1GB VGA, 14" | 497,000 |
| Intel 1.2 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 428,000 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, 2GB VGA, 14" | 626,000 |
| Intel 2.3 GHz, 8GB DDR3, 1TB HDD, 2GB VGA, 15.6" | 901,000 |

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# နိုင်ငံ့စီးပွားရေးကို ဆွဲတင်ရန် ကြိုးပမ်းနေသည့် ဂျပန်ဝန်ကြီးချုပ်သစ်

**ကြည်နေဝင်းမင်း**

ဂျပန်ဝန်ကြီးချုပ်သစ် ရှင်ဇိုအာဘေး၏အစိုးရသည် နိုင်ငံ၏ စီးပွားရေးအား ပြန်လည်အသက်သွင်းရန်အတွက် ကန်ဒေါ်လာ ၁၁၇ ဘီလီယံ သုံးစွဲရေးအစီအစဉ်ကို အတည်ပြုပေးလိုက်သည်။ ယင်းမှာ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း စတင်ဖြစ်ပေါ်ချိန်မှစ၍ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးစီးပွားရေး နှိုးဆွမှု အစီအစဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေး ဂျပန်ဗဟိုဘဏ်၏ တာဝန်ခံမှုကို အကြီးအကျယ်တွန်းအားပေးလိုက်ခြင်းလည်းဖြစ်သည်။

မစ္စတာအာဘေး၏ အဆက်မပြတ်ဖိအားပေးမှုကြောင့် ဂျပန်ဗဟိုဘဏ်အနေဖြင့် ဇန်နဝါရီ ၂၁၊ ၂၂ ရက်တွင် ထုတ်ပြန်မည့် ပြန်လှန်သုံးသပ်ချက်၌ ငွေကြေးဖောင်းပွမှုနှုန်းအား ၂ ရာခိုင်နှုန်း ပစ်မှတ်ထားရှိကျင့်သုံးပြီး ငွေကြေးပေါ်လစီကိုလည်း ထပ်မံလျှော့ချပေးရဖွယ်ရှိသည်။ ယင်းကို အစိုးရကြွေးမြီ မြင့်တက်ခွင့်ပြုခြင်းနှင့် ပိုင်ဆိုင်မှုများ ဝယ်ယူခြင်းများဖြင့် အကောင်အထည်ဖော်ရန် အလားအလာအကောင်းဆုံးဖြစ်ပါသည်။

သာမန်အားဖြင့် ပိုငွေပြနေလေ့ရှိသော ဂျပန်နိုင်ငံ၏ လက်ရှိငွေစာရင်းမှာ ပြီးခဲ့သည့် နိုဝင်ဘာလတွင် ရှားရှားပါးပါး လိုငွေပြခဲ့ပြီး လိုငွေပမာဏမှာလည်း ကြီးမားသည်။ ယင်းကြောင့်ပင် ဂျပန်ယန်းငွေတန်ဖိုးအား အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၂ နှစ်ခွဲအတွင်း အနိမ့်ဆုံးတန်ဖိုးသို့ ကူညီတွန်းချခဲ့ပြီး နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှု အားနည်းလာသဖြင့် နိုင်ငံ့စီးပွားရေးအား ပိုမိုထောက်ကူပေးရန် လိုအပ်လာခြင်းကို မီးမောင်းထိုးပြနေသည်။

နှစ်ပေါင်းများစွာ ဈေးနှုန်းများကျဆင်းနေခြင်းနှင့် ရပ်လိုက်၊ သွားလိုက်ဖြစ်နေသော ဂျပန်နိုင်ငံ၏ စီးပွားရေးအတွက် မစ္စတာအာဘေး၏ အဖြေမှာ ကြီးမားသော ဘဏ္ဍာငွေသုံးစွဲမှုနှင့် အစိုးရ၏ ကြွေးမြီများကို ဗဟိုဘဏ်က ပြန်လည်ဝယ်ယူရေးဖြစ်သည်။ သို့သော် ယင်းသို့လုပ်ဆောင်ခြင်းအတွက် စွန့်စားရမှုများရှိသည်။ အကြောင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများကြားတွင် ဂျပန်နိုင်ငံ၏ကြွေးမြီမှာ အများဆုံးပမာဏသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

“ဈေးနှုန်းကျဆင်းမှုနဲ့ ယန်းငွေမာလာတာကို တိုက်ဖျက်ဖို့ရာ ငွေကြေးပေါ်လစီ ဖြေလျှော့မှုမှာ ရဲရင့်ရပါမယ်”ဟု ၁၀ ဒသမ ၃ ထရီလီယံယန်း (ကန်ဒေါ်လာ ၁၁၇ ဘီလီယံ)တိုက်ရိုက်ငွေကြေးသုံးစွဲမှု အစီအစဉ်အကြောင်း ကြေညာချိန်တွင် မစ္စတာရှင်ဇိုအာဘေးက ဆိုပါသည်။ ယင်းငွေကြေးများအား အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းများ၊ ကုမ္ပဏီကြီးများအတွက် မက်လုံးများ၊ ကုမ္ပဏီငယ်များအတွက် ဘဏ္ဍာရေးအကူအညီပေးခြင်းများတွင် သုံးစွဲသွားမည်ဖြစ်သည်။ ယင်းတွင် ဒေသခံအစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍသုံးစွဲမှုများကို ထပ်ပေါင်းလိုက်ပါက စီးပွားရေးနှိုးဆွမှုအစီအစဉ်တစ်ရပ်လုံး၏ အရွယ်အစားမှာ ဂျပန်ယန်းငွေ ၂၀ ဒသမ ၂ ထရီလီယံအထိ ရှိလာမည်ဟု အစိုးရအရာရှိများကဆိုပါသည်။

ပြီးခဲ့သည့်လ ရွေးကောက်ပွဲတွင် ၎င်း၏ပါတီ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)အနိုင်ရရှိခဲ့ပြီးနောက် မစ္စတာအာဘေးက ဂျပန်နိုင်ငံ၏ နှစ်ပေါင်း ၂၀ နီးပါး အရပ်ရပ်ဈေးနှုန်းများ ကျဆင်းနေမှု (Deflation)အဆုံးသတ်ရေး ငွေကြေးပေါ်လစီကို တွန်းတွန်းတိုက်တိုက် အသုံးပြုရေးအတွက် ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ခဲ့ပါသည်။

“ဂျပန်ဗဟိုဘဏ်ရဲ့ အတွေးထဲမှာ အလုပ်အကိုင်အခွင့်အရေးတွေ အများဆုံးဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့ အလိုရှိပါတယ်”ဟု ပြောကြားခဲ့ကြောင်း နီကေးစီးပွားရေးနေ့စဉ်က ရေးသားခဲ့ပါသည်။ ဂျပန်ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှု ၂ ရာခိုင်နှုန်းကို ရေတိုကာလ ပစ်မှတ်အဖြစ် ထားရှိသင့်သည်ဟု ၎င်းကဆိုပါသည်။ ရေရှည်ရည်မှန်းချက်အဖြစ် သတ်မှတ်ပါက ယင်းမှာ အဓိပ္ပာယ်ရှိမည်မဟုတ်”ဟုလည်း မစ္စတာအာဘေးက ဆက်လက်ပြောခဲ့ပါသည်။

ဂျပန်ဗဟိုဘဏ် (BOJ)နှင့် အစိုးရအရာရှိများကလည်း ဗဟိုဘဏ်၏ ပေါ်လစီအစည်းအဝေး ပြီးဆုံးချိန်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေပါသည်။ ယင်းတွင် ငွေကြေးဖောင်းပွမှု ၂ ရာခိုင်နှုန်းကို ဗဟိုဘဏ်၏ပေါ်လစီ ရည်မှန်းချက်သစ်အဖြစ် ထားရှိခြင်းနှင့် ဈေးနှုန်းများကျဆင်းမှုကို အောင်နိုင်ရန် ငွေကြေးပေါ်လစီ ဖြေလျှော့ခြင်းကို တွန်းတွန်းတိုက်တိုက် ဆက်လက်အသုံးချရေး ပါဝင်နိုင်သည်ဟု ရိုက်တာသတင်းဌာန ရင်းမြစ်များက ပြောပါသည်။

သို့သော် ဂျပန်ဗဟိုဘဏ်က အနာဂတ်တွင် ပေါ်လစီရေးရာများဖြင့် တုပ်နှောင်နေမိမည်စိုးသောကြောင့် ၎င်းတာဝန်ခံရမည့်အထဲတွင် အလုပ်အကိုင်ဖွံ့ဖြိုးရေးကိုစ ထည့်သွင်းထားခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပါသည်။ အလုပ်အကိုင်များ ဖန်တီးရေးမှာ အစိုးရနှင့် ပူးတွဲတာဝန်ယူရမည်ဆိုခြင်းကိုမူ ဗဟိုဘဏ်က လက်သင့်ခံဖွယ်ရှိသည်။

“ဗဟိုဘဏ်က သူ့ရဲ့ အလုပ်အကိုင် ခန့်မှန်းချက်တွေမှာ အလုပ်အကိုင် ရရှိနိုင်မှုအပေါ် ပိုအာရုံစိုက်ပြီး လက်ရှိဗဟိုဘဏ်ဥပဒေမူဘောင်ထဲကနေပဲ မစ္စတာအာဘေးရဲ့ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ တိုက်တွန်းမှုတွေအပေါ် တုံ့ပြန်နိုင်ပါတယ်”ဟု တိုကျိုမြို့ရှိ Shinkin Asset Management မှ စီးပွားရေးပညာရှင်ချုပ် မစ္စတာ ဟီရိုရှိမီယာဇာကီက ဆိုပါသည်။

“ဒါပေမဲ့ ငွေကြေးဖောင်းပွမှုကိုတော့ အချိန်တိုအတွင်း နှစ်ရာခိုင်နှုန်းအထိရောက်အောင် လုပ်ဖို့ကတော့ တကယ့်ကို ခက်ခဲပါတယ်။ ဈေးနှုန်းတွေက စီးပွားရေးရဲ့နောက် တစ်နှစ်လောက် နောက်ကျန်နေခဲ့ပါတယ်။ နောက် ၂၀၁၂ ခုနှစ်ကတည်းက ကျွန်တော်တို့ စီးပွားရေး ဆုတ်ယုတ်နေတာပါ”ဟု မစ္စတာဟီရိုရှိက ဆက်လက်ပြောပါသည်။

ငွေကြေးဖောင်းပွမှု ၂ ရာခိုင်နှုန်းကို ရေရှည်ရည်မှန်းချက်အဖြစ် သတ်မှတ်ပါက အဓိပ္ပာယ်မရှိဖြစ်လိမ့်မည်ဟု မစ္စတာအာဘေးက ပြောကြားထားလင့်ကစား ဗဟိုဘဏ်၏ကြေညာချက်တွင် ၎င်းရည်မှန်းချက်အောင်မြင်ရေးအချိန် တိတိကျကျ သတ်မှတ်ထားလိမ့်မည်မဟုတ်ဟု အစိုးရနှင့် ဗဟိုဘဏ် ညှိနှိုင်းဆွေးနွေးမှုများနှင့် အကျွမ်းတဝင်ရှိသူများက ဆိုပါသည်။

ဗဟိုဘဏ်ကလည်း အစိုးရက ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန် စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ပေးခြင်းမျိုး အရေးယူလုပ်ဆောင်ခြင်းမရှိပါက ငွေကြေးဖောင်းပွလာစေမှု ရည်မှန်းချက်ကို အချိန်တိုအတွင်း မလုပ်ဆောင်နိုင်ဟု ဆိုပါသည်။ ဂျပန်အစိုးရကမူ ဗဟိုဘဏ်နှင့် အစိုးရအဖွဲ့ကြားတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေး မူဘောင်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ဗဟိုဘဏ်အနေဖြင့် ဈေးနှုန်းကျဆင်းရေး သတ်သတ်မှတ်မှတ် ပစ်မှတ်ထား၍ ငွေကြေးအရ သက်သာရာရစေခြင်းကို တွန်းတွန်းတိုက်တိုက် လုပ်ဆောင်သွားသင့်သည်ဟု ထုတ်ပြန်ပြောကြားပါသည်။ “ဒါ့အပြင် ငွေကြေးဈေးကွက်တွေကို အနီးကပ်စောင့်ကြည့်ပြီး လိုက်လျောညီထွေ တုံ့ပြန်ရပါမယ်”ဟု အစိုးရကပြောပါသည်။

ယခု စီးပွားရေးနှိုးဆွမှု အစီအစဉ်ကြောင့် လက်တွေ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၂ ရာခိုင်နှုန်း ရရှိမည်ဟု အစိုးရက မျှော်လင့်ထားပြီး ယင်းနှင့်အတူ အလုပ်အကိုင် ၆၀၀,၀၀၀ ဖန်တီးနိုင်မည်ဟုလည်း မျှော်လင့်သည်။ ယင်းအတွက် ငွေကြေးရှာဖွေရန် ယခုနှစ်အတွက် ရောင်းချရန် မူလက ရည်မှန်းထားသော ငွေတိုက်စာချုပ်ဘွန်းများ ရောင်းချမှုအား ယန်းငွေ ငါးထရီလီယံဖိုး ပိုမိုရောင်းချသွားမည်ဟု အစိုးရအရာရှိတစ်ဦးက ဆိုပါသည်။ လတ်တလောတွင်မူ ဂျပန်နိုင်ငံ၏ စီးပွားရေးလိုငွေပြမှုမှာ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်သော မညီမျှမှုဟု ဘဏ္ဍာရေးလေ့လာသူများက မျှော်လင့်ပြီး ရှေ့လာမည့်လများတွင် နိုင်ငံခြားတင်ပို့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အတူ ယန်းငွေတန်ဖိုး ကျဆင်းလာခြင်း၊ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူခြင်းများမှနေ၍ ဂျပန်စီးပွားရေးအတွက် အကျိုးအမြတ်ရှိလာမည်ဟု မျှော်လင့်နေကြသည်။

—*Ref: Reuters*



Photo - AFP

စာမျက်နှာ(၄၆) မှ

**မြန်မာသမ္မတဦးသိန်းစိန်ကို အင်တာဗျူးခဲ့သော တိုင်းမ်သတင်းထောက် ဟန်နာဘိချ်နှင့် မြန်မာ့အရေး အမေးအဖြေ**

ကျွန်မ ဘေဂျင်းကနေ ရန်ကုန်ကို လေယာဉ်စီးလာတော့ မြန်မာပြည် ခြေချမိတာနဲ့ ကျွန်မ ဖေ့စ်ဘွတ်ခ်ကိုစဖွင့်နိုင်ပြီ။ ပိတ်ပင်မထားတဲ့ သတင်းတွေ၊ အကြောင်းအရာတွေကို ကျွန်မ ဖတ်နိုင်ခဲ့တယ်။ တက္ကစီမောင်းဆရာတွေနဲ့တောင် အထိအခိုက်မခံနိုင်တဲ့ နိုင်ငံရေးကိစ္စတွေအကြောင်း ကျွန်မ ပြောဆိုဆွေးနွေးနိုင်ခဲ့တယ်။ ဒီနှစ်နိုင်ငံ (တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ)အကြား ကွာဟမှုက ကျွန်မကို တကယ်ရိုက်ခတ်ခဲ့ပါတယ်။ ဒီလိုပြောလို့ မြန်မာနိုင်ငံမှာ ဘာပြဿနာမှ မရှိဘူးလို့ ပြောတာမဟုတ်ဘူးနော်။ ဒါပေမဲ့ ဖြစ်ခဲ့တဲ့အပြောင်းအလဲတွေဟာ သိပ်မှတ်သားလောက်ပါတယ်။ ဒါတွေဟာ အာဏာပိုင်ဝါဒ ကျင့်သုံးတဲ့နိုင်ငံတစ်ခုမှာ နေနေရတဲ့ သူတစ်ဦးအတွက် သိပ်မှတ်သားလောက်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီတော့ သေချာမဖြစ်သေးဘူး။ မရိုးမဖြောင့်တဲ့စနစ်တစ်ခု ဖြစ်နေတုန်းပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံဟာ ဒီနေ့အထိ တရုတ်နိုင်ငံ မရောက်သေးတဲ့ လမ်းကြောင်းပေါ်ကိုတော့ ရောက်နေပါပြီ။

—*Ref: Time; 10 Jan*

**ဝန်ထမ်းအလိုရှိသည်။**

**International Language & Business Centre (ILBC)**

အမှတ်-၃၄၊ လေးထောင့်ကန်လမ်း ၊ တာမွေမြို့နယ်။
ဖုန်း - ၅၄၅၇၂၀ လိုင်းခွဲ ၂၈၊ ၅၅၆၂၉၈

ILBC Front Office ဌာနအတွက်၊ **Receptionist** များအလိုရှိသည်။
- တက္ကသိုလ်မှဘွဲ့ရပြီးဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေး ကောင်းမွန်ပြီး အလုပ်အပေါ် စိတ်ဝင်စားသူ ဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ အခြေခံရှိရမည်။
- ကွန်ပျူတာ အသုံးပြုနိုင်ရမည်။

စိတ်ပါဝင်စားသူများ ILBC Human Resources Department သို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကုန် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။



AIR KBZ
FLYING BEYOND EXPECTATIONS
ရွှေတြိဂံမှ မနောမြေသို့
တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေယာဉ်ခရီးစဉ်သစ်
2 NEW DIRECT SERVICES
Myitkyina
Tachileik
Yangon
ဇန်နဝါရီ (၁)ရက်နေ့မှ စတင်၍ ရန်ကုန်မှ တာချီလိတ်၊ တာချီလိတ်မှ မြစ်ကြီးနားမြို့များသို့ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲပေးနေပါပြီ
AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon 11182, Myanmar
Reservation: (01) 373766, Facsimile: (01) 372983
Email: info@airkbz.com.mm, www.airkbz.com : www.facebook.com/AIRKBZ




Take care.
GARNIER
ကျပ် သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ
ငွေသားနှင့်လက်ဆောင်များ...
၃,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅၀၀ ကျပ်
၂၀၀ ကျပ်
ခဲခြစ်ကံစမ်းကြရအောင်...
၃,၀၀၀ ကျပ်

7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# 7DAY BOOK REVIEW



## မော်ကွန်းမဂ္ဂဇင်း

Investigative Reporting ဟူသော အဖြစ်အပျက်တစ်ခု(သို့မဟုတ်)အကြောင်းအရာ၊တစ်စုံတစ်ရာကို အသေးစိတ် စုံစမ်းထောက်လှမ်းပြီးမှ အပြည့်အစုံ ပြန်လည်ရေးသားဖော်ထုတ်ခြင်းသတင်းအရေးအသားမျိုးသည် နိုင်ငံတကာ စာနယ်ဇင်းများတွင် အများဆုံးကျင့်သုံးဖော်ပြနေသောတင်ဆက်မှုတစ်ခုဖြစ်သည်။ ယခုမော်ကွန်းမဂ္ဂဇင်းသည် သတင်းမဂ္ဂဇင်းဟု ဆိုရမည်ဖြစ်ပြီး ထိုသို့သော စုံစမ်းထောက်လှမ်း သတင်းတင်ဆက်မှုများကို ဖတ်ရှုရပါသည်။ ယခင်ထွက်ခဲ့ဖူးသော နွယ်နီ၊ ရန့်သစ် မဂ္ဂဇင်းတို့နှင့် ပုံသဏ္ဌာန်တူသယောင်ရှိသော်လည်း တကယ်တမ်းဆိုရလျှင် လုံးလုံးကွဲပြားနေပါသည်။ နွယ်နီတွင် နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာ ဆောင်းပါးဘာသာပြန်ဆိုချက်များ၊ စာပေရေးရာများကို အဓိကဖော်ကျူးခဲ့သလို ရန့်သစ်တွင် နိုင်ငံတကာ အဖြစ်အပျက်ရေးရာများ၊ ရာဇဝင်သမိုင်းနှင့် ဆက်နွှယ်သော အရေးအသားများဖြင့် ပေါင်းစပ်ထားသည်ကို ဖတ်ရှုရပါမည်။

ယခု မော်ကွန်း၏ထူးခြားချက်မှာ သတင်းသမားများ စုပေါင်းလုပ်ကိုင်ခြင်းကြောင့် တစ်အုပ်လုံးလိုလိုတွင် သတင်းရနံ့များ၊ သတင်းကို မြစ်ဖျားခံ၍ အပြန်အလှန်တွေးတောချက်များ၊ အနာဂတ်တွင် စိန်ခေါ်နေသည့် အရေးအရာများဖြင့် ပြည်တွင်းရေးရာ၊ ပြည်တွင်း အဖြစ်အပျက်များကိုသာ အဓိကဇောင်းပေး ဦးတည်ရေးသားထားခြင်းကို ဖတ်ရှုရပါမည်။

အထူးသဖြင့် ၂၀၁၂ နှစ်ကုန်ပိုင်းတွင် မြန်မာပြည်သူများ ကြုံတွေ့ခဲ့ရသော ရခိုင်ပြည်နယ်ပဋိပက္ခ၊ ကချင်စစ်ဘေးအခြေအနေနှင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်သတင်းဓာတ်ပုံများ၊ အင်တာဗျူးများ၊ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားခြင်းကို ဖတ်ရမည်ဖြစ်ပြီး ရုပ်ပြောင်ကာတွန်းများကိုလည်း အလျဉ်းသင့်သလို ဖော်ပြထားရာ သတင်းမဂ္ဂဇင်းဟု ဆိုနိုင်သော်လည်း ငြီးငွေ့မသွားအောင် ဆွဲဆောင်မှုရှိလေသည်။

Myanmar Observer Media Group က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## The Reallives Realstories (Vol.12)

မော်ကွန်းမဂ္ဂဇင်းလိုပင် သမားရိုးကျ ပုံသဏ္ဌာန်ထဲမှ ခွဲထွက်ကာ လူတွေ၏ ဘဝများနှင့်နီးသည့်လက်ငင်းအခြေအနေများအား ထင်ဟပ်စေသည့်မဂ္ဂဇင်းတစ်အုပ်မှာThe Reallive Realstories ဖြစ်သည်။ ယင်းမဂ္ဂဇင်းသည် လစဉ်ထုတ် မဟုတ်ဘဲ အမှတ်စဉ်ဖြင့် ထွက်ရှိပြီး တကယ့်သက်ရှိ ဘဝများထဲမှ ထူးခြားသည့် လူပုဂ္ဂိုလ်များအကြောင်း စိစစ်ဖော်ပြထားသောမဂ္ဂဇင်း ဖြစ်သည်။

စာအုပ်တွင် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား ကူညီစောင့်ရှောက်ခဲ့သည့် ဒေါ်ဖြူဖြူသင်း၊ မြန်မာနိုင်ငံတွင် တာဝန်လာရောက်ထမ်းဆောင်စဉ် မြန်မာ ပန်းချီဆရာတစ်ဦးနှင့် မေတ္တာမျှ အိမ်ထောင်ကျသွားသူ ဗြိတိသျှသံအမတ်ကြီး ဗစ်ကီတို့၏ ရေခြားမြေခြားချစ်ခရီးလမ်း၊ ပုပ္ပားတောင်ခြေမထင်မရှား ရွာငယ်လေးမှ ရန်ကုန်မြို့ကြီးသို့ တက်လာပြီး စာနယ်ဇင်းလောကထဲ ဝင်ရောက်ကာ အောက်ခြေသိမ်း သတင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှ အဆင့်ဆင့် တက်လှမ်းကာ အမှုဆောင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေသူ 7Day News ဂျာနယ်မှ ကိုအားမာန်နှင့် တွေ့ဆုံခြင်း၊ မန္တလေးမှ ရုပ်သေးပညာရှင် ဒေါ်မမနိုင်၊ အမြဲလိုလို မူးယစ်သောက်စားပြီး ရမ်းကားတတ်သော်လည်း အခြေအနေတစ်ရပ်ကြောင့် ဘာသာရေးဘက်သို့လုံးဝပြောင်းလဲသွားသူ တစ်ဦး၊ရဟတ်ယာဉ်လေယာဉ်မှူး ဦးရဲတင့်၊ မြန်မာဆိုင်းဆရာဦးစိန်ရီ၊ ကျိုက်ထီးရိုးဘုရားဖူးများ ဝင်ရောက်နားခိုလေ့ရှိသည့် ကျိုက်ထိုမြို့အနီးရှိ စိမ်းလဲ့တင်စားသောက်ဆိုင်နှင့် ဥည့်ဂေဟာပိုင် ရှင်၊ အင်းဝမှာနေသည့် ကဗျာဆရာကြီး ကိုလေး(အင်းလေးဂုဏ်ရည်)စသည်ဖြင့် ရှင်သန်လှုပ်ရှားမှု မတူညီသော ဘဝများကို စိတ်ဝင်စားဖွယ်ရေးသားဖော်ပြထားသည်။

ယခု မဂ္ဂဇင်းကို The book house စာအုပ်တိုက်က အပြင်အဆင် သေသပ်လှပစွာဖြင့် ဖော်ပြထားပြီး တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကတ်ကြေးတွေ ဘယ်အချိန်တည်းက ပေါ်ပေါက်လာသလဲ

ကတ်ကြေးများကို စက္ကူများ၊ ပိတ်စများ၊ ပလတ်စတစ်များမှသည် သံပြားများအထိ ကိုက်ဖြတ်၊ ညှပ်ရာတွင် အသုံးပြုနေကြသည်မှာ ကြာခဲ့ပြီဖြစ်သည်။ သမိုင်းအရဆိုသော် ကတ်ကြေးများကို ဘီစီ ၁၅၀၀ ခန့်က ရှေးခေတ်အီဂျစ်နိုင်ငံတွင် စတင်တီထွင်အသုံးပြုခဲ့ကြောင်း သိရသည်။ အစောဆုံး အနေဖြင့် သိထားကြသည့် ကတ်ကြေးများမှာ မက်ဆိုပိုတေးမီးယားဒေသတွင် ပေါ်ခဲ့သော သက်တမ်းနှစ် ၃,၀၀၀ မှ ၄,၀၀၀ အတွင်းရှိ ကတ်ကြေးများဖြစ်ပြီး Spring Scissors ဟုခေါ်သည့် ကြေးပြားအသွားနှစ်ခုကို လက်ကိုင်တစ်ခုထဲ၌ ချိတ်ဆက်ထားသည့် ပုံစံဖြစ်သည်။ ဥရောပတိုက်တွင် ယင်းကတ်ကြေးပုံစံများကို ၁၆ ရာစုခန့်အထိ ဆက်လက်သုံးစွဲခဲ့သည်။ ခေတ်သစ်တွင် သုံးနေသည့် ကတ်ကြေးများ၏ ရှေးဦးပုံစံမှာ ရောမသားများက အေအီ ၁၀၀ ခန့်တွင် စတင်တီထွင်ခဲ့ရာမှ ယနေ့အထိ ဆင်းသက်လာခြင်းဖြစ်သည်။ ကတ်ကြေးများတွင် သာမန်အိမ်သုံးမှသည် မြက်ဖြတ်ရာ၌သုံးသော ကတ်ကြေး၊ ဆံညှပ်ကတ်ကြေး၊ သတ္တုကြိုးများကို ဖြတ်၊ ညှပ်သည့် ကတ်ကြေးစသဖြင့် ယခုအခါ အမျိုးမျိုးတွင် တွင်ကျယ်စွာသုံးနေကြသည်။ *-Ref: Wiki*

# တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၁၆ ရက်မှ ၂၂ ရက် အထိ

စံအာကာဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အလုံးစုံ အဆင်ပြေမည်။ ဘဝတိုးတက်မည်။ ရည်မှန်းချက် အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့်ဖြစ်သော ပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ အိမ်တွင်း၊ မိသားစုအတွင်း လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်း တိုးတက်မည်။ မိတ်ဆွေအကြီးအကဲ တစ်ဦးထံမှ အထောက်အကူ ကောင်းရရှိမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မတော်တဆ ထိရှမှု ဂရုစိုက်ပါ။ ကိုယ်တိုင်လည်း ကျန်းမာရေး အားပျော့မည်။ မိသားစုတွင်လည်း ကျန်းမာရေး အညံ့ရှိသည်။ ငွေလာချေးသူ ပေါ်မည်။ ချေးငှားမိက ဆုံးမည်။ အနီးကပ် အရင်ပြောသူ၏ ပြောစကားကို ယုံစားမိသောကြောင့် ဆုံးဖြတ်ချက် မှားယွင်းတတ်သည်။ သူတစ်ပါး မလုပ်ဝံ့သော လုပ်ငန်းများကို မိမိလုပ်၍ အကျိုးရှိမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဘဝတိုးတက်မည်။ အလုပ်အကြံ အောင်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော် တိုးတက်မည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စ ပြောဆို ဖြေရှင်းရခြင်းမျိုး ကြုံမည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ အလွန်စိတ်ရှည်သီးခံရမည်။ ကိုယ်ကစေတနာထားသလောက် သူတစ်ပါးက ဝေဖန်တိုက်ခိုက်ခြင်းမျိုး ကြုံမည်။ မိမိခြေလှမ်း တစ်ချက်မှားသည်နှင့် ဖြေရှင်း၍ မပြီးနိုင်အောင် ဖြစ်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်းများနှင့် အဆင်ပြေမှုများ တစ်မျိုးပြီး တစ်မျိုးကြုံမည်။ သူတစ်ပါး မနိုင်နင်းသောကိစ္စများ လုပ်ရန် မဖြစ်နိုင်သည့်ကိစ္စများ မိမိဆောင်ရွက်ပါက အလွယ်တကူ အဆင်ပြေမည်။ သံယောဇဉ်အရှိဆုံးသူ၏ အထင်လွဲမှုကို ဖြေရှင်း အဆင်ပြေမည်။ စေတနာထက်သန်ခြင်း၊ ကူညီခြင်းတို့သည် မိမိအားကောင်းသော စေတနာ ရောင်ပြန်ဟပ်စေမည့် အနေအထားရှိသည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အရာရာ သတိနှင့် ဆောင်ရွက်ရမည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်။ ငွေလက်လွှန်မှု သတိရှိရမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နောက် နှေးတတ်သည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများအား ခေါင်းခံဖြေရှင်းရမည်။ အပြောအဆို အသွားအလာ ဂရုစိုက်ပါ။ ခရီးကိစ္စများ စီစဉ်နိုင်မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အဆင်ပြေခြင်းနှင့် တိုးတက်ခြင်းဘက်သို့ ဦးတည်လာသည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေ ကြေးကံကောင်းမည်။ အလုပ်သစ် ကုန်ပစ္စည်းသစ်များ ဖြန့်ချိ၍ အဆင်ပြေမည်။ မိမိကိစ္စ မဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ဆောင်ရွက်ရင်း စိတ်ရှုပ်ထွေးရခြင်းများဖြစ်တတ်သည်။ ကာလအတန်ကြာ အကြွေးထားဘေးချထားသည့် ကိစ္စများကို အချိန်ပိုပေးပြီး ဖြေရှင်းနေရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရန်အနှောင့်အယှက်များမည်။ အရာရာ ကိုယ့်ခြေကိုယ့်လက်နှင့် ဆောင်ရွက်ပါ။ သူတစ်ပါးအား ယုံကြည်၍ မရ။ အမှားအမှန် မချင့်ချိန်ဘဲ စိတ်လိုက်မာန်ပါ လုပ်လိုစိတ် ပြင်းထန်နေမည်။ ငွေကြေးများစွာ မြှုပ်နှံပြီး လုပ်သော ကိစ္စများ ရှောင်ပါ။ လုပ်ချင်ရာ မလုပ်ရ၍ စိတ်တိုမည်။ မိသားစုတွင် လက်ဖွာအကျိုးမဲ့ ငွေဖြုန်းသော သူကြောင့်စိတ်ရှုပ်ရမည်။ ကျန်းမာရေး မပေ့ါအပ်။ အနက်ရောင် မဝတ်ရ။ မတော်တဆ ထိခိုက်တတ်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အညံ့ကင်း၍ တိုးတက်ခြင်း အလုံးစုံကို ရနိုင်သော အနေအထားရှိသည်။ လိုရာပြည့်မည်။ ကာလအတန်ကြာ ခက်ခဲနေသော ပြဿနာများအား ဖြေရှင်းနိုင်သည်။ အာရုံတွင်း၌လည်းကောင်း၊ ခံစားချက်စိတ်တွင်လည်းကောင်း လုပ်လိုက်ပါက ထင်ရှားစွာ အောင်မြင်ခြင်း၊ ငွေရခြင်းဖြစ်မည်ဟု မှတ်ယူသည့်ကိစ္စကို တစ်ပါးသူက မည်မျှတားဆီးစေ ရှေ့တိုးလုပ်ပါ။ ထင်ထားသည်ထက် ပို၍ အကျိုးကောင်းရမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိတ်ဆွေဟောင်း၊ လူမျိုးကွဲ၊ အရပ်ဝေးမှ သူများနှင့် ပူးပေါင်းလုပ်ကိုင်မှုများ အဆင်ပြေမည်။ အခါတိုင်းထက်ပို၍ ငွေဝင်မည်။ နေရာအပြောင်းအလဲ ကောင်းသည်။ ခရီးကိစ္စအဆင်ပြေမည်။ ပြည်ပအတတ် အကျိုးပေးမည်။ ငွေကြေးတိုးတက်သော ကံရှိသည်။ မင်္ဂလာစကားများ ပြောရမည်။ လူလွတ်များ အိမ်ထောင်ကျမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ တိုးတက်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရည်မှန်းချက်များ အောင်မြင်မည်။ ပညာစာမေးပွဲနှင့် ပတ်သက်၍ အထူးကောင်းသည်။ သင်တန်းများ တက်ရောက်ရန် ကြုံက တက်ရောက်ပါ။ မိသားစုတွင်ခြံ၊ ကား၊ အခန်း အဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်း ရှိမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိသားစုတွင် တစ်ပါးသူ လက်ရောက်ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည် ရရှိမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မာနလျှော့ပါ။ ပလွှားစွာ ပြောဆိုမှုများ ရှောင်ပါ။ မိမိအကြံအစည်များကို လျှို့ဝှက်စွာ ဆောင်ရွက်ပါ။ မြုပ်နေသည့်ငွေများပြန်ပေါ်မည်။ စတင်ဆောင်ရွက်လိုက်သော ကိစ္စများ အောင်မြင်မည်။ စန်းကောင်းမည်။ မျက်နှာပွင့်မည်။ လူချစ် လူခင်ပေါမည်။ ဖြေဆိုထားသည့် စာမေးပွဲများမှ အောင်မြင်ခြင်း သတင်းရမည်။ စိတ်ဆန္ဒရှိသလောက် ရှေ့တိုးဆောင်ရွက်နိုင်မည်။ ပြည်ပအတတ်ပညာအတွက် ရည်စူးထားသူများ အလိုဖြည့်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မည်။ ရည်ရွယ်ဆောင်ရွက်ထားသည်များ ဆောင်ရွက်ရန် အခါကောင်း ကျရောက်သည်။ လူမျိုးကွဲ အကျိုးပေးသည်။ အခြေအနေအားလုံးသည် အလွယ်တကူ တွတ်ဆ၍မရ။ ပြိုင်ဆိုင်လာသူအားလုံးအား အနိုင်ရမည်။ ကုန်ပစ္စည်းသစ်များ ဖြန့်ချိရန် ကောင်းသည်။ မေတ္တာရေးကံကောင်းသည်။ အထီးကျန်သူများပင် စန်းကောင်းမည်။

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

**စာမျက်နှာ(၂၅)**

# ဂန္ဓလရာဇ် ခရီးသည် မှ

“အိပ်မက်ကမ္ဘာခရီးစဉ်”လေ. . ။

ဟုတ်သည်ကော၊ တကယ့် အိပ်မက်ကမ္ဘာပေပဲ။ 3D ဆိုလား 4D ဆိုလားတက်ကနိုလိုဂျီသစ်ဖြင့် ကြဲကြဲဖန်ဖန် တီထွင်ထားခြင်းပင်။ ကျွန်တော်တို့လို အိပ်မက်ကမ္ဘာ ခရီးနှင်ဖို့ တန်းစီစောင့်နေသူများကိုတွေ့တော့ ‘အတော်ဝင်ငွေကောင်းမယ့် အစီအစဉ်ဖြစ်မှာပဲ’ တွေးမိသည်။

အပြန်ခရီးတွင် ကျန်းယီကို မေးမြန်းစုံစမ်းရသည်။

“ခင်ဗျားတို့ ဒီစခန်းက နိုင်ငံခြားငွေ တော်တော်ရမှာပဲနော်”

“ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ရည်ရွယ်ချက်က ဒါမဟုတ်ပါဘူး”

“ဒါဖြင့် ဘာလဲ”

“ကိုယ့်အမျိုးသားကို ချစ်တတ်ဖို့၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားတတ်ဖို့”

ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ခေတ်သစ်တရုတ်ကွန်မြူနစ်လူငယ်က ‘မော်စီတုန်း အတွေးအခေါ်’ အကြောင်း မပြော။ ‘အမျိုးသားယဉ်ကျေးမှု’ အကြောင်း အလေးအနက် ပြောနေသည်။ ကျွန်တော့်အတွက်တော့ တွေးစရာတစ်ကွက်ရလိုက်သည်။ “အိမ်လွမ်းစိတ်နှင့် နိုင်ငံရေး. . .”။ ကွန်မြူနစ်တွေ အိမ်လွမ်းကြသည်မှာ အကြောင်းမဲ့တော့ မဟုတ်တန်ရာ။

**ချက်ပလင်ပြကွက်**

**နစ်ဆင်ဟောကိန်း**

နေ့လယ်ပိုင်းအစီအစဉ်မှာ ချန်ကျိုးစက်မှုဇုန်သို့ သွားရောက်လည်ပတ်ကြဖို့ ဖြစ်သည်။ သို့တစေ အရင်ဆုံးလိုက်ပို့သည်က စက်မှုဇုန်မဟုတ်သေး။ ‘ချန်ကျိုး သိပ္ပံနှင့် ပညာရေးမြို့’ဆိုသောနေရာဖြစ်သည်။ တရုတ်လူငယ်များကို လက်တွေ့နှင့် စာတွေ့ ပူးတွဲသင်ကြားပေးရာ နေရာဟု သိရသည်။ ဤနေရာတွင် သိပ်တော့မကြာ။ ခရီးတစ်ထောက်ဝင်နားသည်။

သဘောမျှသာရှိသည်။ သတိပြုမိသလောက်တော့ သန့်ရှင်းသပ်ရပ်သည်။ တိတ်ဆိတ်ငြိမ်သက်သည်။ သက်ငြိမ်ပန်းချီကားတစ်ချပ်လိုပင်။ စက်မှုဇုန်နှင့် ဘယ်လိုမှမတူ။ ပညာရပ်ဝန်းနှင့် ပင်သိပ်မတူဟု ထင်သည်။ တောရကျောင်းတစ်ကျောင်းလို ငြိမ်ချက်သားကောင်းလှသည်။

ချီဖာဖိနပ်စက်ရုံ ရောက်တော့မှ စက်မှုခေတ်၏ အသံဗလံအငွေ့အသက်များနှင့် ထိတွေ့ရတော့သည်။ ပထမဆုံး ဆီးကြိုနှင့်သည်က ပစ်စတင်ထိုးသံ တဒိုင်းဒိုင်း။ စက်ရုံဝင်ပေါက်မှပင် အသံလုံနားကျပ်လေးများနှင့် နှာခေါင်းစည်းအဝတ်စလေးတွေကိုထိုးပေးသည်။ ကင်းဗတ်စရက်လုပ်သော စက်ခန်းဖြစ်သည်မို့ ဆူညံသံတွေများမည်။ ဝါဂွမ်းစတွေ နှာခေါင်းထဲ ဝင်နိုင်သည်။ ဒါတွေကာကွယ်ဖို့ နားကျပ်တပ်ပါ။ နှာခေါင်းပိတ်စည်းပါပေါ့။ တရုတ်အိမ်ရှင်တွေမှာ အသေးစိတ်လေးကအစ ဂရုတစိုက်ရှိလှသည်။

စက်ရုံခန်းမကြီးမှာ တစ်မျှော်တစ်ခေါ်ပင်။ အလုပ်သမားတွေလည်း အတော်များသည်။ အများစုမှာ အမျိုးသမီးတွေဖြစ်သည်။ “စည်းပတ်လမ်း’ တစ်လျှောက် သူ့အပိုင်းနှင့်သူ ငန်းသတ်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ဝါဂွမ်းအဆင့်မှသည် ချည်ခင် နောက်ဆုံး ကင်းဗတ်စရောက်သည်အထိ ဖြစ်သည်။

နောက်တစ်ခန်းမှာ ကင်းဗတ်ဖိနပ်များ ထုတ်လုပ်သည့် အလုပ်ရုံ။ ပစ်စတင်သံတွေ မကြားရတော့။ အပ်ချည်စက်သံတချောက်ချောက်က နေရာယူလာသည်။ ပို၍ရှည်လျားသော စည်းပတ်လမ်းကြီးကို တွေ့ရသည်။ ပို၍အနုစိတ်သော လုပ်ငန်းအဆင့်အလိုက် တကုပ်ကုပ်အလုပ်လုပ်နေကြသည်။ ကင်းဗတ်စ ဖြတ်ကြညှပ်ကြသည့်အဆိုင်း၊ ချုပ်ကြလုပ်ကြသည့်အဆိုင်း၊ ဖိနပ်အောက်ခံ ‘ဆိုး(လ)’ဖြတ်ကြ၊ ချုပ်ကြ၊ ကော်ကပ်ကြသည့်အဆိုင်း၊ နောက်ဆုံး ကြိုးတပ်၊ တံဆိပ်ကပ်၊ ထုပ်ပိုး၊ သူ့အဆိုင်းနှင့်သူ ဇယ်စက်သလို အလုပ်လုပ်နေကြသော တကယ့်စည်းပတ်လမ်းကြီးပင်။ ထူးခြားသည်မှာ ယောကျ်ားအလုပ်သမားတစ်ယောက်မှမတွေ့။ အားလုံး အလုပ်သမတွေချည်း ဖြစ်နေသည်။

ဂျာနယ်လစ်ကိုဖိုးက အလုပ်သမလေးတွေနောက် ဝါးလုံးတန်းကို အမိအရ ဓာတ်ပုံရိုက်ပြီး တိုးတိုးလေးကပ်ပြောသည်။

“သူတို့ဘဝမှန်ကို ပြောပြမယ့် ဓာတ်ပုံဗျ”

ဟုတ်သည်ကော။ အဆိုပါ ဝါးလုံးတန်းပေါ်တွင် သူတို့၏နေ့လယ်စာ စားမြိန်ထုတ်လေးတွေ ချိတ်ဆွဲထားတာကို အစီအရီတွေ့ရသည်။ တချို့ ကြွပ်ကြွပ်အိတ်၊ တချို့အဝတ်နွမ်းနွမ်းဖြင့် ထုပ်ပိုးလျှက်။ ကြီးကြီးမားမား တစ်ခုမှမပါ။ တကယ့် ပိစိကွေးလေးတွေများသည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ပန်းရန်မလေးများ၏ ထမင်းချိုင့် ပိန်ပိန်လေးတွေကို ပြေးမြင်မိသည်။ တရုတ်ပြည်မှာ လုပ်အားခဈေးချိုရာတွင် နာမည်ကြီးသည်။ အထူးသဖြင့် အမျိုးသမီးများ၏ လုပ်ခမှာ အတော်နည်းသည်ဟု သိရသည်။

ကျွန်တော့်မှာ တစ်မျှော်တစ်ခေါ် စည်းပတ်လမ်းကြီးကိုငေးရင်း ငယ်ငယ်က ကြည့်ခဲ့ဖူးသော ရုပ်ရှင်တစ်ကားကို အမှတ်ရနေမိသည်။

ချာလီချက်ပလင်၏ စက်မှုခေတ်ဦးနောက်ခံရုပ်ရှင်။ ‘ခေတ်သစ်’ (Modern Age)ဟုထင်သည်။ ကျန်ရုပ်ရှင်တွင် ချက်ပလင်မှာ စက်ရုံတစ်ရုံ၏ စည်းပတ်လမ်းထဲမှ အလုပ်သမား တစ်ယောက်။ သူ့တာဝန်က သူ့ရှေ့ရောက်လာသမျှ သံထည်တွေကို ပလာယာတစ်ချောင်းဖြင့် ဝက်အူရစ် ကြပ်ပေးရသည့်အလုပ်။ ဤအလုပ်ကို လက်အံ့သေအောင် နှစ်ရှည်လများ လုပ်လာခဲ့ရာကြာတော့ အကျင့်ပါသွားသည်။ သူသွားလေရာ သူ့လက်အစုံက ဝက်အူရစ်ကြပ်သလို ဟိုလှည့်ဒီလှည့် ကိုးရိုးကားယားဖြစ်နေတော့သည်။ စက်မှုခေတ်ဦး စည်းပတ်လမ်းစနစ်ထဲတွင် ပိတ်မိနေသော အလုပ်သမားထု၏ ဘဝကို ထိထိမိမိ လှစ်ပြလိုက်သော ရိုက်ချက်တစ်ခုပင် ဖြစ်သည်။ ကွန်မြူနစ်များ အထူးကြိုက်ခဲ့ကြသည့် ရှားရှားပါးပါး အမေရိကန်ရုပ်ရှင်ဖြစ်ပါသည်။

အသစ်အဆန်းမရှိ။ ဒါချည်းဒါချည်း ထပ်ကျော့နေသော ‘စည်းပတ်လမ်းစနစ်’နှင့် မီးခိုးခေါင်းတိုင်များမှာ ကုန်ဆုံးသွားပြီဖြစ်သည့် စက်မှုခေတ်သင်္ကေတများဟု အနာဂတ္တိဆရာ၊ အယ်(လ)ဗင်းတော်ဖလာက ဆိုပါသည်။ ယခု အိုင်တီခေတ်ဦးမှာပင် အဆိုပါ စည်းပတ်လမ်းနှင့် မီးခိုးခေါင်းတိုင်များမှာ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်တော့မည်ဟု သူက နိမိတ်ဖတ်သည်။ တရုတ်ပြည်တွင်မူ မီးခိုးခေါင်းတိုင်များကို ယနေ့တိုင် တွေ့မြင်နေရဆဲရှိသည်။ ဟော. . အခုတွေ့ပြန်ပြီ။ ‘စည်းပတ်လမ်း’. .

အမေရိကန်သမ္မတဟောင်း ရစ်ချတ်နစ်ဆင်က ၁၉၇၀ ပြည့်လွန်နှစ်များကပင် တရုတ်ပြည်ကြီးနှင့် ပတ်သက်ပြီး နိမိတ်ဖတ်ခဲ့ဖူးသည်။

“၂၁ ရာစုအဝင်တွင် တရုတ်ပြည်မှာ ချမ်းသာသော အရင်းရှင်နိုင်ငံကြီး ဖြစ်လိမ့်မည်” ဟူသော ယခု သူနိမိတ်ဖတ်သည့်အ တိုင်း ဖြစ်နေချေပြီ။ သို့တစေ ၂၁ ရာစု အရင်းရှင်စနစ်တော့မဟုတ်။ ၁၉ ရာစု အရင်းရှင်စနစ်. . .”။

(ဆက်လက်ဖော်ပြပါမည်)

JOKE

## ဖြစ်နိုင်ခြေ

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအတွက် ကားတံခါးဖွင့်ပေးပါက ဖြစ်နိုင်ခြေသုံးရပ်ရှိပါသည်။

၁။ ကားက အသစ်ဖြစ်ရမည်။ (သို့မဟုတ်)

၂။ ဇနီးက အသစ်ဖြစ်ရမည်။ (သို့မဟုတ်)

၃။ ဇနီးသည်မဟုတ်သော နီးစပ်နေသူ အခြားအမျိုးသမီးတစ်ဦး ဖြစ်ရမည်။

## ဟန်းဖုန်း

ဇနီးသည်မှာ တယ်လီဗေးရှင်း (တီဗီ)နှင့်တူပြီး မိန်းကလေးမိတ်ဆွေမှာ ဟန်းဖုန်းနှင့်တူသည်။

အိမ်တွင် တီဗီကြည့်ပြီး အပြင်ထွက်လျှင် ဟန်းဖုန်းယူသွားသည်။ ပိုက်ဆံမရှိချိန်တွင် တီဗီကြည့်ပြီး ပိုက်ဆံရှိပါက ဟန်းဖုန်း အသစ်လဲသည်။ တစ်ခါတစ်ရံ တီဗီကြည့်သော်လည်း ဟန်းဖုန်းကိုမူ အမြဲတမ်းကလိနေသည်။

တီဗီမှာ တစ်သက်လုံး အလကားကြည့်ခွင့်ရှိသော်လည်း ဟန်းဖုန်းမှာမူ ဝန်ဆောင်ခမပေးပါက လိုင်းဖြတ်ခံရသည်။

TRADEMARK CAUTION
National Geographic Society a company incorporated in District of Columbia at 1145, 17th Street, N.W. Washington, D.C. 20036, USA is the Owner and Sole Proprietor of the following Trademark:-

NAT GEO FAN

Reg:No.4/14572/2012

In respect of: Int'l: Scientific, nautical, surveying, photographic, cinematographic, optical, weighing, measuring, signallig, checking (supervision), life-saving and teaching apparatus and instruments; apparatus and instruments for conducting, switching, transforming, accumulating, regulating or controlling electricity; apparatus for recording, transmission or reproduction of sound or images; magnetic data carriers, recording discs; compact discs, DVDs and other digital recording media, Computer application software for mobile phones, computers, handheld computers, netooks, tablets, portable media players, namely, software for use in processing, transmitting, receiving, organizing, manipulating, playing, reviewing, reproducting and streamlining audio, video and multimedia content, including text, data, images, audio, video and audio visual files; distribution of digital video, video files, and multimedia contents; downloadable films and television programs provided via a video-on-demand service; downloadable sound, music, video, images games and texts; CD-ROMs, compact discs, DVDs, and other digital recording media.

In respect of: Int'l Class 38: Telecommunications, Broadcasting; communications and telecommunications; audio and video broadcasting via the Internet; television broadcasting services; cable television broadcasting services; streaming of audio, visual and audio-visual material via a global computer network or other communication networks; transmission, broadcast, reception and conveyance by means of electronic communication systems of audio video, still and moving images, text, messages, information, and data; mobile media services in the nature of electronic transmission, broadcasting and delivery of audio, video and multimedia entertainment content including text, data, images, audio, video and audio visual files by means of the Internet, wireless communication, electronic communications networks and computer networks; video-on-demand transmission services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 17 January 2013

SNT
ရွှေနန်းတော် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ⇌ မန္တလေး
(၂+၁) ထိုင်ခုံကြီးများနှင့် သန့်စင်ခန်းပါ VIP ကားများ ပြေးဆွဲပေးနေပါပြီ။
ရန်ကုန် ▶
မန္တလေး ▶

အောင်ဝေယျာမင်း(တိုင်းရင်းအထူးကုဆေးခန်း)
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု
C.T.M.P, M.A.R.P, Ph.D Kolkata(India) Turell
No.68, ၁၂လမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Environment

7 DAY NEWS JOURNAL

Vol.11, No.45 • JANUARY 17 , 2013

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ထိန်းသိမ်းရေး လေးနှစ်စီမံကိန်းဆောင်ရွက်

နိုင်ချို

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

အီတလီနိုင်ငံအခြေစိုက် သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံထိန်းသိမ်းရေးအဖွဲ့ တစ်ခုဖြစ်သော OIKOS အဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို လေးနှစ်စီမံချက်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဥယျာဉ်အတွင်း ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းခြင်း၊ မျိုးစိတ်သစ်များ လေ့လာဖော်ထုတ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာများကို ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိ လေးနှစ်သက်တမ်း ဆောင်ရွက်ရန် ၂၀၁၂ ဒီဇင်ဘာ ၃ ရက်တွင် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဓိက က ကမ်းရိုးတန်းနဲ့ အဏ္ဏဝါဂေဟစနစ် ထိန်းသိမ်းဖို့၊ ရေရှည်တည်တံ့ဖို့နဲ့ မြန်မာ့ပင်လယ်ပြင်အတွင်း သဘာဝ ထိန်းသိမ်းရေး နယ်မြေတွေ ပိုမိုတိုးတက် ဖွံ့ဖြိုးထိန်းသိမ်းဖို့ ရည်ရွယ်တာပါ" ဟု ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောကြားသည်။

"လန်ပိကျွန်းကိုပတ်ဝန်းကျင် မပျက်စီးစေဘဲနဲ့ အပန်းဖြေနိုင်ဖို့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုဖို့၊ ဂေဟစနစ်တွေနဲ့ ဆလုံလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို ထိန်းသိမ်းဖို့က အဓိကပါ" ဟုယင်းအဖွဲ့မှ တာဝန်ရှိသူ Dr.Valeria Galanti က ပြောသည်။

ဂေဟစနစ်များထိန်းသိမ်းရာတွင် ကုန်းပေါ်နှင့် အဏ္ဏဝါဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ ဂေဟစနစ်၊ ဒီရေတောဂေဟစနစ်နှင့် ကမ်းခြေရေတိမ်ဒေသ ဂေဟစနစ်များ ရေရှည်တည်တံ့ရေးတို့ ပါဝင်သည်။

ထို့အပြင်လန်ပိကျွန်းအားအခြေပြု၍ ပတ်ဝန်းကျင်ရှိရေအောက်သန္တာကျောက်တန်းများ ထိန်းသိမ်းရန် ရေနေသတ္တဝါမျိုးစိတ်များ မျိုးပွားနိုင်ရန်နှင့်သဘာဝဘေးအန္တရာယ်လျော့နည်းစေရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

လန်ပိကျွန်းသည်မြိတ်ကျွန်းစုတွင် တည်ရှိပြီး အလျားမိုင် ၃၀၊ အနံ ၇ မိုင်ရှိသည့် အကြီးဆုံးကျွန်းဖြစ်သည်။ လန်ပိကျွန်းနှင့် ၎င်း၏ အရန်ကျွန်းငယ်များ ပါဝင်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာမှာ ၇၉ ဒသမ ၀၉ မိုင်ကျယ်ဝန်းသည်။



*လန်ပိကျွန်းတစ်နေရာကို တွေ့ရစဉ်*

ဓာတ်ပုံ - နိုင်ချို

# စက်ဘီးစီးကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လှုပ်ရှားမှုများ ပြုလုပ်မည်

အိဖြူမွန်

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာဒေသများနှင့် မြို့များတွင်တစ်ပိုင်တစ်နိုင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး၍လက်ကမ်းကြော်ငြာဖြန့်ဝေခြင်းကို ရန်ကုန်မှ ထားဝယ်မြို့အထိ ၁၀ ရက်အကြာ စက်ဘီးစီး လှုထုလှုပ်ရှားမှုကို ပြုလုပ်သွားမည်ဟု လုပ်ဆောင်မည့် အဖွဲ့များမှ အဖွဲ့ဝင်ဖြစ်သူ ကိုသက်နိုင်က ပြောသည်။

ရန်ကုန်မြို့မှတစ်ဆင့် ကျိုက်ထို၊ သံဖြူဇရပ်၊ ရေး၊ မရမ်းချောင်းကျေးရွာ၊ ထားဝယ်မြို့အထိ တစ်နေ့လျှင် မိုင်တစ်ရာနှုန်းဖြင့် စက်ဘီးဖြင့် ခရီးနှင်မည်ဖြစ်သည်။ ဖြတ်သန်းရာ လမ်းတစ်လျှောက် ရှိ ကျေးရွာများနှင့် မြို့များတွင် လက်ကမ်းကြော်ငြာ ဖြန့်ဝေခြင်းများ၊ ဖြတ်သန်းသွားရာ ဒေသအသီးသီးရှိ လူမှုဖွံ့ဖြိုးရေး လူငယ်အဖွဲ့များကို တွေ့ဆုံပြီး တစ်ပိုင်တစ်နိုင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အကြောင်းများကို တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းကြော်ငြာတွင် ယင်းတို့ဒေသ၌ တည်ဆောက်မည့် ရင်းနှီးမြှုပ်နှံမှု မြင့်မားသော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်ပြီး ထိန်းသိမ်းသင့်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများ ထည့်သွင်းဖော်ပြထားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စက်ဘီးစီးသည့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လူထုလှုပ်ရှားမှုကိုထားဝယ်ဖွံ့ဖြိုးရေးအသင်း၊ သံဖြူဇရပ် မွန်နှစ်ခြင်းခရစ်ယာန် အသင်းတော်၊ ဂိုင်ယာရေရှည်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ခန့်ခွဲမှု အင်စတီကျုဒ် ခရစ်တော်အတွက် လူငယ်၊ ဂေဟဟိတ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လူငယ်ကွန်ရက်အဖွဲ့၊ ဗုဒ္ဓလူငယ် အစီအစဉ်စသော လူငယ်လူမှုဖွံ့ဖြိုးရေးအဖွဲ့များ(Civil Society) က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

# ရခိုင်ကမ်းရိုးတန်းတွင် ရှားပါးစာရင်းဝင် ဒီရေတောမျိုးစိတ်တစ်ခု တွေ့

အိဖြူမွန်၊ နိုင်နိုင်စိုး

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

မျိုးသုဉ်း ပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ဒီရေတောမျိုးစိတ် Brugiera Hainesil (မြိုင်ကြီးပင်)ကို ရခိုင်ပြည်နယ်ရှိဝမ်ပိုက်ကြိုးဝိုင်းနှင့် ဗျိုင်းကျွန်းတို့တွင် တွေ့ရှိခဲ့ပြီး အပင်အရေအတွက် ၂၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း ရခိုင်ကမ်းရိုးတန်း လူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများပြန်လည်တည်ဆောက်ရေး စီမံကိန်းမန်နေဂျာ ဦးဝင်းမောင်က ပြောသည်။

"၂၀၀၆ လောက်ကတော့ဝမ်ပိုက်ကြိုးဝိုင်းမှာ သုံးပင်လောက်တွေ့ဖူးတယ်။ အခုတွေ့တဲ့ အပင်တွေကလည်းခုတ်ထားတဲ့ အပင်တွေကနေ အသစ်ပြန်ထွက်တဲ့အပင်တွေဖြစ်နေတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ မျိုးစိတ်သည် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (IUCN) မှ ထုတ်ပြန်ထားသော အနီရောင်စာရင်းတွင် မျိုးသုဉ်းလုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် (Critically Endangered) ဒီရေတော မျိုးစိတ်တစ်မျိုး ဖြစ်သည်။

ထိုဒီရေတော ရှားပါးမျိုးစိတ် တွေ့ရှိမှုကို IUCN သို့ အကြောင်းကြားထားပြီး ဆက်လက်ထိန်းသိမ်းရန်အတွက် ပြည်နယ်အစိုးရနှင့် နေပြည်တော် သစ်တောဦးစီးဌာနသို့ တင်ပြထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းအပင်၏အသီးသည်လူနှင့်တိရိစ္ဆာန်စားသုံး၍ရသည့်အတွက် အပင်မျိုးဆက်ပြန့်ပွားရန် ခက်ခဲပြီး ဝတ်မှုန်ကူးရာတွင်ငှက်များက တစ်ဆင့်ကူးသည့်အလေ့အထရှိသည့်အတွက် ထိုဒီရေတောများကို ထိန်းသိမ်းခြင်းဖြင့်ငှက်မျိုးစိတ်များလည်း တစ်ပါတည်း ထိန်းသိမ်းရာရောက်ကြောင်း ဦးဝင်းမောင်က ဆက်လက်ပြောသည်။



*မြိုင်ကြီးပင် ဒီရေတောမျိုးစိတ်သစ်*



Tourism
7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ပြည်တွင်းခရီးစဉ်များ စတင်ပြေးဆွဲရန် MAI ခွင့်ပြုချက်တောင်း

## Dragon air လေကြောင်းလိုင်း ရန်ကုန် - ဟောင်ကောင် ခရီးစဉ်စတင်ပျံသန်း

**နိုင်ချို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)က ပြည်တွင်း ခရီးစဉ်များ ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ပြည်တွင်း ခရီးစဉ်များ ပြေးဆွဲနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများထံ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက မကြာမီပြေးဆွဲသွားမည်ဟု MAI မှ တာဝန်ရှိသူက ပြောကြားသည်။

"ပြည်တွင်း ခရီးစဉ်တွေကို Air Bus, ATR လေယာဉ်တွေနဲ့ ပျံသန်းမှာပါ။ နေပြည်တော်နဲ့ မန္တလေးခရီးစဉ်တွေကို Air Bus လေယာဉ်တွေ အသုံးပြုသွားမှာပါ။ ခွင့်ပြုမိန့်ကို ဒီဇင်ဘာလဆန်းက တင်ထားတာပါ" ဟု MAI မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပုဂံ၊ ဟဲဟိုး၊ ထားဝယ်၊ ကော့သောင်း၊ စစ်တွေ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ကလေးမြို့များသို့ ATR လေယာဉ်များဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း MAI မှ ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။



**MAI** *လေယာဉ်တစ်စီး*

ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

ယခင်က ခရီးသည်နည်းသဖြင့် ထိုကဲ့သို့သော လေယာဉ်ကြီးများဖြင့် ပျံသန်းပါက ပြည်တွင်း ခရီးစဉ် ပြေးဆွဲနေသော လေကြောင်းလိုင်းများအတွက် အခက်အခဲရှိနိုင်သော်လည်း ယခုအခါတွင် စီးနင်းသူများစွာ ရှိနေသဖြင့် အခက်အခဲ မရှိနိုင်ကြောင်း EPG ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးအောင်နိုင်က ပြောသည်။

ထို့အပြင် မန္တလေး-ဘန်ကောက်နှင့် မန္တလေး-စင်ကာပူ ပျံသန်းရန် စီစဉ်နေကြောင်း ဒေါ်အေးမရသာက ပြောသည်။

ယခုလက်ရှိတွင် ပြည်တွင်းလေကြောင်းခြောက်ခုမှပြည်တွင်းလေဆိပ် ၂၇ ခုသို့ ပြေးဆွဲပျံသန်းလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းအနေဖြင့် ပြည်တွင်းခရီးစဉ်များသို့ ပြေးဆွဲပျံသန်းပါက ခုနစ်ခုမြောက် လေကြောင်းလိုင်း ဖြစ်လာမည် ဖြစ်သည်။

ထို့အပြင် ဟောင်ကောင် အခြေစိုက် လေကြောင်းလိုင်းတစ်လိုင်းဖြစ်သော Dragonair က ရန်ကုန်-ဟောင်ကောင် ခရီးစဉ်ကို ဇန်နဝါရီလ ၁၁ ရက်တွင် စတင်ပျံသန်းပြီ ဖြစ် သည်။

အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ရန်ကုန်မှ ဟောင်ကောင်သို့ Airbus 321 လေယာဉ်ဖြင့် ပျံသန်းမည်ဖြစ်ပြီး၊ ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ်၏ ဈေးနှုန်းမှာ ၃၈၈ ဒေါ်လာဖြစ်ကာ အခြား ဝန်ဆောင်ခများပါ ထပ်မံပေးရမည်ဖြစ်သည်။

# မန္တလေးလေဆိပ်တွင် နှစ်လကျော်အတွင်း နိုင်ငံခြားသား ၅၂ ဦး ဆိုက်ရောက်ဗီဇာ ထုတ်ပေး

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ-၁၂**

မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုဝင်ဘာလဆန်း ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာထုတ်ပေးခဲ့ရာ ဇန်နဝါရီ ၈ ရက်အထိ နှစ်လကျော်အတွင်း နိုင်ငံခြားသား ၅၂ ဦးအား ဆိုက်ရောက်ဗီဇာ ထုတ်ပေးနိုင်ခဲ့ကြောင်း ၎င်းလေဆိပ်မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာရှိဦးသန်းဝင်းက ပြောသည်။

အလည်ပတ်ဗီဇာ မပါဘဲ စီးပွားရေးဗီဇာ (Business Visa) တစ်မျိုးတည်းကိုသာ ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းဖြစ်ပြီး တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ နှစ်နိုင်ငံနှင့်သာ တိုက်ရိုက်ချိတ်ဆက်ပျံသန်းနိုင်သေး၍ ဆိုက်ရောက်ဗီဇာထုတ်ယူသူ နည်းပါးနေခြင်းဖြစ်ကြောင်း ဦးသန်းဝင်းက ဆိုသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန် စသည့် ၂၆ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆိုက်ရောက်ဗီဇာထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါဝင်ကာ ဝန်ကြီးဌာနချင်း ပူးပေါင်းချိတ်ဆက်မှုဖြင့် နိုင်ငံခြားဧည့်သည် ၉၂ ဦးကိုလည်း ယခုနှစ်လကျော်ကာလတွင်း အလည်ပတ်ဗီဇာ ထုတ်ပေးနိုင်ခဲ့ကြောင်း ဦးသန်းဝင်းက ပြောသည်။

လက်ရှိ ဆိုက်ရောက်ဗီဇာ ထုတ်ပေးနေသည့် ၂၆ နိုင်ငံအပြင် အီးယူနိုင်ငံများ အပါအဝင် အခြားနိုင်ငံ နှစ်ဆယ်ကျော်ကိုလည်း ဆိုက်ရောက်ဗီဇာ ထုတ်ပေးနိုင်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်းဒေသကြီး လဝကမှ သတင်းရရှိသည်။

၂၀၁၁ ဧပြီလ ၁ ရက်မှ ၂၀၁၂ ဒီဇင်ဘာ ၁၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း တံတားဦး လေဆိပ်၊ ပုဂံညောင်ဦးလေဆိပ်၊ မန္တလေးဘူတာကြီးသို့ နိုင်ငံခြားသား ၃၅၆,၆၀၆ ဦး ဝင်ရောက်မှု ရှိခဲ့ပြီး နိုင်ငံခြားသား ၃၆၆,၂၁၅ဦး ထွက်ခွာမှုရှိခဲ့ကြောင်း မန္တလေးတိုင်းလွှတ်တော်သို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

# ရွှေမြန်မာအများပိုင် လေကြောင်းလိုင်း ဇန်နဝါရီ ၁၇ ရက်တွင် စတင် ပျံသန်းမည်

**အိမ့်မွန်ကျော်၊ သွယ်သွယ်လင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

ပထမဆုံးအများပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သော ရွှေမြန်မာလေကြောင်းလိုင်းမှ ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သတင်းရရှိသည်။

"လေယာဉ်က ခရီးသည် ၁၈၀ ဆံ့ Air Bus A320-232 တွေနဲ့ပျံမှာပါ။ ပထမဆုံးလေယာဉ်က ဇန်နဝါရီ ၉ ရက်က ရောက်တာပါ။ ဇန်နဝါရီ ၁၁ ရက်က စမ်းသပ်ပျံသန်းပြီးပါပြီ" ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်ကိုလည်း ထပ်မံ ပြေးဆွဲသွားမည်ဖြစ်ပြီး ပြည်ပခရီးစဉ်များသို့ပါ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်းအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရန်ကုန်-မန္တလေး ခရီးစဉ် ဈေးနှုန်းမှာ ၂၇,၀၀၀ ကျပ် ဖြစ်ပြီး ပြည်ပခရီးစဉ်များအဖြစ် စင်ကာပူ၊ ဘန်ကောက်၊ ကွာလာလမ်ပူ၊ ဟောင်ကောင်သို့ ဇန်နဝါရီလအတွင်း စတင်ပျံသန်းမည်ဟု ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်း ပြေးဆွဲနေသော လေကြောင်းလိုင်း ခြောက်လိုင်းနှင့် ပြည်ပလေကြောင်းလိုင်း ၂၄ လိုင်း ရှိနေပြီဖြစ်သည်။



# Cartoon

























7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

## ဒေလီတွင် အဓမ္မပြုကျင့်ခံခဲ့ရသော အမျိုးသမီးအကြောင်း ရုပ်သံတွင် ထုတ်လွှင့်ပြသခြင်းမပြုရန် အိန္ဒိယအစိုးရ တိုက်တွန်း

**နယူးဒေလီ၊ဇန်နဝါရီ-၁၂**

အိန္ဒိယအစိုးရသည် ပုဂ္ဂလိကပိုင် ဖျော်ဖြေရေး ရုပ်သံလိုင်းတစ်ခုအား မကြာသေးမီက ဒေလီတွင် လူခြောက်ဦး၏ အုပ်စုလိုက် အဓမ္မပြုခံရပြီး သေဆုံးခဲ့သော အသက် ၂၃ နှစ်အရွယ် ဆေးကျောင်းသူအကြောင်းကို ထုတ်လွှင့်ပြသခြင်း မပြုရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။ ဆင်ဟွာသတင်း၏ ဖော်ပြချက်၌ အစိုးရသတင်းရင်းမြစ်တစ်ခုကို ကိုးကား၍ "အိန္ဒိယသတင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနဟာ အဲဒီရုပ်သံလိုင်းရဲ့ ကွယ်လွန်သူ မိန်းကလေးအကြောင်း ရုပ်သံရှိုးအစီအစဉ်ကို ၎င်းရဲ့လူကြိုက်များတဲ့ မှုခင်းအစီအစဉ်မှာ မထုတ်လွှင့်ဖို့ အကြံပြုထားပါတယ်။ တခြားရုပ်သံလိုင်းတွေကိုလည်း ဒီလိုပဲ အကြံပြုထားတာပါ"ဟု ရှင်းပြသည်။

၂၀၁၂ ဒီဇင်ဘာ ၁၆ ရက်က ဒေလီတက္ကသိုလ်မှ ဆေးကျောင်းသူကို အဓမ္မပြုခဲ့သော ဖြစ်ရပ်ကြောင့်အိန္ဒိယနိုင်ငံတွင်လူအများကြား ဒေါသပေါက်ကွဲခဲ့ပြီး အမျိုးသမီးများ၏ လုံခြုံရေးအလေးပေးရန် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ်တွင် နောက်ပိုင်းသေဆုံးခဲ့သည့်အဆိုပါကျောင်းသူမှာ ချစ်သူနှင့်အတူ ရုပ်ရှင်မှအပြန် ဘတ်စ်ကားတစ်စီးပေါ်တွင် အဓမ္မပြုကျင့်ပြီးနောက် မတရားရိုက်နှက်ပြီး မြို့တောင်ပိုင်းတွင် ယာဉ်ပေါ်မှ ပစ်ချခံခဲ့ရသည်။ အမျိုးသ မီးမှာ ဒီဇင်ဘာ ၂၉ ရက်တွင် ဒဏ်ရာများဖြင့် စင်ကာပူ ဆေးရုံတစ်ခု၌ ကုသမှုခံယူရင်း ကွယ်လွန်ခဲ့ရသည်။ အစိုးရသည် ယခုအခါပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးထားပြီး တရားခွင်တွင် စစ်ဆေးနေကာ ပြည်သူအများကမူ ၎င်းတို့အား သေဒဏ်ချမှတ်ရန် တောင်းဆိုထားကြသည်။

—*Ref: Xinhua*

## ကွာလာလမ်ပူတွင် လက်ရှိအစိုးရကို ပြည်သူထောင်ပေါင်းများစွာ ဆန္ဒပြ

**ကွာလာလမ်ပူ၊ဇန်နဝါရီ-၁၂**

မလေးရှားအတိုက်အခံပါတီများကို ထောက်ခံသည့်ပြည်သူထောင်ပေါင်းများစွာသည် မကြာမီလများအတွင်း ကျင်းပမည့် ရွေးကောက်ပွဲများ၌ ကာလရှည် အုပ်ချုပ်လာခဲ့သော တိုင်းပြည်၏ လက်ရှိအစိုးရနုတ်ထွက်ရေးအတွက် မြို့တော်ကွာလာလမ်ပူတွင် စုဝေးဆန္ဒပြခဲ့ကြသည်။

ပါတီသုံးခုညွန့်ပေါင်းဖွဲ့ထားပြီး အတိုက်အခံခေါင်းဆောင် အန်ဝါအီဗရာဟင်ကို ခေါင်းဆောင်တင်ထားသည့် ငြိမ်းချမ်းစွာချီတက် ဆန္ဒပြသူဦးရေမှာ ၄၅,၀၀၀ ခန့်ရှိကြောင်း ဆိုသည်။ ဆန္ဒပြသူများက ဇွန်လထက်နောက်မကျဘဲ ကျင်းပပေးရမည့် ရွေးကောက်ပွဲများတွင် ပွင့်လင်းမြင်သာမှုရှိရေး တောင်းဆိုခဲ့ကြပြီး ဝန်ကြီးချုပ်နာဂျစ်ရာဇက်၏ လက်ရှိညွန့်ပေါင်းအစိုးရကို ပြစ်တင်ခဲ့ကြသည်။ လက်ရှိညွန့်ပေါင်းအစိုးရသည် ၁၉၅၇ တွင် ဗြိတိန်ထံမှ လွတ်လပ်ရေးရပြီးနောက် တောက်လျှောက်အာဏာရလာခဲ့သည်။ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူတစ်ဦးက "ကျွန်တော်တို့ အစိုးရဟာ သိပ်ခြစားလွန်းနေပါတယ်။ အစိုးရဟာ ကျွန်တော်တို့ အသံတွေကို နားထောင်သင့်တယ်။ သူတို့ဟာ ပြုပြင်ပြောင်းလဲရေး လိုအပ်နေပါတယ်။ နှစ်ပေါင်း ၅၀ ကြာအောင် မလေးရှားကို သူတို့ အုပ်ချုပ်ခဲ့ကြတာပါ"ဟု ပြောသည်။ အတိုက်အခံများက အစိုးရ၏ ရွေးကောက်ပွဲစနစ်သည် မဲလိမ်မှုများ၊ အစိုးရဘက်လိုက်မှုများ ရှိနေကြောင်း ထောက်ပြထားသည်။ ဆန္ဒပြသူများသည် သုံးနာရီကြာ ငြိမ်းချမ်းစွာ ချီတက်ခဲ့ပြီးနောက် ပွဲကို အဆုံးသတ်ခဲ့သည်။ အတိုက်အခံခေါင်းဆောင်မစ္စတာအန်ဝါက လာမည့်ရွေးကောက်ပွဲတွင် ၎င်း၏အတိုက်အခံညွန့်ပေါင်းအဖွဲ့အား မဲပေးကြရန် မိန့်ခွန်းပြောကြားခဲ့ပြီး ရဲက ဆန္ဒပြသူဦးရေ ၄၅,၀၀၀ ဟု ခန့်မှန်းထားသော်လည်း ဆန္ဒပြပွဲစီစဉ်သူများက လူဦးရေတစ်သိန်းကျော်ခန့် ပါဝင်ခဲ့ကြောင်း ပြောသည်။

—*Ref: CNA/irishexaminer*



Photo - AFP

*တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ဂေါင်ပိုရွာတွင် မြေပြိုမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်အပြီး သေဆုံးသူများအတွက် ရွာသားများက စုဝေးဆုတောင်းနေစဉ်။ ထိုရွာတွင် မြေပြိုမှုကြောင့် လူ ၄၃ ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေသည်ဟု တရုတ်နိုင်ငံပိုင်မီဒီယာက ကြေညာထားသည်။*

## တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ရွာတစ်ရွာတွင် မြေပြိုမှုကြောင့် လူ ၄၃ ဦး သေဆုံး

**ဘေဂျင်း၊ဇန်နဝါရီ-၁၂**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှ ဂေါင်ပိုခေါ် နယ်စွန်နယ်ဖျား ရွာတစ်ခု၌ ဖေဖော်ဝါရီ၁၁ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ၄၃ဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးကြောင်း နိုင်ငံပိုင်မီဒီယာ ဆင်ဟွာက ကြေညာသည်။ မြေပြိုရာ၌ သေဆုံးသူများမှ ခုနစ်ဦးမှာ မိသားစုဝင်များဖြစ်ပြီး စုစုပေါင်း အိမ် ၁၆ လုံး ပျက်စီးခဲ့ရာတွင် ဒဏ်ရာရခဲ့သော အခြားလူနှစ်ဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ကုသထားရသည်။ သတင်းအရ သေဆုံးသူများတွင် ကလေး ၁၉ ဦးပါဝင်သည်ဟု သိရသည်။ ကယ်ဆယ်ရေးသမားများသည် ယနေ့နံနက်ပိုင်းမှစ၍ ကျန်ရှိနေသေးသော ပျောက်ဆုံးသူများကို ရှာဖွေနေပြီး မြေပြိုမှုမှာ ကာလရှည် မိုးရွာသွန်းမှုနှင့် ဆီးနှင်းများကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဒေသခံကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် ဆွန်အန်ဖက "မြေပြိုမှုကြောင့် ရွာကို ကုဗမီတာ ထောင်နဲ့ချီပြီး ရွှံ့ရေတွေ ပြန့်သွားခဲ့ပါတယ်။ အဲဒီလိုနဲ့ အိမ်တွေအကုန် နစ်မြုပ်သွားခဲ့တာပါ" ဟု ပြောသည်။ ၎င်းက ရာသီဥတုအလွန်အေးနေမှုကြောင့် ရှာဖွေရေးလုပ်ငန်းများ အခက်တွေ့နေရကြောင်းလည်း ဆိုသည်။

ယခုအခါ ခန့်မှန်းခြေအားဖြင့် အရှည် ၃၀၀ မီတာ (ပေ ၁၀၀၀)၊ အနက် ၃၀ မီတာရှိသော အခင်းဖြစ်ရာ မြေနေရာသို့ ကယ်ဆယ်ရေးသမား ၁,၀၀၀ ကျော် စေလွှတ်ထားကြောင်း အာဏာပိုင်များကပြောသည်။ ကယ်ဆယ်ရေးပြုလုပ်ရာဒေသတွင် အပူချိန်မှာ စံချိန်တင် ကျဆင်းနေပြီး တရုတ်တွင် ၂၈ နှစ်အတွင်း အအေးဆုံးဆောင်းရာသီကို ကြုံတွေ့နေရသည်။ ဆင်ဟွာ၏ ဖော်ပြချက်အရ တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင် ရှီကျင်းပင်နှင့် လီကီကျန်း၊ ဝန်ကြီးချုပ်ဝမ်ကြားပေါင် စသော ထိပ်တန်းခေါင်းဆောင်အားလုံးက ဖြစ်စဉ်တွင် ဒုက္ခသည်များအားလုံးကို နည်းလမ်းပေါင်းစုံဖြင့် ကယ်ဆယ်ရန် ညွှန်ကြားထားသည်။ ယခုမြေပြိုမှုဖြစ်ပွားရာ ဂေါင်ပိုရွာသည် ယူနန်ပြည်နယ် အရှေ့မြောက်ပိုင်း ကျန်ရှွန်းခရိုင်တွင် တည်ရှိသည်။

—*Ref: AFP*

## သီရိလင်္ကာအိမ်ဖော်အား သေဒဏ်ချမှတ်မှုကြောင့် ဆော်ဒီဆိုင်ရာ သံအမတ်ကြီးကိုပြန်လည်ခေါ်ယူ

**ကိုလံဘို၊ဇန်နဝါရီ-၁၂**

သီရိလင်္ကာအစိုးရသည် ဆော်ဒီအာရေးဘီးယားနိုင်ငံဆိုင်ရာ ၎င်း၏သံအမတ်ကြီးအား ဆော်ဒီတွင် သီရိလင်္ကာအိမ်ဖော်တစ်ဦးအား သေဒဏ်ချမှတ်ခဲ့မှုကိုတုံ့ပြန်သည့်အနေဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။ အဆိုပါ အိမ်ဖော်အမျိုးသမီးမှာ ထောင်ဒဏ်ကျခံနေပြီး ထောင်တွင်း၌ ခုနစ်နှစ်တာနေခဲ့ပြီးနောက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ သို့သော် သီရိလင်္ကာအစိုးရက သူမသည် မှားယွင်းစွာစွပ်စွဲခံခဲ့ရသည်ဟု ပြောကြားပြီး သူမကို ပြန်လွှတ်ပေးရန် ဆော်ဒီအစိုးရနှင့် ညှိနှိုင်းနေစဉ် ဤသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာပြည်ပရေးရာဝန်ကြီး ကရွန်နရာသနီ အမူခုဂါမက အစိုးရသည် ၎င်း၏စိတ်ပျက်မှုကို ပြသသည့်အနေဖြင့် ဆော်ဒီဆိုင်ရာ သံအမတ်ကြီး အဟာမက်ဂျာဗတ်အား နိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ကြောင်း ဆိုသည်။ သေဒဏ်ချမှတ်ခံရသူ သီရိလင်္ကာအိမ်ဖော်သည် ၎င်းလုပ်ကိုင်နေရာ ဆော်ဒီအလုပ်ရှင်၏ နေအိမ်တွင် ၂၀၀၅ မေလက ကလေးထိန်းရာ၌ လေးလအရွယ် ကလေးငယ်ကို နို့တိုက်ပေးနေစဉ်အတွင်း သေဆုံးစေခဲ့မှုဖြင့် တရားစွဲခံရကာ ထောင်ကျခဲ့ခြင်းဖြစ်သည်။ အိမ်ဖော်ရီဇာနာက ကလေးငယ်မှာ မတော်တဆ လေဖြတ်သေဆုံးသွားခြင်းသာဖြစ်သည်ဟု ဆိုသော်လည်း ကလေးမိဘများက သူမကို ကြိုတင်ကြံစည် လူသတ်မှုဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

—*Ref: Xinhua*

## အစိုးရထောက်ခံရေး ဝါဒဖြန့်ချိရန် အွန်လိုင်း ဘလော့ဂ်ဂါများ သုံးနေကြောင်း ဗီယက်နမ် ကွန်မြူနစ်ပါတီ ဝန်ခံ

**ဟနွိုင်း၊ ဇန်နဝါရီ-၁၂**

ဗီယက်နမ်အစိုးရ၏ ဝါဒဖြန့်ချိရေးဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့သည် အွန်လိုင်းဆွေးနွေးမှုများနှင့် မှတ်ချက်များရေးသားဖော်ပြမှုတို့တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ပေါ်လစီများကိုထောက်ခံအားပေးရန် အွန်လိုင်းအသုံးပြုသူ ဘလော့ဂ်ဂါများ ဖြန့်ချထားကြောင်း ဝန်ခံပြောကြားလိုက်သည်။

ကွန်မြူနစ်ပါတီက ၎င်း၏ အွန်လိုင်းဝါဒဖြန့်ချိရေးတပ်ဖွဲ့သည် 'လူထုအမြင်ပုံသွင်းရေးသမား'ဟုခေါ်သည့် အစိုးရထောက်ခံသည့်စာများ၊ ဆွေးနွေးမှုများပြုလုပ်သူ ၁,၀၀၀ နီးပါးရှိသည့် ကွန်ရက်တစ်ခုကို ဖွဲ့စည်းလည်ပတ်နေကြောင်းကိုလည်း အတည်ပြုပြောကြားသည်။ ၎င်းဝါဒဖြန့်ချိရေးသမားအားလုံးသည် ပါတီလမ်းစဉ်ပြန့်ပွားရေး တာဝန်များကို အသီးသီးအလုပ်တာဝန်များ ခွဲခြားရယူထားကြောင်း သိရသည်။ ဟနွိုင်းဝါဒဖြန့်ချိရေးနှင့် ပညာရေးဌာန အကြီးအကဲ ဟိုကွမ်လိုင်က ဗီယက်နမ်အာဏာပိုင်များသည်'အင်တာနက်ပေါ်မှ အငြင်းအခုံသမားများ' ဟုခေါ်သည့် အွန်လိုင်းအသုံးပြုသူများကို ငှားရမ်းထားကာ အွန်လိုင်းမှ အစိုးရဆန့်ကျင်ရေးအင်အားစုများကို ဆန့်ကျင်တိုက်ခိုက်နေစေကြောင်း ဆိုသည်။ မစ္စတာလိုင်၏ အဆိုအရ အဆိုပါအစိုးရသူလျှိုများမှာ လူဦးရေ အတိအကျ မသိရသော်လည်း အွန်လိုင်းအကောင့်၏ ၄၀၀ ခန့်နှင့် လူမှုကွန်ရက်နှင့် မိုက်ကရိုဘလော့ဂ် ၂၀ ခန့်တွင် လှုပ်ရှားနေကြောင်း ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ဖေ့စ်ဘွတ်ခ်ကဲ့သို့သော လူမှုကွန်ရက်များတွင် ကွန်မြူနစ်ပါတီဆောင်းပါးများ၊ မူဝါဒများကို ထောက်ခံရေးသားသော အစိုးရလိုလားသည့် ဝါဒဖြန့်ချိရေးဘလော့ဂ်ဂါများတည်ရှိနေသည်မှာကြာမြင့်နေပြီဟု သိရသည်။ ၎င်းတို့သည် လူမှုကွန်ရက်တွင် အစိုးရအားဝေဖန်သူများကို ပြန်လည်ဝေဖန်တိုက်ခိုက်လေ့ရှိသည်ဟု သိရသည်။

—*Ref: BBC*

7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013



## Leader's Profile

# IBM ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စစ်ဂျင်နီရိုမက်တီ

ရဲမင်း

မစ္စစ်ဗာဂျီးနီးယားမေရီ ဂျင်နီရိုမက်တီသည် အမေရိကန်နည်းပညာကုမ္ပဏီကြီး IBM ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်ပြီး ယင်းကုမ္ပဏီ၏ ပထမဆုံးအမျိုးသမီးအကြီးအကဲလည်းဖြစ်သည်။ ၂၀၁၂ခုနှစ်ဇန်နဝါရီလတွင်ဥက္ကဋ္ဌရာထူး မရယူမီ ဒုတိယဥက္ကဋ္ဌနှင့် ဈေးကွက်ရှာဖွေရေးနှင့် မဟာဗျူဟာဌာန၏ အကြီးအမှူးတာဝန်ပူးတွဲတာဝန်ယူခဲ့သူ မစ္စစ်ဂျင်နီရိုမက်တီသည် Forbes မဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာအကြီးမားဆုံး အမျိုးသမီး ၁၀၀ စာရင်းတွင် နံပါတ် ၁၅ ချိတ်သူဖြစ်သည်။

မစ္စစ်ရိုမက်တီသည် ၁၉၇၉ ခုနှစ်တွင် Northwestern University မှနေ၍ ကွန်ပျူတာသိပ္ပံနှင့် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်အထူးပြုဖြင့် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။ ဘွဲ့ရပြီးနောက် ဂျင်နရယ်မော်တာအင်စတီကျု့ဒ်တွင် အလုပ်ဝင်လုပ်သည်။ ယင်းနောက် ၁၉၈၁ ခုနှစ်တွင် IBM ကုမ္ပဏီ ဒက်ထရိုက်မြို့ရုံး၌ Systems အင်ဂျင်နီယာတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။

မစ္စစ်ရိုမက်တီသည် ၁၉၉၁ ခုနှစ်တွင် IBM ၏ Consulting Group သို့ ရောက်ရှိလာခဲ့သည်။ ယင်းတွင် နည်းပညာလုပ်ငန်း၏ အကြီးမားဆုံးစီးပွားရေး အတိုင်ပင်ခံများအုပ်စုကို ဦးဆောင်ခွင့်ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အခြားအကြီးစားစီးပွားရေးလုပ်ငန်းအကြံပေးအုပ်စုဖြစ်သော Price Waterhouse Coopers အဖွဲ့ကို ကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့် ဝယ်ယူရာတွင် ဦးဆောင်ကိုင်တွယ်ခဲ့သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လတွင်မူ မစ္စစ်ရိုမက်တီသည် IBM ကော်ပိုရေးရှင်း၏ Global Services ဌာနခွဲ၌ အကြီးတန်းဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ယင်းဌာနမှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြံပေး အတိုင်အပင်ခံနှင့် ဝန်ဆောင်မှုကျွမ်းကျင်သူပေါင်း ၁၀၀,၀၀၀ စုစည်းထားပြီး ကမ္ဘာ့အကြီးဆုံး စီးပွားရေးလုပ်ငန်းအကြံပေးအဖွဲ့ကြီးဖြစ်သည်။ ထို့နောက်တွင် မစ္စစ်ဂျင်နီရိုမက်တီသည် IBM ကော်ပိုရေးရှင်း၏ ဈေးကွက်ရှာဖွေရေးနှင့် မဟာဗျူဟာအဖွဲ့ အမှုဆောင်လူကြီးနှင့် အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၎င်းအခန်းကဏ္ဍတွင် မစ္စစ်ရိုမက်တီသည် IBM က ကမ္ဘာတစ်ဝန်းလုပ်ကိုင်သော ဈေးကွက်ပေါင်း ၁၇၀ ကျော်ရှိ လုပ်ငန်းများ၏ စီးပွားရေးရလဒ်များအတွက် တာဝန်ရှိသူဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း IBM ၏ ဝင်ငွေရရှိမှုမှာ ကန်ဒေါ်လာ ၁၀၇ ဘီလီယံကျော်လွန်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အင်အားကြီးထွားလာသော ကမ္ဘာ့စီးပွားရေးနိုင်ငံများတွင် IBM က လုပ်ငန်းများ အလျင်အမြန်တိုးချဲ့နိုင်ရေးအတွက် မစ္စစ်ရိုမက်တီက စတင်အကောင်အထည်ဖော်ခဲ့သည်။ ထို့အတွက် IBM ၏ Growth Markets ဟူသော အဖွဲ့ကိုလည်း စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်အရောက်တွင် ယင်းအဖွဲ့မှနေ၍ IBM ၏ ဝင်ငွေ ၃၀ ရာခိုင်နှုန်းကို ရှာဖွေပေးနိုင်မည်ဟု မျှော်လင့်ထားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်မူ မစ္စစ်ဂျင်နီရိုမက်တီသည် IBM ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် IBM ဒါရိုက်တာဘုတ်အဖွဲ့၏ ရာထူးကိုပါ ရရှိလာသူ မစ္စစ်ဂျင်နီရိုမက်တီသည် မစ္စတာမာ့ခ်အန်တိုနီရိုမက်တီနှင့် အိမ်ထောင်ပြုထားသည်။

—*Ref: Wikipedia*

## နယ်သာလန်နိုင်ငံတွင် ရေကိုချွေတာရေး ရေချိုးရင်း အိမ်သာတက်ကြရန် အရာရှိတစ်ဦးပြော

**အေအန်ဟွန်ဗီ၊ဇန်နဝါရီ-၁၀**

ပြည်သူများအနေဖြင့် ရေချိုးရင်း အိမ်သာတက်၍ ငွေကြေးနှင့် အရင်းအမြစ်များ ချွေတာကြရန် နယ်သာလန်နိုင်ငံမှ ဒေသခံအစိုးရအရာရှိတစ်ဦးက ထောက်ခံပြောကြားသည်။

အေအန်ဟွန်ဗီဒေသ ဒရန်သီမြူနီစပယ် ကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်သူ မစ္စတာဘာ့တ်ဝေါ်ဆင့်က ၎င်းတို့မြူနီစပယ်ဒေသတွင်း နေထိုင်သူများအနေဖြင့် ရေချိုးချိန်နှင့်အိမ်သာတက်ချိန်ကို ပေါင်းစည်း၍ ရေသုံးစွဲမှုကိုလျှော့ချနိုင်သည်ဟု ပြောကြားခဲ့သည်။

ရေသုံးစွဲမှု ချွေတာရေးမှာ အဓိကအချက်တစ်ချက်အဖြစ် ပါဝင်သော မြူနီစပယ်၏ ၂၀၁၃ ခုနှစ် တာရှည်ထိန်းသိမ်းနိုင်မှု အစီအစဉ် စတင်ချိန်တွင် မစ္စတာဝေါ်ဆင့်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ရေချိုးရင်း အိမ်သာတက်ခြင်းမှာ သန့်ရှင်းသောရေ အများအပြားကို ချွေတာနိုင်ပြီး သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်ကြောင်း ယင်းအရာရှိကပြောကြားသည်။ ယင်းကို နေ့စဉ် အလေ့အကျင့်ပြုလုပ်သင့်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

နယ်သာလန်နိုင်ငံသားတစ်ဦးသည် ရေချိုးခြင်းဖြင့် ပျမ်းမျှတစ်နေ့လျှင် ရေ ၁၀ ဒသမ ၃ ဂါလန် သုံးစွဲနေပြီး အိမ်သာရေဆွဲချခြင်းဖြင့် တစ်နေ့လျှင် ရေ ၉ ဒသမ ၅ ဂါလန် သုံးစွဲသည်ဟု ဒတ်ချ်ဘာသာ သတင်းဝက်ဘ်ဆိုက် AD.nl က တွက်ချက်ဖော်ပြသည်။ —*Ref: UPI*

## ၂၀၁၂ အတွင်း အမေရိကန်တွင် အပူစံချိန်တင်ခဲ့

**ဝါရှင်တန်၊ ဇန်နဝါရီ - ၁၀**

၂၀၁၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ ပြည်နယ်ပေါင်း(၄၈)ပြည်နယ်တွင် အပူချိန် စံချိန်တင်ခဲ့ကြောင်း အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေဖိအားနည်းရပ်ဝန်း စီမံခန့်ခွဲရေးဌာန (NOAA) က ပြောကြားသည်။

၂၀၁၂ ခုနှစ် အပူချိန်သည် ၂၀ ရာစုပျမ်းမျှထက် ၃ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်ကျော်လွန်နေပြီး ၁၉၉၈ ခုနှစ်စံချိန်ဟောင်းထက် ၁ ဒီဂရီဖာရင်ဟိုက် မြင့်မားကြောင်း NOAA ၏ ရာသီဥတုအချက်အလက်စင်တာမှ ထုတ်ပြန်ချက်တွင် ပြသနေသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်လာသည်ဆိုခြင်းကို သံသယရှိဖွယ် မလိုကြောင်း အစိုးရသုတေသီများက ပြောကြားသည်။

ယင်းမှာ တစ်ကြိမ်တစ်ခါသာ ဖြစ်ပျက်ခြင်းမဟုတ်ဘဲ ရှေ့လာမည့်နှစ်များတွင်လည်း ပျမ်းမျှထက် ပိုမိုပူနွေးသော နှစ်များ ကြုံတွေ့ရမည်ဖြစ်ကြောင်းနှင့် ယင်းမှနေ၍ အစွန်းရောက်ရာသီဥတုအခြေအနေများ၊ မိုးခေါင်ရေရှားမှုများနှင့် အပြုသဘောမဆန်သည့် သက်ရောက်မှုများ ပိုမို ကြုံတွေ့ရမည်ဟု NOAA မှ သိပ္ပံပညာရှင်က ပြောကြားသည်။

"အမေရိကန်နိုင်ငံမှာ ကြုံတွေ့နေရတဲ့ အပူချိန်မြင့်မားမှုဟာ ပူနွေးလာတဲ့ ကမ္ဘာကြီးမှာ ကြုံတွေ့လာမယ့် အခြေအနေတွေနဲ့ ကိုက်ညီနေတယ်လို့ ကျွန်တော် ပြောချင်ပါတယ်" ဟု NOAA မှ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်ရေးဌာနခွဲ အကြီးအကဲ မစ္စတာဒက်ခ်အန်နဲ့က ပြောကြားသည်။ ၂၀၁၂ ခုနှစ်သည် နှစ်ပေါင်း များစွာအတွင်း ပူနွေးလာမှု ပေါင်းစုံသောနှစ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

—*Ref: UPI*

နောက်ကျောဖုံး မှ

### ဂျပန်ဝန်ကြီးချုပ်၏ စီးပွားရေးနှိုးဆွမှုအစီအစဉ် လူထုထောက်ခံမှုရ



စီးပွားရေးဖွံ့ဖြိုးမှု နှိုးဆွရေးအတွက်ကန်ဒေါ်လာ၁၁၇ဘီလီယံသုံးစွဲမည့်အစီအစဉ်ကို ဇန်နဝါရီ ၁၁ ရက်တွင် ဂျပန်အစိုးရအဖွဲ့က အတည်ပြုပေးလိုက်ပြီးနောက် စနေ၊ တနင်္ဂနွေရက်များတွင် ယခုစစ်တမ်းကို ကောက်ယူခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပြန်လည်ဦးစားပေးရေး အစီအစဉ်များကို မဲဆန္ဒရှင်အများစုက ထောက်ခံခဲ့ကြသော်လည်း နျူခလီးယားစက်ရုံများ ပြန်လည်ပတ်ရေးတွင် ကန့်ကွက်သူနှင့် ထောက်ခံသူ ဆတူနီးပါး ဖြစ်နေသည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

### မာလီနိုင်ငံတွင် ပြင်သစ်တပ်ဖွဲ့များ ပါဝင်ပတ်သက်မှု မကြာမြင့်နိုင်ဟု နိုင်ငံခြားရေးဝန်ကြီးပြောကြား

ပြင်သစ်စစ်ဘက်သည် မာလီရှိ အစ္စလာမ်မစ် စစ်သွေးကြွများအား တွန်းလှန်ရန် လွန်ခဲ့သည့် နှစ်ရက်ကပင် ပါဝင်ပတ်သက်နေခဲ့ပြီး နိုင်ငံအလယ်ပိုင်း ကွန်နာမြို့အား အစိုးရတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်နိုင်ရန် ကူညီခဲ့သည်။ ထို့အပြင် မာလီနိုင်ငံအရေးအတွက်ကုလသမဂ္ဂ၌အစည်းအဝေးခေါ်ယူရန် ပြင်သစ်အစိုးရက တိုက်တွန်းထားသည်။

မာလီအရေးကိစ္စနှင့် ပတ်သက်၍ အနောက်နိုင်ငံတပ်ဖွဲ့များက အာဖဂန်နစ္စတန်၌ အချိန်ကြာမြင့်စွာ ပါဝင်ပတ်သက်နေရခြင်းနှင့် နှိုင်းယှဉ်ပြောဆိုမှုများကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပယ်ချခဲ့သည်။

"နောက်ပိုင်းမှာ အင်အားဖြည့်တင်းတဲ့အနေနဲ့ ကျွန်တော်တို့ ပါဝင်နိုင်ပါတယ်။ ဒါပေမဲ့ အမြဲတမ်း အဲဒီမှာ ရှိနေဖို့မရည်ရွယ်ပါဘူး"ဟု မစ္စတာဖာဘီးရက်စ်က ပြောကြားပြီး အကယ်၍ ပြင်သစ်နိုင်ငံကသာ ကြားဝင်ခြင်းမရှိပါက



အစ္စလာမ်မစ်များမှာ မာလီနိုင်ငံမြို့တော်ဘာမာကိုအထိ ချီတက်လာနိုင်သည်ဟု၎င်းကဆက်လက်ပြောသည်။

၂၀၁၂ ခုနှစ်က မာလီနိုင်ငံတွင် စစ်ဘက်အာဏာသိမ်းမှုဖြစ်ပေါ်၍ အခြေအနေများ ရှုပ်ထွေးနေစဉ် ယင်းကို အခွင့်ကောင်းယူကာ အစ္စလာမ်မစ်အုပ်စုများနှင့် တူအာရက်မျိုးနွယ် သူပုန်များက မာလီနိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ခဲ့သည်။ နောက်ပိုင်းတွင်မူ အစ္စလာမ်မစ်များက တူအာရက်များအား ဘေးသို့ရောက်သွားစေအောင် လုပ်ဆောင်ခဲ့ပြီး နိုင်ငံမြောက်ပိုင်း မြို့ကြီးများအားလုံး သိမ်းပိုက်ခဲ့သည်။ ယင်းမှနေ၍ နိုင်ငံတောင်ပိုင်းသို့ ဆက်လက်ချီတက်ခဲ့ပြီး ယခင်သီတင်းပတ်အတွင်း မဟာဗျူဟာအရေးပါသည့် ကွန်နာမြို့အား သိမ်းပိုက်ခဲ့ကြသည်။—*Ref: BBC*

စက်ဘ်ပူနိုင်ငံ ရေနံဓါတု စက်ရုံတွင်လုပ်ရန်
1.Machinery Fitter (G.T.I) (M.P/M.T/M.C) (ဒိ) ဦး SS29
City Guilds(M.P/M.T/M.C)/( B.A/B.Sc)
License No.023/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013



Photo - AFP

# မြန်မာသမ္မတဦးသိန်းစိန်ကို အင်တာဗျူးခဲ့သော တိုင်းမ်သတင်းထောက် ဟန်နာဘိချ်နှင့် မြန်မာ့အရေး အမေးအဖြေ

**ကျော်မျိုး**

ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းဟာဒီတစ်ပတ်အတွက် နိုင်ငံတကာမျက်နှာဖုံးတင်ဆက်မှုအဖြစ် မြန်မာသမ္မတဦးသိန်းစိန်နဲ့မြန်မာ့နိုင်ငံရေးအကြောင်းကို အထူးတင်ဆက်ထားပါတယ်။ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်ကို နေပြည်တော်အထိသွားရောက်တွေ့ဆုံပြီးမေးမြန်းခွင့်ရခဲ့တဲ့ တိုင်းမ်ရဲ့ အရှေ့အာရှသတင်းထောက်၊ ဘေဂျင်းမြို့ရုံးအကြီးအကဲ မစ္စဟန်နာဘိချ်ကို မဂ္ဂဇင်းကပဲ သူမရဲ့ အတွေ့အကြုံတွေအကြောင်း ပြန်လည်မေးမြန်းကာ Behind the Story: TIME'S Hannah Beech on Burma's President Thein Sein ဆိုပြီး အင်တာဗျူးဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့တယ်။ ဒီအင်တာဗျူးမှာ မစ္စဟန်နာဘိချ်က မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးသမားအဖြစ် သတ်မှတ်ခံရသူ သမ္မတဦးသိန်းစိန်နဲ့ သူ့တိုင်းပြည်ရဲ့ အနာဂတ်အပေါ် သူမရဲ့အမြင်တွေကို ထုတ်ဖော်ပြောဆိုထားတာ ဖတ်ရှုရမှာပါ။

**သမ္မတဦးသိန်းစိန်ဟာ အင်္ဂလိပ်လို 'ဒီမိုကရေစီ'ဆိုတဲ့စကားလုံးကို ခင်ဗျားနဲ့ အင်တာဗျူးမှာ အထပ်ထပ်သုံးစွဲခဲ့တယ်။ မြန်မာပြည်အတွက် သူ့ရဲ့မျှော်မှန်းချက်အမြင်ကဘာများပါလဲ။ ဒီမိုကရေစီဆိုတာကို သူနားလည်ထားတာ ဘယ်လိုမျိုးပါလဲ။**

ကျွန်မ ထင်တာတော့ ဦးသိန်းစိန် နားလည်ထားတာ (ဒီမိုကရေစီဆိုတာမှာ) အပြန်အလှန်ထိန်းသိမ်း ချိန်ညှိမှုတွေ ရှိသင့်တယ်။ တာဝန်ခံမှုရှိသင့်တယ်။ အဲဒါမှ စီးပွားရေးဖွံ့ဖြိုးအောင် ကူညီနိုင်မယ်လို့ ထင်ပါတယ်။ 'ဒီမိုကရေစီ'ဆိုတဲ့ စကားလုံးကို သူ ယုံကြည်သုံးစွဲပုံက ကျွန်မတို့ပြောဆိုဆွေးနွေးနေကြတဲ့ မဟာစံနှုန်းတွေအပေါ် ယုံကြည်မှုမျိုးတော့ မဟုတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ အဲဒီစံနှုန်းတွေကလည်း လူ့အဖွဲ့အစည်းတစ်ရပ်ရပ်မှာ စိုက်ထူကျင့်သုံးဖို့ သိပ်ခက်တယ်မို့လား။ သူပြောဆိုနေတာက အထိန်းအချုပ်မဲ့အာဏာရထားတဲ့ ထိပ်တန်းခေါင်းဆောင်တစ်ယောက် မရှိတဲ့စနစ်တစ်ခုအကြောင်း ပြောနေတာပါ။ ဒီနေ့ မြန်မာပြည်မှာ ဖြစ်နေတာလည်း အဲဒီအတိုင်းပါ။ မြန်မာဟာ ပြောင်းလဲနေတယ်။ ဒါပေမဲ့ အပြည့်အဝမပြောင်းလဲရသေးပါဘူး။

အခုထိ ရောက်လာသမျှကတော့ မှတ်သားလောက်ဖွယ်ဖြစ်နေဆဲပါ။ အဲဒီကို ကျွန်မပြန်ရောက်သွားတဲ့အခါတိုင်း ကိုယ့်ကို အံ့သြစေတဲ့ အရာတစ်ခုကတော့ အခြေအနေဟာ ပြီးခဲ့တဲ့ နှစ်အနည်းငယ်နဲ့ယှဉ်ရင် သိပ်ကွာခြားသွားတာပါပဲ။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ပုံတွေကို နေရာအနှံ့တွေ့နိုင်တယ်။ မြန်မာသတင်းစာတွေနဲ့ မဂ္ဂဇင်းတွေက ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာလည်း တကယ့်အဖြစ်အပျက်တွေကို အမှန်ပဲရေးသားပုံနှိပ်နေနိုင်ပါပြီ။

ပြည်ပရောက် အင်အားစုတွေကြားထဲမှာတော့ ပြုပြင်ပြောင်းလဲရေးတွေဟာ အယောင်ပြသက်သက်လို့ အချို့က သံသယရှိကြတယ်။ ဝေဖန်သူတွေဟာ သံသယဖြစ်ပိုင်ခွင့်ကို ကိုင်စွဲပြီး အစိုးရကို တာဝန်ခံမှုရှိနိုင်ဖို့ ထောက်ပြကြတာမှာ မှန်ပါတယ်။ ဒါပေမဲ့ မျှမျှတတပြောရရင် ပြုပြင်ပြောင်းလဲမှုတွေဖြစ်လာရင် အဲဒါတွေကို ဦးတည်ရှုမြင်တဲ့ နိုင်ငံတကာရဲ့ စိတ်စေတနာကောင်းလည်း ရှိသင့်တာပေါ့။ အဲဒီလိုမျိုး နိုင်ငံတကာတုံ့ပြန်မှုတစ်ခုခု မရှိဘူးဆိုရင် သမ္မတဦးသိန်းစိန်အတွက် အစိုးရအတွင်းက ပြုပြင်ပြောင်းလဲရေး မလိုချင်တဲ့ ခေါင်းမာသူတွေနဲ့ ဆက်ဆံရာမှာ အများကြီး ခက်ခဲသွားဖို့ရှိတယ်။

**၂၀၀၇ တုန်းက ခင်ဗျား ရေးခဲ့တာကတော့ "မြန်မာနိုင်ငံရဲ့ ဗိုလ်ချုပ်ကြီးတွေဟာ သူတို့ တိုင်းပြည်ကို လမ်းမှားရောက်အောင် ဦးဆောင်ခဲ့ကြတယ်"လို့ ရေးခဲ့တယ်။ အခုခြောက်နှစ်ကြာသွားပြီးနောက် အဲဒီ ဗိုလ်ချုပ်ကြီးဟောင်းတွေထဲက တချို့ဟာ အာဏာရနေဆဲဖြစ်ပြီး နိုင်ငံရဲ့ အရပ်သားတစ်ပိုင်း အစိုးရသစ်ရဲ့ အစိတ်အပိုင်းအနေနဲ့ ဖြစ်လာနေတယ်။ ဘာတွေများ ပြောင်းလဲသွားခဲ့ပါသလဲ။**

ပြောင်းလဲသွားခဲ့တာကတော့ ထိပ်ဆုံးက ကွပ်ကဲနေတဲ့ ပုဂ္ဂိုလ်ကိုယ်တိုင်က အပြောင်းအလဲလုပ်ဖို့ သူ့ဟာသူ ဆန္ဒရှိလာခဲ့လို့ပါပဲ။ တချို့သော စစ်အစိုးရအဖွဲ့ဝင်တွေက ကွယ်လွန်သွားတာ၊ ဒါမှမဟုတ် အငြိမ်းစားယူသွားကြတာမျိုးရှိခဲ့တယ်။ အထူးသဖြင့်ဆိုရင် ရှေးရိုးစွဲဆန်ပြီး နိုင်ငံခြားသား မုန်းတီးတဲ့စိတ်အခံရှိသူ၊ တပ်တစ်ခုလုံးကို ချုပ်ကိုင်ထားသူလို့ အများက မှတ်ယူခြင်းခံရတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလည်း အပါအဝင်ပဲပေါ့။ ဦးသိန်းစိန် တက်လာတော့ လူတွေက သူဟာရုပ်သေးရုပ် တစ်ရုပ်ပဲဖြစ်မယ် မြင်ကြတယ်။ ဒါပေမဲ့ အမှန်က တိုင်းပြည်တွင်းပြုပြင်ပြောင်းလဲရေးတွေကို သူစတင်ခဲ့ပါတယ်။



မျက်နှာမပေါ်တဲ့ (နောက်ကွယ်က ထိန်းချုပ်နေတဲ့) ဗိုလ်ချုပ်တွေကို ကြည့်ဖို့နဲ့ လူတွေ ဘာတွေတွေးနေတယ်ဆိုတာ တကယ်သိဖို့က ကျွန်မတို့အတွက် ခက်လှပါတယ်။ အစိုးရအပြောင်းအလဲဖြစ်မှုတစ်ခုကို စဉ်းစားလိုက်တဲ့ အချိန်တိုင်းမှာ ဆိုဗီယက်ယူနီယံမှာပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားနဲ့ တောင်ကိုရီးယားကနေ တရုတ်တိုင်ပေအထိ ဘယ်မှာပဲဖြစ်ဖြစ် ဒီလိုမျိုးကျွန်မတို့ တကယ်ပြောဆို ဆွေးနွေးနေတဲ့ မာကျောလှတဲ့ အစိုးရတစ်ရပ်မှာလည်း ပင်ကိုသဘာဝအားဖြင့် ပိုပြီးလစ်ဘရယ်ဖြစ်၊ ပြုပြင်ရေးသမားဖြစ်တဲ့ လူတချို့ရှိတာကို ရှာတွေ့မိပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ဟာ စနစ်အတွင်းမှာ ရှိနေတာမို့ သူတို့ရဲ့အမြင်တွေကိုတော့ ထုတ်ဖော်နိုင်မှာ မဟုတ်ဘူးပေါ့။

ဒီကိစ္စမှာ ကျွန်မတို့ မဖော်ပြရသေးတဲ့ကိစ္စတစ်ခုကတော့ ဦးသိန်းစိန်ရဲ့ မြစ်ဆုံဆည် တည်ဆောက်ရေး ရပ်ဆိုင်းဖို့ ဆုံးဖြတ်ချက်ပဲ။ အဲဒီဆည်ကို ယခင်စစ်အစိုးရလက်ထက်က ဒေါ်လာဘီလီယံနဲ့ချီ မြှုပ်နှံထားတဲ့ တရုတ်ကျောထောက်နောက်ခံပြု စီမံကိန်းအဖြစ် ထောက်ပံ့ပေးခဲ့တာပါ။ ဒါပေမဲ့ သာမန်မြန်မာလူထုကြားမှာ သိပ်ပြီးလူကြိုက်နည်းခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆည်တည်နေရာက အရေးပါတဲ့ မြစ်နှစ်ခုဆုံရာ အလွန်ယုံကြည်ကိုးကွယ်မှုနဲ့ သက်ဆိုင်တဲ့နေရာမှာ ရှိနေလို့ပါ။ ဒီလို ဆည်တည်ဆောက်ရေး ရပ်ဆိုင်းစေလိုက်တဲ့ အချက်က လူထုဆန္ဒတွေကို ဖြည့်ဆည်းဖို့ စိတ်ရှိတယ်ဆိုတာ ပြသခဲ့တယ်။ ဒါပေမဲ့ အဲဒါဟာ ဆည်ကို ချက်ချင်းကြီး အပြီးဖျက်သိမ်းပစ်ဖို့ ပြောတာတော့ မဟုတ်ဘူးပေါ့။ အဲဒါလည်း သတိပြုသင့်ပါတယ်။

**ဦးသိန်းစိန်ဟာ သူ့ဘဝအချိန်အများစုကို မြန်မာ့တပ်မတော်ထဲ ကုန်ဆုံးခဲ့တာပါ။ ဒီတပ်မတော်ကလည်း ပါလီမန်မှာ အမတ်နေရာလေးပုံတစ်ပုံကို ရယူထားပြီး နိုင်ငံတော်ဘတ်ဂျက်ရဲ့ ငါးပုံတစ်ပုံကျော်ကိုလည်း ရရှိနေပါတယ်။ ဒီဗိုလ်ချုပ်ကြီးဟောင်း(ဦးသိန်းစိန်)ဟာ တပ်ထဲမှာ ထိန်းချုပ်နိုင်စွမ်း အာဏာရှိပါဦးမလား။**

အရင်ကတော့ ငယ်ရွယ်ထက်မြက်တဲ့ မြန်မာလူမျိုးတစ်ယောက်ဆိုရင် လူ့အဖွဲ့အစည်းထဲ အဆင့်မြင့်တိုးတက်ရေး နည်းလမ်းတွေထဲက တစ်ခုကတော့ တပ်မတော်သားတစ်ဦးဖြစ်ရေးပဲပေါ့။ ဒီတပ်မတော်သား ၄၀၀,၀၀၀ စလုံးဟာ ဆိုးရွားတဲ့လူတွေပဲ ဆိုတာတော့ မဟုတ်ဘူးပေါ့။ သူတို့က အကြောင်းမျိုးစုံနဲ့ စစ်ထဲဝင်ခဲ့ကြပြီး တချို့က ပြုပြင်ပြောင်းလဲရေးသမားတွေ ဖြစ်ကြတယ်။ မေးခွန်းက ဒီလူတွေမှာ သူတို့ရဲ့ အလုပ်တွေကို တွန်းလုပ်နိုင်ဖို့ တရားဝင်မှုနဲ့ ဩဇာအာဏာရှိသလား၊ မရှိဘူးလားဆိုတာပဲ။ ဘာကြောင့်လဲဆိုတော့ လစ်ဘရယ်သိပ်မဖြစ်တဲ့ အခြားသူတွေလည်း ရှိနေလို့ပါ။

ပင်ကို သဘာဝအားဖြင့်တော့ စစ်တပ်နဲ့ ပူးတွဲပြီး အကျိုးကျေးဇူးလိုချင်တဲ့ လူတွေအများကြီးရှိပါတယ်။ နောက်ထပ် အန္တရာယ်တစ်ခုကတော့ ဦးသိန်းစိန်ဟာ အာဏာကို ပိုလိုချင်လာတာမျိုးပါ။ မြန်မာနိုင်ငံမှာ ပေါင်းစည်းမှုရဲ့ အဓိကအချက်ကတော့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနဲ့အတူ ရောက်လာပါလိမ့်မယ်။

**မြန်မာအစိုးရဟာ တရုတ်နယ်စပ်မှာ ကချင်တပ်ဖွဲ့တွေနဲ့ စစ်ပွဲဖြစ်ပွားနေဆဲရှိပြီး အခြားသော တိုင်းရင်းသားအဖွဲ့တွေနဲ့ ပဋိပက္ခတွေလည်း ရှိနေဆဲပါ။ ဦးသိန်းစိန်မှာ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်း အညွှန်းရှိနေပါသလား။**

အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်တာတွေတော့ အောင်မြင်မှုရှိနေတယ်။ ဘယ်လောက်ကြာရှည်ခံမယ်၊ မခံဘူးကတော့ နောက်ထပ်ကိစ္စတစ်ခုပေါ့။ သူ ၂၀၁၁ ဒီဇင်ဘာမှာ ပြောဖူးတာကတော့ ကချင်နဲ့ ပဋိပက္ခရပ်ဆိုင်းသွားမှု ရှိလာမယ်ပေါ့။ ဒီနောက်ပိုင်း ဆက်ဖြစ်နေတဲ့ တိုက်ခိုက်မှုတွေက ပြနေတာကတော့ သူပြောတာနဲ့ ရှေ့တန်းစစ်မျက်နှာမှာ ဖြစ်နေတာတွေကြားမှာ ကွဲပြားမှုဖြစ်လာတာပဲ။

နိုင်ငံရေးအရ ပြောရရင်တော့ လူများစု ဗုဒ္ဓဘာသာ ဗမာတွေကြားထဲမှာ တိုင်းရင်းသားလူနည်းစုတွေအပေါ် စာနာမှုနည်းနည်းပဲရှိပြီး မွတ်ဆလင်ရိုဟင်ဂျာတွေအတွက်ဆို လုံးဝကို မရှိတာပါ။ ဒါဟာ ဒီကိစ္စကို ပြောနေတဲ့ ဦးသိန်းစိန်မှမဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်မှာလည်းဖြစ်နေတာပါ။ သူမကတော့ သူ့အနေအထားဟာ ဒီကိစ္စကိုပြောဖို့ မဟုတ်ဘူးလို့ ဆိုတယ်။ ဒါပေမဲ့ သူ့စကားက သိပ်အရေးကြီးပါတယ်။ သူမဟာ မြန်မာရဲ့ လွတ်လပ်ခွင့်ဆုံးရှုံးနေတဲ့ လူ့အသိုင်းအဝိုင်းတွေ ကိုယ်စား ပြောသင့်သလောက် မပြောဘူးလို့ ကျွန်မ ထင်ပါတယ်။

**ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ နှစ်ဦးစလုံး ၆၇ နှစ်အရွယ်ပါ။ နောက်မျိုးဆက်ပြုပြင်ပြောင်းလဲရေးသမားတွေက ဘယ်မှာပါလဲ။**

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အဓိကမေးခွန်းကြီးတစ်ရပ်က သူတို့အနေနဲ့ နောက်လာမယ့် ရွေးကောက်ပွဲနိုင်ခဲ့ရင် သူတို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားလူနည်းနည်းလေးတွေကို ကျော်လွန်ပြီး ဩဇာရှိမလားဆိုတာပါပဲ။ မြန်မာမှာ ငယ်ရွယ်ထက်မြက်တဲ့လူငယ်တွေ မျိုးဆက်ပြတ်တာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ သူတို့တွေ နိုင်ငံရေးဖြစ်စဉ်မှာ တကယ်ပါဝင်နေသလားဆိုတာကတော့ မသိရသေးဘူး။ တကယ်လို့ အင်န်အယ်လ်ဒီဟာ အစိုးရထဲမှာ နေရာတစ်နေရာ ရခဲ့တယ်ဆိုရင် သူတို့မှာ အလုပ်လုပ်နိုင်ဖို့ လူ့စွမ်းအားရှိလာမလား။ ကျွန်မ သေချာမပြောတတ်ပါဘူး။

**သမ္မတအိုဘားမားနဲ့ ဟီလာရီကလင်တန်တို့ရဲ့ ခရီးစဉ်တွေကရော မြန်မာ့ပြုပြင်ပြောင်းလဲရေးကို အကူအညီပေးနိုင်ခဲ့ပါသလား။**

သံသယ ရှိသူတွေကတော့ အိုဘားမားဟာ အခြေခံအားဖြင့် အစိုးရက မြှင့်တင်ဖို့ကြိုးစားနေတဲ့ မျက်နှာဖုံးစွပ် ဒီမိုကရေစီကို ကူညီခဲ့တာလို့ ပြောမှာပဲ။ ဒါပေမဲ့ သာမန်မြန်မာပြည်သားတွေအတွက်တော့ သူ့ရဲ့ခရီးစဉ်ဟာ ဦးသိန်းစိန်အစိုးရကို တရားဝင်အသိအမှတ်ပြုမှု ပေးခဲ့တာမဟုတ်ပါဘူး။ လူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်လို နေရာမျိုးကနေ အိုဘားမားကို ကြိုဆိုခဲ့ကြတာပဲ။ အစိုးရအဆောက်အအုံတွေက ကြိုခဲ့တာမဟုတ်ပါဘူး။ အစိုးရတာဝန်ရှိသူတွေနဲ့ ပုံမှန်အရ တွေ့ဆုံခဲ့မှုတွေကို ဖယ်လိုက်ရင် အိုဘားမားဟာ အစိုးရအပြင်ဘက်က လူအများစုနဲ့ တွေ့ခဲ့တယ်။ သာမန်လူတွေကလည်း အမေရိကန်သမ္မတတစ်ဦးတောင် ရောက်လာခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ ထူးထူးခြားခြား မိန့်ခွန်းပြောသွားခဲ့တယ်ဆိုတာ မြန်မာပြည်မှာ ဖြစ်ခဲ့ပြီဆိုပြီး တကယ်စိတ်လှုပ်ရှားခဲ့တာပေါ့။

**ခင်ဗျားအတွက် တခြားအံ့သြစရာတွေရော ရှိခဲ့သေးလား။**

မြန်မာ့အပြောင်းအလဲတွေကြောင့် ကျွန်မ သိပ်အံ့သြရတဲ့အချက်တစ်ခုကတော့ ကျွန်မက တရုတ်ပြည်မှာ နေနေတာ။ အဲဒီမှာက တစ်ဦးတစ်ဖွဲ့ အာဏာရှင်စနစ်နိုင်ငံဖြစ်နေဆဲဖြစ်ပြီး မီဒီယာဆင်ဆာလုပ်တာလည်း သိပ်ကြီးတယ်။

စာမျက်နှာ(၃၆)သို့ »

Vol.11, No.45 • JANUARY 17 , 2013


## အဝေးကြီးမှာ အကြာကြီးမနေချင်တော့ပါဘူး

### သရုပ်ဆောင် စိုးသူနှင့်တွေ့ဆုံခြင်း

**အေးသူစံ**

အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်ရှိ Southern Maryland ဆေးရုံနဲ့ Washington Hospital Centre တို့မှာ နှလုံးရောဂါလူနာတွေကို အဓိက ကုသပေးနေတဲ့ သရုပ်ဆောင်အဆိုတော်ဆရာဝန် စိုးသူဟာ မြန်မာနိုင်ငံသို့ ဆယ့်တစ်နှစ်အကြာမှာ မိခင်ရဲ့ကျန်းမာရေးကြောင့် ပြန်လည် ရောက်ရှိနေပါတယ်။

၁၉၈၃-၈၄ ခုနှစ်လောက်ကတည်းက ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာခဲ့ပြီး တစ်ကိုယ်တော်စီးရီးခွေ ၁၁ခွေထွက်ရှိခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ 'ကိုယ့်နေ့သစ်များ' စီးရီးထွက်ရှိပြီးနောက်မိဘတွေရဲ့ဆန္ဒအရအမေရိကန်ပြည်ထောင်စုသို့ထွက်ခွာသွားခဲ့ပါတယ်။ စိုးသူရဲ့ ၁၁နှစ်အကြာအိမ်အပြန်ခရီးမှာမြန်မာပြည်က ပရိသတ်တွေနဲ့ အနုပညာလုပ်ဖော်ကိုင်ဖက်တွေရဲ့နွေးထွေးတဲ့ကြိုဆိုမှုကြောင့် အနုပညာအလုပ်တွေကိုပြန်လုပ်ဖို့ဆုံးဖြတ်ထားပြီး တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုလည်း မိခင်ကျန်းမာရေးကောင်းလာတာနဲ့ လုပ်ဖို့ရှိပါတယ်။ စိုင်းစိုင်းခမ်းလှိုင်ကလည်း စာရေးဆရာမဂျူးရဲ့ 'ကျွန်မရဲ့သစ်ပင်' ဝတ္ထုကို စိုးသူနဲ့သာရိုက်ချင်ပြီး စိုးသူကသာ လက်မခံရင် ဒီဇာတ်ကိုမရိုက်တော့ဘူးလို့ ယတိပြတ်ကမ်းလှမ်းထားပါတယ်။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**အမေရိကမှာ ၁၁ နှစ် နေထိုင်ဖြစ်ခဲ့တာ ဘာကြောင့်ပါလဲ။**

ကျွန်တော့်ရဲ့ကျေးဇူးရှင် မိဘနှစ်ပါးက ကျွန်တော်ဆည်းပူး လေ့လာခဲ့တာနဲ့ ပတ်သက်ပြီး အလုပ်လုပ်စေချင်တယ်။ အမေရိကမှာ အစ်မအရင်းနဲ့ အဒေါ်တွေလည်းရှိတော့ မိဘစကားနားထောင်ပြီး သွားလိုက်တာပါ။


**စာ(၄၉)သို့**




## လင်ကွန်းရုပ်ရှင်ကား အော်စကာတစ်ကြိုစာရင်းတွင် ၁၂ဆုဖြင့် ထိပ်ဆုံးမှရပ်တည်

**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ-၁၂**

ယခုနှစ်အတွင်း လူကြိုက်များခဲ့သည့် ဒါရိုက်တာစတီဗင်စပီးလ်ဘာ့ဂ်၏ နိုင်ငံရေးအတ္ထုပ္ပတ္တိရုပ်ရှင် 'လင်ကွန်း'သည် အော်စကာတစ်ကြိုစာရင်းတွင် ဆု ၁၂ ဆုအတွက် ဆန်ခါတင် စာရင်းဝင်နေကြောင်း သိရသည်။ လင်ကွန်းဇာတ်ကားပြီးလျှင် ထိုင်ဝမ်၌ မွေးဖွားသည့် ဒါရိုက်တာအန်းလီ၏ Life of Pi ဇာတ်ကားမှာ ဆန်ခါတင်ဆု ၁၁ ဆုဖြင့် ဒုတိယနေရာတွင် ရှိနေသည်။ ယင်းဇာတ်ကားနှစ်ကားစလုံးမှာ အကောင်းဆုံးဇာတ်ကားဆုအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းတို့နောက်တွင် Silver Linnings Playbook နှင့် Les Miserables ဇာတ်ကားတို့က ဆန်ခါတင်ဆု ရှစ်ဆုစီဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။

ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုတွင် လင်ကွန်းဇာတ်ကားမှ မင်းသား ဒင်နီယယ်ဒေးလူးဝစ်ကလည်းကောင်း၊ အကောင်းဆုံးဇာတ်ပို့ သရုပ်ဆောင် (အမျိုးသား)ဆုတွင်လည်း ယင်းဇာတ်ကားမှ တော်မီလီဂျုန်းစ်ကလည်းကောင်း ပါဝင်နေသည်။ ဒါရိုက်တာစပီးလ်ဘာ့ဂ်သည် ၁၉၉၃ တွင် Shindler's List ဖြင့်လည်းကောင်း၊ ၁၉၉၉ တွင် Saving Private Ryan ဖြင့်လည်းကောင်း အော်စကာဆုများ ရရှိခဲ့ဖူးသည်။ ယခုနှစ်အတွက် ရခဲ့ပါကမူ ၎င်း၏ တတိယမြောက် အော်စကာဆု ဖြစ်လာပါမည်။

*-Ref: CNA/AFP*

## နိုင်ငံခြားသားများ နားလည်ရန် 'နှင်းဆီခရီးသည်အငြိမ့်' အသံတိတ်ပြက်လုံးများဖန်တီးနေ

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကော်မတီရန်ပုံငွေအဖြစ် "နှင်းဆီခရီးသည်" မော်ဒန်အငြိမ့်ကို နိုင်ငံခြား ဧည့်သည့်များပါ ကြည့်ရှုရယ်မောနိုင်စေရန် အသံတိတ် ပြက်လုံးများ ထည့်သွင်းစီစဉ်ထားကြောင်း စီစဉ်သူ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)ကပြောသည်။

"မြန်မာအချင်းချင်းသာမက နိုင်ငံခြားဧည့်သည်တွေပါ ရယ်အောင်လုပ်ပြပါမယ်။ ကျွန်တော်တို့ ချာလီချက်ပလင်လို ဘာသာစကားမလိုဘူး။ အသံတိတ်နဲ့ ရယ်ရမယ့် အစီစဉ်တွေ ပါမယ်။ နိုင်ငံခြားဧည့်သည်တွေကို ဖိတ်ခေါ်ထားတာရှိပါတယ်။ မြန်မာသီချင်းအကတွေကို သူတို့ကိုယ်တိုင် ပါဝင်တာမျိုး စီစဉ်တင်ဆက်သွားမှာပါ"ဟု မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြောသည်။

'နှင်းဆီခရီးသည်' အငြိမ့်ကို ပြည်သူ့ဥယျာဉ်တွင် ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်၌ တင်ဆက်သွားမည်ဖြစ်ပြီး နှင်းဆီအဖွဲ့ဝင်များဖြစ်သော နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ ရဲလေး၊ မိုးမိုးနှင့် ဖူးစုံ၊ မေကဗျာ၊ မိုးယုစံတို့ ပါဝင်ကပြ ဖျော်ဖြေမည်ဖြစ်သည်။ နှစ်စဉ်ပြုလုပ်သောပွဲများကို ပုဂ္ဂလိကရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်



လွှင့်သော်လည်း ယခုပွဲကို ထုတ်လွှင့်မည်မဟုတ်ဟုဆိုသည်။

နှင်းဆီအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး "နှင်းဆီသခင်" အမည်ဖြင့် ဦးစွာဖျော်ဖြေခဲ့သည်။

နှင်းဆီအဖွဲ့တင်ဆက်မှုများကိုပြည်တွင်းတွင် တစ်နှစ်လျှင် တစ်ကြိမ်သာပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့လည်း လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

နှင်းဆီအဖွဲ့သည် မတ်လတွင် ထိုင်းနိုင်ငံ၊ မေလတွင် စင်ကာပူနိုင်ငံသို့ ဖျော်ဖြေရေးခရီးထွက်ရန် စီစဉ်ထားသည်။




7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

## မျက်နှာအသေးစားခွဲစိတ်ထားလို့ အလုပ်တွေ နားထားတဲ့ ထွန်းအိန္ဒြာဗို

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

သရုပ်ဆောင်အဆိုတော်ထွန်းအိန္ဒြာဗိုသည်မျက်နှာပိုင်းဆိုင်ရာအသေးစားခွဲစိတ်မှုတစ်ခုကိုပြုလုပ်ခဲ့ခြင်းကြောင့် ရိုက်ကူးရေးများကို ဇန်နဝါရီလကုန်အထိ ရပ်နားထားလိုက်ကြောင်း ထွန်းအိန္ဒြာဗိုက ပြောသည်။

ထွန်းအိန္ဒြာဗိုသည်ဇန်နဝါရီလ၉ရက်နေ့လယ်ပိုင်းက Asia Pacific အလှအပနှင့်ကျန်းမာရေးစင်တာတွင် အောက်ဘက်မျက်ခမ်းစပ်ရှိ မျက်အိတ်ဖောင်းနေခြင်းကြောင့်ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။ ခွဲစိတ်ထားသည့်ဒဏ်ကြောင့်မျက်နှာမှာရောင်ကိုင်းနေပြီးမိတ်ကပ်လိမ်းရန်အဆင်မပြေသောကြောင့်အနုပညာအလုပ်များကို ဇန်နဝါရီလကုန်အထိ ရပ်နားထားကြောင်း ထွန်းအိန္ဒြာဗိုက ပြောသည်။

“ဒီလကုန်ထိနားပြီး ဖေဖော်ဝါရီ ၂ရက်မှာ ‘Ten Lady ဖျော်ဖြေပွဲ’နဲ့ အနုပညာအလုပ်ပြန်စလုပ်မယ်။ ကားရိုက်က မတ်လ ၂၀ မှာ အောင်ရဲလင်းနဲ့ပြန်စမယ်” ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၂ရက်တွင် အမျိုးသမီး ၁၀ ဦးဖျော်ဖြေပွဲ၌ တေးရေးမေသော်၏ တေးသီချင်း အသစ်သုံးပုဒ်ဖြင့် သီဆိုမည်ဖြစ်ပြီး ယင်းဖျော်ဖြေပွဲမှာ တေးရေးမေသော်၏တေးသီချင်းများကို စုစည်း၍ အမျိုးသမီးအဆိုတော် ၁၀ဦးပါဝင်သီဆိုကြမည့်ပွဲဖြစ်ကြောင်း သတင်းရရှိသည်။



## ဖျော်ဖြေပွဲအတွက် ပြန်လာမယ့် တင်ဇာမော်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် “တင်ဇာမော် Duet Tour 2013” ဖျော်ဖြေပွဲကျင်းပမည်ဖြစ်ပြီး တေးသံရှင်တင်ဇာမော်သည် လန်ဒန်မြို့မှ မြန်မာနိုင်ငံသို့ ယခုလကုန် ပြန်လာမည်ဖြစ်ကြောင်း အဆိုပါပွဲကိုစီစဉ်သူကိုပီးပေါ်က ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၉ ရက် ည ခုနစ်နာရီအချိန်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်ပြီး တင်ဇာမော်နှင့်အတူ ဘိုဘို၊ စည်သူလွင်၊ အဲလက်စ်၊ ဇော်ပိုင်၊ R ဇာနည်၊ နွဲ့ယဉ်ဝင်း၊ ဟေမာနေဝင်း၊ ဆုန်သင်းပါရ်၊ ထွန်းအိန္ဒြာဗို အစရှိသည့် နာမည်ကြီး အဆိုတော် ၁၆ ဦးက သီဆိုဖျော်ဖြေမည်ဟု ဆိုသည်။

အဆိုတော် တင်ဇာမော်၏ ဖေ့စ်ဘွတ်ခ်တွင်လည်း ဇန်နဝါရီလ ၂၈ရက်၌ မြန်မာနိုင်ငံသို့ ပြန်လာမည်ဖြစ်ပြီး ဖေဖော်ဝါရီ၉ရက်၌ သူမ၏ သူငယ်ချင်းများနှင့်အတူ ပရိသတ်များအား ဖျော်ဖြေပွဲပြုလုပ်မည်ဟု ဖော်ပြထားသည်။













စာ(၄၇)မှ

# သရုပ်ဆောင်စိုးသူနှင့်တွေ့ဆုံခြင်း

**အမေရိကကိုရောက်ရောက်ချင်း မြန်မာပြည်ကိုလွမ်းလို့ နေ့တိုင်းနီးပါးငိုနေခဲ့တယ်လို့လည်း သိရပါတယ်။**

ဟုတ်တယ်။ ရောက်ပြီး နှစ်နှစ်၊သုံးနှစ်လောက်က ငိုနေတာ။ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေကျ။ ရှိုက်ကြီးတငင်ငိုတဲ့အခါလည်းရှိတယ်။ နောက်ပိုင်းနှစ် နှစ်သုံးနှစ်မှာတော့ နေသားကျသွားတယ်။ အဲဒီနှစ်နှစ်လောက်အတွင်း တတ်နိုင်သလောက် သီချင်းတွေနားမထောင်ဘူး။ ရုပ်ရှင် ဇာတ်လမ်းတွေမကြည့်ဘူး။ ကြည့်မိရင် သတိရပြီးပြန်ပြေးချင်လာလို့။

**မိသားစုနဲ့ ပရိသတ်ကို မိတ်ဆက်ပေးပါဦး။**

အမျိုးသမီးနာမည်က မခင်မြမြဝတ်မှုံဆွေပါ။ သမီးလေးက အိန်ဂျယ်စိုးသူလွင်ပါ။ မြန်မာနာမည်ကတော့ ကျွန်တော့်မေမေပေးထားတာ ဆုဝတ်မှုံစိုးပါ။ အမျိုးသမီးက အလုပ်နဲ့ကျန်ခဲ့တယ်။ မြန်မာပြည်ကနေ ကျွန်တော့်ကိုသီချင်းဆိုဖို့၊ ရုပ်ရှင်ရိုက်ဖို့၊ တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်ဖို့ ကမ်းလှမ်းထားတာတွေလည်းရှိနေတော့မိသားစုအလည်ပြန်လာဖို့၂၀၁၃မေလလောက်စီစဉ်ထားတာ။ တကယ်တမ်း မေမေ့ကျန်းမာရေးကြောင့် သောကနဲ့ပြန်လာခဲ့ရတာ။ မိခင်ကြီး ကျန်းမာရေးကောင်းရင် ကောင်းသလို သက်သာရင်သက်သာသလို လုပ်ပေးဖို့တော့ရှိပါတယ်။

**တစ်ကိုယ်တော်စီးရီး၁၁ခွေ ထွက်ထားတဲ့အထဲမှာ အင်ပါယာတို့ အိုင်စီတို့နဲ့ တီးတာတော်တော်များခဲ့တယ်။ နောက်ဆုံး ထွက်ခဲ့တဲ့‘ကိုယ့်နေ့သစ်များ’မှာ ဖွဲ့ခဲ့တဲ့ Majesta တီးဝိုင်းနဲ့ တီးခဲ့တော့ တီးဝိုင်းကရော ခု ဘယ်လို ဆက်ရှိနေပါသလဲ။**

အင်ပါယာတို့၊ အိုင်စီတို့နဲ့မတီးခင် ပထမဆုံးတစ်ကိုယ်တော်ခွေ ရည်းစားလေးအချစ်ရဲ့မှတ်တမ်းခွေက Lovers တီးဝိုင်းနဲ့ တီးတယ်။ နောက် မျက်နှာဖုံးခွေကို Rays နဲ့တီးတာ။ တတိယခွေ ‘ကြိုပြါကွယ်’ ကျမှ အင်ပါယာနဲ့တီးတာ။ နောက်ပိုင်းတော့ အင်ပါယာအိုင်စီနှစ်ခုလုံးနဲ့ တီးခဲ့တဲ့ခွေတွေလည်းရှိတယ်။ Majesta ကတော့ ၁၉၉၅လောက်မှာ စိတ်တူကိုယ်တူ လေးယောက်နဲ့ ဖွဲ့ဖြစ်တယ်။ လိဒ်ဂစ်တာတီးတဲ့ ကိုမြင့်ဇော်၊ ကီးဘုတ်ကိုကျော်ဇေယျ၊ မန္တလေး Energy တီးဝိုင်းက ဒရမ်မာ ကိုတင်မောင်နီ ခေါ် ကိုဖာရွှတ်၊ဘေ့စ်ကိုအောင်မြင့်စိန်တို့နဲ့ တီးဝိုင်းဖွဲ့ပြီး တစ်ကိုယ်တော်သွင်းခဲ့တယ်။ ကျွန်တော် နိုင်ငံခြားထွက်သွားတော့ အကြောင်းကြောင့်ကြောင့် တီးဝိုင်းအနေနဲ့ ဆက်မရပ်တည်ကြတော့ဘူး။ အခုကျွန်တော်တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ရင်တော့ တီးဝိုင်းကလူတွေပြန်ခေါ်တီးမယ်လို့ပြောထားတယ်။

**ကိုယ်ပိုင်သီချင်းတွေ တောက်လျှောက်ဆိုနေရာကနေ စိုင်းထီးဆိုင်သီချင်းတွေကို ‘သဘာဝ’ နာမည်နဲ့စီးရီးတစ်ခွေထွက်ထားဖူးတယ်။ ဘာကြောင့် ပြန်ဆိုတေးဆိုဖြစ်ခဲ့တာပါလဲ။**

ကျွန်တော်ကိုယ်တိုင်ဆိုခဲ့တဲ့ သီချင်းတွေတောင်မှအကောင်းဆုံးတေးများတို့၊ လက်ရွေးစင်တို့ ပြန်မလုပ်ချင်ဘူး။ သူများသီချင်းလည်းမဆိုချင်ဘူး။ ကျွန်တော့်အမြင်က ပထမဆုံးဆိုတဲ့သူရဲ့ အသံနဲ့ ဆိုဟန်ကသာ နားထဲအရောက်ဆုံးနဲ့ရင်ထဲအရောက်လာဆုံးလို့ခံယူတယ်။ အခုထိလည်း ကိုယ်ဆိုတဲ့သီချင်းကို အခုပြန်ဆိုရင် ကောင်းနိုင်ပါ့မလားလို့ အမြဲတွေးတယ်။ ရုပ်ရှင်လည်း အရင်က ဇာတ်ကားကောင်းတွေကိုပြန်မရိုက်ချင်ဘူး။ လာကမ်းလှမ်းတာတွေကို အသစ်ပဲ လုပ်ချင်တယ်လို့ ငြင်းရင်းငြင်းရင်းနဲ့ ဆုံးသွားတဲ့ စီစဉ်သူကိုရာမက အတင်းတိုက်တွန်းလို့ ဦးထီးသီချင်းတွေ ပြန်ဆိုဖြစ်သွားတယ်။ စိတ်ထဲမှာဖြစ်နိုင်ရင် မဆိုချင်ခဲ့ဘူး။ ကိုယ်လေးစားတဲ့ အနုပညာရှင်ရဲ့ မူရင်းအနုပညာနဲ့ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားခဲ့တာပါ။

**တီးဝိုင်းထောင်ချင်လျက်နဲ့ ဘာကြောင့် ရုပ်ရှင်မင်းသားဖြစ်လာတာလဲ။**

ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးဆိုပြီး ကျွန်တော်ရှစ်တန်းနှစ်မှာ ဦးလေးတွေက လုပ်ကြတယ်။ ကျွန်တော်က ဂစ်တာတီးချင်တယ်။ သီချင်းဆိုချင်တယ်။ လူရွှင်တော်လုပ်ချင်တယ်။ ဆယ်တန်းအောင်ပြီး ဆေးတက္ကသိုလ်တက်ဖို့စောင့်နေတုန်း လက်ဦးဆရာ ဒါရိုက်တာ ဦးနီဝင်းထွန်းက သူရိုက်မယ့်‘မိုက်ကြွေးမိုက်ပစ်’ ဇာတ်ကားမှာ ခေါင်းဆောင် မင်းသားတင်ရိုက်မယ်လို့ကမ်းလှမ်းတယ်။ ဒီကားထဲက ဇာတ်ဝင်သီချင်းတချို့ကို ဦးသုခမိန်လှိုင်က ကျွန်တော့်ကိုဆိုဖို့ အကြံပြုပြန်ရော။ အဲဒါနဲ့ ပထမဆုံးစရိုက်တဲ့ရုပ်ရှင်ကားမှာ ဇာတ်ဝင်သီချင်းလည်းဆို၊ ရုပ်ရှင်လည်းရိုက်၊ မကြာခင် ဆေးကျောင်းတက်ဆိုတော့ သုံးခုလုံး မရှေးမနှောင်းလုပ် ဖြစ်သွားတယ်။

**ရုပ်ရှင်တွေသီချင်းတွေအများကြီး ရိုက်ခဲ့ဆိုခဲ့တယ်။ တစ်ဖက်ကဆေးကျောင်းလည်းပြီးအောင်တက် ပြီး ဆရာဝန်လည်း လုပ်ခဲ့သေးတယ်။ အချိန်တွေ အရမ်းရှားပါးခဲ့မှာပဲနော်။**

ဒါကြောင့် အရင်က အင်တာဗျူးတွေမှာဆို ‘အချိန်နဲ့ နပမ်းလုံးနေရတဲ့စိုးသူ’ လို့တောင် ရေးခဲ့ကြတယ်။ လူ့အသက်ကိုကယ်တင်ရမယ့် ဆရာဝန်တစ်ယောက်ဖြစ်လာဖို့အတွက် လေ့လာရတဲ့ ဆေးကျောင်းသားဘဝဆိုတာ မလွယ်ပါဘူး။ အင်မတန်အချိန်ပေးရတယ်။ ကျွန်တော် ရုပ်ရှင်စရိုက်တဲ့အချိန်မှာဆို အဖြူအမည်းခေတ်၊ ဖလင်နဲ့ရိုက်ရတယ်။ လူအင်အား၊ အချိန် အများကြီးပေးခဲ့ရတယ်။ သီချင်းဆိုလည်း စိတ် ပါတဲ့အချိန် ဝုန်းဒိုင်းနဲ့ ထဆိုလို့ ရခဲ့တာမဟုတ်ဘူး။ အနုပညာတစ်ခုကိုဖန်တီးတဲ့အခါ သေချာအချိန်ပေးပြီး လေ့လာရတာပါ။ မိဘတွေကလည်း ပံ့ပိုးတယ်။ ဆေးကျောင်းက သူငယ်ချင်းတွေဆို ရှုတင်တွေလိုက်လာပြီး ကားပေါ်မှာလည်း ရှင်းပြတယ်။ ကျွန်တော်က ကဏ္ဍသုံးခုကို သူ့ဟာနဲ့ သူ ခွဲထားတဲ့အတွက် ဆေးကျောင်းသားဘဝမှာ ရိုးရိုးရှင်းရှင်းဝတ်စားနေထိုင်တော့ တခြားတက္ကသိုလ်က ကျောင်းသားပရိသတ်တွေ လာကြည့်ရင် စိုးသူကလည်း ရိုးရိုးကြီးပဲလို့ ပြောသွားကြတယ်။ (ရယ်လျက်)

**ခေတ်ပြိုင် အနုပညာရှင်တွေမှာ ကိုယ့်ခေတ်တစ်ခေတ်လောက်ပဲ ထူထောင်ခဲ့ပြီးသရုပ်ဆောင်ဆက်မလုပ်ကြတော့တာ ဘာကြောင့်လဲ။ ကိုယ်တိုင်ဆိုရင်လည်း ဆရာဝန်ဘဝကိုရွေးချယ်လိုက်တော့လေ။**

လူဆိုတာ ရှေ့ဘာဖြစ်မလဲဆိုတာ ဘယ်သူမှ ကြိုမသိနိုင်ဘူးလေ။ အနုပညာကိုချစ်မြတ်နိုးလို့ အနုပညာရှင် ဖြစ်လာကြတဲ့သူတွေထဲမှာ ဆက်ကြသည်ဖြစ်စေ၊ အနုပညာပစ္စည်းသစ်တွေ ဖန်တီးထုတ်လုပ်တာမျိုး မလုပ်ရင်တောင်မှ သူတို့စိတ်ထဲမှာ အနုပညာဖန်တီးမှုတွေ၊ ချစ်စိတ်တွေရှိနေမယ်၊ လုပ်နေမယ်လို့ ထင်ပါတယ်။ ဆက်မလုပ်ဖြစ်တဲ့သူတွေဆို လည်း အကြောင်းကြောင့် အကျိုးဖြစ်သွားတယ်လို့ ပြောရမှာပေါ့။ တစ်ချိန်ချိန်မှာ ဆက်မလုပ်ဘဲ တခြားအ လုပ်လုပ်မယ်ဆိုပြီး အနုပညာကို လုပ်ခဲ့တဲ့ သူတော့ရှိမယ် မထင်ပါဘူး။

**အရင်ခေတ်က ဥပမာ ‘မောင်ဇာတ်ကားဆိုရင် စိုးမြတ်သူဇာနဲ့ ရုပ်ရှင်အဖြစ်ရိုက်ခဲ့သလိုရန်အောင်နဲ့မေသန်းနုတို့ဗီဒီယိုအဖြစ်ရိုက်ခဲ့တယ်။ အရည်အချင်းကိုဦးစားပေးပြီး ရိုက်နိုင်တော့ပရိသတ်လက်ခံနိုင်ခဲ့တယ်။ ဒီခေတ်သာဆို အဲဒီလိုဖြစ်ဖို့ လွယ်ပါ့မလား။**

အနုပညာဖန်တီးမှုကို အားပြုပြီး ပြိုင်တူလို ရိုက်ခဲ့ကြပေမယ့် ပြိုင်ဆိုင်ပြီး ရိုက်ကြတာ မဟုတ်ပါဘူး။ တိုက်ဆိုင်ပြီး ရိုက်ဖြစ်တာပါ။ ကိုယ်ကျင်လည်လှုပ်ရှားခဲ့ ရတဲ့အချိန်မျိုးမှာ အားကြိုးမာန်တက်လုပ်တယ်။ အချိန်ပေးတယ်ဆိုတာတော့သိရတယ်။ ဒီဖက်ခေတ်မှာတော့ ကိုယ်တိုင်လည်း လတ်တလောမှာအနုပညာပစ္စည်းတွေထုတ်လုပ် တင်ဆက်နေတာမဟုတ်တော့မသိတဲ့ အပိုင်းကို ကျွန်တော် မပြောချင်ပါဘူး။ ပရိသတ်အတွက် လုပ်နေကြတဲ့သူတွေကတော့ အကောင်းဆုံးပဲ ဖန်တီးကြမယ်လို့ထင်ပါတယ်။

**အပြန်ခရီးကိုကြိုဆိုကြတဲ့ပရိသတ်တွေရှိတော့ အနုပညာအလုပ်တွေကိုအရင်လိုပြန်ဖောက်ချလုပ်ဖြစ်မလား။**

ပရိသတ်ချစ်ခင်အားပေးတာကို အင်မတန် ဝမ်းသာပါတယ်။ ထမင်းရှင်ကို လေးစားပါတယ်။ အနုပညာ သက်တမ်းကြာလာလည်း ဒီသဘောထားပဲ။ နောင် တစ်သက်လုံးလည်း ဒီလိုပဲ။ ပရိသတ်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အနုပညာအလုပ်တွေ ပြန်လုပ်ဖို့ စိတ်ဆုံးဖြတ်ပါတယ်။ ခုလိုတော့ အဝေးကြီးမှာ အကြာကြီးသွား မနေချင်တော့ပါဘူး။ သွားလိုက်ပြန် လိုက်နဲ့ တတ်နိုင်သလောက်လုပ်မှာပါ။

**ဇနီးကရော ခွင့်ပြုပါသလား။**

အင်မတန်နားလည်မှုရှိတဲ့ ဘဝခရီးဖော်ပါ။ အနုပညာရှင် တစ်ယောက်ကို ဘဝခရီးဖော်အဖြစ် လက်တွဲရတဲ့အပေါ် နားလည်မှုရှိပါတယ်။ ဟိုမှာလည်း ကြိုးကြား ကြိုးကြား သီချင်းဆိုမှုတွေ လုပ်ရင်လည်း သူပံ့ပိုးပေးပါတယ်။

**ကိုယ်ပိုင်ဖန်တီးမှုနဲ့ အရည်အချင်းကို ဦးစားပေးခဲ့တဲ့ အနုပညာရှင်တစ်ယောက်အနေနဲ့ လက်ရှိပြည်တွင်းအနုပညာဈေးကွက်နဲ့ အံ့ဝင်ခွင်ကျဖြစ်ပါ့မလား။**

အားလုံးကတော့ အကောင်းဆုံးဖြစ်စေချင်တဲ့ စေတနာနဲ့ ဦးတည်ကြမယ်လို့ လေးလေးနက်နက်ယုံကြည်ပါတယ်။ စိတ်ထဲမှာရှိတာနဲ့ လက်တွေ့ ပြောရတာတော့ လွယ်သလို ထင်ရတယ်။ တကယ်လုပ်တဲ့အခါ သူတို့မှာလည်းဘယ်လိုအခက်အခဲတွေကြုံနေရလဲဆိုတာ တကယ် ထိတွေ့နေတဲ့သူမှသိမှာလေ။ ဒါပေမဲ့ ကိုယ်က ပရိသတ်ကိုဦးစားပေးပြီး စေတနာနဲ့ဦးတည် လုပ်တာဆိုတော့ စေတနာရောင်ပြန်ဟပ်မယ်လို့ထင်ပါတယ်။

**ရုပ်ရှင်တွေ အများကြီးရိုက်ခဲ့ပြီး ပရိသတ်ကပေးတဲ့ အကယ်ဒမီတွေ၊အကြိမ်ကြိမ်ရခဲ့ပေမယ့်ဆယ်နှစ်ကျော်မှရခဲ့တဲ့ အကယ်ဒမီအပေါ် ပြန်လည်တမ်းတမှုလေးကို ပြောပေးပါဦး။**

ပြန်လည်တမ်းတခြင်းတော့ မရှိပါဘူး။ ဟိုးအရင်ကတော့ သရုပ်ဆောင်တိုင်း မျှော်လင့်သလို ကျွန်တော်လည်း မျှော်လင့်ခဲ့တယ်။ ပရိသတ်တွေကလည်း ဆုပေးခဲ့တယ်။ ဒါရိုက်တာရော ကိုယ်တိုင်ပါအားရပြီး မငံ့မရဲမျှော်ခဲ့ရတဲ့ကားတွေလည်းရှိတယ်။ တချို့ဇာတ်ကားတွေဆို ရမယ်လို့ အကြောင်းကြားခံရလောက်နီးနီး အဆင့်ထိရောက်ပြီးမှ မင်းသားဆုတစ်ဆုမှမပါဘဲ မင်းသမီးဆုပဲပေးပြီးပြီးသွားခဲ့တယ်။ ဝမ်းနည်းစရာကြီးပေါ့။ ရုပ်ရှင်ရိုက်ပြီးသက်တမ်းအကြာကြီးနေမှ ဆုရတဲ့အပေါ် ပျော်လည်းပျော်သလို ဝမ်းလည်းနည်းခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်ကျမှ ထိုက်တန်တယ်ထင်လို့ပေးခဲ့တာဖြစ်မှာပါ။

**ကျေးဇူးတင်ပါတယ်။**

---

| TOP 10 MOVIES IN AMERICA | ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ | | | |
|---|---|---|---|---|
| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
| ၁။ | Texas Chainsaw 3D | Lionsgate | ၂၁,၇၄၄,၅၀၀ | ၁ |
| ၂။ | Django Unchained | The Weinstein Company | ၁၀၆,၂၈၀,၀၀၀ | ၂ |
| ၃။ | The Hobbit:An Unexpected Journey | Warner Bros. Pictures Distribution | ၂၆၃,၈၃၅,၀၀၀ | ၄ |
| ၄။ | Les Miserables | Universal Pictures | ၁၀၃,၅၀၃,၀၀၀ | ၂ |
| ၅။ | Parental Guidance | 20th Century Fox Distri: | ၅၂,၃၃၉,၇၀၀ | ၂ |
| ၆။ | Jack Reacher | Paramount Pic: | ၆၄,၆၉၇,၂၀၀ | ၃ |
| ၇။ | This Is 40 | Universal Pic: Touchsone Pic: & Walt | ၅၄,၂၅၅,၂၀၀ | ၃ |
| ၈။ | Lincoln | Disney Studios Motion Pic: | ၁၄၄,၀၈၉,၀၀၀ | ၉ |
| ၉။ | The Guilt Trip | Paramount Pic: | ၃၁,၁၁၁,၉၀၀ | ၃ |
| ၁၀။ | Promised Land | Focus Features | ၄,၃၉၅,၄၄၀ | ၂ |

## Movie Review

### The Last Stand




လော့စ်အန်ဂျလိစ်မြို့မှ မူးယစ်ရဲအရာရှိ ရိုင်အိုဝင်မှာ မပီပြင်သော စစ်ဆင်ရေးတစ်ခုကြောင့်ရဲတပ်ဖွဲ့မှထွက်ခဲ့ရပြီး ဆမ်မာကန်ဟုခေါ်သော နယ်စပ်မြို့လေးမှာပင် ဇာတ်မြုပ်နေလိုက်သည်။ သို့သော် သူ၏တည်ငြိမ်အေးချမ်းမှုမှာ မကြာမီပင် ပျက်စီးသွားခဲ့ရသည်။ အကြောင်းမှာ မူးယစ်ဆေးဝါးဘုရင်တစ်ဦးသည် အက်ဖ်ဘီအိုင်၏ အကျဉ်းသားယာဉ်တန်းမှ ထွက်ပြေးလွတ်မြောက်ပြီး ၎င်းတို့မြို့ငယ်လေးမှတစ်ဆင့် တစ်ဖက်နိုင်ငံထဲသို့ လက်မရွံ့လူသတ်သမားများ အကူအညီဖြင့် ထွက်ပြေးဖို့ ကြိုးစားရာတွင် ရိုင်အိုဝင်မှာ မည်သို့မျှ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ပါဝင်ပတ်သက်ရလေတော့သည်။

မင်းသားကြီး Arnold Schwarzenegger, Peter Stormore, Rodrigo Santoroတို့ဦးဆောင်ပါဝင်သော အကြမ်းအရမ်း အက်ရှင်စွန့်စားခန်းဇာတ်ကားအား ဒါရိုက်တာ Kin Jee-Woon က ရိုက်ကူးထားပြီး Lionsgate က ဇန်နဝါရီ ၁၈ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ဆီးဂိမ်းပြိုင်ပွဲတွင်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်အင်အား တစ်သောင်းဝန်းကျင် အသုံးပြုမည်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဇန်နဝါရီ-၉**

နေရာလေးခုတွင် ခွဲခြားကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ လုံခြုံရေးအတွက် ရဲတပ်ရင်း(၂၇)ရင်း (စုစုပေါင်းအင်အား တစ်သောင်းဝန်းကျင်ခန့်)ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ခင်မောင်စီက ပြောသည်။

နေပြည်တော်တွင် ရဲတပ်ရင်း (၁၀) ရင်းခန့်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ရဲတပ်ရင်း(၇) ရင်းခန့်၊ ငွေဆောင်ကမ်းခြေတွင် ရဲတပ်ရင်း(၃)ရင်းခန့်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ဆီးဂိမ်းပြိုင်ပွဲ လုံခြုံရေးကော်မတီမှ ရဲမှူးချုပ်က ယခုလ ၉ ရက်တွင် နေပြည်တော်၌ပြုလုပ်ခဲ့သည့် ဆီးဂိမ်းအကြိုပြင်ဆင်ဆောင်ရွက်နေမှု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ဒီအင်အားတွေကတော့ ရဲတပ်ရင်းကွပ်ကဲရေးမှူး တပ်ဖွဲ့ဝင်များအပြင် နယ်မြေခံတိုင်းနဲ့ ပြည်နယ်အလိုက် ရဲတပ်ဖွဲ့အင်အားများပါဝင်မှာ ဖြစ်ပါတယ်။ အင်အားအနေနဲ့ကတော့ ဒီလို ရဲတပ်ရင်းအလိုက် ဖွဲ့စည်းထားတဲ့ အင်အားအနေနဲ့ပဲ ဖော်ပြပါရစေ၊ လူအင်အား အသေးစိတ်ကိုတော့ ပြိုင်ပွဲရဲ့ ကာလအရ လုံခြုံရေးရှုထောင့်ကကြည့်ပြီးဖြေဖို့ အင်မတန်စောသေးလို့ပါ" ဟု ရဲမှူးချုပ်က ဆိုသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ကမ်းခြေများတွင် ယခုနှစ် ဒီဇင်ဘာလအတွင်း လက်ခံကျင်းပသွားမည်ဖြစ်ရာ အရေးကြီးပုဂ္ဂိုလ်များ၊ ပြိုင်ပွဲကျင်းပသည့် အားကစားရွာ၊ အားကစားရုံများ၊



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့သည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲတစ်ခုတွင် လုံခြုံရေးတာဝန်ယူနေသော ရဲတပ်ဖွဲ့ဝင်များ*

ဧည့်သည်တော်များနှင့် အားကစားသမားများ လှုပ်ရှားသွားလာမည့် လမ်းကြောင်းများ၏ လုံခြုံရေးများအတွက် စီမံချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ အနေဖြင့်လည်း ပြိုင်ပွဲကျင်းပမည့် နေရာများတွင် မှုခင်းကင်းစင်ရေးဇုန်များ ဖြစ်ပေါ်ရေးအတွက်လည်း (ရပ်၊ ကျေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့များ၊ ပြည်သူလူထုများ)နှင့် ကြိုတင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ဆီးဂိမ်းပြိုင်ပွဲလုံခြုံရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ပြိုင်ပွဲကာလတစ်လျှောက် လုံခြုံရေးအတွက် အထူး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသလို ဒီပြိုင်ပွဲလုံခြုံရေးနဲ့ အေးချမ်းသာယာရေးကို စိတ်ဝင်စားတဲ့ ပြည်သူလူထု(လုပ်အားပေး)ထဲကဖြစ်စေ၊ မြန်မာနိုင်ငံမှာရှိတဲ့ လုံခြုံရေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ တည်ထောင်ပြီး ဆောင်ရွက်နေတဲ့ ကုမ္ပဏီစတဲ့ ဒီလိုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လျာထားပါတယ်။ ဒီလိုလုပ်အားပေး ဝန်ဆောင်မှုတွေပေါ်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရဲဥပဒေနဲ့အညီ အရန်ရဲအဖြစ် ဖွဲ့စည်းပြီးတော့ ဒီပြိုင်ပွဲကာလတစ်လျှောက်မှာ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ရဲမှူးချုပ်ခင်မောင်စီက ဆိုသည်။

ထို့ပြင်လိုအပ်သည့်အင်အားများအတွက် အရေးကြီးသည့် ဖွဲ့စည်းမှုများအဖြစ် လတ်တလောတွင် လေကြောင်း၊ ရေကြောင်း၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့များအပြင် ယာဉ်ကြောထိန်းသိမ်းရေးအတွက် အထူးတပ်ဖွဲ့ကြီးတစ်ခု၊ အမျိုးသမီးရဲအရာရှိ ဝန်ထမ်းများကိုလည်း တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း ရဲမှူးချုပ်က ပြောသည်။

လုံခြုံရေးဆိုင်ရာ ဝန်ထမ်းများ ရဲတပ်ဖွဲ့၊ ရဲမေများအနေဖြင့်လည်း နိုင်ငံတကာဧည့်သည်များနှင့် ထိတွေ့ဝန်ဆောင်မှုပေးရာတွင် ဆက်ဆံရေး အဆင်ပြေနိုင်ရန်အတွက် ဘာသာစကား သင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် ခေတ်မီအထောက်အကူပြုကိရိယာများ တပ်ဆင်အသုံးပြုဆောင်ရွက်ရန် တရုတ်နိုင်ငံ၏အကူအညီများ၊ လန်ဒန်အိုလံပစ်တွင် ခေတ်မီလုံခြုံရေးကိရိယာများ တပ်ဆင်အသုံးပြုခဲ့သည့် နိုင်ငံခြားကုမ္ပဏီမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရဲမှူးချုပ်ခင်မောင်စီက ဆိုသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၀ ဝန်းကျင်ခန့် ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး နေပြည်တော်၌ အားကစားနည်း(၂၀)ကျော်၊ ရန်ကုန်မြို့တွင်(၅)မျိုးခန့်၊ မန္တလေးတွင် အမျိုးသမီးဘောလုံး၊ ငွေဆောင်ကမ်းခြေတွင် ရွက်လှေအားကစားနည်းများကို လက်ခံကျင်းပမည် ဖြစ်သည်။

## မော်ဂရဝတီအသင်းနှင့် ကစားသမား ၁၇ ဦး ပြေလည်မှုရ

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

စာချုပ်ပါအချက်များကို နားမလည်မှုကြောင့် လစာနှင့် ပြောင်းရွှေ့ခွင့် အရှုပ်အရှင်းဖြစ်ခဲ့သော မော်ဂရဝတီအသင်းနှင့် ကစားသမား ၁၇ ဦးတို့ ပြေလည်သွားပြီဖြစ်ကြောင်း မော်ဂရဝတီအသင်းပိုင်ရှင် ဦးဝမ်စိန်က ပြောသည်။

မော်ဂရဝတီအသင်းနှင့် ကစားသမားများသည် ဇန်နဝါရီ ၁၀ ရက်အတွက် နှစ်ဖက်တွေ့ဆုံဆွေးနွေးခဲ့ရာ ကစားသမား ၁၇ ဦးတို့တောင်းဆိုထားသော နှစ်လစာလုပ်ခလစာရရှိခဲ့၍ ပြေလည်သွားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ မပြေလည်မီက အဆိုပါလစာကိစ္စနှင့်ပတ်သက်၍ ကစားသမား ၁၇ ဦးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားခဲ့သည်။

အဆိုပါ ကိစ္စအပေါ် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပရော်ဖက်ရှင်နယ်ဘောလုံးလောကတွင် အငြင်းပွားမှုများ အမြဲတမ်းရှိလေ့ရှိပြီး အဆိုပါအငြင်းပွားမှုများကို ပရော်ဖက်ရှင်နယ်ဆန်ဆန် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောသည်။

"ကျွန်တော်တို့ကစားသမားတွေက စာချုပ်ကို နားလည်မှုလွဲခဲ့ကြတာပါ။ အခုတော့ အားလုံးအဆင်ပြေပြေနဲ့ ကျေနပ်ကြပါတယ်။ လုပ်ခလစာနှစ်လစာလည်း အားလုံးရပါတယ်" ဟု မော်ဂရဝတီအသင်း ကစားသမား ရဲခေါင်က ပြောသည်။

ထို့အပြင် မော်ဂရဝတီအသင်းသည် ကစားသမားများအား ၂၀၁၃ ဘောလုံးရာသီအပြောင်းအရွှေ့တွင် အသင်းသစ်များသို့ သွားရောက်ကစားခွင့် ရရှိရန်အတွက် ပြောင်းရွှေ့ခွင့် ထုတ်ပေးခဲ့ပြီး ကစားသမား ၁၇ ဦးအနက် နှစ်ဦးသည် အသင်းနှင့် ပြန်လည်လက်တွဲမည်ဖြစ်ပြီး တန်းဆင်းရ၍ ဆီမီးပရီလိဂ်တွင် ယှဉ်ပြိုင်ရန် ကစားသမား ၂၅ ဦး အားဖြည့်ထားကြောင်း ဦးဝမ်စိန်က ပြောသည်။

၂၀၁၃ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၂)တွင် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်က ရခိုင်ယူနိုက်တက်ကို (၄-၀)ဂိုးဖြင့် အနိုင်ယူကာ ဇေယျာရွှေမြေအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်ထားသည်။ ဇေယျာရွှေမြေအသင်းက ဇွဲကပင်အသင်းကို(၂-၀)ဂိုးဖြင့်လည်းကောင်း၊ ဟံသာဝတီအသင်းက ဆောက်သမ်းမြန်မာအသင်းကို(၁-၀)ဂိုးဖြင့်လည်းကောင်းနိုင်ပွဲရရှိခဲ့ကြသည်။ သို့သော် ချန်ပီယံဟောင်းရတနာပုံအသင်းမှာ မကွေးအသင်းအား(၁-၂)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီး ကမ္ဘောဇအသင်းမှာလည်း မနောမြေအသင်းနှင့် နှစ်ဂိုးစီ သရေကျကာ နှစ်ပွဲဆက် နိုင်ပွဲပျောက်နေဆဲဖြစ်သည်။ ဧရာဝတီယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏လစာ ကန့်သတ်ရန် ဆွေးနွေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၁၄**

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏လစာ ကန့်သတ်မည့်အစီအစဉ်များအား အတည်မပြုရသေးပဲ ဆွေးနွေးဆဲအဆင့်ပင် ရှိနေသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

"လစာကန့်သတ်မယ်ဆိုတဲ့ ကိစ္စက ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို ဆောင်ရွက်နေဆဲပဲရှိပါသေးတယ်။ တရားဝင်အတည်ပြုပြီးပြီဆိုရင် သတင်းစာရှင်းလင်းပွဲလုပ်ပြီး ထုတ်ပြန်သွားမှာပါ"ဟု ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ယခုလ ၁၄ ရက်ကပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် အသင်းများ ဆွေးနွေးခဲ့သည့် အစည်းအဝေးတွင် အသင်းတစ်သင်းလျှင် လစာကျပ်သိန်း ၂၀ အထက် ကစားသမားငါးဦးသာ စာချုပ်ချုပ်ဆိုခွင့်နှင့် ကျန်အားကစားသမားများအား ကျပ် ၁၅ သိန်းအောက်သာ စာချုပ်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း အတည်ပြုချက်မရသေးကြောင်း မြန်မာလိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

"အဓိကဆွေးနွေးဖြစ်တာက ပြီးခဲ့တဲ့ ဆုဂုဏ်ဖလားပြိုင်ပွဲရလဒ်က စတာပါ။ ကစားသမားတွေအနေနဲ့ လစာငွေတွေ အများကြီးရပေမယ့် နိုင်ငံအတွက် ပေးဆပ်လိုစိတ် နည်းပါးတယ်ဆိုပြီး အားလုံးဆွေးနွေးကြတာပါ။ ဒါပေမဲ့ တရားဝင်မထုတ်ပြန်သေးပါဘူး။ ညှိနှိုင်းဆဲအဆင့်ပဲ ရှိပါသေးတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

"ဒီတစ်နှစ်ကိုတော့ ညှိနေတယ်။ ဒါပေမဲ့ ချက်ချင်းကြီးလုပ်လို့တော့ မရသေးဘူး။ စာချုပ်တွေရှိသေးတဲ့အတွက် ပရော်ဖက်ရှင်နယ်စာချုပ်ကိုလည်း လေးစားဖို့လိုတယ်။ ဒီလို မလုပ်သင့်ဘူးဆိုတာလေးသိပြီး ပထမအဆင့်အနေနဲ့က အသင်းပိုင်ရှင်တွေအနေနဲ့ တဖြည်းဖြည်းလျှော့ပြီး စဉ်းစားလာဖို့ပဲ။ နောက်တစ်ဆင့်ကျမှ သတ်မှတ်ဖို့လုပ်မှာပါ"ဟု ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဇန်နဝါရီ ၅ ရက်တွင် ပြောသည်။

မြန်မာ့ဘောလုံးလောကတိုးတက်ရေးဟူသည့် ရည်ရွယ်ချက်ဖြင့် ကျပ်ငွေသိန်းထောင်ပေါင်းများစွာ ရင်းနှီးအရှုံးခံကာ ၂၀၀၉ ခုနှစ်မှစတင်၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပြုလုပ်ခဲ့ပြီးလေးနှစ်သက်တမ်းအတွင်း လက်ရွေးစင်အသင်းမှာ အောင်မြင်မှုမရရှိခဲ့ဘဲ ယခင်ကထက်ပင် ကျဆင်းသွားသည်ဟု ဝေဖန်မှုများလည်း ပေါ်ထွက်လာသည်။

ဘောလုံးနှင့်ပတ်သက်သည့်သူများ (အထူးသဖြင့်) ကစားသမားအများစုမှာမူ ပရိုစနစ်ပြောင်းလဲပြီးနောက် ကျပ်သိန်း ဆယ်ဂဏန်းဝန်းကျင်အထိ လစာများရရှိလာခဲ့သည်။ ယခုလစာ ထိန်းချုပ်မည့် အစီအစဉ်ကိုမူ သဘောမတူကြောင်းနှင့် ပရိုစနစ်အရ ကစားသမား၏ ကွင်းတွင်းစွမ်းဆောင်ရည်ကိုကြည့်၍ တန်ဖိုးအနည်းအများ သတ်မှတ်သင့်ကြောင်း လက်ရှိလစာ ကျပ် ၁၃ သိန်း ရရှိနေသည့် ကလပ်အသင်းကြီးတစ်ခုမှ လက်ရွေးစင်အဆင့် ဘောလုံးသမားတစ်ဦးကပြောသည်။

"ကျွန်တော်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမဝေဖန်ချင်တော့ပါဘူး။ လူကြီးတွေ ကောင်းမယ်ထင်လို့ လုပ်ကြတာလို့ မြင်ပါတယ်။ အကောင်းဆုံးဖြစ်လာမယ်လို့လည်း မျှော်လင့်ပါတယ်"ဟု လက်ရှိလစာ ကျပ်သိန်း ၂၀ ရရှိနေသော ရန်ကုန်ယူနိုက်တက်မှ မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကိုကဆိုသည်။

မြန်မာနေရှင်နယ်လိဂ် ငါးနှစ်သက်တမ်းအတွင်းသို့ ဝင်ရောက်လာချိန်တွင် ပြိုင်ပွဲဝင်ကလပ်အသင်းအချို့အနေဖြင့် ငွေကြေးသုံးစွဲမှုများအား စိစစ်မှုများရှိလာသော်လည်း အသင်းအောင်မြင်မှုအတွက်ဟုဆိုကာ ငွေသုံးကြမ်းနေသည့် အသင်းကြီးအချို့လည်း ရှိဆဲဖြစ်သည်။

မိမိအသင်းမှ ကစားသမားတစ်ဦး၏ လစာအနေဖြင့် ကျပ်သိန်း ၂၀ ရှိကြောင်း ကမ္ဘောဇအသင်းပိုင်ရှင်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဖြစ်သူ ဦးအောင်ကိုဝင်းက ပြီးခဲ့သည့် ဆုဂုဏ်ကီးဖလားမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းအား အားပေးသည့်အခမ်းအနားတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ဆီးဂိမ်းအတွက် တရုတ်က ကန်ဒေါ်လာ ၃၄ သန်းကျော် ကူညီမည်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဇန်နဝါရီ-၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် တရုတ်နိုင်ငံက ယွမ်သန်းနှစ်ရာကျော် (ကန်ဒေါ်လာ ၃၄ သန်းကျော်) ကူညီမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောသည်။

"တရုတ်က ကျွန်တော်တို့ကို ယွမ် ၂၁၂ သန်း အကူအညီပေးဖို့ကမ်းလှမ်းထားပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဘာတွေ သုံးမယ်၊ ဘာတွေ လုပ်မလဲဆိုတာကို ညှိနှိုင်းဆဲဖြစ်ပါတယ်" ဟု ဇန်နဝါရီ ၉ ရက်က နေပြည်တော်၌ ပြုလုပ်ခဲ့သည့် ဆီးဂိမ်းအကြို ပြင်ဆင်ဆောင်ရွက်နေမှု သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောသည်။

တရုတ်နိုင်ငံက အကူအညီပေးမည့် အစီအစဉ်များတွင် အားကစားသမားများအတွက် လိုအပ်သည့်ပြိုင်ပွဲသုံးကိရိယာများ၊တရုတ်နည်းပြဆရာများ၊ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများ၊ အားကစားပြိုင်ပွဲ စီမံခန့်ခွဲမှုအပိုင်းများတွင် ကူညီရန် ညှိနှိုင်းထားကြောင်း ပြည်ထောင်စု ဝန်ကြီးက ဆက်လက်ပြောသည်။

နှစ်နိုင်ငံ အစိုးရချင်းသဘောတူညီချက်အရ ဆီးဂိမ်းဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား ကူညီရန် တရုတ်နည်းပြ ၂၆ ဦးသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး မြန်မာအားကစားနည်း ၁၁ မျိုးမှ အားကစားသမား ၁၇၆ ဦးသည်လည်း တရုတ်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် လာမည့်လပိုင်းအတွင်း သွားရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံမှပေးသည့်အားကစားကဏ္ဍအတွက် အကူအညီများသည် ပြည်ပသို့ ကူညီသည့် အကြီးဆုံးအားကစားဆိုင်ရာ အကူအညီပေးရေး အစီအစဉ် ဖြစ်ကြောင်း တရုတ်သံရုံးအရာရှိတစ်ဦးကလည်း ဒီဇင်ဘာ ၂၆ ရက်က ပြောကြားခဲ့သည်။

နှစ်ပေါင်းလေးဆယ်ကျော်နောက်ပိုင်း ပြန်လည်ကျင်းပခွင့်ရရှိမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများကို နေပြည်တော်ရှိ ပရိသတ်သုံးသောင်းဆံ့ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် ငွေဆောင်ကမ်းခြေတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။



*၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း* ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း



# တွေ့မရှောင်ပါဝင်သော မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

မြန်မာနိုင်ငံမှ လက်ရှိနာမည်ကျော် ရိုးရာလက်ဝှေ့သမား တွေ့မရှောင်အပါအဝင်ထိပ်တန်းလက်ဝှေ့သမား သုံးဦးနှင့် ဘန်ကောက်ဝမ်းစုံချိုင်းကလပ်မှ မွေထိုင်းလက်ဝှေ့သမား သုံးဦးတို့ ယှဉ်ပြိုင်ကြမည့် မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဇန် နဝါရီ ၂၀ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သိမ်ဖြူအားကစားရုံတွင် ကျင်းပမည့် အဆိုပါ ပြိုင်ပွဲ၌ မြန်မာ-ထိုင်း ပွဲစဉ်သုံးပွဲအပါအဝင်ပြည်တွင်းပွဲစဉ်ငါးပွဲ၊စုစုပေါင်း ရှစ်ပွဲပါဝင်မည်ဖြစ်သည်။ လက်ရှိပြည်တွင်းတွင် အကောင်းဆုံးဟု ပရိသတ်များက အားပေးမှုရရှိနေသူ တွေ့မရှောင်နှင့် ထိုင်းနိုင်ငံ ပြည်နယ် ချန်ပီယံ ဂျိုဝီဟာ၊ ၂၀၁၂ အာရှမွေချန်ပီယံပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် တူးတူးနှင့် ပြည်တွင်းပြိုင်ပွဲ ချန်ပီယံပက်ပကိုင်(ထိုင်း)၊ အာရှမွေချန်ပီယံပြိုင်ပွဲ ငွေတံဆိပ်ရှင် ထွန်းထွန်းမင်းနှင့် ပြည်နယ်ချန်ပီယံ ပွန်ပက်(ထိုင်း)တို့၏ ငါးချီပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

"ပြီးခဲ့တဲ့ ၂ နှစ်လောက်က ဘန်ကောက်ဝမ်းစုံချိုင်းကလပ်က လက်ဝှေ့သမားတွေ ရန်ကုန်ကို လာယှဉ်ပြိုင်ဖူးပါတယ်။ ပြီးခဲ့တဲ့ လပိုင်းက သူတို့ဘက်က ဆက်သွယ်ကမ်းလှမ်းလာတဲ့အတွက် စီ စဉ်ဖြစ်တာပါ။ ဒီပွဲကတော့ အဓိက ဝိတ်တန်းချင်းတွဲပေးထားပါတယ်။ အခုလာမယ့် လက်ဝှေ့သမားတွေက ဘန်ကောက်မှာ အကောင်းဆုံးတွေ မဟုတ်ပေမယ့် အလယ်အလတ်အဆင့်ရှိသူတွေဖြစ်ပါတယ်။ နောက်တစ်ခါပွဲဆိုရင်တော့ ဘန်ကောက်ကို ကိုယ်တိုင်သွားရောက်ရှာဖွေပြီး စီစဉ်မှာပါ" ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

အခြားပွဲစဉ်များအဖြစ် မိုက်တိုင်စန်နှင့် ရဲရင့်၊ မင်းမဟာနှင့် ထက်အောင်ရဲ၊ ခွန်ရှိုင်းထက်နှင့် ထွန်းလုံရှိန်၊ ဖျံသွေးနှင့် ရဲရင့်ထွန်း၊ ဝမ်းဝမ်းနှင့် တာဝိတ်တို့၏ ပွဲစဉ်များပါဝင်မည်ဖြစ်သည်။ နေ့လယ် ၂ နာရီတွင် စတင်မည့် အဆိုပါ ပြိုင်ပွဲကို မည်သည့် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်မဟုတ်ဘဲ ဝင်ကြေးအဖြစ် လက်မှတ်များကို ကျပ် ၁၅,၀၀၀၊ ၁၂,၀၀၀၊ ၈,၀၀၀ သတ်မှတ်ထား သည်။



7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ချယ်လ်ဆီး-အာဆင်နယ်၊ ဝက်စ်ဟမ်း-ကျူပီအာ လန်ဒန်ဒါဘီနှစ်ပွဲနှင့် ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပပွဲတွေကတော့ ပွဲကြီးတွေ များနေပါတယ်။ ပရီးမီးယားလိဂ်မှာ ချယ်လ်ဆီး-အာဆင်နယ်၊ စပါး-မန်ယူပွဲတွေ ပါဝင်နေပြီး စီးရီးအေမှာတော့ ပါလာမို-လာဇီယို၊ ဂျူဗင်တပ်-အူဒီးနီးစ်၊ ရိုးမား-အင်တာပွဲတွေက စောင့်ကြိုနေပါတယ်။ လာလီဂါမှာတော့ ရီးရဲလ်ဆိုစီဒက်-ဘာစီလိုနာ၊ ဗလင်စီယာ-ရီးရဲလ်မက်ဒရစ်ပွဲတွေက အကြိတ်အနယ်ပွဲတွေပါပဲ။

**ပရီးမီးယားလိဂ်**

**<u>၁၉-ဇန်နဝါရီ၊ စနေ</u>**

**မန်စီးတီး-ဖူလ်ဟမ်**

(ည ၉း၃၀ နာရီ)

ပကျော့ရလဒ် (၂ - ၁)

မန်စီးတီး ဒုတိယနေရာက ကပ်လိုက်ဖို့ကြိုးစားနေဆဲမို့ အိမ်ကွင်းနိုင်ပွဲရဖို့ ကြိုးစားမှာပါ။ မန်စီးတီးနိုင်ပွဲဆက်ပြီး နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲပါ။

**ဝက်စ်ဟမ်း-ကျူပီအာ**

(ည ၉း၃၀ နာရီ)

ပကျော့ရလဒ် (၂ - ၁)

လန်ဒန်ဒါဘီဆိုပေမယ့် ဝက်စ်ဟမ်းတို့ အိမ်ကွင်းနိုင်ပွဲရဖို့ များတယ်။ ကျူပီအာ ဒီနောက်ပိုင်း ဇယားအောက်ခြေရောက်နေတာမို့ သရေရဖို့တောင် မလွယ်ဘူး။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ဝက်စ်ဟမ်း ကပ်နိုင်ပါလိမ့်မယ်။






**<u>၂၀-ဇန်နဝါရီ၊ တနင်္ဂနွေ</u>**

**ချယ်လ်ဆီး-အာဆင်နယ်**

(ည ၈း၀၀ နာရီ)

ပကျော့ရလဒ် (၂ - ၁)

ပုံမှန်အားဖြင့် ချယ်လ်ဆီးတို့ အာဆင်နယ်ကို အိမ်ကွင်းမှာ သိပ်မကြောက်တတ်ပါဘူး။ နာမည်ကြီးလန်ဒန်ဒါဘီမှာ ချယ်လ်ဆီးတို့ အနည်းငယ်သာပေမယ့် အာဆင်နယ်လည်း နိုင်ခြေနည်းနည်းရှိပါတယ်။ ချယ်လ်ဆီးကို ဂိုးအနည်းနဲ့ ရွေးချင်တယ်။



**စပါး-မန်ယူ**

(ည ၁၀း၃၀ နာရီ)

ပကျော့ရလဒ် (၃ - ၂)

ပထမအကျော့ ရှုံးကြွေးကို လန်ဒန်မှာ မန်ယူတို့ ပြန်ဆပ်ရပါလိမ့်မယ်။ မန်ယူနိုင်ခြေများပေမယ့် စပါးအိမ်ကွင်းမှာ သတိထားရမှာပါ။ သရေဖြစ်နိုင်သလို မန်ယူနိုင်လည်း ဂိုးအနည်းနဲ့ ကပ်နိုင်မယ့်ပွဲမျိုးပါ။

**စီးရီးအေ**

**<u>၁၉-ဇန်နဝါရီ၊ စနေ</u>**

**ပါလာမို-လာဇီယို**

(ည ၁၁း၃၀ နာရီ)

ပကျော့ရလဒ် (၀ - ၃)

ဂျူဗင်တပ်၊ အင်တာ၊ အူဒီးနီးစ် သုံးသင်းကို ဂိုးအနည်းတွေနဲ့ ကပ်ရှုံးပြီးနောက် ဒီအိမ်ကွင်းပွဲမှာလည်း ပါလာမိုတို့ထပ်နိုင်ဖို့မလွယ်လှပါဘူး။ လာဇီယို နှစ်ဂိုး လောက်တော့ရမှာပါ။ သရေဖြစ်ဖို့ မရှိပါ။

**<u>၂၀-ဇန်နဝါရီ၊ တနင်္ဂနွေ</u>**

**ဂျူဗင်တပ်-အူဒီးနီးစ်**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် (၄-၁)

ပထမအကျော့တုန်းကလို ဂိုးမပြတ်ပေမယ့် ဂျူဗင်တပ်အိမ်ကွင်းမှတ်တမ်း အကောင်းဆုံးဖြစ်နေပြီး နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။ အူဒီးနီးစ် ဂိုးပြန်သွင်းနိုင်ပေမယ့် နိုင်ဖို့အထိ မရှိပါ။ နှစ်သင်းပေါင်း သွင်းဂိုးများနိုင်တယ်။

**<u>၂၁-ဇန်နဝါရီ၊ တနင်္လာ</u>**

**ရိုးမား-အင်တာမီလန်**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် (၃ - ၁)

အင်တာတို့ ရိုးမားနဲ့တွေ့တိုင်း မနိုင်တာကြာပါပြီ။ ရိုးမားအိမ်ကွင်းရလဒ်ပိုင်း အကောင်းဆုံးဖြစ်နေဆဲမို့ အဝေးကွင်းဆို ရှုံးတတ်တဲ့ အင်တာတို့ သရေရရင်ပဲ ကျေနပ်ရမှာပါ။ ရိုးမားကို ဂိုးအနည်းနဲ့ ရွေးသင့်တယ်။

**လာလီဂါ**

**<u>၁၉-ဇန်နဝါရီ၊ စနေ</u>**

**ရီးရဲလ်ဆိုစီဒက်-ဘာစီလိုနာ**

(ည ၁၁း၃၀ နာရီ)

ပကျော့ရလဒ် (၁ - ၅)

ဘာစီလိုနာတို့ ပထမအကျော့တုန်းကလို ဂိုးမများနိုင်ပေမယ့် နှစ်ဂိုးလောက် ရနိုင်ခြေရှိနေဆဲပါ။ ဆိုစီဒက်အိမ်ကွင်း ရှုံးပွဲများတတ်တဲ့ အသင်းမို့ ဘာကာ အေးဆေးနိုင်ဖို့ပဲ ရှိတယ်။

**<u>၂၁-ဇန်နဝါရီ၊ တနင်္လာ</u>**

**အက်သလက်တီကိုမက်ဒရစ်-လီဗန်တေး**

(နံနက် ၀၀း၃၀ နာရီ)

လီဗန်တေး အဝေးကွင်းမှာ အက်သလက်တီကိုကို မနိုင်ဖူးတာကြာနေပြီ။ ဇယားမှာရပ်တည်မှုအရ လီဗန်တေး ရမှတ်ကွာပေမယ့် ခံစစ်ကစားမှာပါ။ အိမ်ရှင်အက်သလက်တီကိုတို့ဂိုးအနည်းနဲ့ကပ်နိုင်ဖို့ ရှိပါတယ်။

**ဗလင်စီယာ-ရီးရဲလ်မက်ဒရစ်**

(နံနက် ၂း၃၀ နာရီ)

ပကျော့ရလဒ် (၁ - ၁)

ရီးရဲလ်တို့ ဒီရာသီ အဝေးကွင်းရှုံးပွဲများနေတာက စိုးရိမ်စရာပါ။ ဗလင်စီယာ အနိမ့်ဆုံး သရေရဖို့ရှိပြီး အပြန်အလှန် သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားနိုင်တယ်။ ရီးရဲလ်နိုင်ရင် မထင်မှတ်တဲ့ရလဒ်ပါ။

7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

## ဗြိတိန်အား ဥရောပသမဂ္ဂအရေးတွင် တက်တက်ကြွကြွ ပါဝင်စေချင်ဟု ဂျာမနီပြောကြား



**ဘာလင်၊ဇန်နဝါရီ-၁၂**

ဂျာမနီနိုင်ငံက ဗြိတိန်အား ဥရောပသမဂ္ဂတွင် အပြုသဘောဆောင်သော တက်ကြွသည့် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်ခြင်းကို အလိုရှိသည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဝက်စတာဝယ်လ်က ပြောကြားလိုက်ပြီး အီးယူနှင့် လန်ဒန်တို့၏ အနာဂတ်ဆက်ဆံရေးအပေါ် နိုင်ငံတကာ ငြင်းခုံဆွေးနွေးမှုတွင် ပါဝင်လာခဲ့သည်။

ဗြိတိန်နိုင်ငံ၏ အနေအထားကို စဉ်းစားရာတွင် ဗြိတိန်ဝန်ကြီးချုပ် မစ္စတာဒေးဗစ်ကင်မရွန်းအနေဖြင့် အခြားနိုင်ငံများကို အကျပ်ကိုင်ခြင်း မလုပ်ဆောင်ရန် ဂျာမနီပါလီမန် ဥရောပရေးရာ ကော်မတီအကြီးအကဲက သတိပေးပြောကြားပြီးနောက် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

"လတ်တလောဆွေးနွေးငြင်းခုံနေကြတာနဲ့ ပတ်သက်ပြီးပြောရရင် ဂျာမနီက ဗြိတိန်ကို ဥရောပသမဂ္ဂထဲမှာ အပြုသဘောဆောင်တဲ့ တက်ကြွသူ မိတ်ဖက်အဖြစ်မြင်ချင်ပါတယ်"ဟု မစ္စတာဝက်စတာဝယ်က စပီးဂဲလ်အွန်လိုင်းသတင်းဌာနအား ပြောကြားသည်။

မစ္စတာဝက်စတာဝယ်လ်၏ မှတ်ချက်များမှာ ဂျာမနီပါလီမန် ဥရောပရေးရာကော်မတီ အကြီးအကဲမစ္စတာဂွန်သာခရစ်ဘောင်းမ်နှင့်စာလျှင် နှိုင်းနှိုင်းယှဉ်ယှဉ်ရှိသည်။ မစ္စတာခရစ်ဘောင်းမ်ကမူ လန်ဒန်သို့ ရောက်ရှိစဉ် ဥရောပသမဂ္ဂနှင့် ဆက်ဆံရေးနှင့်ပတ်သက်၍ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပါက မစ္စတာကင်မရွန်းအနေဖြင့် ဗြိတိန်အား အထီးကျန်ဖြစ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။

*—Ref: Reuters*

## အီရန်နျူအစီအစဉ်အတွက် ယူဆရသော ပစ္စည်းများဖမ်းမိဟု စပိန်ရဲတပ်ဖွဲ့ပြော

**မက်ဒရစ်၊ဇန်နဝါရီ-၁၂**

စပိန်နိုင်ငံမြောက်ပိုင်းတွင် လမ်းဖြတ်သန်းခကောက်ခံရေး စခန်းတစ်ခုတွင် စပိန်ရဲတပ်ဖွဲ့က နောက်တွဲယာဉ် ထရပ်ကားတစ်စီးအား ဝင်ရောက်စစ်ဆေး၍ အီရန်၏နျူကလီးယား အစီအစဉ်အတွက် ရည်စူးသော ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်ဟု စပိန်ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လူနှစ်ဦးကို ဖမ်းဆီးထားသည်။

ယင်းထရပ်ကားပေါ်တွင် နီကယ်နှင့် ခရိုမီယမ် ပေါင်းစပ်ဓာတ်သတ္တုဖြင့် ပြုလုပ်ထားသည့် အဆို့ရှင် ၄၄ ခုပါဝင်ကြောင်းနှင့် ယင်းပစ္စည်းများမှာ ပွန်းပဲ့တိုက်စားခြင်း ခံနိုင်ရည်မြင့်မားသောကြောင့် နျူစက်မှုလုပ်ငန်းတွင် အလွန်အသုံးတည့်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ရဲတပ်ဖွဲ့က အခြားပစ္စည်းအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့ပြီး ယင်းတို့တွင် အီရန်သို့တင်ပို့ရေး စာရွက်စာတမ်းများ၊ ဘဏ်အာမခံစာရွက်များနှင့် ကွန်ပျူတာသတင်းအချက်အလက်များလည်း ပါဝင်သည်။

ရဲတပ်ဖွဲ့က နောက်တွဲယာဉ်ထရပ်ကားနှင့် ဆက်စပ်နေသော စပိန်နိုင်ငံမြောက်ပိုင်း အာလာဗာခရိုင် စက်မှုဇုန်တစ်ခုမှ စီးပွားရေးလုပ်ငန်းတစ်ခုကိုလည်း ဝင်ရောက်စစ်ဆေးခဲ့ပြီး ယင်းကုမ္ပဏီ၏အရောင်းဌာနတာဝန်ခံချုပ်အား ဖမ်းဆီးခဲ့သည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က အီရန်၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပိတ်ဆို့တားဆီးမှုများ ချမှတ်ထားသည်။

*—Ref: CNN*

## ၂၀၁၂ နိုဝင်ဘာလအတွင်းအမေရိကန် ကုန်သွယ်ရေး လိုငွေပြမှု ကြီးထွားခဲ့

**ဝါရှင်တန်၊ဇန်နဝါရီ-၁၂**

အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ နိုဝင်ဘာလတွင် ကြီးမားလာခဲ့ပြီး ခုနစ်လအတွင်း အများဆုံးသို့ ရောက်ရှိခဲ့ကြောင်းနှင့် ယင်းမှာ လူသုံးကုန်ပစ္စည်းများ တင်ပို့မှုမြင့်မားလာသောကြောင့်ဟု ကုန်သွယ်ရေးဌာန ကိန်းဂဏန်းများက ပြသနေသည်။

အမေရိကန်ကုန်သွယ်ရေးလိုငွေမှာ ကန်ဒေါ်လာ ၄၈ ဒသမ ၇ ဘီလီယံရှိပြီး အောက်တိုဘာလက လိုငွေ ကန်ဒေါ်လာ ၄၂ ဒသမ ၁ ဘီလီယံထက် ပိုများသည်။ နိုင်ငံခြားသို့တင်ပို့မှုမှာ အောက်တိုဘာလထက် ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ပိုများသော်လည်း နိုင်ငံခြားမှ တင်သွင်းမှုမှာ အောက်တိုဘာလကထက် ၈ ဒသမ ၄ ဘီလီယံ ပိုများသည်။

သွင်းကုန်ထုတ်ကုန် ကွာဟချက်ကြီးမားနေ၍ အမေရိကန်၏ စတုတ္ထသုံးလပတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ မူလက ထင်မှတ်ထားသည်ထက် နည်းပါးသည်ဟု ဆန်းစစ်လေ့လာသူများက ပြောသည်။ အကောင်းဘက်ကကြည့်လျှင်မူ ပြည်တွင်းဝယ်လိုအား ခိုင်မာလာသည်ဟု ဆိုနိုင်ကြောင်း Barclays ငွေကြေးအတိုင်ပင်ခံအဖွဲ့က ပြောကြားသည်။

မော်တော်ကားနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု သိသိသာသာ မြင့်တက်လာသော်လည်း ရေနံဈေးနှုန်းများ ကျဆင်းလာ၍ ရေနံတင်သွင်းမှုအတွက် အသုံးစရိတ်လျော့ကျလာသည်။ အနီးကပ်စောင့်ကြည့်နေသော တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလိုငွေပြမှုမှာ အောက်တိုဘာလတွင် ကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံမှ နိုဝင်ဘာလတွင် ကန်ဒေါ်လာ ၂၉ ဘီလီယံသို့ လျော့ကျလာသည်။

*—Ref: AFP*

## သုံးပွင့်ဆိုင် ဆီးရီးယားဆွေးနွေးပွဲ အဖြေမထွက်ဘဲပြီးဆုံး

**မော်စကို၊ဇန်နဝါရီ-၁၂**

အမေရိကန်၊ ရုရှားသံတမန်များနှင့် ဇန်နဝါရီ ၁၁ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ဆီးရီးယားပဋိပက္ခနှင့် ပတ်သက်၍ နိုင်ငံရေးအရ ဖြေရှင်းချက်မှာ လတ်တလောပေါ်ထွက်လာဖွယ်မရှိသေးကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာအထူးကိုယ်စားလှယ် မစ္စတာလက်ဒါဘရာဟီမီက ပြောကြားလိုက်သည်။

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး မီခေးလ်ဘိုဒါနော့ဗ်၊ အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဘန်းနှင့် ဆီးရီးယားအထူးကိုယ်စားလှယ်တို့ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးချုပ်တွင် ငါးနာရီကြာညှိနှိုင်းဆွေးနွေးခဲ့သော်လည်း လက်တွေ့ကျသော သဘောတူညီချက် မထွက်ပေါ်ခဲ့ပေ။

"အဖြေရှာတွေ့ခါနီးပြီလားလို့ ကျွန်တော်တို့မေးရင် မသေချာဘူးလို့ ကျွန်တော့်အနေနဲ့ ပြောရပါမယ်"ဟု ကုလသမဂ္ဂသတင်းဌာနက ထုတ်ပြန်သော ဗီဒီယိုတွင် မစ္စတာဘရာဟီမီကပြောကြားသည်။

ကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကသာ ဆီးရီးယားပြဿနာကို ဖြေရှင်းနိုင်ရေးလမ်းစ ဖွင့်ပေးနိုင်လိမ့်မည်ဟုမစ္စတာဘရာဟီမီက ပြောကြားပြီး "ကျွန်တော့်အမြင်အရတော့ ဒီပဋိပက္ခမှာ စစ်ရေးဆိုင်ရာ အဖြေမရှိပါဘူး"ဟု ၎င်းကဆက်လက်ပြောသည်။

ဆီးရီးယားအရေးတွင် နိုင်ငံရေးအဖြေတစ်ရပ် လိုအပ်ခြင်းနှင့် အတိုက်အခံနှင့် ဆီးရီးယားအာဏာပိုင်များ ပါဝင်သော ဆီးရီးယားကြားဖြတ်အစိုးရ ဖွဲ့စည်းရမည်ကိုမူ ရုရှားနှင့် အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီးတို့က သဘောတူညီခဲ့သည်ဟု မစ္စတာဘရာဟီမီကပြောသည်။

*—Ref: Ria Novosti*

## မာလီနှင့် ပြင်သစ်တပ်ဖွဲ့များ ပူးပေါင်းကာ အစ္စလာမ်မစ်စစ်သွေးကြွများအား တွန်းလှန်

**မာလီ၊ဇန်နဝါရီ-၁၂**

ပြင်သစ်စစ်ဘက်က လေကြောင်းမှ တိုက်ခိုက်ပေးပြီးနောက် အစ္စလာမ်မစ်စစ်သွေးကြွများ သိမ်းပိုက်ထားရာ နယ်မြေများကို ပြန်လည်ရရှိခဲ့ကြောင်း မာလီအစိုးရတပ်ဖွဲ့များက ပြောကြားသည်။

သူပုန်များက နိုင်ငံတောင်ပိုင်းသို့ ထိုးစစ်များ ဆင်နွှဲစဉ် သိမ်းပိုက်ခဲ့သော မဟာဗျူဟာကျသော နိုင်ငံအလယ်ပိုင်းရှိ ကွန်နာမြို့ကို ပြန်လည်ရရှိခဲ့ကြောင်း မာလီအရာရှိများကပြောသည်။

ပြင်သစ်စစ်ဘက်က မာလီတပ်ဖွဲ့များအား ကူညီတိုက်ခိုက်ပေးနေကြောင်း ကြေညာပြီးနောက် ယခု သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

မာလီလက်နက်ကိုင်အုပ်စုများသည် ပြီးခဲ့သည့် ဧပြီလက မာလီနိုင်ငံ မြောက်ပိုင်းအား ထိန်းချုပ်နိုင်ခဲ့ပြီး အချို့အုပ်စုများမှာ အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်။

ယင်းနောက် အစ္စလာမ်မစ်များက အစ္စလာမ်မစ်ဥပဒေအား အစွန်းရောက်သည်အထိ အဓိပ္ပာယ်ကောက်ယူထားသောဥပဒေ အာဏာတည်ရန် ကြိုးပမ်းခဲ့ကြသည်။

အာဖရိကတိုက်နှင့် အနောက်နိုင်ငံ အစိုးရများက အစွန်းရောက်များနှင့် အုပ်စုဖွဲ့၍ ပြစ်မှုကျူးလွန်ခြင်းများမှ ထွက်ပေါ်လာသော လုံခြုံရေးခြိမ်းခြောက်မှုများအပေါ် စိုးရိမ်ပူပန်မိကြောင်းထုတ်ဖော်ပြောကြားကြသည်။ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီကလည်း အစ္စလာမ်မစ်များသည် မာလီနိုင်ငံအား အကြမ်းဖက်နိုင်ငံအဖြစ် ပြောင်းလဲရန် ကြိုးပမ်းနေကြသည်ဟု ပြောကြားခဲ့သည်။

*—Ref: BBC*



7 DAY NEWS JOURNAL
Vol.11, No.45 • JANUARY 17 , 2013

# ကတ်ရှ်မီးယား ပဋိပက္ခအရေး အိန္ဒိယနှင့် ပါကစ္စတန်စစ်ဘက်အရာရှိများ တွေ့ဆုံဆွေးနွေး

**အစ္စလာမ်မာဘတ်၊ဇန်နဝါရီ-၁၄**
ပါကစ္စတန်နှင့်အိန္ဒိယတပ်မတော်တို့မှ အရာရှိများသည် ကတ်ရှ်မီးယားနယ်စပ်တွင် နှစ်ဖက်တပ်များ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီးနောက်ပဋိပက္ခများ ဖြေရှင်းရေး တွေ့ဆုံဆွေးနွေးကြမည်ဟု သိရသည်။

ယင်းနယ်စပ်ပစ်ခတ်မှုများအတွင်း ၎င်း၏စစ်သားနှစ်ဦး ကျဆုံးခဲ့ရကြောင်းပါကစ္စတန်က ပြောဆိုထားသည်။ အိန္ဒိယဘက်ကလည်း စစ်သားနှစ်ဦး ကျဆုံးခဲ့ပြီး တစ်ဦးကို ပါကစ္စတန်တပ်များက ခေါင်းဖြတ်ထားခဲ့ကြောင်း ပြောသည်။ ပါကစ္စတန်ထိပ်တန်းစစ်အရာရှိတစ်ဦးက “တပ်မှူးအဆင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်မှာ နှစ်နိုင်ငံနယ်နိမိတ် ‘ထိန်းချုပ်မျဉ်း’နေရာမှာ နှစ်နိုင်ငံ စစ်အရာရှိတွေ ဆွေးနွေးသွားကြမှာပါ”ဟု ပြောသည်။


အိန္ဒိယနယ်ခြားစောင့်စစ်သားများ ဝါဂါမြို့မှ ၂၇ ကီလိုမီတာအကွာရှိ အိန္ဒိယ-ပါကစ္စတန် နယ်စပ်စည်းရိုးတွင် စောင့်ကြပ်နေစဉ်။ အိန္ဒိယစစ်တပ်၏အဆိုအရ ဇန်နဝါရီ ၈ ရက်တွင် အိန္ဒိယပိုင်နက်ထဲသို့ မီတာ ၅၀၀ ခန့် ကျူးဝင်လာသော ပါကစ္စတန်စစ်ကြောင်းများကို တွေ့ရှိရာမှ နှစ်ဖက်တပ်များ ပစ်ခတ်မှုဖြစ်ပွားပြီး အိန္ဒိယစစ်သားနှစ်ဦး ကျဆုံးခဲ့သည်ဟု သိရသည်။ **Photo - Reuters**

သို့သော်၎င်းသည်ဆွေးနွေးပွဲအကြောင်းအရာ အသေးစိတ်ကို ပြောကြားခြင်းမရှိဟု အေအက်ဖ်ပီက ဖော်ပြသည်။ ကုလသမဂ္ဂကလည်း နျူလက်နက်ပိုင်ဆိုင်သူများဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့အနေဖြင့်နယ်စပ်ပြဿနာများကိုငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းထားသည်။ မွတ်ဆလင်အများစု နေထိုင်သော ကတ်ရှ်မီးယားဒေသတွင် အိန္ဒိယနှင့် ပါကစ္စတန်အကြား ဗြိတိန်နိုင်ငံမှ ၁၉၄၇ လွတ်လပ်ရေးရပြီးနောက်ပိုင်း နယ်စပ်စစ်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးအား အုပ်စုလိုက် အဓမ္မပြုမှု တရားခံခြောက်ဦးကို ဖမ်းဆီးထား

နောက်ထပ်လူငါးဦးနှင့် ပူးပေါင်းကာ နေအိမ်တစ်လုံးထဲ၌ တစ်ညလုံး အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပြစ်မှုကျူးလွန်သူများသည် နောက်တစ်နေ့နံနက်၌ အမျိုးသမီးအား သူမ၏ရွာအနီး ပစ်ချထားကာ ထွက်ခွာသွားကြသည်။ အမှုတွင် ကျူးလွန်သူခုနစ်ဦးအနက် ခြောက်ဦးကို ယခုအခါ ဖမ်းဆီးရမိထားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

၂၀၁၂ ဒီဇင်ဘာလက ဒေလီတွင် ဆေးကျောင်းသူတစ်ဦးအား ဘတ်စ်ကားပေါ်တွင် အုပ်စုလိုက် အဓမ္မမှုဖြစ်ပွားအပြီး အိန္ဒိယပြည်သူသန်းပေါင်းများစွာက ယင်းပြစ်မှုကျူးလွန်သူများအား သေဒဏ်ပေးရန်၊ အမျိုးသမီးများ၏လုံခြုံရေး အရေးယူဆောင်ရွက်ပေးရန် လမ်းပေါ်ထွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

—*Ref: The Star*

# ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချနိုင်ပါက ရာသီဥတု ပြောင်းလဲမှုဒဏ်မှ လွတ်မြောက်နိုင်

**လန်ဒန်၊ ဇန်နဝါရီ - ၁၃**
ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို သိသိသာသာလျှော့ချနိုင်ပါက ကမ္ဘာ့နိုင်ငံများသည် ယခုရာစုနှစ်အတွင်းမှာပင် ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများအား ရှောင်ရှားနိုင်ကြောင်း သုတေသနတစ်ရပ်က ဖော်ပြသည်။

၂၁၀၀ပြည့်နှစ်တွင် ကမ္ဘာ့အပူချိန်အား နှစ်ဒီဂရီဆဲလ်စီးယပ်စ်သာမြင့်တက်လာစေရေးထိန်းချုပ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသော စာတမ်းအား Nature Climate Change ဂျာနယ်တွင် ဖော်ပြထားသည်။

နှစ်ဒီဂရီဆဲလ်စီးယပ်စ်မှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအဆိုးရွားဆုံးရိုက်ခတ်မှုများကိုရှောင်လွှဲနိုင်မည်ဟူသော သိပ္ပံပညာရှင်များက သတ်မှတ်ထားသည့် ပမာဏဖြစ်သည်။

“ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချလို့ရရှိမယ့် အကျိုးကျေးဇူးတွေထဲမှာ ကောက်ပဲသီးနှံထုတ်လုပ်မှုနဲ့ ရေကြီးမှုဒဏ်တွေ လျော့ပါးလာတာမျိုး ဦးဆုံးခံစားရပါမယ်”ဟု သုတေသနကို ဦးဆောင်ခဲ့သော ရယ်ဒင်းတက္ကသိုလ် ဝေါလ်ကာ အင်စတီကျုဒ်မှ ဒါရိုက်တာ မစ္စတာနိုင်ဂျယ်အာနယ်လ်က ပြောကြားသည်။

ကမ္ဘာ့အပူချိန်မြင့်တက်မှု နှစ်ဒီဂရီဆဲလ်စီးယက်စ်အောက်သာထားရှိရန် ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများက သဘောတူညီခဲ့ကြသည်။ သို့သော်လက်ရှိနှုန်းထားအတိုင်းသာ ယင်းဓာတ်ငွေ့များ ဆက်လက်ထုတ်လွှတ်နေပါက ၂၁၀၀ပြည့်နှစ်တွင် ကမ္ဘာ့အပူချိန် လေးဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိရန် ဦးတည်နေသည်။



ကာတာမြို့တော် ဒိုဟာတွင် ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဖင်းရှင်းတွင် ရာသီဥတုပြောင်းလဲမှုကို ချက်ချင်းအရေးယူဆောင်ရွက်ရန် တောင်းဆိုသည့်အနေဖြင့် တက်ကြွလှုပ်ရှားသူများက ဒီဇင်ဘာ ၁ ရက်က ဆန္ဒပြခဲ့ပုံ။ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာပူနွေးမှုအနေအထား သတ်မှတ်ချက်ကို လျှော့ချရေးအခွင့်အလမ်းများ နည်းပါးနေသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖန်လုံအိမ်အာနိသင်ဖြစ်စေသည့် ဓာတ်ငွေ့လျှော့ချမှုကို ၁၅ ရာခိုင်နှုန်း လျှော့ချနိုင်ပါက ရည်မှန်းချက်ပြည့်မီနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောသည်။ **Photo - Reuters**

ယင်းသို့ ကမ္ဘာ့အပူချိန်များ မြင့်တက်လာပါက အစွန်းရောက်ဘောင်ဘင်ခတ်ရာသီဥတုပြောင်းလဲမှုများမှာ အခြေအနေသစ် ဖြစ်လာလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က သတိပေးထားသည်။

ရာသီဥတုပြောင်းလဲလာပါက အရှေ့အလယ်ပိုင်းမှ အမေရိကန်နိုင်ငံအထိ အပူလှိုင်းများကြောင့် အကြီးအကျယ်ပျက်စီးကာ ပင်လယ်ရေမျက်နှာပြင်လည်း ၃ပေအထိမြင့်တက်ပြီး ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ရေကြီးမှုများ ဖြစ်ပေါ်မည်ဟု ကမ္ဘာ့ဘဏ်က သတိပေးထားသည်။

ယခုသုတေသနအား အမေရိကန်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံများမှ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်ရေးဌာနများ ပူးပေါင်း ပါဝင်ခဲ့ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချမှု အခြေအနေအမျိုးမျိုးကို သတ်မှတ်လေ့လာခဲ့ကာ ရေကြီးမှု၊ မိုးခေါင်ရေရှားမှု၊ သောက်သုံးရေရရှိနိုင်မှု၊ ကောက်ပဲသီးနှံထုတ်လုပ်မှု စသော အကြောင်းအရာများအပေါ် သက်ရောက်မှုများ လေ့လာထားသည်။

—*Ref: Reuters*






# နယူးယောက်တွင် တုပ်ကွေးရောဂါကူးစက်မှု အရေးပေါ်အခြေအနေ ကြေညာ

**နယူးယောက်၊ ဇန်နဝါရီ-၁၃**

အမေရိကန်နိုင်ငံတစ်ဝန်း ပြန့်ပွားနေသော တုပ်ကွေးရောဂါမှာ နယူးယောက်ပြည်နယ်တွင်လည်း လူပေါင်း ၁၉,၀၀၀ အား ကူးစက်ခဲ့ခြင်းကြောင့် အရေးပေါ်အခြေအနေထုတ်ပြန် ကြေညာလိုက်သည်။ ထိုအတွက် ဆေးပညာရှင်များသည် မွေးကင်းစကလေးများနှင့်ကလေးငယ်များအားတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံရမည်ဖြစ်သည်။

ရောဂါကူးစက်မှုမှာ နောက်ထပ် ရက်သတ္တပတ်ပေါင်း များစွာကြာမြင့်နိုင်သေးကြောင်း ခန့်မှန်းထားသဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကူမိုက ယင်းသို့ အမိန့်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်း ပြည်နယ်ပေါင်း ၄၇ ပြည်နယ်တွင် လူပေါင်း ၂၈,၇၄၇ ဦး ရောဂါကူးစက်ခံခဲ့ရပြီး ကလေးငယ်ပေါင်း ၂၀ ဦး အသက်ဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း ကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဆိုသည်။ အမှန်တကယ်ဖြစ်ပွားသော အရေအတွက်မှာ ထို့ထက်ပိုများနိုင်သည်ဟု ခန့်မှန်းထားကြသည်။



Photo - Reuters

*နယူးယောက်ကျန်းမာရေးဌာန ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကလေးငယ်တစ်ဦးအား တုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးပေးနေစဉ်*

နယူးယောက်မြို့ ဒေသကြီးငါးခုစလုံးနှင့် နယူးယောက်ပြည်နယ်ရှိစီရင်စု(၅၇)ခုတွင်တုပ်ကွေးရောဂါဖြစ်ပွားမှု ပျံ့နှံနေပြီဖြစ်ရာ ၎င်းတို့အတွက် အဆိုးဆုံးတုပ်ကွေးရာသီနှင့်ရင်ဆိုင်နေရသည်ဟု မစ္စတာကူမိုက ပြောကြားသည်။

နယူးယောက်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ တုပ်ကွေး ရာသီတွင် တုပ်ကွေးဖြစ်ပွားမှု ၄,၄၀၄ မှုသာရှိပြီး ယခုနှစ်တွင် ၁၉,၁၂၈ မှုရှိလာခဲ့ပြီး ဖြစ်သည်။ တုပ်ကွေးကာကွယ်ဆေး မထိုးရသေးသော နယူးယောက်မြို့သားများ အနေဖြင့် ကာကွယ်ဆေး ချက်ချင်းထိုးနှံကြရန်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးက တိုက်တွန်းလိုက်သည်။

*—Ref: AFP*

# အာဖဂန်နစ္စတန်စစ်ပွဲ ၂၀၁၄ တွင် အဆုံးသတ်မည်ဟု အိုဘားမား ပြောကြား

**ဝါရှင်တန်၊ဇန်နဝါရီ-၁၂**



Photo - AFP

*ခေါင်းဆောင်နှစ်ဦးသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များလျှော့ချရေး ဆွေးနွေးခဲ့ကြသည်။*

အာဖဂန်နစ္စတန်တပ်ဖွဲ့များသည် ယခုနှစ်အတွင်းမှာပင် လုံခြုံရေးကိုလွှဲပြောင်းတာဝန်ယူမည်ဖြစ်ပြီး အာဖဂန်နစ္စတန် စစ်ပွဲသည် ၂၀၁၄ နှစ်ကုန်ပိုင်းတွင် တာဝန်ယူမှုရှိရှိဖြင့် အဆုံးသတ်တော့မည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် အိမ်ဖြူတော်တွင် တွေ့ဆုံပြီးနောက် စကားပြောကြားရာတွင် သမ္မတအိုဘားမားက အမေရိကန်တပ်ဖွဲ့များသည် လိုအပ်ချက်ရှိလာပါက အာဖဂန်တပ်ဖွဲ့များနှင့် အတူတကွ တိုက်ပွဲဝင်သွားမည်ဟု ပြောသည်။

သို့သော် ရှေ့လာမည့် နွေဦးရာသီမှစ၍ အမေရိကန်တပ်ဖွဲ့များ၏ အဓိကတာဝန်မှာ လေ့ကျင့်ရေး၊ အကြံပေးရေးနှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့များအား ပံ့ပိုးကူညီရေး ဖြစ်လာတော့မည်ဟု သမ္မတအိုဘားမားကပြောသည်။

"ရှေ့လာမယ့် ၂၀၁၄ နှစ်ကုန်မှာတော့ အသွင်ကူးပြောင်းမှု ပြည့်စုံသွားပါလိမ့်မယ်။ အာဖဂန်တွေက သူတို့ရဲ့လုံခြုံရေးအတွက် အပြည့်အဝတာဝန်ရှိသွားမှာဖြစ်ပြီး ဒီစစ်ပွဲဟာလည်း တာဝန်ယူမှုအပြည့်နဲ့ အဆုံးသတ်သွားပါလိမ့်မယ်"ဟု မစ္စတာအိုဘားမားက ပြောသည်။


အိမ်ဖြူတော်အစည်းအဝေးတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ အာဖဂန်နှင့် ပါကစ္စတန်ကိုယ်စားလှယ်များနှင့်အတူ တာလီဘန်အရာရှိများလည်း တိုက်ရိုက်ပါဝင်ဆွေးနွေးရေး သဘောတူညီခဲ့သည်ဟု အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းကလည်း ပြောကြားသည်။

*—Ref: UPI*



**NEWS ANALYSIS**
နိုင်ငံ့စီးပွားရေးကို
ဆွဲတင်ရန် ကြိုးပမ်းနေသည့်
ဂျပန်ဝန်ကြီးချုပ်သစ်
စာမျက်နှာ(၃၆)သို့ »



**INTERVIEW**
မြန်မာသမ္မတဦးသိန်းစိန်ကို အင်တာဗျူးခဲ့သော
တိုင်းမ်သတင်းထောက် ဟန်နာဘိချ်နှင့်
မြန်မာ့အရေး အမေးအဖြေ
စာမျက်နှာ(၄၆)သို့ »



**U.S.**
နယူးယောက်
တုပ်ကွေးရောဂါကူးစက်မှု
အရေးပေါ်အခြေအနေ ကြေညာ
စာမျက်နှာ(၅၅)သို့ »

**INDIA-PAKISTAN**
ကတ်ရှ်မီးယား ပဋိပက္ခအရေး
အိန္ဒိယနှင့် ပါကစ္စတန်စစ်ဘက်
အရာရှိများ တွေ့ဆုံဆွေးနွေး
စာမျက်နှာ(၅၄)သို့ »

7 DAY NEWS JOURNAL
# International
Vol.11, No.45 • JANUARY 17 , 2013

## ဟူဂိုချားဗက်ဇ် ကျန်းမာရေးအခြေအနေ ပြန်လည်တိုးတက်လာဟုဆို



**ကရာကတ်စ်၊ ဇန်နဝါရီ-၁၄**

ကင်ဆာရောဂါဝေဒနာ ခံစားနေရသောဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်၏ အခြေအနေသည် ကျူးဘားနိုင်ငံတွင် နောက်ဆုံးခွဲစိတ်ပြီးနောက် ပြန်လည်ကောင်းမွန်လာကြောင်း အစိုးရက ပြောကြားသည်။

ဗင်နီဇွဲလားအစိုးရက ထုတ်ပြန်သော သတင်းတွင် "သူ့ ကျန်းမာရေးအခြေအနေ ရှုပ်ထွေးနေဆဲဖြစ်ပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ အထွေထွေဆေးကုသမှုဘက်က အခြေအနေပိုကောင်းလာပါတယ်။ အသက်ရှူလေပြွန်ကိုကုသတာတော့ ထိန်းချုပ်နိုင်ခဲ့ပါပြီ။ ဒါပေမဲ့ သမ္မတဟာ အသက်ရှူရာမှာ ထိရောက်မှုမရှိတာကိုဖြေရှင်းဖို့ သီးသန့်ကုသမှုတွေလုပ်ဖို့ လိုအပ်နေဆဲပါ။ သူ သတိကောင်းနေပါတယ်" ဟု ဖော်ပြထားသည်။

ဗင်နီဇွဲလားဒုသမ္မတ နီကိုးလတ်စ်မာဒူရို၊ ကွန်ဂရက်အကြီးအကဲ ဒီအိုစဒါအိုကာဘယ်လိုနှင့် ရေနံ့ဝန်ကြီး ရာဖေးလ်ရာမီရက်ဇ်တို့သည် ချာဗက်ဇ်၏ ကင်ဆာရောဂါ ခွဲစိတ်ကုသရာ ကျူးဘားနိုင်ငံသို့ပြီးခဲ့သည့်လမှစ၍ မကြာခဏသွားရောက်သတင်းမေးခဲ့ကြသည်။

ချားဗက်ဇ်သည် ပြီးခဲ့သည့်အပတ်က သမ္မတသက်တမ်း ဒုတိယခြောက်နှစ်အတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို ၎င်း၏ကျန်းမာရေးအခြေအနေကြောင့် လွှဲချော်ခဲ့ရသည်။ —*Ref: Reuters*



*ပန်ဂျပ်ပြည်နယ် အုပ်စုလိုက်အဓမ္မမှုကြောင့် ဖမ်းဆီးထားသည့် လူခြောက်ဦးကို ဇန်နဝါရီ ၁၃ ရက်က ဂါဒတ်စပါရ်မြို့ရှိ တရားရုံးတွင် ရုံးထုတ်လာစဉ်* **Photo - AFP**

## အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးအား အုပ်စုလိုက် အဓမ္မပြုမှု တရားခံခြောက်ဦးကို ဖမ်းဆီးထား

**နယူးဒေလီ၊ဇန်နဝါရီ-၁၅**

အိန္ဒိယရဲတပ်ဖွဲ့သည်နိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးအား အုပ်စုလိုက်အဓမ္မပြုမှုဖြင့် ဘတ်စ်ကားဒရိုင်ဘာ အပါအဝင် လူခြောက်ဦးကိုဖမ်းဆီးထားကြောင်း သိရသည်။

ယခုသတင်းမှာ မကြာသေးမီက နယူးဒေလီတွင် သွားနေသော ဘတ်စ်ကားတစ်စီးပေါ်၌ ဆေးကျောင်းသူတစ်ဦးအား အုပ်စုလိုက် အဓမ္မပြုမှုအပြီး အသစ်ထပ်မံပေါ်ထွက်လာသော အမှုတစ်ခုဖြစ်သည်။ ယခုအမှုတွင် ဘတ်စ်ကားစီး၍ ရွာသို့ပြန်သွားသော အမျိုးသမီးတစ်ဦးအား ကားဒရိုင်ဘာနှင့် ၎င်း၏လက်ထောက်တို့က အခြားတစ်နေရာသို့ ခေါ်ဆောင်သွားပြီး


စာမျက်နှာ(၅၄)သို့ »

## ဂျပန်ဝန်ကြီးချုပ်၏ စီးပွားရေးနှိုးဆွမှုအစီအစဉ် လူထုထောက်ခံမှုရ

**တိုကျို၊ဇန်နဝါရီ-၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့ကို ဂျပန်မဲဆန္ဒရှင်သုံးပုံနှစ်ပုံကျော်က ထောက်ခံကြောင်း ဇန်နဝါရီ ၁၄ ရက်တွင် ထုတ်ပြန်သော မီဒီယာစစ်တမ်းတစ်ခုက ပြသနေသည်။ ယင်းစစ်တမ်းတွင် မဲဆန္ဒရှင်အများအပြားက အရပ်ရပ်ဈေးနှုန်းများကျဆင်းမှုကို တိုက်ဖျက်ရေးနှင့် စီးပွားရေး နှိုးဆွရန် မစ္စတာ အာဘေး၏ ကြိုးပမ်းမှုများကို ချီးကျူးပြောဆိုကြသည်။

၂၀၁၂ ဒီဇင်ဘာ ၁၆ ရက် ရွေးကောက်ပွဲတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)အပြတ်အသတ် အနိုင်ရရှိခဲ့ပြီးနောက် ပါတီခေါင်းဆောင် မစ္စတာအာဘေးမှာ ဝန်ကြီးချုပ်ဖြစ်လာသည်။ မစ္စတာအာဘေးကလည်း ရဲရင့်သော ဘဏ္ဍာရေးဖြေလျှော့ပေးမှုများ၊ ကြီးမားသော အစိုးရငွေကြေးသုံးစွဲမှုများကြောင့် နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်နိုးထလာမည်ဟု ကတိပေးထားသည်။



ဝန်ကြီးချုပ်ဖြစ်လာချိန်တွင် ၆၅ ရာခိုင်နှုန်းရှိခဲ့သော ပြည်သူ့ထောက်ခံမှုမှာ ယခုနောက်ဆုံးစစ်တမ်းတွင် ၆၈ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း ယိုမီယူရီသတင်းစာစစ်တမ်းကပြသနေသည်။

စာမျက်နှာ(၄၅)သို့ »



**Photo - AFP**

*မာလီရှိ အီဗရူးစစ်အခြေစိုက်စခန်းသို့ဗြိတိသျှဘရစ်နော်တန်အခြေစိုက်စခန်းမှ ဆိုက်ရောက်လာသောဗြိတိသျှလေတပ်၏ ဘိုးရင်း စီ-၁၇ ကုန်တင်လေယာဉ်အတွင်း လုပ်ဖော်ကိုင်ဖက်တစ်ဦးက စကားပြောနေသည်ကို နားထောင်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များ*

## မာလီနိုင်ငံတွင် ပြင်သစ်တပ်ဖွဲ့များ ပါဝင်ပတ်သက်မှု မကြာမြင့်နိုင်ဟု နိုင်ငံခြားရေးဝန်ကြီးပြောကြား

**ပါရီ၊ဇန်နဝါရီ-၁၄**

မာလီနိုင်ငံတွင် အစ္စလာမ်မစ်များအား ဆန့်ကျင်တွန်းလှန်ရေး ပြင်သစ်နိုင်ငံ ပါဝင်ပတ်သက်မှုမှာ ရက်သတ္တပတ်အနည်းငယ်သာ ကြာမြင့်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီရက်စ်က ပြောကြားသည်။

ဇန်နဝါရီ ၁၃ ရက်က ပြင်သစ်တိုက်လေယာဉ်များသည် မာလီနိုင်ငံအရှေ့ပိုင်း ဂါအိုမြို့အား ဗုံးကြဲတိုက်ခိုက်ပြီး သူပုန်နယ်မြေအတွင်းသို့ ထဲထဲဝင်ဝင် ဆက်လက်ထိုးစစ်ဆင်နေသည်။

စာမျက်နှာ(၄၅)သို့ »



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.45 • JANUARY 17 , 2013

# အစိုးရဝန်ထမ်းများကို လစာတိုးပေးရေး မလိုအပ်သောအသုံးစရိတ်များလျှော့ချရန် ကြိုးပမ်းမည်ဟု လွှတ်တော်အမတ်များဆို

**မင်းဟိန်းကျော်**
**နေပြည်တော်၊ဇန်နဝါရီ-၁၄**

လာမည့်ဘဏ္ဍာနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာများ တိုးမြှင့်ပေးနိုင်ရန်အတွက် မလိုအပ်သောစီမံကိန်းများ၏ ကုန်ကျငွေများကိုဖြတ်တောက်ရမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သမ္မတ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာ၌လည်း လာမည့်ဘဏ္ဍာနှစ်တွင်နိုင်ငံ့ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

“ဝန်ထမ်းတွေကို လစာတိုးပေးဖို့က မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စပါ။ ဒါပေမဲ့တစ်ခုစဉ်းစားရမှာက နိုင်ငံမှာ ဘတ်ဂျက်က လိုငွေနဲ့ သွားနေရတာလေ။ လိုငွေတွေရှိရင် ငွေစက္ကူတွေ ရိုက်ထုတ်ရတော့ ငွေကြေးဖောင်းပွမှုတွေဖြစ်လာနိုင်တယ်။ လစာတိုးပေးမယ်ဆိုရင် မလိုတဲ့ ဘတ်ဂျက်တွေကို ဖြတ်ချမှရမယ်”ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ကဆိုသည်။

လာဘ်ပေး လာဘ်ယူမှု လျော့နည်းစေရေးအတွက် ဝန်ထမ်းများအား လစာတိုးပေးရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လွှတ်တော်မှ တောင်းဆိုခဲ့သော်လည်း နိုင်ငံတော်သမ္မတက တိုးမပေးနိုင်သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် တိုးပေးနိုင်ရန် စီစဉ်ခြင်းဖြစ်နိုင်ပြီး ရန်ပုံငွေလုံလောက်မှုရှိစေရန် မလိုသော ဘတ်ဂျက်များလျှော့ချခြင်း နည်းလမ်းသာမကဖွဲ့စည်းပုံပိုလျှံနေသော ဝန်ထမ်းအဖွဲ့အစည်းများအားသေချာစိစစ်၍ လိုအပ်သောဖွဲ့စည်းပုံအတိုင်းသာ ထားရှိလုပ်ဆောင်ရန်လိုကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကပြောသည်။

“ဝန်ထမ်းလစာတိုးဖို့ဆိုတာ လွှတ်တော်ကစလုပ်ခဲ့တာပါ။ မနှစ်ကတည်းက လစာတိုးတောင်းပေမယ့် မရလို့ အခုဝန်ထမ်းတွေ ခံစားနေရတဲ့ အပိုချီးမြှင့်ငွေ ကျပ် ၃၀,၀၀၀ ရအောင် ဦးရွှေမန်းကလုပ်ပေးခဲ့တာ”ဟု ဦးဖုန်းမြင့်အောင်ကဆိုသည်။

တိုင်းပြည်တွင် လက်ရှိကာလ၌ ဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသည်မဟုတ်ဘဲ မှန်မှန်ကန်ကန် သုံးစွဲနိုင်ရန် ညှိနှိုင်းနေရသည့် ကာလဖြစ်သဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဆိုသည်မှာ ဖြစ်နိုင်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးကပြောသည်။

လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကိုလည်း အစိုးရနှင့် လွှတ်တော်တို့အကြား ပွင့်လင်းမြင်သာမှုရှိရှိဖြင့်ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့သဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကိုတစ်နှစ်ထက်တစ်နှစ် ပိုမိုစနစ်ကျစွာ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

# ပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ကြောင်း ကေအင်န်ယူ တာဝန်ရှိသူပြောကြား

**အောင်သူရ**
**ရန်ကုန်၊ဇန်နဝါရီ-၁၂**

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် ပြုလုပ်သော(၆၃)ကြိမ်မြောက်ကရင်နှစ်သစ်ကူးပွဲတော်သို့တက်ရောက်လာသောကရင်အမျိုးသားအစည်းအရုံး (KNU)ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကကေအင်န်ယူအနေဖြင့် ပြည်ထောင်စုမှ မည်သည့်အခါမျှ ခွဲထွက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

“ကျွန်တော်တို့ KNU(ကရင်အမျိုးသားအစည်းအရုံး) သဘောထားကို အခွင့်အခါကြုံခိုက်မှာ ပြောကြားချင်တယ်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ဘယ်တော့မှ ခွဲမထွက်ဘူးဆိုတာကို ကျွန်တော်တို့ ဒီမှာကြုံတုန်းကို အတိအလင်းပြောကြားချင်တယ်”ဟုနှစ်သစ်ကူးပွဲသို့တက်ရောက်လာသော ကေအင်န်ယူ ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကပြောသည်။

အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ရှိနေသော်လည်း ညီညွတ်ရေးငြိမ်းချမ်းရေးကို မျှော်မှန်း၍ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပြဿနာကိုလည်း နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းသွားမည်ဟု ဖဒိုမန်းငြိမ်းမောင်ကပြောကြားခဲ့သည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

ယခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျရောက်သော (၆၃)ကြိမ်မြောက်ကရင်နှစ်သစ်ကူးနေ့သည် အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ အပစ်အခတ်ရပ်စဲခြင်း တစ်နှစ်ပြည့်မြောက်သည့်နေ့လည်းဖြစ်သည်။

ထို့အပြင် ယခုနှစ်တွင် ကျရောက်သော ကရင်နှစ်သစ်ကူးနေ့အတွက်လည်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာပေးပို့ခဲ့ပြီး ကရင်အမျိုးသားများအပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် စစ်မှန်ပြီး ငြိမ်းချမ်းကာ အားလုံးတန်းတူ၍ မိမိတို့ အခွင့်အရေး မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းနိုင်သည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အပြောင်းအလဲများစွာကို ကရင်အမျိုးသားများကိုယ်တိုင် အားထုတ်ပါဝင်ဖန်တီးနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်ဟု သဝဏ်လွှာထဲ ရေးသားထားသည်။

ကရင်ပြည်နယ်တွင် ကျင်းပသော ယခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်သို့ ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်အချို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ကျပ်နှစ်သောင်းတိုးပေး

**အောင်သူရ၊အောင်နိုင်**
**ရန်ကုန်၊ဇန်နဝါရီ-၁၄**

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့က လာမည့်မိုးစပါးရာသီမှစ၍ လယ် ၁၀ ဧကနှင့် ၁၀ ဧကအောက် တောင်သူလယ်သမားများအား တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ငွေကျပ်တစ်သိန်း ထုတ်ချေးပေးမည်ဟု ဇန်နဝါရီ၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

“တကယ်ရရင် ကောင်းတာပေါ့။ အတိုးလည်းသက်သာရင် လယ်သမားတွေလယ်ကိုသေသေချာချာ လုပ်နိုင်တာပေါ့”ဟု မကွေးမြို့ခံတောင်သူဦးကျော်သောင်းကပြောသည်။

မိုးစပါးအတွက် တစ်ဧကလျှင် စိုက်စရိတ် ကျပ်တစ်သိန်း ထုတ်ချေးပေးခြင်းသည် လုံလောက်သော စရိတ်ဖြစ်ပြီး နွေစပါးတွင်မူ တစ်ဧကကျပ်တစ်သိန်းခွဲခန့် ကုန်ကျကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကပြောသည်။

“တစ်သိန်းလောက်ဆို လုံလောက်တယ်။ ဒါပေမဲ့ စိုက်ဧကအပြည့်အဝ မရတဲ့အတွက် ဧကများတဲ့လူတွေအတွက်လိုအပ်တာရှိဦးမယ်။ စိုက်ဘဏ်မှာ စာရင်းမပေါက်တဲ့လူတွေအတွက်ကလည်း မရနိုင်သေးဘူး။ ဒါတွေ ထပ်ညှိရဦးမယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်း (ယာယီ) ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ထို့အပြင် မတ်လကုန်တွင် အပြီးဆောင်ရွက်မည့် လယ်ယာမြေမှတ်ပုံတင်ပြီး အစိုးရက ခွင့်ပြုထားသော ဘဏ်များတွင် လယ်ယာမြေများ ပေါင်နှံနိုင်တော့မည်ဟု ဒေါက်တာစိုးထွန်းကပြောသည်။

အခုချေးမည့် ကျပ်တစ်သိန်းအား စပါးစိုက်ပျိုးချိန်တွင် ကျပ်ခုနစ်သောင်းခန့်ချေးပြီး ရိတ်သိမ်းချိန်တွင် ကျန်ရှိသော ၂၅,၀၀၀ ကျပ်အား ချေးပါက ပိုမိုထိရောက်မည်ဟု ဒေါက်တာထွန်းဝင်းကသုံးသပ်သည်။

ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့မတိုင်ခင်က မိုးစပါးစိုက်ပျိုးရန်အတွက် တစ်ဧကလျှင် ကျပ် ၂၀,၀၀၀ သာရရှိသော်လည်း ဦးသိန်းစိန် အစိုးရလက်ထက်တွင် ပထမတစ်ကြိမ်အဖြစ် ကျပ် ၄၀,၀၀၀ နှင့် ဒုတိယအကြိမ်တွင် ကျပ် ၈၀,၀၀၀ ထိ တိုးမြှင့်ပေးခဲ့ပြီး ယခုနောက်ဆုံး ကျပ်တစ်သိန်းထိ တိုးမြှင့်ပေးခြင်းဖြစ်သည်။

# ကလေးကစားကွင်းမြေနေရာ ပြည်ခိုင်ဖြိုးရုံးဆောက်လုပ်မှု ဥပဒေအရဆောင်ရွက်မည်ဟု ဦးဌေးဦးပြော

**ရန်မျိုးနိုင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

ရပ်ကွက်ပြည်သူများကန့်ကွက်နေကြသော မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိကလေးကစားကွင်းနေရာအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရုံးခန်းဆောက်လုပ်ထားခြင်းကိစ္စကို တရားဥပဒေအရသာ ဖြေရှင်းမည်ဟု ဦးဌေးဦးက ပြောကြားသည်။

ရပ်ကွက်နေသူများ ကန့်ကွက်နေကြသော်လည်း နှစ် ၆၀ မြေဂရန်ရရှိထားကြောင်းပြည်ခိုင်ဖြိုးပါတီက တင်ပြပြောဆိုနေခြင်းနှင့် စပ်လျဉ်း၍ 7Day News ၏ မေးမြန်းချက်ကို “ဒီကိစ္စကိုသိပါတယ်။ ဒီမြေနဲ့ပတ်သက်လို့ ရာဇဝင်ကို ပြန်ကြည့်ရမယ်။ ဟိုအရင်တုန်းက လစ်လပ်နေလို့ ဘယ်သူမဆို ရပိုင်ခွင့်ရှိတဲ့မြေကို ကြံ့ခိုင်ရေးပါတီက လျှောက်ပြီး သတ်မှတ်ထားတဲ့စည်းမျဉ်းအရပေးနိုင်လို့ပေးတယ်ဆိုရင် ဘာမှပြောစရာမရှိပါဘူး။ ဒါဥပဒေအရရှင်းရမယ့်ကိစ္စပါပဲလို့ ကျွန်တော်မြင်ပါတယ်” ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုဥက္ကဋ္ဌက ဇန်နဝါရီလ ၁၄ ရက်တွင် ပြန်လည်ဖြေကြားသည်။

ကန့်ကွက်မှုများ ရင်ဆိုင်နေရသော အဆိုပါရုံးခန်းသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရောလမ်းဘေးတွင် တည်ရှိသော ရပ်ကွက်ဖွံ့ဖြိုးရေးကစားကွင်းနေရာ၌ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါကစားကွင်းနေရာသည် ၁၉၈၄ ခုနှစ်က သမိုင်း၌ မီးဘေးသင့်ခဲ့ပြီးနောက် မြေကွက် ၈၀၀ ခန့်အား အကွက်ရိုက်ပြီး ပြန်လည်နေရာချထားရာတွင် ရပ်ကွက်ဖွံ့ဖြိုးရေးကစားကွင်းအဖြစ် သတ်မှတ်နေရာချထားပေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ပြည်ခိုင်ဖြိုးအသင်းရပ်ကွက်ရုံးအဖြစ် ဖွင့်လှစ်ခဲ့ပြီး ယခုခေတ်အခြေအနေ ပြောင်းလဲလာချိန်၌ ရပ်ကွက်နေပြည်သူများက မူလအတိုင်းပြန်လည်ထားရှိရန် လိုလားနေကြခြင်းဖြစ်ကြောင်း ရပ်ကွက်ဒေသခံများက ပြောကြသည်။

ရပ်ကွက်နေပြည် သူများက အဆိုပါမြေကွက်ပြန်လည်ရရှိရေးအတွက် နိုင်ငံတော်သမ္မတ၊ ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီများသို့ တင်ပြထားကြောင်း ဒေသခံများက ပြောသည်။ ပြည်ခိုင်ဖြိုးပါတီဘက်ကမူ အဆိုပါမြေကွက်၏ နှစ် ၆၀ မြေဂရန်ကို ရပ်ကွက်သို့ ပေးပို့အသိပေးခဲ့ပြီး လွန်ခဲ့သည့် သုံးလခန့်မှ စတင်၍ ခြံစည်းရိုးခတ်ထားခဲ့ကြောင်း၊ ၁၉၈၄ ခုနှစ်တွင် အဆိုပါရပ်ကွက်အား ပြန်လည်နေရာချထားပေးရာတွင် အကွက်နံပါတ်ဖြင့်သာချထားပေးခဲ့ပြီး မြေဂရန်ကို ယခုထိ တစ်ရပ်ကွက်လုံး မရရှိသေးကြောင်း၊ အဆိုပါ ကစားကွင်းနေရာသည် ရပ်ကွက်ရေးရာများကို ဆောင်ရွက်သည့်နေရာဖြစ်သည့်အတွက် များစွာအခက်အခဲဖြစ်ရကြောင်း ၁၉၈၄ တွင် မီးလောင်ပြင်ပြန်လည်ထူထောင်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဆန်းတင့်ကပြောသည်။

“ခြံစည်းရိုးခတ်ထားလိုက်တော့ မဟာဒုက်ပွဲဆို လုပ်လို့ မရတော့ဘူး။ လွတ်လပ်ရေးနေ့ပွဲလည်း မလုပ်ရတော့ ကလေးတွေလည်း လမ်းပေါ်မှာပဲ ကစားရတော့တယ်” ဟု ဆိုသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဇန်နဝါရီလ ၁၂ ရက်တွင် ရပ်ကွက်ပြည်သူများနှင့် လာရောက်တွေ့ဆုံခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်က “ဦးသိန်းညွန့်က လွှတ်လို့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့လာတာပါ။ ဘယ်လိုဖြေရှင်းပေးမလဲဆိုတာတော့ စာရွက်စာတမ်းတွေကို ကြည့်ပြီးလုပ်ရမှာပါ။ ကြိုပြောလို့မရသေးပါဘူး” ဟု 7Day News အား ပြောကြားသည်။

ပြည်ခိုင်ဖြိုးပါတီဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက “ကျွန်တော့်အနေနဲ့ သေသေချာချာမသိပါဘူး။ မြို့နယ်ရုံးကိုပဲ မေးကြည့်ပါ” ဟု ဇန်နဝါရီလ ၁၃ ရက်တွင် 7Day News ၏ ဆက်သွယ်မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

ရပ်ကွက်ပြည်သူများကမူ အဆိုပါနေရာကိုအများပိုင်ကွင်းအဖြစ်သာထားရှိပြီး ယခင်အတိုင်း ရပ်ကွက်ရေးရာများကို ဆောင်ရွက်ခွင့်ပြုရန် နည်းလမ်းတကျ ဆက်လက်ဆောင်ရွက်သွားကြမည်ဟု ပြောကြားသည်။

“ကျွန်တော်တို့က မှန်တာပဲပြောကြတာပါ။ အခုတစ်ရပ်ကွက်လုံး သံဃာတော်တွေကအစ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ကျွန်တော်တို့ကတော့ တင်ပြရုံပဲတတ်နိုင်ပါတယ်” ဟု ၁၉၈၄ ခုနှစ် ရပ်ကွက်မြေနေရာချထားစဉ်က ပါဝင်ဆောင်ရွက်ခဲ့ဖူးသော ပေါ်တော်မူ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှတင့်က ပြောကြားသည်။

မျက်နှာဖုံးမှ

## တပ်မတော်နှင့်ကေအိုင်အေကြား တိုက်ပွဲများပိုမိုပြင်းထန်၊ အရပ်သားအချို့သေဆုံး

ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီ၄၅မိနစ်ဝန်းကျင်က လိုင်ဇာမြို့တွင်း ဖာချန်ရပ်ကွက်သို့ ၁၀၅ မမ အမြောက်ဆန် လေးကြိမ်ကျရောက်ခဲ့ပြီး အမြောက်ဆန်ထိမှန်သဖြင့် အသက် ၇၆ နှစ်အရွယ် အမျိုးသားတစ်ဦး အပါအဝင် အမျိုးသားသုံးဦး သေဆုံးသွားပြီး အသက် ၂ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင်လေးဦး ဒဏ်ရာပြင်းထန်စွာရခဲ့ကြောင်း လိုင်ဇာမြို့ဆေးရုံအုပ်ကြီး ဒေါက်တာတူးအောင်က သေဆုံး၊ ဒဏ်ရာရသူများနှင့်ပတ်သက်၍ 7Day News ၏ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားသည်။

အစိုးရအဖွဲ့မှ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ထိုကိစ္စနှင့်ပတ်သက်ပြီး ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် တပ်မတော်ဘက်မှ လဂျားယန်တစ်ဝိုက် လက်နက်ကြီးဖြင့် ပစ်ခတ်မှု လုံးဝမရှိဘဲ ထိုဒေသသို့ လေယာဉ်၊ ရဟတ်ယာဉ် ပျံသန်းမှုများလည်း မရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှသိရသည်ဟုဖြေကြားသည်။

လိုင်ဇာမြို့တွင် လက်နက်ကိုင်တပ်ဖွဲ့များလည်း ရှိနေခြင်းကြောင့် ထိုပေါက်ကွဲမှုသည် တပ်မတော်မှ ပစ်ခတ်မှုလား၊ အခြားမတော်တဆပေါက်ကွဲမှုလား၊မည်သို့ဖြစ်သည်ကို လွတ်လပ်သောအတည်ပြုချက်များရရန်လိုကြောင်း 7Day News ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

နှစ်ဖက်တိုက်ပွဲများမှာ ဇန်နဝါရီလဆန်းကစ၍ ဖြစ်ပွားမှုစိပ်လာခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ ၁၅ ရက်အတွင်းမှာပင် တိုက်ပွဲပေါင်း ၁၂၀ ကျော်ဖြစ်ပွားခဲ့ကြောင်း ကေအိုင်အေဘက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းများတွင် မန္တလေး-မြစ်ကြီးနား ရထားလမ်း၌ ကေအိုင်အေဘက်မှ မိုင်းထောင်ဖောက်ခွဲမှုများ ရှိခဲ့ပြီး ဇန်နဝါရီ ၉ ရက် နဘား-မြစ်ကြီးနားရထား မိုင်းခွဲခံရခြင်းကြောင့် ရဲတပ်သားတစ်ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရခဲ့ကြောင်း အစိုးရက သတင်းထုတ်ပြန်သည်။ ဇန်နဝါရီ ၁၀ရက် ဆွမ်ပရာဘွမ်မြို့နယ်၊ ဇာနန်တံတားအနီးတွင် ကေအိုင်အေဘက်မှ ထောင်ထားသော မိုင်းနင်းမိသဖြင့် ဒေသခံတစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိကြောင်း အစိုးရဘက်မှ သတင်းထုတ်ပြန်သည်။

ထိုသို့ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲများကြာမြင့်လာလေအထိခိုက် အနာတရများရှိလာလေလေဖြစ်ပြီး အခြေအနေမှာပိုမိုတင်းမာလာခဲ့သည်။ တစ်လကျော်ကြာကာလအတွင်းမှာပင် သေဆုံးသူ၊ ဒဏ်ရာရသူဦးရေမှာ များပြားလာပြီး လူအသေအပျောက် အများဆုံးနှင့် ထိခိုက်မှုအပြင်းထန်ဆုံး တိုက်ပွဲများဖြစ်လာခဲ့သည်။

အစိုးရဘက်မှ လေကြောင်းကူတိုက်ခိုက်ခဲ့သည်မှာ ဇန်နဝါရီ ၁၃ ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဇန်နဝါရီ၁၁ရက်က မြစ်ကြီးနားနှင့် မိုင် ၂၀ အကွာတွင် စစ်ရဟတ်ယာဉ်တစ်စီး ပျက်ကျကာ ရဟတ်ယာဉ်၌ ပါရှိသည့် အရာရှိလေသူရဲနှစ်ဦးနှင့် ပျံသန်းရေးတပ်ကြပ်ကြီးတစ်ဦးတို့ သေဆုံးသွားကြောင်း အစိုးရအဖွဲ့က သတင်းထုတ်ပြန်သည်။ ထိုစစ်ရဟတ်ယာဉ် ပျက်ကျမှုမှာ ကေအိုင်အေဘက်မှ ပစ်ချမှုကြောင့် အင်ဂျင်ထိမှန် ပျက်ကျသည်ဟု ပြောကြားခြင်းကို အစိုးရဘက်မှ ငြင်းဆိုလိုက်ပြီး စက်ချို့ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ထိုသို့ တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားနေမှုနှင့် အချိန်ကြာလာသည်နှင့်အမျှထိခိုက်နာကြည်းမှုများကြောင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးလာမည်ကို စိုးရိမ်ကြောင်း ကချင်စစ်ပွဲများအရေးလေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

တိုက်ပွဲများ ပြင်းထန်လာသည့်အတွက် လိုင်ဇာမြို့အနီး လက်နက်ကြီးပစ်ခတ်မှုများ နေ့စဉ်လိုလို ရှိနေခြင်းကြောင့် စစ်ပွဲများရပ်တန့်ရေးအတွက် ဒေသခံများသည် ဇန်နဝါရီ ၉ရက် ညက လိုင်ဇာမြို့တွင်းသို့လှည့်လည်လမ်းလျှောက် ဆုတောင်းခဲ့ကြကြောင်း ဒေသခံများထံမှ သိရသည်။

ထိုသို့ တိုက်ပွဲများ ပိုမိုပြင်းထန်လာသည့် ကာလဖြစ်သော ဇန်နဝါရီ၁၀ ရက်(ကချင်ပြည်နယ်နေ့)တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ နေထိုင်ကြသော ကချင်မျိုးနွယ်စုများက လိုင်ဇာမြို့နှင့် ချောင်းတစ်ခုသာခြားသောတရုတ်နိုင်ငံနားပန်မြို့သို့ လာရောက်ကာ တစ်ဖက်ကမ်းရှိ ဒေသခံများကို အားပေးသည့် လှုပ်ရှားမှုတစ်ခုလည်းပြုလုပ်ခဲ့ကြကြောင်းလိုင်ဇာဒေသခံများထံမှသိရသည်။

၂၀၁၁ ခုနှစ် ဇွန် ၉ ရက်မှ စတင်ကာ ပြန်လည်ဖြစ်ပွားခဲ့သော တပ်မတော်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများမှာ ယခုဆိုလျှင် တစ်နှစ်နှင့် ခုနှစ်လနီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။

## ဦးအောင်မင်း နလုံးရောဂါကြောင့် အနားယူရန် ဆရာဝန်ကြီးများ အကြံပြုသော်လည်း အနားမယူ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား ကျန်းမာရေးစစ်ဆေးရာတွင် နှလုံးရောဂါတွေ့ရှိသဖြင့် အနားယူရန် လိုအပ်သည်ဟု ဆရာဝန်ကြီးများက ညွှန်ကြားထားကြောင်း ဝိတိုရိယဆေးရုံမှ Chief Operation Officer ဦးလောရင့်က ပြောသည်။

"အီးစီဂျီရိုက်ကြည့်တော့ နှလုံးသိပ်မကောင်းဘူး။ နောက်နှလုံးကို စီတီရိုက်ကြည့်တော့ နှလုံးသွေးကြောကျဉ်းတာရှိတယ်။ ဆရာဝန်ကြီးက အကြံပြုတာက အနားယူသင့်တယ်။ သတိထားရမယ်။ ဆေးထပ်ပြီး ကုရမယ်"ဟု ဦးလောရင့်ကပြောသည်။

ဝန်ကြီးဦးအောင်မင်းမှာ ယခင်ကပင် ရင်ဘတ်အောင့်ဖူးပြီး အခုရက်ပိုင်းအတွင်း မကြာခဏ ရင်ဘတ်အောင့်လာပြီး နေထိုင်မကောင်းသဖြင့် ဆေးစစ်ကြည့်ရာမှ နှလုံးသွေးကြောကျဉ်းသည်ကို သိရှိရကြောင်း ဝန်ကြီးဦးအောင်မင်း၏ ကိုယ်ရေးအရာရှိကိုဝေဖြိုးအောင်ကပြောသည်။

"မနေ့က(ဇန်နဝါရီ၁၃ရက်) တစ်ရက်ပဲ နားလိုက်တယ်။ ဒီနေ့ရုံးပြန်တက်နေပြီ။ ဆရာဝန်ကနားဖို့ပြောပေမယ့် အလုပ်ကနားလို့မှမရတာ"ဟု ကိုဝေဖြိုးအောင်က ပြောသည်။

ထို့ကြောင့် မကြာမီ ဆွေးနွေးမည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)နှင့် ဆွေးနွေးပွဲသို့ ဝန်ကြီးဦးအောင်မင်း တက်ရောက်လိမ့်မည်ဟု မြန်မာ့ငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။

ဝန်ကြီးဦးအောင်မင်းမှာ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်နိုင်ခဲ့ပြီး ကေအင်န်ယူနှင့်နီးစပ်သောဝန်ကြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၂ရက်က ပြုလုပ်သည့် ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်နိုင်ခြင်းမရှိပေ။

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL

**သတင်းထောက်အဖြစ်လုပ်ကိုင်လိုသူများအတွက် အထူးအခွင့်အရေး**

- အသက် ၃၅ နှစ်အောက်၊ ပညာအရည်အချင်းအနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း အောင်ထားသူ၊ ကျား/မ မရွေးလျှောက်ထားနိုင်သည်။
- နေ့၊ ည အချိန်ကန့်သတ်ချက်မရှိထမ်းဆောင်နိုင်သူဖြစ်ရမည်။
- သတင်းမီဒီယာလုပ်ငန်းကိုစိတ်ဝင်စားပြီး နယ်ပယ်စုံနှံ့စပ်မှုရှိသူများ ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသေးသူများလည်းလျှောက်ထားနိုင်သည်။
- လူဦးရေ ၂၀ ခေါ် ယူမည်ဖြစ်ပြီး လျှောက်လွှာများအား အောက်ဖော်ပြပါ လိပ်စာအတိုင်း တစ်ပတ်အတွင်းပေးပို့လျှောက်ထားနိုင်သည်။

**လက်ရှိသတင်းထောက်အဖြစ်အသက်မွေးဝမ်းကျောင်းပြုနေသောလုပ်ငန်းအတွေ့ကြုံရှိသတင်းထောက်များအား အထူးခံစားခွင့်ဖြင့် ခန့်ထားမည်ဖြစ်သည်။**

**7 Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေး**

၁။ **Layout Designer** (၅) ဦး (ကျား/မ)
Adobe Indesign (Expert), Adobe Photoshop (Essential), Adobe Acrobat(Essential), Adobe Illustrator(Essential), Newspaper Layout Design ကို ကောင်းမွန်စွာ နားလည် တတ်ကျွမ်းရမည်ဖြစ်ပြီး ဒီဇိုင်းအမြင်ရှိရမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ **စာစီစာရိုက်ကျွမ်းကျင်** (၅) ဦး (ကျား)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

**မှတ်ချက် - အမှတ်စဉ်(၁)-(၂) လျှောက်ထားသူများသည် အသက် ၃၀အောက်ဖြစ်ရမည်။**

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၁၁. ၁. ၁၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Diamond Centre (G-12) မြေညီထပ်၊ တိုက်(B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

စာ-၂၈မှ

## ကေအိုင်အိုပြောရေးဆိုခွင့်ရှိသူဦးလနန်နှင့် တွေ့ဆုံခြင်း

အဲဒီလိုသတိအနေနဲ့နေရင်း တန်းလန်းနဲ့ကို အခုလိုမျိုး ဖြစ်လာတယ်။ ဒီနေ့ဖြစ်တဲ့ ဖြစ်စဉ်မှာလည်း အရပ်သားတွေက ဗုံးခိုကျင်းတွေထဲပုန်းဖို့ အဆင်သင့်ပါပဲ။ ပေါက်ကွဲသံကြားလိုက်တာနဲ့ နေရာယူပြီးသားပါ။ ဒါပေမဲ့ အမြောက်ကျည်ဆန်က မြန်တဲ့အတွက် အားလုံးရှောင်ချိန်မရခဲ့ဘူး။ ဒီနေ့ သေဆုံးဒဏ်ရာရတဲ့လူတွေ အများစုက ဒုက္ခသည်တွေပါ။ တခြားရပ်ရွာက တိုက်ပွဲဖြစ်လာတဲ့အခါ လိုင်ဇာဘက်ကိုပြေးလာပြီး ဆွေမျိုးအိမ်မှာ ခိုကပ်နေတဲ့ ဒုက္ခသည်တွေပါ။ အဲဒီမှာ ၉ တန်းကျောင်းသား အသက် ၁၄ နှစ်အရွယ်ပါတယ်။

**ဒီလပိုင်းတွေမှာဆို အွန်လိုင်း၊ ဖေ့စ်ဘွတ်ခ်တွေမှာဆို ဟိုဘက်ဒီဘက် အုပ်စုကွဲသလိုမျိုးဖြစ်လာ။ မှတ်ချက်ပေးတာတွေကလည်း တော်တော်လေး အစွန်းရောက်လာတာတွေ့ရတယ်။ အဲဒါတွေက ပြဿနာကို ပိုဆိုးရွားသွားစေနိုင်တယ်လို့ထင်ပါသလား။**

ဖေ့စ်ဘွတ်ခ်တွေ ဒီမှာဖွင့်လို့မရဘူး။ ဖေ့စ်ဘွတ်ခ်ထဲမှာ အချင်းချင်း အချင်းများနေကြတယ်ဆိုတာ ကြားရတော့ စိတ်မကောင်းဘူး။ မလုပ်သင့်တဲ့ကိစ္စလို့ ယူဆတယ်။ ဖေ့စ်ဘွတ်ခ်မှာ ပြောကြဆိုကြရင်း နောက်မှာ လူမျိုးရေးပြဿနာတွေ ပေါ်လာနိုင်တယ်။ အဲဒါတကယ့် စိုးရိမ်စရာပဲဗျ။ ဒါမဖြစ်စေချင်ဘူးဗျ။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ အခုချိန်မှာ အရေးကြီးဆုံးက ဘာဖြစ်မယ်ထင်လဲ။ ပြန်ပြီး စကားဝိုင်း စနိုင်ဖို့ ဆိုရင်က အဓိကဘာလိုအပ်မယ်ထင်ပါသလဲ။**

အဓိကကတော့ တိုင်းရင်းသားတွေ ပြောဆိုနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုဝိုင်းပြီးတော့ တည်ဆောက်နိုင်တဲ့ နိုင်ငံရေးဆွေးနွေးမှုကို စတင်ဖို့ပါပဲ။ နိုင်ငံရေးဆွေးနွေးမှု စတင်လိုက်တာနဲ့ ဒီပြဿနာတွေဟာ အားလုံးပြေလည်သွားဖို့ အဆင်သင့်ပါပဲ။ အရင်တုန်းက နိုင်ငံရေးဆွေးနွေးမှုကို မပြောဘူး။ ဒီနောက်ပိုင်းမှာ နိုင်ငံရေးဆွေးနွေးဖို့လုပ်ရအောင်ဆိုတဲ့ ပြောလာတာမျိုး ရှိပါတယ်။ ဒါပေမဲ့ သူတို့ရင်ထဲမှာ ၂၀၀၈ အခြေခံဥပဒေဘောင်ထဲကပဲ လုပ်ဆောင်သွားကြမယ်ဆိုတာမျိုး။ ပြောရရင်တော့ ဒီနိုင်ငံရေး ဆွေးနွေးမယ်ဆိုတဲ့ကိစ္စလည်း အဖြေကောင်းရနိုင်တဲ့ နိုင်ငံရေးဆွေးနွေးမှုဖြစ်ပေါ်လာနိုင်စရာ အကြောင်းမရှိဘူး။ ဒါကြောင့် ပြေလည်ဖို့ဘာလိုလဲဆိုတော့ နိုင်ငံရေးဆွေးနွေးဖို့လိုတယ်။ နိုင်ငံရေးဆွေးနွေးမှုရှိရမယ်။ တိုင်းရင်းသားတွေ လိုလားနေတဲ့ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံတဲ့နိုင်ငံရေးဆွေးနွေးမှုကို ပုံဖော်သွားမယ်ဆိုရင်တော့ ဒီကိစ္စလွယ်လွယ်နဲ့ ပြေလည်သွားမှာပါ။ အခု သူတို့ဆန္ဒရှိပြီး အခုဖော်ထုတ်လိုက်တာနဲ့ တစ်ရက်နှစ်ရက်အတွင်းမှာ အေးငြိမ်းသွားနိုင်တဲ့ကိစ္စရှိတယ်။ နောက်တစ်ခုက အောက်တိုဘာ ၃၀ ရက် အတောအတွင်းမှာ ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးရအောင် ပြောဆိုပြီးတဲ့နောက်ပိုင်းမှာ စစ်ဆင်ရေးတွေ အရှိန်မြှင့်ပြီး လုပ်လာတယ်။ ဒါကိုချိန်ထိုးပြီးမှ သုံးသပ်ရမယ့်အပိုင်းရှိတယ်။

**တွေ့ဆုံဆွေးနွေးရေး ပြန်လုပ်ဖို့ စစ်ရှိန်တအားမြှင့်နေတော့ စစ်ရှိန်လျှော့ဖို့ သဘောတူပါသလား။**

စစ်ရှိန်လျှော့ဖို့ဆိုတာ ဒါလုပ်ရမယ့် ကိစ္စတစ်ခုပါ။ စစ်အရှိန်လျှော့ဖို့ ဘာတွေလုပ်ရမလဲဆိုရင် ကချင်ပြည်နယ်ကို ရောက်နေတဲ့ တပ်မတွေအားလုံးကို မူလတပ်တွေနေရာကို ပြန်ပြီးဆုတ်သွားလိုက်ပါ။ နောက်ပြီး လေယာဉ်သုံးပစ်ခတ်မှုတွေကို ရပ်ဆိုင်းလိုက်ပါ။ ဒါဆိုရင် စစ်အရှိန်လျှော့သွားမှာပဲ။ ၂၀၁၂ ပတ်ဝန်းကျင်မှာ တိုက်ပွဲတွေ ကြီးကြီးမားမားမရှိခဲ့ဘူးဆိုတာ သူတို့စစ်ရေးလှုပ်ရှားမှု မရှိလို့ပါ။ စစ်ဆင်ရေးလုပ်လာတာနဲ့ အမျှ တိုက်ပွဲတွေပြင်းထန်လာတယ်။ စစ်အရှိန်ဟာ အစိုးရတပ်ရဲ့ ထိုးစစ်ပေါ်မှာမူတည်တယ်။ တပ်တွေကိုသာပြန်ဆုတ်လိုက်ပြီး စမ်းကြည့်ပါ။ တိုက်ပွဲ အရှိန်လျှော့သွားမှာပါ။

**ဖြေကြားပေးတဲ့အတွက် ကျေးဇူးပါ။**

7 DAY NEWS JOURNAL
Vol.11, No.45 ▪ JANUARY 17 , 2013

## ၂၀၁၅ ရွေးကောက်ပွဲဝင်ရေးထက် အခြေခံဥပဒေပြင်ဆင်ရေး ဦးစားပေးမည်ဟု လူ့ဘောင်သစ်ပါတီပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၅**

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ၂၀၁၅တွင်ရွေးကောက်ပွဲဝင်ရန်ထက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးကို အလေးထားဆောင်ရွက်မည်ဟု ယနေ့နံနက်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပါတီတာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဟု ပါတီက ပြောကြားထားသော်လည်း နိုင်ငံရေးပါတီအဖြစ် ပြန်လည် မှတ်ပုံတင်မည်ဆိုခြင်းမှာ ပါတီကို လူထုကြားထဲ ပြန်လည်ရပ်တည်နိုင်ရန်သာဖြစ်ကြောင်း ပါတီ၏ နိုင်ငံတကာဆက်ဆံရေး တာဝန်ခံဦးဇော်ဇော်ထွန်းက ပြောကြားသည်။

ပါတီမှာ ခြောက်လအတွင်း ပြန်လည်မှတ်ပုံတင်မည်ဖြစ်သည်။

"ကျွန်တော်တို့ပါတီ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး ဆိုတာထက် ၂၀၁၅ မှာ ဘာဖြစ်လာမလဲဆိုတာပြောဖို့ခက်နေပါတယ်။ ဒီမတိုင်ခင်မှာ ၂၀၀၈ ပြင်ဆင်ရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဆွေးနွေးရေးတွေ ဒါတွေကိုလည်း လုပ်ရဦးမှာဆိုတော့ ၂၀၁၅က ဘယ်လိုဖြစ်သွားမလဲဆိုတာ ဆက်ပြီးစောင့်ကြည့်ရမယ့်ကာလဖြစ်ပါတယ်" ဟု ယင်းကဆိုသည်။

လွှတ်တော်ထဲတွင် အခြေခံဥပဒေကို ပြင်ဆင်ရန်မှာ ဖြစ်နိုင်ခြေအနည်းဆုံးဟု ပါတီအနေဖြင့် ယုံကြည်ကြောင်းပါတီအထွေထွေအတွင်းရေးမှူး ဦးငွေလင်းကဆိုသည်။

## ဒယ်အိုးဆရာတော် ဥူးသုမင်္ဂလ တရားဟောခွင့်ရ

**ပြည်သိမ်း** ရန်ကုန်၊ဇန်နဝါရီ-၁၅

တစ်နှစ်ကျော်ကြာ တရားဟောခွင့် ပိတ်ပင်ခံခဲ့ရသော ဒယ်အိုးဆရာတော် ဥူးသုမင်္ဂလသည် စမ်းချောင်းမြို့နယ် ကျွန်းတောကျောင်းတိုက်၌ ယခုလ ၂၁၊ ၂၂ ရက်တွင် ပြန်လည်တရားဟောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆရာတော်ကို တိုက်ကြီးမြို့နယ် အောင်ချမ်းသာကျောင်းတိုက်ဓမ္မသဘင်တွင် "ခွေးကိုအဖေခေါ်သူ" တရားဟောပြီးနောက် နိုင်ငံတော်မဟာသံဃနာယကအဖွဲ့က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀၁၂ခုနှစ် နိုဝင်ဘာ ၈ရက်အထိ တစ်နိုင်ငံလုံးတွင် တရားဟောခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဆရာတော်သည် ပြည်ပနိုင်ငံများမှ ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကြွချီလာပြီး မိုးကုတ်မြို့တွင် သတင်းသုံးနေကြောင်း ဆရာတော်၏ ဒကာရင်းတစ်ဦးကပြောသည်။

## ကချင်အရေးမှာ ရှုပ်ထွေးသော်လည်း ခြေရာခံမရအောင် ဖြစ်နေသော ပဋိပက္ခမဟုတ်ဟု ICG အဖွဲ့ သုံးသပ်

**ရန်ကုန်၊ဇန်နဝါရီ-၁၁**

ကချင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာပဋိပက္ခများ လေ့လာသုံးသပ်ရေးအဖွဲ့ (ICG)က ဇန်နဝါရီ ၁၀ ရက်တွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ ယင်းအရေးကိစ္စမှာ ရှုပ်ထွေးသော်လည်း ခြေရာခံမရအောင် ဖြစ်နေသောပဋိပက္ခမဟုတ်ကြောင်း အကဲဖြတ်ထားသည်။

အကြောင်းမှာ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)နှင့် မြန်မာစစ်ဘက် အကြား အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ တရားဝင်ဆွေးနွေးပွဲများသာမက ယင်းကိုမည်သို့အကောင်အထည်ဖော်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍လည်း အလွတ်သဘော ဆွေးနွေးညှိနှိုင်းမှုများ ရှိနေသောကြောင့်ဟု ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော် အစီရင်ခံစာတွင် မြန်မာစစ်ဘက်နှင့် KIO အဖွဲ့တို့၏ ရပ်တည်ချက်များကို အတတ်နိုင်ဆုံး လေ့လာသုံးသပ် ဝေဖန်ပြောကြားထားပြီး နောက်ဆုံးဖြစ်ပေါ်ခဲ့သော လိုင်ဇာဌာနချုပ်အနီး စခန်းတစ်ခုအားမြန်မာစစ်ဘက်မှ လေကြောင်းအထောက်အကူဖြင့် တိုက်ခိုက်ခဲ့ခြင်းမှာ ထိုးစစ်များ မဆင်နွှဲရန် သမ္မတ၏အမိန့်နှင့် ကိုက်ညီပုံမရဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော် တစ်ဆက်တည်းမှာပင် စစ်ဘက်တပ်စခန်းများသို့ စားနပ်ရိက္ခာထောက်ပံ့ရေးအတွက် ယာဉ်တန်းများ ဖြတ်သန်းမည်ကို ကြိုတင်အသိပေး အကြောင်းကြားထားခဲ့သော်လည်း KIO အဖွဲ့က သုံးကြိမ်၊ သုံးခါစလုံး ချုံခိုတိုက်ခိုက်ခဲ့သည်ဟု New Light of Myanmarမှ သတင်းကိုလည်း အစီရင်ခံစာတွင် ကိုးကားဖော်ပြထားသည်။

ထို့အပြင် တိုက်ခိုက်မှုများ မြင့်တက်လာခြင်းအတွက် KIO တွင်လည်း အပြစ်မကင်းကြောင်း အစီရင်ခံစာကဆိုထားပြီး တပ်မတော်ကို ထိုးစစ်များမပြုရန် သမ္မတ၏ကြေညာချက်ကို KIO အဖွဲ့က တုံ့ပြန်ခြင်းမရှိဘဲ စစ်ဘက်နှင့်မဟာဗျူဟာကျသော ပစ်မှတ်များအား ဆက်လက်တိုက်ခိုက်နေသည်ဟု ယင်းအစီရင်ခံစာကဆိုသည်။ အောက်တိုဘာ ၃၀ရက်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်လည်း မြန်မာစစ်ဘက်က အရာရှိကြီးတစ်ဦးဖြင့် ကိုယ်စားပြုခဲ့သော်လည်း KIO ဘက်က အဆင့်နိမ့် ကိုယ်စားလှယ်အဖွဲ့သာ တက်ရောက်ခဲ့ခြင်းအတွက်လည်း အရေးမစိုက်ခြင်းဟု အဓိပ္ပာယ်ကောက်ခြင်းခံရပြီး ယင်းသို့ဖြစ်လာရန် တပင်တပန်း ကြိုးစားခဲ့သော ဝန်ကြီးဦးအောင်မင်းအတွက်လည်း မျက်နှာပျက်စရာဖြစ်ခဲ့သည်။

ယင်းအစီရင်ခံစာမှာပင် ကချင်ပြည်နယ်တွင် တိုက်ခိုက်မှုများ မြင့်တက်လာပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် သမ္မတဦးသိန်းစိန်၏ပုံရိပ်ကိုလည်း ထိခိုက်နိုင်ကြောင်း သတိပေးထားသော်လည်း ပွင့်လင်းလာသော နိုင်ငံရေးအခြေအနေမှနေ၍ ယခုပဋိပက္ခအား လူတိုင်းလူတိုင်းက ဆန်းစစ်လေ့လာခွဲခြားသုံးသပ်လာနိုင်သည်ဟု သုံးသပ်ထားသည်။

*-Ref: A Serious threat to peace in Myanmar By; ICG*

## သတင်းစာရှင်းလင်းပွဲပြုလုပ်ရန်စီစဉ်ပြီး အရိုက်ခံရသူနှင့် ၎င်းအားဝိုင်းရိုက်ရာတွင် ပါဝင်သော ရိုးရိုးလေးဟိုတယ်ပိုင်ရှင်တို့ကြား အပြန်အလှန်အမှုဖွင့်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၅**

ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ "တရားဥပဒေစိုးမိုးရေးစိန်ခေါ်နေသူများ" ခေါင်းစဉ်ဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည့် ဦးထင်ကျော်နှင့် ၎င်းအားဝိုင်းရိုက်ရာတွင်ပါဝင်ခဲ့သော ရိုးရိုးလေးဟိုတယ်ပိုင်ရှင်တို့အပြန်အလှန်အမှုဖွင့်ထားကြသည်။

ဦးထင်ကျော်က ဇန်နဝါရီ ၁၃ ရက်တွင် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေမှုများ ခေါင်းစဉ်ဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ရာ ထိုခေါင်းစဉ်အောက်တွင် မွန်ပြည်နယ်ရှိ ရိုးရိုးလေးဟိုတယ်ပိုင်ရှင်၏ ပုဂ္ဂိုလ်ရေးရာအကြောင်းအချို့ ပါဝင်ပြောကြားမည်ဖြစ်၍ ၎င်းကုမ္ပဏီပိုင်ရှင်က လာရောက်ဟန့်တားစဉ် ခိုက်ရန်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် အပြန်အလှန် အမှုဖွင့်ထားကာ ကိုထင်ကျော်က ဦးသိန်းနိုင်အား အုပ်စုဖွဲ့ရမ်းကား ဆဲဆိုနာကျင်စေမှုဖြင့် အမှုဖွင့်ထားပြီး ဦးသိန်းနိုင်ကလည်း အသရေဖျက်မှု၊ မဟုတ်မမှန် သတင်းဖြန့်ဝေမှုတို့ဖြင့် ဗဟန်းမြို့နယ်ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

"ကျွန်တော် ကားပေါ်က ဆင်းတော့ ကားပါကင်ရှေ့ကနေ သူက မင်းက ထင်ကျော်လားကွ ဆိုပြီး ပြောတော့ ကျွန်တော်ကလည်း သူဘယ်သူမှန်းမသိဘူး။ အဲဒီတော့ လက်ဆွဲနှုတ်ဆက်ဖို့လုပ်တော့ သူက ငါက ရိုးရိုးလေး သိန်းနိုင်ကွ ဆိုပြီး စထိုးတာ။ သူအပါအဝင် သူ့တပည့်သုံးယောက်ကလည်းထိုးပြီး ထီးနဲ့ရိုက်တယ်။ အဲဒီအချိန်မှာ တခြားသူတွေက ဝင်တားပြီး ဒီကိစ္စ ရဲခေါ်ပြီးဖြေရှင်းမယ်လုပ်တော့ သူက ကားပေါ်တက်ပြီး ငါ့နောက်မှာ ဗိုလ်ချုပ်တွေရှိတယ်ပြောပြီး တော်ဝင်နှင်းဆီနောက်ကနေ ထွက်သွားတယ်" ဟု သတင်းစာရှင်းလင်းပွဲ၌ ဟောပြောမည့်သူ ကိုထင်ကျော်ကပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မွန်ပြည်နယ်မှ ရိုးရိုးလေးကုမ္ပဏီပိုင်ရှင် ဦးသိန်းနိုင်ကို ဆက်သွယ်မေးမြန်းရာ ၎င်းက "ဒီလူက ဟီးရိုးဖြစ်ပြီး နာမည်ကြီးချင်နေတာ။ ဦးအနေနဲ့ ရိုက်တာလည်း မရှိဘူး။ ဦးအနေနဲ့ သူတို့နိုင်ငံရေးကိစ္စလုပ်ရင် သူများ ပုဂ္ဂိုလ်ရေးရာ ဝင်မစွက်ဖက်နဲ့လေ။ ဦးတို့က လာတားရင်းနဲ့ သူက တံတောင်ဆစ်နဲ့ စထိုးလို့ ဦးတပည့်တွေကလည်း ဝင်လုပ်ရင်းနဲ့ ထိုးသလိုဖြစ်သွားတာ" ဟုဆိုသည်။

ရဲစခန်းတွင် မျက်မြင်သက်သေအဖြစ် ထွက်ဆိုချက်ပေးခဲ့သော ဒေါ်စန်းစန်းမြင့်က "အန်တီတို့က အဲဒီနားမှာ မတ်တတ်ရပ်နေတာ။ အဲဒီအချိန်မှာ ကိုထင်ကျော်ကားက အန်တီတို့နားက ဖြတ်သွားတာ။ ကိုထင်ကျော် ဆင်းဖို့လုပ်နေရင်း အဲဒီလူတွေက နဂိုကတည်းက ကြိုပြီးစောင့်နေတာ။ နောက် သူတို့က ကိုထင်ကျော်ကို ဝိုင်းထိုးကြတာ။ အန်တီတို့က မိန်းမတွေဆိုတော့ ဘာမှဝင်ပြီး မလုပ်နိုင်ဘူး။ ပါးစပ်ကနေပဲ လာကြပါဦးလို့ပဲ အော်ပြီး ပြောလို့ရတာ။ သူတို့လုပ်ရပ်တွေ ဖော်ထုတ်မှာစိုးလို့ အခုလိုလုပ်တာ" ဟုပြောသည်။

ပြုလုပ်ရန် စီစဉ်ထားပြီး မကျင်းပဖြစ်သော သတင်းစာရှင်းလင်းပွဲတွင် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေမှုများခေါင်းစဉ်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု၊ ကုန်ဈေးနှုန်းကျဆင်းရေး ကိစ္စရပ်များအပြင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရိုးရိုးလေးကုမ္ပဏီပိုင်ရှင် ဦးသိန်းနိုင်အား ၂၀၀၇ ခုနှစ်က ချဲဒိုင်ချုပ်အမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့သော်လည်း ဦးသိန်းနိုင်အနေဖြင့် တစ်နှစ်ကျော်သာ ကျခဲ့သည့်အတွက် တရားဥပဒေညီညွတ်မှု ရှိမရှိအပေါ် ဆွေးနွေးမည်ဖြစ်သည်ဟု ဦးထင်ကျော်က ပြောသည်။

## သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် အများပိုင်ကုမ္ပဏီထူထောင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၉**

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအား မြန်မာနိုင်ငံသားတိုင်း ပါဝင်နိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုထူထောင်ကာ ဂျပန်နိုင်ငံနှင့် ပူးပေါင်းတည်ထောင်သွားမည်ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။

အဆိုပါစီမံကိန်းအတွက် ဂျပန်နိုင်ငံက ၄၉ ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံမည်ဖြစ်ပြီး မြန်မာနိုင်ငံက ၅၁ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ သို့သော် ဇုန်ပြင်ပအခြေခံအဆောက်အအုံများကို မြန်မာအစိုးရက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ငွေကြေးအခက်အခဲရှိပါက ဂျပန်အစိုးရမှ အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် လိုသလောက်ချေးပေးမည်ဟု သဘောတူထားကြောင်း ဒုဝန်ကြီးဦးဆက်အောင်ကပြောသည်။ ၂၀၁၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်နှင့် ဥရောပနိုင်ငံများမှလုပ်ငန်းရှင်များက လာရောက်လုပ်ကိုင်ရန် ကမ်းလှမ်းထားသည်ဟုလည်းဆိုသည်။

## ကျပ်သိန်း ၂၅,၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွဆေးများ ရန်ကုန်မြို့တွင်းဖမ်းမိ

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

မင်္ဂလာဈေးအနီး လျှပ်စစ်နှင့် လူသုံးကုန်ပစ္စည်းသိုလှောင်သော တိုက်ခန်းတစ်ခုတွင် ကာလတန်ဖိုး ကျပ်ငွေသိန်း ၂၅၀၀၀ခန့်(၂၄,၈၉၀ ကျပ်သိန်း) တန်ဖိုးရှိသော wy စာတန်းပါ နီညိုရောင် စိတ်ကြွဆေးပြားအလုံးရေ ငါးသိန်းခန့်အား ဖမ်းဆီးရရှိခဲ့ကြောင်း သတင်းရရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၆ လမ်းရှိ တိုက်ခန်းပထမထပ်သို့ ရန်ကုန်အနောက် မူးယစ်(အထူး)အဖွဲ့၊ နယ်မြေရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများက သတင်းအရ ည ၉ နာရီတွင်ဝင်ရောက်ရှာဖွေရာ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်ပစ္စည်းနှင့် စားသောက်ကုန်စက္ကူဂျပ်ဖာများတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား အထပ်ထပ်ထုပ်ပိုး ထည့်သွင်းထားသော ဆေးပြား ၄၉၇၈၀၀လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ပမာဏများပြားလွန်း၍ အံ့သြမိကြောင်း ရှာဖွေဖမ်းဆီးစဉ်က ပါဝင်ခဲ့သူတစ်ဦးက ပြောသည်။

"ရန်ကုန်တိုင်းတစ်တိုင်းလုံးမှာ ဒီလောက်ပမာဏ ဖမ်းဆီးမှုရလဒ်ကြောင့် တုန်လှုပ်သွားတယ်။ အရင်ကတော့ ဒီနယ်မြေမှာမကြာခဏ ဖမ်းဆီးရမိတာရှိတယ်။ ဒီလမ်းမှာပဲ ဆေးပြား တစ်သိန်းရှစ်သောင်းမိဖူးတယ်။ ဒီတစ်ခါမိတာကတော့ အများဆုံးပါပဲ" ဟု ဖမ်းဆီးစဉ်ပါဝင်ခဲ့သော တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိတ်ကြွဆေးပြားများ သိုလှောင်ထားသော တိုက်ခန်းတွင် ပစ္စည်းအသွင်း၊ အထုတ်ပြုလုပ်ရာ၌ မသင်္ကာစရာရှိနေခြင်းကို ရပ်ကွက်နေသူများ၏ သတင်းပေးချက်ဖြင့် သိရှိခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာမှ ရှာဖွေခွင့်ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေချိန်တွင် ဖမ်းဆီးမိသော အမျိုးသားသည် စိတ်ကြွဆေးပြားများ သိမ်းဆည်းထားသော နေရာကို အသာတကြည်ပြသခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စိတ်ကြွဆေးပြားများ အမြောက်အမြား ဖမ်းဆီးမိသော တိုက်ခန်းသည် ပစ္စည်းသိုလှောင်ရုံအဖြစ် အသုံးပြုနေခြင်းဖြစ်ပြီး ဖမ်းဆီးရမိသော အမျိုးသားသည် ၁၂၃ လမ်းတွင် နေထိုင်သူဖြစ်ကြောင်း သတင်းရရှိသည်။

# မြို့သာမြို့တွင် စက်မှုဥယျာဉ်နှင့် ဆိပ်ကမ်းစီမံကိန်းများ တည်ဆောက်ရန်စီစဉ်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၁၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာမြို့ကို ဗဟိုပြု၍ မြေဧက နှစ်သိန်းခြောက်သောင်းကျော်ပေါ်တွင် မြို့သာ စက်မှုဥယျာဉ်စီမံကိန်းနှင့် ဧရာဝတီမြစ် ဆီမီးခုံ ဆိပ်ကမ်းစီမံကိန်းတို့ကို အကောင်အထည်ဖော်ရန် အစီအစဉ် ရေးဆွဲထားကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

အဆိုပါစီမံကိန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီး ဦးဆောင်သည့် မန္တလေးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (MIDA) နှင့် တော်ဝင် အဆင့်မြင့်နည်းပညာအဖွဲ့ကုမ္ပဏီလီမိတက် (RHGC) တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော်မည်ဖြစ်သည်ဟု ဆိုသည်။

စီမံကိန်းပထမအဆင့်အနေဖြင့် ဧရာဝတီမြစ်ဆိပ်ကမ်း ဆီမီးခုံကျေးရွာအနီး မြေဧက (၃၈၀)ပေါ်တွင် ဆီမီးခုံဆိပ်ကမ်းနှင့် မြို့သာမြို့အနီးမြေဧက ၁၀,၀၀၀ ပေါ်တွင်မြို့သာစက်မှုဥယျာဉ်စီမံကိန်းများကို သုံးနှစ်မှ ဆယ်နှစ်အတွင်း ပီပြင်အောင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း RHGC ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောသည်။

စီမံကိန်းဧရိယာတွင် မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များမှ မြေယာများပါဝင်မည်ဖြစ်ပြီး စိုက်ပျိုးမြေယာပါဝင်မှု နည်းပါးသည်ဟု ဆိုသည်။ စီမံကိန်းအတွင်းပါဝင်သည့် သီးနှံစိုက်ပျိုးမြေများအတွက် တစ်ဧကကျပ်သိန်းနှစ်ဆယ်နှုန်းနစ်နာကြေးပေးရန် ဒေသခံများနှင့် ညှိနှိုင်းသဘောတူညီမှုရရှိထားကြောင်း သတင်းရရှိသည်။ ဆီမီးခုံဆိပ်ကမ်း တည်ဆောက်မည့်နေရာမှ စက်မှုဥယျာဉ်တည်ဆောက်မည့်နေရာသို့ ဆက်သွယ်သည့်လမ်းဖောက်လုပ်ရန် လမ်းအူကြောင်းအတွင်း ပါဝင်နေသည့် ဒေသခံများပိုင်ဆိုင်သည့်စိုက်ပျိုးမြေဧက ၁၀၀ ကျော်အတွက် တစ်ဧကလျှင်ကျပ်သိန်းနှစ်ဆယ်နှုန်းဖြင့် နစ်နာကြေးရရှိထားကြောင်း ငါန်းဇွန်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မန္တလေးတိုင်းလွှတ်တော်သို့ ပဥ္စမပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ပြီး လွှတ်တော်မှ စီမံကိန်းဆောင်ရွက်ရန် အတည်ပြု ဆုံးဖြတ်ပေးခဲ့သည်။ MIDA နှင့် RHGC တို့ စီမံကိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ယခုလ ၉ ရက်က သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

ဒေသခံများတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ အလယ်ပိုင်း စီးပွားရေး ရပ်ဝန်းကြီးတစ်ခု ဖြစ်ပေါ်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများအောင်မြင်စေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်က ဇန်နဝါရီလ ၉ ရက်တွင်မန္တလေးမြို့၌ ပြုလုပ်သည့် စီမံကိန်းနှင့် ပတ်သက်သည့်သဘောတူစာချုပ်လက်မှတ်ရေးထိုးရာတွင် ပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# စာနယ်ဇင်းကောင်စီ မီဒီယာဥပဒေမူကြမ်း သတင်းထောက်များကို ချပြမည်ဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ဇန်နဝါရီ-၁၂**

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ရေးဆွဲလျက်ရှိသော မီဒီယာဥပဒေမူကြမ်းကို လွှတ်တော်သို့မတင်ပြမီ မီဒီယာသမားများကို ဇန်နဝါရီလမကုန်မီ ချပြသွားမည်ဖြစ်ကြောင်း ယင်းကောင်စီထံမှ သတင်းရရှိသည်။

အဆိုပါ ဥပဒေအား မီဒီယာသမားများကို ချပြရာတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ပြီး အကြံပြုချက်များ၊ဖြည့်စွက်ချက်များကို ထည့်သွင်းရေးဆွဲနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်သည်ဟုစာနယ်ဇင်းကောင်စီ(ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေကပြောသည်။

စာနယ်ဇင်းကောင်စီ(ယာယီ)မှ ရေးဆွဲလျက်ရှိသော မီဒီယာဥပဒေကို ပုံနှိပ်နှင့်သတင်းမီဒီယာဥပဒေမူကြမ်းဟု အမည်ပေးထားပြီး ဒုတိယအဆင့် မူကြမ်းပြီးစီးက တတိယအဆင့်ကို စတင်ကိုင်တွယ်နေပြီဖြစ်ကြောင်း ယင်းဥပဒေမူကြမ်းတွင် စာနယ်ဇင်း သမားများအတွက်သာမက ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအတွက်ပါထည့်သွင်းရေးဆွဲထားကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးသီဟစောကဆိုသည်။

လက်ရှိအချိန်တွင် အစိုးရဌာနများနှင့် မီဒီယာသမားများကြားကြုံတွေ့နေရသော ကိစ္စရပ်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းအချို့အား တိုင်ကြားခံထားရမှုများကို အဓိကထား ဖြေရှင်းပေးနေရကြောင်း စာနယ်ဇင်းကောင်စီ(ယာယီ)အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ဖြေရှင်းရေးကော်မတီ တာဝန်ခံဦးဖေမြင့်ကပြောသည်။မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အား ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင် ၂၈ ဦးဖြင့်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

# အသစ်ထပ်မံဖွင့်လှစ်သော ကွန်ပျူတာတက္ကသိုလ်တွင် လက်တွေ့အချိန်သုံးဆ တိုးမြှင့်သင်ကြားမည်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ယခုစာသင်နှစ်တွင် အသစ်ထပ်မံဖွင့်လှစ်ခဲ့သော ရန်ကုန်နှင့်မန္တလေး ကွန်ပျူတာတက္ကသိုလ်များတွင် လက်တွေ့သင်ကြားခြင်းကိုယခင်ထက် သုံးဆခန့် တိုးမြှင့်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၂ ဒီဇင်ဘာ ၃ ရက်တွင် အသစ် ထပ်မံဖွင့်လှစ်ခဲ့သော ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် (ဗဟန်းနယ်မြေ)၌လက်တွေ့သင်ခန်းစာများကို အချိန်ပေး၍ သင်ကြားနေကြောင်း အဆိုပါ တက္ကသိုလ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ယင်းတက္ကသိုလ်တွင် ယခုစာသင်နှစ်၌ ပထမနှစ်ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့် တက်ရောက်သင်ကြားနေသောကြောင့် လက်တွေ့ပိုင်းကို ပိုမိုထိရောက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ပြီး တစ်ပတ်လျှင် လက်တွေ့ချိန် ၁၅ နာရီ လေ့ကျင့်သင်ကြားပေးနေသည်ဟု ဆိုသည်။

လက်တွေ့လုပ်ငန်းများ အချိန်ပေး ဆောင်ရွက်နေမှုသည် "ထူးချွန်ပြီး နိုင်ငံတကာ အဆင့်မီတဲ့ ကျောင်းသားတွေ မွေးထုတ်ပေးနိုင်ဖို့ရည်ရွယ်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ယခုနှစ်တွင် ရန်ကုန်နှင့် မန္တလေး နည်းပညာတက္ကသိုလ်များတွင် ကျောင်းဝင်ခွင့် အမှတ်များတိုးမြှင့်ခေါ်ယူခဲ့သောကြောင့် ကျောင်းသားများ၏ အရည်အချင်းသာမက ကြိုးစားအားထုတ်မှုပိုမိုကောင်းမွန်လာနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(မန္တလေး)မှဥက္ကဋ္ဌ ဦးရဲမြတ်သူက ပြောသည်။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ "ကွန်ပျူတာကို ကျောက်သင်ပုန်းနဲ့ သင်ရင် အလုပ်မဖြစ်ဘူး" ဟု ၎င်းက သုံးသပ်သည်။

ကွန်ပျူတာတက္ကသိုလ် ဘွဲ့ရများသည် ယခုနောက်ပိုင်းနှစ်များအတွင်း၌ အရည်အချင်း နိမ့်ကျခဲ့သည်မှာ ကွန်ပျူတာတက္ကသိုလ်များ များပြားလာ၍ အရေအတွက်ကိုသာ ဦးစားပေးဆောင်ရွက်နေခြင်းကြောင့်ဖြစ်ပြီး ယခုကဲ့သို့ သီးခြားခေါ်ယူခြင်းမှာလည်း အထက်တန်းကျောင်းများ၌ အဆင့်ခွဲ၍ အခန်းသတ်မှတ်သကဲ့သို့ပင်ဖြစ်ကြောင်း ဦးရဲမြတ်သူက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာတက္ကသိုလ်များ များပြားနေချိန်တွင် ယခုနှစ်မှ စတင်၍ ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်များတွင် စတင်ဖွင့်လှစ်ခဲ့မှုသည် အကြမ်းဖျင်းအားဖြင့် ကောင်းမွန်ပြီး လက်တွေ့များ သင်ကြားရာတွင် လုပ်ငန်းခွင်များနှင့်လည်း ပူးပေါင်း၍ ဆောင်ရွက်သင့်ကြောင်း Myanmar Information Technology ကုမ္ပဏီအမှုဆောင် အရာရှိချုပ် ဦးထွန်းသူရသက်က ပြောသည်။

ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာ တက္ကသိုလ်များတွင် ၂၀၁၂-၁၃ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသားများအား စုစုပေါင်းရမှတ် ၄၅၀ နှင့် အထက်ရရှိသူများကို ကျောင်းဝင်ခွင့် လျှောက်လွှာခေါ်ယူခဲ့သည်။

# လယ်ယာမြေစုံစမ်းရေးကော်မရှင် တွေ့ရှိချက်များ လွှတ်တော်သို့ တင်ပြမည်

**ပြည်သိမ်း၊အောင်နိုင်**

**ရန်ကုန်၊ဇန်နဝါရီ-၁၄**

လယ်ယာမြေစုံစမ်းရေးကော်မရှင်၏စစ်ဆေးတွေ့ရှိအကြံပြုချက်များကို ဇန်နဝါရီလအတွင်း ဆွေးနွေးအတည်ပြုပြီးနောက် လွှတ်တော်သို့တင်ပြဆောင်ရွက်သွားမည်ဟု အဆိုပါကော်မရှင် အတွင်းရေးမှူး ဦးသိန်းထွန်းကပြောသည်။

တစ်ဖွဲ့ချင်း စစ်ဆေးဆောင်ရွက်ထားမှု မတူညီသည့်အတွက် ကော်မရှင်တွင် ဦးစွာဆွေးနွေးပြီး လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်ဟု ဆိုသည်။

"ကော်မရှင်မှာ တတိယပတ်လောက်ထဲမှာ ဆွေးနွေးမယ်။ ပြီးရင် အတည်ပြုပြီး လွှတ်တော်ကို တင်မယ်။ ဒီလွှတ်တော်မှာ စစ်ဆေးတွေ့ရှိချက်တွေ အမီတင်နိုင်မယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ကွင်းဆေးစစ်ဆေးခဲ့သော အတွေ့အကြုံအရ မကွေးတိုင်းတွင် တပ်မတော် စီမံကိန်းများကြောင့် သိမ်းယူမှုမှာ အများဆုံးဖြစ်ပြီး ယင်းအချက်အလက်များကို တင်ပြသွားမည်ဟု ကော်မရှင်အဖွဲ့ဝင်တစ်ဦးကပြောသည်။

"တပ်က သိမ်းတဲ့ကိစ္စတွေကို အများဆုံးတွေ့ရတယ်။ အကြံပြုစာမှာ လိုအပ်သလောက်ပဲ သိမ်းဖို့၊ မလိုအပ်ပါက ပြန်လည်ပေးအပ်ရန်၊ ဒေသကာလပေါက်ဈေး အတိုင်း လျော်ကြေးပေးဖို့နဲ့ မဖြစ်မနေ ရွှေ့ပြောင်းပေးရရင် လက်ရှိထက်မနိမ့်တဲ့ အခြေအနေကို ဆောင်ရွက်ပေးဖို့ လေးချက်ကို တင်ပြဆွေးနွေးသွားမယ်" ဟု မကွေးတိုင်းအတွင်း ကွင်းဆင်းစစ်ဆေးခဲ့သော ကော်မရှင်အဖွဲ့ဝင် ဦးလှဆွေကဆိုသည်။

"လယ်မြေကဏ္ဍက အရေးကြီးတယ်။ ဒီလွှတ်တော်မှာ ဆွေးနွေးမှာ သေချာတယ်" ဟု ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

နိုင်ငံတော်စီမံကိန်းများကို လွှတ်တော်သို့ တင်ပြပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူက နားလည်လက်ခံရန် လိုအပ်ပြီး အပြန်အလှန်ယုံကြည်မှု ပွင့်လင်းမြင်သာမှုရှိရန်အပြင် တရားဥပဒေအတိုင်းဖြစ်ရန် လိုအပ်ကြောင်း၊ ကော်မရှင်တွင် တင်ပြပြီးဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်ခင်ဝိုင်းကြည်က ဆက်လက်၍ ပြောသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အရ အဖွဲ့ဝင် ၆၀ ဦးဖြင့်ဖွဲ့စည်းခဲ့သည်။

"ကော်မရှင်က စစ်ဆေးပြီးသွားပြီ။ ဆုံးရှုံးသွားတဲ့ လယ်တွေ ပြန်လုပ်ခွင့် ရနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု သန်လျင်မြို့နယ်မှ လယ်သမားတစ်ဦးက ပြောကြားသည်။

## The Voice Weekly ဂျာနယ်ကို တရားစွဲဆိုထားသောအမှု သတ္တုတွင်းဝန်ကြီးဌာနက ရုပ်သိမ်း

**အေးသူစံ**

**ရန်ကုန်၊ဇန်နဝါရီ-၁၁**

The Voice Weekly သတင်းဂျာနယ်အား သတ္တုတွင်းဝန်ကြီးဌာနမှ အသရေဖျက်မှုဖြင့် ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုထားခြင်းကိုယနေ့ (ဇန်နဝါရီ ၁၁ ရက်)တွင် အမှုကို ရုပ်သိမ်းပေးလိုက်ကြောင်း အဆိုပါ ဂျာနယ်၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်မှ သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံ သွားရောက်ညှိနှိုင်းပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီယာယီမှ တာဝန်ရှိသူများကလည်း ဝင်ရောက်ညှိနှိုင်းပေးခဲ့ခြင်းကြောင့် အမှုကိုရုပ်သိမ်းပေးခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်မင်းဆွေကပြောသည်။ ဂျာနယ်ဘက်မှ တောင်းပန်ခြင်း၊ မှားသည်ဟု ဝန်ခံခြင်းများ ပြုလုပ်ခဲ့ရခြင်း လုံးဝမရှိဘဲ ခိုင်လုံသည့် သတင်းရင်းမြစ်အရ ရေးသားဖော်ပြခဲ့သည့် သတင်းတွင်သတ္တုတွင်းသာမက အခြားဝန်ကြီးဌာနများကို ထိခိုက်နစ်နာစေလိုခြင်း မရှိခဲ့ကြောင်း၊ အကယ်၍ ထိခိုက်နစ်နာသွားခဲ့ပါက စိတ်မကောင်းဝမ်းနည်းပါကြောင်းဖြင့်သာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း ဦးကျော်မင်းဆွေက ပြောသည်။

"အမှုကိုရှေ့ဆက်ပြီး ရင်ဆိုင်ရရင် မီဒီယာအနေနဲ့ သိက္ခာကျစရာမရှိပါဘူး။ သိက္ခာပိုတက်ဖို့ပဲရှိတယ်။ ဒါပေမဲ့ အဆုံးထိသွားရင် တစ်ဖက်ကရှုံးတော့မယ်။ အဲဒီကျရင် ဝန်ကြီးဌာနအနေနဲ့ ပိုအရှက်ကွဲနိုင်သလို မီဒီယာတွေအပေါ် တင်းမာသွားနိုင်ပါတယ်။ နိုင်ငံကောင်းကျိုးကို လုပ်နေကြတဲ့သူချင်းအတူတူ ပဋိပက္ခတွေ မဖြစ်ချင်ပါဘူး။ အခုကိစ္စကလည်း နားလည်မှုလွဲလို့ဖြစ်ရတာပါ" ဟု ဦးကျော်မင်းဆွေက ပြောသည်။